www.burmeseclassic.com

# ပျော်ရွှင်ချမ်းသာ

## နည်းပေါင်း ၁၀၀

ကြည်ရွှန်း



အသုံးချမယ့် သင့်အတွက်
ပညာရှင်များလေ့လာ တွေ့ရှိချက်

THE 100 SIMPLE SECRETS OF
**Happy People**

DAVID NIVEN, PH.D.

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျော်ရွှင်ချမ်းသာ

## နည်းပေါင်း ၁၀၀

ကြည်ရွှန်း

THE 100 SIMPLE SECRETS OF

**Happy People**

DAVID NIVEN, PH.D.

www.burmeseclassic.com

www.burmeseclassic.com

WISDOM HOUSE စာအုပ် အမှတ် (၂)

စာမူခွင့်ပြုချက်အမှတ် [ ၄၀၀၇၆၅၀၆၀၆ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၄၀၀၆၅၃၀၆၀၆ ]

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ၊ ဩဂုတ် ၊ ၂၀၀၆ ၊ အုပ်ရေ - ၁၀၀၀

**ထုတ်ဝေသူ**

ဦးကျော်အေး (တရားသစ္စာစာပေ၊ ၁၉၅၊ မြသီတာလမ်း၊ အကွက် (၂၉)၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။)

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။)

**မျက်နှာဖုံးနှင့်အတွင်း ကာတွန်းများ**

ဖေသစ်တည်

**မျက်နှာဖုံးဒီဇိုင်း**

ထွတ်ထွတ်

**အတွင်းအပြင်အဆင်**

မိုးလင်းနှင်ခဲ

**မျက်နှာဖုံးဖလင်**

မြကျွန်းသာ

**အတွင်းဖလင်**

အောင်ဇော် (ပုံရိပ်ရှင်)

**စာအုပ်ချုပ်**

ကိုတင်အေး

**တန်ဖိုး**

၂၂၀၀ကျပ်

## မာတိကာ

☺ ဘာသာပြန်သူ၏ အမှာ
☺ နိဒါန်း၊ ညွှန်ပြပါ့မယ်၊ မြင်မယ်လို့လည်း မျှော်လင့်ပါတယ်
၁။ သင့်ဘဝမှာ ရည်ရွယ်ချက်ရှိတယ်၊ အဓိပ္ပာယ်ရှိတယ် ၁
၂။ ပျော်ရွှင်မှုရဖို့ နည်းဗျူဟာ ချမှတ်ကျင့်သုံးပါ ၃
၃။ အကြိမ်တိုင်း အောင်မြင်ရန် မလိုပါ ၅
၄။ သင့်ရည်မှန်းချက်တွေ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေ ရှိသင့်တယ် ၇
၅။ မိမိနှင့်ယှဉ်မယ့်အရာတွေကို ဉာဏ်ရှိရှိ ရွေးချယ်ပါ ၉
၆။ မိတ်ဆွေဖွဲ့ပါ ၁၂
၇။ ရုပ်မြင်သံကြားစက် ပိတ်ပစ်ပါ ၁၄
၈။ မိမိကိုယ်ကို ခြွင်းချက်မရှိ လက်ခံကြည့်လိုက်ပါ ၁၆
၉။ မိမိ ဘယ်ကလာသလဲဆိုတာ သတိရပါ ၁၈
၁၀။ အိပ်တော့မယ်လို့ လှဲနေတဲ့အခါ အကြောင်းအရာတစ်ခုတည်းကိုပဲ တွေးတတ်အောင် ကန့်သတ်လိုက်ပါ ၂၀
၁၁။ ခင်မင်မှုက ငွေထက် ပိုအဖိုးတန်တယ် ၂၃
၁၂။ လက်တွေ့ကျသော မျှော်မှန်းချက်များ ထားရှိပါ ၂၅
၁၃။ စိတ်ကူးသစ်များ ဝင်ခွင့်ပေးလိုက်ပါ ၂၇
၁၄။ အခြားသူတွေ မိမိအတွက် အရေးပါကြောင်း ထုတ်ပြောပြပါ ၂၉
၁၅။ မသေချာလျှင် အကောင်းဘက်မှ ခန့်မှန်းပါ ၃၀
၁၆။ မိမိကိုယ်ကို ယုံကြည်ပါ ၃၃
၁၇။ မိမိကိုယ်ကို လွန်လွန်ကဲကဲ မယုံကြည်ပါနဲ့ ၃၅
၁၈။ ပြဿနာတွေကို တစ်ယောက်တည်း ရင်မဆိုင်ပါနဲ့ ၃၇
၁၉။ အသက် ကြီးရင့်လာတာကို ကြောက်ဖို့ မလို ၃၉
၂၀။ အိမ်အလုပ်တွေကို ဇယားချ လုပ်တဲ့အကျင့် ရှိပါစေ ၄၀
၂၁။ စိုးရိမ်စိတ် သိပ်မကြီးလွန်းပါနဲ့ ၄၂
၂၂။ သတိထား ကြည့်လိုက်ပါ၊ သင်လိုချင်တာ သင့်မှာရှိပြီး ဖြစ်မှာပါ ၄၄
၂၃။ ကိုးကွယ်ရာ ဘာသာအပေါ် ယုံကြည်မှု လျော့မသွားပါနဲ့ ၄၆
၂၄။ ကိုယ် လုပ်မှာကိုပဲ ပြောပါ ၄၈

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၅။ | ကိုယ့်မိသားစု ကိုယ့်မိတ်ဆွေတွေအပေါ် မာန်စောင် မတက်ပါနဲ့ | ၅၀ |
| ၂၆။ | ဒေသခံအသင်းကို အားရပါးရ အားပေးပါ | ၅၂ |
| ၂၇။ | အောင်မြင်မှုကို သက်မဲ့ပစ္စည်းတွေနဲ့ မတိုင်းတာပါနဲ့ | ၅၄ |
| ၂၈။ | ဆက်ဆံရေးတိုင်းဟာ သီးခြားစီ ဖြစ်နေတတ်တယ် | ၅၆ |
| ၂၉။ | ''တကယ်လို့သာ'' ဆိုတာမျိုး မတွေးပါနဲ့ | ၅၈ |
| ၃၀။ | စေတနာ့ဝန်ထမ်း လုပ်အားပေးပါ | ၆၀ |
| ၃၁။ | မဖြစ်နိုင်တာတွေ မှန်းထားရင် ဝေဒနာပဲ ရလိမ့်မယ် | ၆၂ |
| ၃၂။ | လေ့ကျင့်ခန်း လုပ်ပါ | ၆၄ |
| ၃၃။ | အသေးအဖွဲ့ပေမယ့် လေးနက်တဲ့အဓိပ္ပာယ် ရှိနေတတ်တယ် | ၆၆ |
| ၃၄။ | ဘာဖြစ်ခဲ့သလဲ ဆိုတာထက် ဖြစ်ခဲ့တာအပေါ် သင် ဘယ်လို ထင်သလဲ ဆိုတာ ပိုအရေးကြီးတယ် | ၆၈ |
| ၃၅။ | ချစ်ခင်မြတ်နိုးသော သူများနှင့် စိတ်ဝင်စားမှုချင်း တူညီပါစေ | ၇၀ |
| ၃၆။ | ရယ်မောပါ | ၇၂ |
| ၃၇။ | ဘဝ တစ်ခုလုံးကို အရာတစ်ခုတည်းအပေါ် မူတည်မထားပါနဲ့ | ၇၄ |
| ၃၈။ | မျှဝေ ခံစားတတ်ပါစေ | ၇၆ |
| ၃၉။ | အလုပ်များနေတာ ငြီးငွေ့နေရတာထက် ပိုကောင်းတယ် | ၇၈ |
| ၄၀။ | စိတ်ကျေနပ်မှုကို နှိုင်းယှဉ်ကြည့်တတ်ဖို့ လိုတယ် | ၈၀ |
| ၄၁။ | ကွန်ပျူတာ သုံးတတ်အောင် လေ့လာသင်ယူပါ | ၈၃ |
| ၄၂။ | ကိုယ့်ကို စိတ်အနှောင့်အယှက် ပေးတဲ့သူတွေ၊ အရာတွေ အကြောင်း သိပ် မစဉ်းစားဖြစ်အောင် ကြိုးစားပါ | ၈၅ |
| ၄၃။ | မိသားစုနဲ့ အဆက်အသွယ်မပြတ် နေပါ။ | ၈၇ |
| ၄၄။ | နေ့စဉ် သစ်သီး စားပေးပါ | ၈၉ |
| ၄၅။ | ရှိတာလေးနဲ့ ပျော်အောင် နေပါ | ၉၁ |
| ၄၆။ | တိကျနိုင်လုံ့စွာ တွေးတတ်ပါစေ | ၉၃ |
| ၄၇။ | လူမှုရေးအရ အားပေးကူညီပါ | ၉၅ |
| ၄၈။ | မိမိကိုယ်ကို အပြစ်မတင်ပါနဲ့ | ၉၇ |
| ၄၉။ | စေ့စပ်ညှိနှိုင်းရေးသမား လုပ်ကြည့်ပါ | ၉၉ |
| ၅၀။ | အိမ်မွေးတိရစ္ဆာန်များကို ချစ်တတ်ပါစေ | ၁၀၁ |
| ၅၁။ | ကိုယ့်အလုပ်ကို ကိုယ် ဂုဏ်ယူပါ | ၁၀၃ |
| ၅၂။ | ရည်မှန်းချက်ကို သိက္ခာနဲ့ မလဲပါနဲ့ | ၁၀၅ |
| ၅၃။ | ကိုယ်ချစ်တဲ့ သူတွေရဲ့ လုပ်ဆောင်မှုက ကိုယ့်စိတ်ကို အနှောင့်အယှက် ဖြစ်လာပြီဆိုရင် ဟန်ဆောင်မနေပါနဲ့ | ၁၀၇ |
| ၅၄။ | အိပ်ရေးဝဝ အိပ်ပါ | ၁၀၉ |
| ၅၅။ | နှစ်သက်တာကို ဝယ်လိုက်ပါ | ၁၁၁ |
| ၅၆။ | နေ့စဉ်တစ်ခုခု ပြီးမြောက်ပါစေ | ၁၁၃ |
| ၅၇။ | ပြောင်းလွယ် ပြင်လွယ် ရှိပါစေ | ၁၁၅ |
| ၅၈။ | ဖြစ်တာ ပျက်တာတွေဟာ ယာယီပါ | ၁၁၇ |
| ၅၉။ | မိမိကိုယ်ကို နှစ်သက်မြတ်နိုးတတ်ပါစေ | ၁၁၉ |
| ၆၀။ | ဝါသနာတူရာ အစုအဖွဲ့မှာ ဝင်ပါ | ၁၂၁ |
| ၆၁။ | အကောင်းမြင်တတ်ပါစေ | ၁၂၃ |
| ၆၂။ | အဆုံးသတ်ကတော့ ရှိတယ်၊ ဒါပေမဲ့ သင် ပြင်ဆင် ထားရ လိမ့်မယ် | ၁၂၅ |
| ၆၃။ | လောကကြီး ဘယ်လိုရှိနေသလဲ ဆိုတာထက် လောကကို ကိုယ်ဘယ်လို မြင်သလဲဆိုတာ ပိုအရေးကြီးတယ် | ၁၂၇ |
| ၆၄။ | စာရွက်နှင့်ဖောင်တိန် အသင့်ထားရှိပါ | ၁၂၉ |
| ၆၅။ | အကူအညီ အနည်းငယ်လိုနေတဲ့ သူတွေကို ကူညီပေးလိုက်ပါ | ၁၃၁ |
| ၆၆။ | မိသားစုနဲ့ မိတ်ဆွေတွေကို ပြင်းပြင်းထန်ထန် မဝေဖန် ဖြစ်အောင် သတိထားပါ | ၁၃၃ |
| ၆၇။ | တချို့သူတွေက ပုံကြီးကြီးကို သဘောကျတယ်၊ တချို့သူတွေ ကတော့ အနုစိတ်ကို သဘောကျတယ် | ၁၃၅ |
| ၆၈။ | သင်အားသာတဲ့ အရာတွေကို အကောင်အထည်ဖော်ပါ | ၁၃၇ |
| ၆၉။ | အိမ်နီးချင်းထံ သွားလည်ပါ | ၁၃၉ |
| ၇၀။ | ပြုံးပါ | ၁၄၁ |
| ၇၁။ | ကမ္ဘာ့အကြောင်း ရုပ်မြင်သံကြားမှာ ပြတာတွေကို လက်မခံပါနဲ့ | ၁၄၂ |
| ၇၂။ | သင့်မှာ ရွေးချယ်စရာတစ်ခု အမြဲရှိနေတယ် | ၁၄၄ |
| ၇၃။ | လက်ခံနိုင်တတ်ပါစေ | ၁၄၆ |
| ၇၄။ | သင့်ဘဝရဲ့ အစိတ်အပိုင်းတစ်ရပ်ကို လျစ်လျူရှု မပစ်လိုက်ပါနဲ့ | ၁၄၈ |
| ၇၅။ | ဂီတကို နားဆင်ပါ | ၁၅၀ |
| ၇၆။ | သင့်ရည်မှန်းချက်များက သင်ကို လမ်းညွှန်နိုင်ပါစေ | ၁၅၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၇၇။ သင့်အလုပ်ကို အကျိုးရှိရှိ အသုံးချနိုင်ပါစေ ၁၅၄
၇၈။ ရယ်မောပျော်ရွှင်ရန် မမေ့ပါနဲ့ ၁၅၆
၇၉။ တရားကို နတ်စောင့်တယ်လို့ ယုံကြည်ပါ ၁၅၇
၈၀။ တသသ ပြန်အောက်မေ့ကြည့်ပါ ၁၅၉
၈၁။ သတိထား၍ မှန်မှန်ကန်ကန် လုပ်တတ်ပါစေ ၁၆၁
၈၂။ မနိုင်နိုင်လောက်တဲ့ တိုက်ပွဲတွေကြားမှာ နစ်မျောမနေပါနဲ့ ၁၆၃
၈၃။ နေ့စဉ် လုပ်နေကျ အလုပ်တွေမှာ မွေ့ပျော်ပါ ၁၆၅
၈၄။ ကမ္ဘာပေါ်က ကြေကွဲစရာ အဖြစ်အပျက်တွေကို အာရုံစိုက်
မနေပါနဲ့၊ အနာဂတ်အတွက် မျှော်လင့်ချက်နဲ့ ရှင်သန်ပါ ၁၆၇
၈၅။ ဝါသနာတစ်ခု မွေးမြူပါ ၁၆၉
၈၆။ အခြားသူတွေ ချစ်ခင်ရင်းနှီးမှုကို မရှုဆိတ်ဖြစ်နေရင်
အကျိုးမရှိဘူး ၁၇၀
၈၇။ အပြောင်းအလဲမှာ အသားကျဖို့ အချိန်ယူပါ ၁၇၃
၈၈။ သင့်အတွက် အရေးပါမယ့်အရာ အပေါ်မှာသာ အာရုံစိုက်ပါ ၁၇၅
၈၉။ ပြီးပြည့်စုံတဲ့ စိတ်ကျေနပ်မှုဆိုတာ မရှိနိုင်ကြောင်း
သိဖို့လိုပါတယ် ၁၇၈
၉၀။ သင့်ဝန်းကျင်တွင် အနံ့အသက်များ ကောင်းမွန်ပါစေ ၁၈၀
၉၁။ သင့်ရည်မှန်းချက် ချမှတ်ရာမှာ အခြားသူတွေ ဝင်အပါမခံပါနဲ့ ၁၈၂
၉၂။ သင်ဟာ ပုံစံခွက်ထဲကမဟုတ်၊ လူပုဂ္ဂိုလ်တစ်ဦးသာဖြစ်တယ် ၁၈၄
၉၃။ ကိုယ့်ကို ဘာက ပျော်ရွှင်စေတယ်၊ ဘာက ဝမ်းနည်းစေတယ်
ဆိုတာ သိပါစေ ၁၈၆
၉၄။ အဆက်မပြတ် စာဖတ်ပါ ၁၈၈
၉၅။ ကိုယ်ဟာ အသုံးဝင်တဲ့သူလို့ ခံယူပါ ၁၉၀
၉၆။ အဲဒီတော့ ဘာဖြစ်သလဲလို့ ပြောကြည့်ပါ ၁၉၂
၉၇။ ရည်ရွယ်ချက်တစ်ခု ရှိပါစေ ၁၉၄
၉၈။ သင့်ဘဝရဲ့ အကောင်းဆုံး အချိန်ဟာ မကုန်ဆုံးသေးပါဘူး ၁၉၆
၉၉။ ပျော်ရွှင်မှုကို ငွေနဲ့ ဝယ်လို့ မရဘူး ၁၉၈
၁၀၀။ ဘာတွေက အဓိပ္ပာယ် ရှိသလဲ၊ သင်ဆုံးဖြတ်ပါ ၂၀၀


## ဘာသာပြန်သူ၏အမှာ

လွန်ခဲ့တဲ့နှစ်ထဲက စာအုပ်တန်းဘက်ကို လျှောက်ကြည့်ရင်း စာအုပ်လေး တစ်အုပ်ကို တွေ့မိပါတယ်။ **'The 100 Simple Secrets of Happy People'** လို့ ခေါ်တဲ့ ဒီစာအုပ်ရဲ့ အမည်ကို တိုက်ရိုက်ဘာသာပြန်ရင် 'ပျော်ရွှင်နေကြသူများရဲ့ ရိုးရှင်းလွယ်ကူသော လျှို့ဝှက်နည်းပေါင်း ၁၀၀' လို့ အဓိပ္ပာယ် ရပါတယ်။ မူရင်း စာရေးသူကတော့ လူမှုရေး၊ သိပ္ပံပညာနဲ့ စိတ်ပညာ ပါရဂူဘွဲ့ရ ဒေးဗစ် နီဗင်ပါ။

လူတွေ စိတ်ချမ်းသာအောင် ဘယ်လိုနေသင့်သလဲ ဆိုတာကို အကြံပြု ရေးသားတဲ့ စာအုပ်တွေ ရေးခဲ့၊ ထုတ်ဝေခဲ့ကြတာ မနည်းတော့ပါဘူး။ ဒါကြောင့်လည်း ဒီအကြောင်းအရာမျိုးတွေဟာ သိပ်ထူးလှတယ်လို့ ဆိုနိုင်တာ မဟုတ်ပါဘူး။ ဖတ်ကြည့်လိုက်တဲ့ အခါမှာတော့ အဲဒီလို နေ့စဉ်ကြုံတွေနေရတဲ့ ကိစ္စလေးတွေကစပြီး ဘဝတစ်ခုလုံးစာ ထားသင့်တဲ့ ရည်မှန်းချက်အထိပါ အကြောင်းအရာ တစ်ခုချင်းကို အကြံပြုချက်၊ အဖြစ်အပျက် ဥပမာနဲ့ သိပ္ပံပညာရှင်များရဲ့ လက်တွေ့ကျကျ သုတေသနပြု တွေ့ရှိချက်တွေရယ်လို့ အပိုင်းသုံးပိုင်းစီ ခွဲခြားပြီး နည်းလမ်းတစ်ခုစီအဖြစ် တင်ပြထားတာ တွေ့ရပါတယ်။

စာရေးသူ ကိုယ်တိုင်ကလည်း ကိုယ့်စိတ်နေစိတ်ထားကို ပြန်ဆန်းစစ်မိတဲ့အခါတိုင်း ငါ အတော်လိုသေးတာပဲလို့ တွေးမိတာနဲ့အမျှ ဖတ်ရမှတ်ရတဲ့ စာတွေနဲ့ပဲ အားဖြည့်လေ့ ရှိသူပါ။ ဒါကြောင့်လည်း လက်တွေ့ကျကျ အသုံးဝင်စရာလေးတွေ တွေ့ရတာနဲ့ ဒီစာအုပ်ကို ဘာသာပြန်ဆိုကြည့်ဖို့ ဆုံးဖြတ်ဖြစ်ခဲ့ပါတယ်။ ပြန်ဆိုတဲ့နေရာမှာ အဓိကအားဖြင့် တိုက်ရိုက်ပြန်ဆိုတာ ဖြစ်ပေမယ့် ဥပမာတွေ အပိုင်းမှာတော့ ချုံ့တန်တာချုံ့၊ နည်းနည်းပိုရှင်းတန်တာကို ဖြည့်စွက် ရှင်းထားပါတယ်။ မူရင်း စာရေးဆရာက နည်းတစ်ခုစီရဲ့ တတိယပိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

သူကိုးကားတဲ့ စာအုပ်စာတမ်းတွေကို အတိုကောက် ရည်ညွှန်း ဖော်ပြထားတာတွေကိုတော့ ချန်လှပ်ထားပါတယ်။ စာအုပ်အမည်ကိုတော့ ခေါ်ရလွယ်အောင် **'ပျော်ရွှင်ချမ်းသာနည်းပေါင်း ၁၀၀'** လို့ပဲ အမည်ပေးလိုက်ပါတယ်။ ဒီစာမူတွေကို လစဉ် စတင်ထည့်သွင်း ဖော်ပြပေးခဲ့တဲ့ ဖက်ရှင် မဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ပါတယ်။

လက်တွေ့ကျကျနှင့် ပျော်ရွှင်မှုသုခ ရနိုင်ကြပါစေ။

ကြည်ရွှန်း
၂၀၀၆ ခုနှစ်၊ ဧပြီလ ၇ ရက်

BURMESE CLASSIC .com

## နိဒါန်း
## ညွှန်ပြပါ့မယ်၊ မြင်မယ်လို့လည်း မျှော်လင့်ပါတယ်

ကျွန်တော့် ဆရာ ဟယ်ရီ ဂီလမင်းဟာ သူ့ လုပ်သက် တစ်လျှောက်လုံး လူတွေကို လေ့လာခဲ့တာပါ။ အဲဒီမှာ သူဘာကို သွားတွေ့သလဲဆိုတော့ လူအတော်များများမှာ သူတို့ လိုချင်တာ၊ သူတို့အတွက် လိုအပ်တာတွေဟာ ရှိနေပြီးသား ဆိုတာပါပဲ။ သို့သော်လည်း ဒါတွေကို လူတွေက မြင်တတ်မှ တွေ့ရတာပါ။ '' ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ်က လက်ဖျောက် တစ်ချက် တီးလိုက်တာနဲ့ အခြားသူတစ်ယောက် ပျော်ရွှင်မှု ရသွားမယ်ဆိုတာမျိုး လုပ်လို့မရဘူး၊ ကိုယ်က လူတွေကို ကူညီချင်တယ် ဆိုရင် သူတို့ အသုံးဝင်မယ့်ဟာကို မြင်တတ်အောင် လုပ်ပေးဖို့ပဲ၊ ကိုယ်က ညွှန်ပြပေးမယ်၊ သူတို့က အဲဒါကို မြင်ဖို့ပဲ မျှော်လင့်နိုင်တယ်''




ဒီစကားတွေ ပြောခဲ့တဲ့ ဆရာ ဟယ်ရီ ဂီလမင်းဟာ စိတ်ပညာပါမောက္ခ တစ်ဦးပါ။ ဆရာက ပုံနှိပ်ထုတ်ဝေထားတဲ့ ပညာရပ်ဆိုင်ရာ သုတေသနပြုချက်တွေထဲကနေ ထုတ်နုတ်ပြီး ကျွန်တော်တို့ကို သင်ကြားပို့ချ ပေးပါတယ်။ နို့ပေမဲ့ အခြား ပါမောက္ခတွေနဲ့ မတူတာက သိပ္ပံသုတေသန စာတွေ သီးသန့်ဖတ်ကြသူတွေအတွက် သိပ္ပံနည်းကျ စာတမ်းတွေ ဖြန့်ဝေတာမျိုးလို့ ဆရာက သူ့ အလုပ်ကို မယူဆဘူး။ တစ်ခါတုန်းက ဆွေးနွေးပွဲ တစ်ခုမှာ ဆရာ ခုလို

www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးပါတယ်။

" ကိုယ်က အသုံးဝင်မယ့် သုတေသန ပြုချက် တစ်ခုကို ရှာဖွေမယ်၊ ပြီးတော့ ဘယ်သူ့ကိုမှ အဲဒီအကြောင်း မပြောဘဲ လျှို့ဝှက်ချက် တစ်ခုလို သိမ်းထားမယ်ဆိုရင် အဲဒါ ဘာအကျိုးရှိမှာလဲ၊ စိတ်ပညာ ပါမောက္ခတွေဟာ သူတို့လုပ်သက် တစ် လျှောက်မှာ ဘဝကို ဘယ်လိုနေရင် ကောင်းမှာပဲ ဆိုပြီး ရှာဖွေကြတယ်၊ သူတို့သိလာတဲ့ အကြောင်း အရာတွေကို အခြား ပါမောက္ခတွေကိုပဲ ပြောပြတတ်ကြတယ် "

အခြား ဆရာတွေနဲ့ ဆရာဟယ်ရီ မတူတာက ဆရာက လူတွေကို ဂရုစိုက်တတ်တာပါပဲ။ ဆရာရဲ့ စိတ်ပညာဆိုင်ရာ ဆွေးနွေးပွဲတွေမှာ ဆရာက သူ့တပည့်တွေကို အပတ်စဉ် မှတ်စုစာအုပ်ထဲ ရေးမှတ်ထားတာတွေကို သူ့ဆီ ပြန်တင်ခိုင်းတတ်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့ ဘယ်လို တွေးကြသလဲ ဆိုတာ တစ်ခုခုတော့ ရေးပေးရပါတယ်။ ကျွန်တော်တို့ မျှော်လင့်ထားတာ ဘာတွေလဲ၊ ဘယ်ဟာတွေကို ကြောက်တတ်သလဲ ဆိုတာတွေ ရေးပြီး အပတ်စဉ် ဆရာ့ဆီ တင်ပြရပါတယ်။ ဆရာခိုင်းတဲ့အတိုင်း ကျွန်တော်တို့ အတော်လေး ရေးလာပြီးရင် အဲဒီ မှတ်စုစာအုပ်တွေကို အချင်းချင်း ပြန်ဖတ်ကြရပါတယ်။ ကျွန်တော်တို့ အတန်းထဲမှာ မက်ဇ်လီယာဆိုတဲ့ ကျောင်းသား တစ်ယောက် ရှိပါတယ်။ မက်ဇ်က သူ့အဖေနဲ့ သူ ဆက်ဆံရေး အဆင်မပြေတာကို ရေးပါတယ်။ မက်ဇ်ရဲ့ အဖေက သူ့ဘဝအပေါ်မှာရော မက်ဇ်အပေါ် မှာပါ ကျေနပ်တဲ့သူ မဟုတ်ပါဘူး။ ဆရာဟယ်ရီက ကျွန်တော်တို့ ရေးသမျှတွေ အပေါ်မှာ သူ့ထင်မြင်ချက်ကို ပြန်ရေးပေးပါတယ်။ မက်ဇ်ရဲ့ မှတ်စုစာအုပ်ထဲမှာတော့ ဆရာက "မက်ဇ်ရေ တချို့ လူတွေအတွက် အောင်မြင်မှုဆိုတာ ဘယ်တော့မှ မရှိတတ်ကြဘူး။ အဲဒီတော့ ရှုံးနိမ့်မှုအပေါ် မြင်တဲ့ပုံစံကို တစ်ခါပြန်ပြောင်းပြီး ကြည့်ကြည့်စမ်းပါ" လို့ ရေးပေးပါတယ်။

ဆရာရေးပေးတဲ့ အဲဒီစာပိုဒ်လေးကို ကျွန်တော် မေ့မရတော့ပါဘူး။ ဆရာဆိုလိုတာကတော့ ဘဝကို ပြန်ကြည့်တဲ့အခါ ရှုထောင့်ပြောင်းပြီး ကြည့်တတ်ဖို့ပါပဲ။ ဘယ်အရာပဲဖြစ်ဖြစ် ကောင်းတယ်၊ ဆိုးတယ်၊ အောင်မြင်တယ်၊ ကျရှုံးတယ်လို့ အတိအကျပြောလို့ မရပါဘူး။ ကျွန်တော်တို့ ကြည့်လိုက်တဲ့ အမြင်ကိုက အပြောင်းအလဲတွေ ဖြစ်နေကြတာပါ။ အဲဒါနဲ့ ပတ်သက်လို့ အတန်းထဲမှာ ဆရာက အခုလို ဥပမာနဲ့ ပြောခဲ့ပါတယ်။

"ဘဝမှာ ဘာတွေ ရှိသလဲ၊ အဲဒါ ပြဿနာပဲ၊ သကြားရယ်၊ ဂျုံမှုန့်ရယ်၊ ကြက်ဥရယ်ကို ကြည့်လိုက်ရင် အဲဒါတွေဟာ ကောင်းသလား၊ ဆိုးသလား၊





ဖြေကြည့်ပါဦး။ အဲဒါတွေကို ပေါင်းရင် ပေါင်မုန့်တစ်လုံးလဲ ဖြစ်လာနိုင်တယ်။ အမှိုက်တွေလဲ ဖြစ်လာနိုင်တယ်။ (အဲဒီ ပေါင်မုန့် ဒါမှမဟုတ် အဲဒီ အမှိုက်ဟာ ကောင်းသလား၊ ဆိုးသလား) ကောင်းလာအောင်လဲ လုပ်လို့ရတယ်၊ ဆိုးလာအောင်လဲ လုပ်လို့ရတယ်၊ ဟုတ်တယ်နော်။"

တစ်ရက်မှာလဲ ဆရာက ကျွန်တော်တို့ အားလုံးကို လူတွေဟာ ရေတိုအကျိုးကိုပဲ ကြည့်တတ် လွန်းလို့ ရေရှည်အကျိုးကို မေ့နေတတ်ကြပုံကို ဥပမာလေးနဲ့ ရှင်းပြပါတယ်။ ယထာဘူတကျကျ တွေးခေါ်မြော်မြင်ပြီး စောင့်ကြည့်တတ်တဲ့ သူတစ်ဦးနဲ့ လက်ငင်း အကျိုးကိုပဲ ကြည့်တတ်သူ တစ်ဦးတို့ရဲ့ ခြားနားချက်ကို ဆရာ နှိုင်းယှဉ်ပြပုံက ဒီလိုပါ။

" ကလေးတစ်ယောက်ဟာ ရေခဲချောင်းကို မြင်ရင် စားချင်တဲ့စိတ်ပဲ ရှိတယ်၊ လူကြီးတစ်ယောက်ကတော့ အဲဒီ ရေခဲချောင်းဟာ အာဟာရ တန်ဖိုးလဲ ဘာမှမရှိဘူး၊ သွားပိုးစားတာပဲ ဖြစ်ကျန်ခဲ့မယ်လို့ မြင်တယ်၊ ငါတို့တွေ အားလုံးဟာ လူကြီးရဲ့ မြင်ပုံမျိုးနဲ့ မြင်တတ်ရမယ်၊ လတ်တလော အကျိုးကိုပဲ မကြည့် ရဘူး၊ ငါတို့တွေ ဘာတွေ ဖြစ်နေလဲ၊ ဘာတွေဖြစ်သင့်သလဲ၊ ဘာကိုလုပ်ရင်ဖြင့် ငါတို့အတွက် ထိခိုက်သွားမှာပဲ ဆိုတဲ့ အပြင်ဘက်ကနေ ကိုယ့်ကိုယ်ကို ပြန်ကြည့်တဲ့ အမြင်နဲ့ ကြည့်တတ်ရမယ်"

ဆရာဟယ်ရီရဲ့ အတန်းတွေကို ကျွန်တော်တို့ စိတ်ဝင်တစားနဲ့ တက်ကြရတာပါ။ ဆရာ့ကြောင့်လည်း ကျွန်တော်တို့ စိတ်ကူး စိတ်သန်းတွေ နိုးကြွခဲ့ကြပါတယ်။ ဘွဲ့ရဖို့အချိန် ကပ်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ အနာဂတ်မှာ ဘယ်အလုပ်ကို လုပ်ရင် ကောင်းမလဲဆိုတာကို အတန်းသား အချင်းချင်း ပြောဖြစ်လာကြပါတယ်။ ဆရာက ကျွန်တော်တို့ကို ကျွန်တော်တို့ သင်ထားတဲ့ စိတ်ပညာနဲ့ ဘာလုပ်ကြမလဲလို့ မေးပါတယ်။

" ငါတို့ လုပ်နိုင်တာက ငါတို့မှာရှိတဲ့ အဖြေကောင်းတွေကို ပေးမယ်၊ လူတွေက အဲဒီအဖြေတွေကို သုံးမယ့် အခွင့်အရေး ရကြဖို့ပဲ "

ဘွဲ့ယူတဲ့နေ့မှာ ဆရာ့ကို ကျွန်တော် သွားနှုတ်ဆက်ပါတယ်။

" ဆရာ့ကို ကျွန်တော် ဘယ်လို ကျေးဇူးတင်ရမှန်းတောင်မသိဘူး၊ ဆရာ့ကြောင့် ကျွန်တော်ပိုပြီး တော်လာခဲ့ရတာပါ "

ကျေးဇူးတင်ပါတယ်လို့ ဆရာက ဆိုအပြီးမှာ အခုလို ပြောလိုက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ကြည်ရွှန်း

" ငါက မင်းကို ပိုပြီးတော်လာအောင် လုပ်တာ မဟုတ်ဘူးကွ၊ ငါလုပ်ပေးနိုင်တာက မင်းကို ညွှန်ပြပေးမယ်၊ မင်းက မြင်တတ်ဖို့ပဲ ငါကမျှော်လင့်တာကွ "

ကျွန်တော် အခုရေးလိုက်တဲ့ ' **ပျော်ရွှင်ချမ်းသာ နည်းပေါင်း ၁၀၀** ' ဆိုတဲ့ စာအုပ်မှာ ပျော်ရွှင်နေတဲ့ သူတွေအပေါ်မှာ စိတ်ပညာသုတေသန တွေ့ရှိချက်တွေကို ဖော်ပြပေးလိုက်တာပါ။ စာဖတ်သူ မြင်တတ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ပျော်ပျော်ရွှင်ရွှင် နေကြတဲ့သူတွေဟာ မပျော်မရွှင်ဖြစ်နေကြတဲ့ သူတွေနဲ့ ဘယ်လိုများ ခြားနားနေကြပါလိမ့်။ စိတ်ပညာနည်းအရ အကောင်းဆုံး လေ့လာတွေ့ရှိချက်တွေကို ပညာရပ်ပိုင်းဆိုင်ရာ ဂျာနယ်တွေထဲမှာ အတော်လေး ရေးသားကြပါတယ်။ စာရှုသူတွေအနေနဲ့ ဒီဂျာနယ်တွေကို ဖတ်ရှုဖို့ အခွင့်သာကြမှာ မဟုတ်ပါဘူး။ တကယ်လို့ ဖတ်ခွင့်ရရင်တောင်မှ ပညာရပ်ဆန်ဆန် ရေးထားကြတာမို့ သာမန်အားဖြင့် နားလည်ဖို့ မလွယ်ပါဘူး။

ဒါကြောင့်လည်း အခုစာအုပ် ရေးဖြစ်ခဲ့ခြင်းပါ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလုံးမှာ ကျွန်တော်ဟာ ပျော်ပျော်ရွှင်ရွှင် နေကြတဲ့ သူတွေရဲ့ ထူးခြားတဲ့ စရိုက်လက္ခဏာ၊ သူတို့ရဲ့ ယုံကြည်မှု စတဲ့ အကြောင်းအရာတွေအပေါ် သုတေသန ပြုလုပ်ထားတဲ့ စာတမ်းပေါင်း တစ်ထောင်ကျော်ကို လေ့လာခဲ့ပါတယ်။ အဲဒီ သုတေသန တွေ့ရှိချက်တွေထဲကနေ လက်တွေ့အကျဆုံး၊ အကောင်းဆုံး အကြံဉာဏ်တွေကို ကျွန်တော်ပြန်ယူပါတယ်။ ပညာရပ်ဆန်ဆန် အသုံးအနှုန်းတွေ မပါစေဘဲ ရိုးရိုးရှင်းရှင်းနဲ့ အသုံးဝင်မယ့် အကြံပေးချက်မျိုးအဖြစ် ဒီစာအုပ်ကို ကျွန်တော် ရည်ရွယ်ခဲ့ပါတယ်။

ပျော်ရွှင်မှုနဲ့ ပတ်သက်တဲ့ သုတေသနပြုချက်တွေကို အနှစ်ပြန်ချုပ်ပြီး လူတိုင်းနားလည်နိုင်မယ့် အရေးအသားနဲ့ ကျွန်တော် ရေးသားထားပါတယ်။ သိပ္ပံနည်းကျ သုတေသန တွေ့ရှိချက်တွေအပေါ် အခြေခံပြီး လူတွေဟာ ပျော်ရွှင်မှုကို ဘယ်လိုရရှိကြတယ်၊ ပျော်ပျော်ရွှင်ရွှင် ဘယ်လိုဆက်နေကြသလဲ ဆိုတာကို အကြံပေးချက်တွေ၊ ဥပမာတွေနဲ့တကွ နည်းပေါင်း ၁၀၀ ကို ကျွန်တော် စုစည်း တင်ဆက်ထားပါတယ်။

'**ပျော်ရွှင်ချမ်းသာ နည်းပေါင်း ၁၀၀**' ဆိုရာမှာ တစ်ဦး တစ်ယောက်တည်းရဲ့ ဉာဏ်နဲ့ရေးသားထားတာ မဟုတ်ပါဘူး။ ဒါတွေဟာ ထင်ရှားတဲ့ သိပ္ပံပညာရှင်တွေက သာမန်လူတွေရဲ့ဘဝကို လေ့လာပြီး သုတေသန ပြုချက်တွေအပေါ် ထင်ဟပ်ထားတဲ့ အကြောင်းအရာတွေပါ။ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေတဲ့



သူနဲ့ မပျော်မရွှင် ဖြစ်နေတဲ့သူတွေကြားမှာ ဘာတွေ ခြားနားသလဲဆိုတာ သိချင်နေကြတဲ့သူတွေ ရှိပါလိမ့်မယ်။ ဒီသုတေသန ပြုချက်တွေအပေါ် ကျွန်တော့်ရဲ့ ပြန်လည်ရေးသားတင်ပြချက်က အဲဒီသူတွေအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းပါလိမ့်မယ်။ ဘဝမှာ ဘယ်လိုပျော်ပျော်ရွှင်ရွှင် နေရမလဲဆိုတာ သိချင်တဲ့ သူတွေ အတွက်လည်း အကျိုးရှိမှာပါ။ အခုဆိုရင် ကျွန်တော်ကတော့ ညွှန်ပြလိုက်ပါပြီ။ စာရှုသူတွေ မြင်တော့မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## နည်း ၁
## သင့်ဘဝမှာ ရည်ရွယ်ချက်ရှိတယ်၊ အဓိပ္ပာယ်ရှိတယ်

သင် လောကကြီးကို ရောက်လာတာ နေရာလွတ်ကို ဖြည့်ဖို့မဟုတ်ဘူး။ ဒီ့ပြင် လူတစ်ယောက်ရဲ့ ရုပ်ရှင်ကားထဲမှာ နောက်ကနေပါရတဲ့ ဇာတ်ရံတစ်ယောက် ဖြစ်ဖို့လည်း မဟုတ်ဘူး။

ဒီလို စဉ်းစားကြည့်ရအောင်ပါ။ သင်သာ လောကကြီးထဲ ရောက်မလာဘူးဆိုရင် ဘယ်အရာကမှ အခုလို အခြေအနေမျိုးရှိမှာ မဟုတ်ဘူး။ သင် ရောက်ခဲ့တဲ့ နေရာတိုင်းမှာ၊ သင်နဲ့စကားပြောဖူးခဲ့တဲ့ သူတိုင်းမှာ သင်သာ မရှိခဲ့ရင် တစ်မျိုးတစ်ဖုံ ဖြစ်ကုန်ပါလိမ့်မယ်။

ကျွန်တော်တို့အားလုံး တစ်ယောက်နဲ့ တစ်ယောက် ဆက်စပ်နေကြတာပါ။ ကျွန်တော်တို့ ဘေးနားမှာ ရှိနေတဲ့သူတွေ၊ အဲဒီသူတွေရဲ့ ဆုံးဖြတ်ချက်တွေဟာ ကျွန်တော်တို့ အားလုံးအပေါ် အကျိုးသက်ရောက်မှုတွေ ဖြစ်ကုန်ကြပါတယ်။

☺ ☺ ☺

ဖိလ်ဒဲလ်ဖီးယားမြို့ကြီးမှာရှိတဲ့ ရှေ့နေပီတာနဲ့ သူမွေးထားတဲ့ ခွေးကလေး တပ်ကက်တို့ရဲ့ နမူနာကို ကြည့်ရအောင်ပါ။ ခွေးလေး တပ်ကက်ဟာ ကျောရိုးနှာဇ်ကြောမှာ အကျိတ်ဖြစ်လာလို့ တဖြည်းဖြည်း ကိုယ်တစ်ပိုင်း သေလာပြီး မကျန်းမမာ ဖြစ်နေပါတယ်။

ပီတာဟာ သူ့ခွေးလေးကို ကုပေးနိုင်မယ့် တိရစ္ဆာန်ဆေးကု ဆရာဝန်ကို ဘယ်လိုရှာလို့မှ မတွေ့နိုင်ဘူး။ အကူအညီ ရလိုရငြားဆိုပြီး ကလေးသူငယ်ဆိုင်ရာ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကု ဆရာဝန်တစ်ဦးဆီ အကူအညီ သွားတောင်းပါတယ်။ ဆရာဝန်က တပ်ကက်ကို ကုသပေးမယ်၊ အတုံ့အလှယ်အနေနဲ့ သူ အလုပ်လုပ်တဲ့ ကလေးဆေးရုံမှာ ငွေလှူပေးပါလို့ ပီတာ့ကိုပြောတယ်။

ဂျယ်ရီဆိုတဲ့ ကလေးလေးဟာ ပီတာ့ကိုရော ခွေးလေးတပ်ကက်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူး။ ဂျယ်ရီဟာ ရွှေရောင်ဆံပင်၊ မျက်လုံးပြာပြာလေးတွေနဲ့ ချစ်စရာကောင်းတဲ့ ငါးနှစ်သားလေးပါ။ သူ့ရဲ့ ကျောရိုး နာဗ်ကြောမှာရော ဦးနှောက်မှာပါ အကျိတ်တွေ ဖြစ်ပေါ်လို့ ရောဂါဝေဒနာ ခံစားနေရသူလေးပါ။

ပီတာက ဆေးရုံကို လှူလိုက်တဲ့ငွေနဲ့ ဆရာဝန်က ဂျယ်ရီ့ကို အောင်မြင်စွာ ခွဲစိတ်ပြီး သူ့ဆီမှာရှိတဲ့ အကျိတ်တွေကို ဖယ်ရှားပေးလိုက်တယ်။

အဲဒီ နောက်ပိုင်းမှာ ဆရာဝန်က တပ်ကက်ကိုလည်း အောင်မြင်စွာ ခွဲစိတ် ကုသပေးလိုက်ပါတယ်။

☺ ☺ ☺


သက်ကြီးရွယ်အို အမေရိကန်လူမျိုးတွေကို လေ့လာဆန်းစစ်ကြည့်လိုက်တဲ့အခါ လူတစ်ယောက်ဟာ သူ့ဘဝမှာ ရည်ရွယ်ချက် ရှိမရှိ ဆိုတဲ့အပေါ် ကြည့်ပြီး သူ့မှာ ပျော်ရွှင်မှု ရှိမရှိ အကဲဖြတ်လို့ရကြောင်း တွေ့ရပါတယ်။ ရည်ရွယ်ချက် တိတိကျကျ မထားတဲ့သူ ၁၀ ယောက်မှာ ၇ ယောက်ရဲ့ ဘဝဟာ တည်ငြိမ်မှု မရှိသလို ခံစားနေရကြောင်း တွေ့ရပါတယ်။ ရည်ရွယ်ချက်တစ်ခု သတ်သတ်မှတ်မှတ် ထားတဲ့သူ ၁၀ ဦးမှာ ၇ ဦးဟာ သူတို့ဘဝ အပေါ် ကျေနပ်မှုရှိကြောင်း တွေ့ရပါတယ်။



## နည်း ၂
## ပျော်ရွှင်မှုရဖို့ နည်းဗျူဟာ ချမှတ်ကျင့်သုံးပါ

ပျော်ပျော်ရွှင်ရွှင် နေတဲ့သူတွေနဲ့ မပျော်မရွှင်ဖြစ်နေတဲ့ သူတွေဟာ သူတို့ မွေးကတည်းက အဲသည်လို ဖြစ်လာကြတာလို့ ကျွန်တော်တို့ ယူဆတတ်ကြပါတယ်။ အဲဒီ လူနှစ်မျိုးလုံးဟာ သူတို့ဘာသာ ပျော်အောင် ဒါမှမဟုတ် မပျော်အောင် လုပ်လာခဲ့ကြတာပါ။ ပျော်ရွှင်နေတဲ့သူတွေက သူတို့ဘာသာ ပျော်ရွှင်လာအောင် လုပ်ကြပါတယ်။ မပျော်မရွှင်ဖြစ်နေကြတဲ့ သူတွေကလည်း သူတို့ စိတ်အနှောင့်အယှက်ဖြစ်မယ့် ကိစ္စတွေကို သူတို့ဘာသာ ဆက်လုပ်ကြပါတယ်။

☺ ☺ ☺



အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဟုတ်မဟုတ် ဘယ်အရာကို စကြည့်လိုက်တာနဲ့ သိနိုင်ပါ့မလဲ။ အောင်မြင်တဲ့ စီးပွားရေး စီမံချက်ကနေ စပါတယ်။ ဒါဟာ စီးပွားရေး အတိုင်ပင်ခံ လုပ်ငန်းတစ်ခုဖြစ်တဲ့ ' စီမံခန့်ခွဲရေး နည်းဗျူဟာစင်တာ 'က ထောက်ပြတာပါ။ စီးပွားရေးလုပ်ငန်းတိုင်းဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရဲ့ ရည်မှန်းချက် ဘာဖြစ်သလဲဆိုတာ ပထမဆုံး တိတိကျကျ ရှိရပါမယ်။ ပြီးတော့မှ အဲဒီရည်မှန်းချက်ကို အကောင်အထည်ဖော်မယ့် နည်းဗျူဟာ ရေးဆွဲဖို့ လိုတယ်လို့ စီမံခန့်ခွဲရေး နည်းဗျူဟာစင်တာက ညွှန်ပြပါတယ်။

လူတွေလည်း သည့်နည်းလမ်းအတိုင်း လုပ်ရင်ရတာပါပဲ။ ကိုယ် ဘာကို လိုချင်သလဲဆိုတာကို ပထမဆုံး ပြတ်ပြတ်သားသား ရှိရပါမယ်။ ပြီးရင် လိုချင်တာရအောင် နည်းဗျူဟာတစ်ရပ် ရေးဆွဲရပါမယ်။

ဒီနေရာမျိုးမှာ လူကြီးတွေထက် ကလေးတွေက ပိုသာပါတယ်။ ကလေးငယ်လေးတွေဟာ သူတို့ကသာ ပူဆာရင် ရေခဲမုန့် စားရတော့မှာပဲ ဆိုတာ သိကြတယ်။ သူတို့တွေ သိပ်ဆူဆူပူပူ လုပ်ပြန်ရင်လည်း မိဘတွေက ကြိုက်မှာ မဟုတ်ဘူးဆိုတာလည်း သူတို့က သိနေကြပြန်တယ်။ ကလေးတွေဟာ ဘဝမှာ စည်းမျဉ်း စည်းကမ်းတွေနဲ့ ခန့်မှန်းကြည့်လို့ရတဲ့အရာတွေ ရှိတယ်ဆိုတာ သိထားကြပါတယ်။ ဒါကြောင့်လည်း သူတို့လိုချင်တာကို နည်းဗျူဟာတစ်ရပ် သုံးပြီး ရအောင်ယူတတ်ကြပါတယ်။

ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့ လူကြီးတစ်ယောက်ဟာ စောစောက ရေခဲမုန့်လိုချင်တဲ့ ကလေးနဲ့ တူနေပါတယ်။ ကိုယ် ဘာကို လိုချင်တယ်ဆိုတာ သိပြီးတော့မှ အဲဒါကိုရဖို့ နည်းဗျူဟာတစ်ရပ်ကို သုံးရပါမယ်။ ကိုယ့်ကို ပျော်ရွှင်စေတာက ဘာလဲဆိုတာနဲ့ ကိုယ့်ကို ဝမ်းနည်းစေတာက ဘာလဲ ဆိုတာကို တွေးကြည့်လိုက်ပါ။ ကိုယ်လိုချင်တာကို ရအောင်ယူဖို့ အဲဒါနဲ့ အသုံးချလိုက်ပါ။

☺ ☺ ☺


ပျော်ရွှင်နေတဲ့သူတွေဟာ အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရနေကြတာ မဟုတ်ပါဘူး။ မပျော်မရွှင် ဖြစ်နေကြတဲ့ သူတွေဟာလည်း ဆုံးရှုံးမှုတွေ တစ်ခုပြီးတစ်ခု ကြုံတွေ့နေရတာ မဟုတ်ပါဘူး။ လေ့လာဆန်းစစ်မှုတွေအရ ပျော်ရွှင်နေတဲ့ သူတွေရော၊ မပျော်မရွှင်ဖြစ်နေတဲ့ သူတွေပါ တူညီတဲ့ ဘဝအတွေ့အကြုံတွေ ကိုယ်စီ ရှိလာခဲ့ကြတာပါပဲ။ မတူညီတာကတော့ ပျှမ်းမျှအားဖြင့် ဆိုရရင် မပျော်ရွှင်သူတွေဟာ သူတို့ဘဝမှာ ကြုံရတဲ့ မနှစ်မြို့စရာ အဖြစ်အပျက်တွေကို ပြန်စဉ်းစားရင်းနဲ့ အချိန်နှစ်ဆလောက် ဖြုန်းပစ်တတ်ကြပါတယ်။ အဲဒီ အချိန်မှာ ပျော်ရွှင်နေတဲ့သူတွေက သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်လာမယ့် သတင်းအချက်အလက်တွေကို ရှာဖွေပါတယ်။ ရရှိလာတဲ့ အချက်အလက်တွေကို အသုံးချပြီး သူတို့ဘဝကို တည်ဆောက်ယူတတ်ကြပါတယ်။



## နည်း ၃
## အကြိမ်တိုင်း အောင်မြင်ရန် မလိုပါ

အလွန် ပြိုင်ဆိုင်ချင်စိတ် ပြင်းထန်တဲ့ သူတွေဟာ အမြဲ အနိုင်လိုချင်တာနဲ့အမျှ အဆုံးသတ်တဲ့အခါ ပျော်ရွှင်မှု အရနည်းသွားတတ်ပါတယ်။ ဒီလူတွေဟာ ရှုံးပြီဆိုတာနဲ့ အလွန်အမင်း စိတ်ပျက်သွားကြသလို အောင်မြင်တဲ့အခါ ကျပြန်တော့လည်း ဘာပဲဖြစ်ဖြစ် မျှော်လင့်ထားသလို ဖြစ်လာတာပဲလို့သာ ခံယူတတ်ကြပါတယ်။

☺ ☺ ☺



၁၉၇၂ ခုနှစ်တုန်းက အမေရိကန် ပြည်ထောင်စုမှာ သမ္မတ ရစ်ချက်နစ်ဆင်ဟာ ဒုတိယအကြိမ် သက်တမ်းအတွက် ဝင်အရွေးခံပါတယ်။ သူ့ရဲ့ ရွေးကောက်ပွဲ လှုံ့ဆော်ရေးအဖွဲ့ကို မဲတွေ များနိုင်သလောက် များများရအောင် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် လုပ်ဆိုပြီး နစ်ဆင်က ညွှန်ကြားပါတယ်။ နောင်မှာ မဖုံးနိုင် မဖိနိုင် ဖြစ်လာတာကတော့ ဝါးတားဂိတ် အဆောက်အဦးမှာရှိတဲ့ ဒီမိုကရက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပါတီဌာနချုပ်ထဲ ဖောက်ထွင်းဝင်ပြီး အသံခိုးဖမ်းတဲ့ စက်တွေ ထားတဲ့ကိစ္စပါ။ ဒါတင် မကသေးပါဘူး။

သူ့လူတွေဟာ နစ်ဆင်ကိုယ်တိုင် ကင်ပွန်းတပ်ထားတဲ့ မသမာတဲ့ နည်းလမ်းပေါင်းစုံနဲ့ မတရားမှုတွေကို ဆက်တိုက် ကျူးလွန်ပါတော့တယ်။ သူ့လူတွေက ပီဇာမုန့်ရောင်းတဲ့ ဆိုင်တွေဆီကို ဖုန်းဆက်ပြီး မုန့်အချပ်တစ်ရာလောက် မှာတယ်။ အဲဒီ မုန့်တွေကို သူတို့နဲ့ပြိုင်ပြီး ရွေးကောက်ပွဲဝင်မယ့် သူတွေရဲ့ရုံးကို ပို့ခိုင်းတယ်။ ပြိုင်ဘက်က မဲဆွယ်ဖို့ ကြေညာထားပြီးပြီဆိုရင် သူတို့က အဲဒီမဲဆွယ်ပွဲ အစီအစဉ်တွေ ဖျက်လိုက်ပြီဆိုတဲ့ လက်ကမ်းစာရွက်တွေ လိုက်ဝေတာမျိုးလည်း လုပ်တာပဲ။ ပြိုင်ဘက်ပါတီက ခန်းမကြီးတွေ ကြိုငှားထားတာကိုလည်း ဖုန်းဆက်ပြီး အစီအစဉ်တွေ ဖျက်လိုက်ပြီလို့ အကြောင်းကြားတာမျိုးလည်း ရှိရဲ့။ ဘာလို့ ဒါမျိုးတွေ လုပ်ကြတာပါလိမ့်။ နစ်ဆင်ဟာ ဘယ်လောက်ကြီးမားတဲ့ တန်ဖိုးပဲ ပေးရပေးရ နိုင်ဖို့ကိုပဲ လိုချင်နေသူ ဖြစ်နေလို့ပါ။

ရယ်ဖို့ ကောင်းတာက အဲဒီနည်းလမ်းတွေ မသုံးဘူးဆိုရင်လည်း နစ်ဆင်နိုင်ဖို့ကတော့ သေချာနေပြီးသားပါ။ ရှုံးပေမဲ့ အရှုံးကို မခံစားနိုင်တဲ့ သူ့စိတ်က အဲသည်လို မတော်မတရား နည်းလမ်းတွေ ကျင့်သုံးဖို့ တွန်းအားပေးခဲ့လို့ပါပဲ။ နောက်ဆုံးကျတော့ သိပ်အနိုင်လိုချင်လွန်းတဲ့ စိတ်ကြောင့်ပဲ နစ်ဆင်ဟာ သမ္မတရာထူးက နာမည်ပျက်နဲ့ ဆင်းပေးလိုက်ရတဲ့ အဖြစ်ဆိုးနဲ့ ကြုံရပါတော့တယ်။

☺ ☺ ☺

**ပြိုင်ဆိုင်ချင်စိတ် ပြင်းထန်လာတဲ့အခါ ဘဝမှာ ကျေနပ်ပျော်ရွှင်မှုကို လက်လွှတ် ဆုံးရှုံးရတတ်ပါတယ်။ အကြောင်းကတော့ ဘာကိုပဲရရ လုံလောက်တယ်လို့ မထင်တော့လို့ပါပဲ။ ဒါ့အပြင် ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရတဲ့အခါတော်တော့်ကို စိတ်ပျက်လက်ပျက် ခံစားရတတ်ပါတယ်။ အလွန်အကျူး ပြိုင်ဆိုင်ချင်စိတ် ပြင်းထန်တဲ့သူတွေမှာ သူတို့ရဲ့ အောင်မြင်မှုအပေါ် တိုင်းတာတဲ့ စံသတ်မှတ်ချက်ဟာ အချို့လူတွေ သူတို့ရဲ့ ဆုံးရှုံးမှုအပေါ် တိုင်းတာတဲ့ စံသတ်မှတ်ချက်ထက်တောင် နိမ့်ပါးနေတတ်တာ တွေ့ရပါတယ်။**



## နည်း ၄
## သင့်ရည်မှန်းချက်တွေ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေ ရှိသင့်တယ်

သင့်ကားမှာ ဘီးလေးဘီးပါတာမို့ အဲဒီလေးဘီးစလုံး အသေအချာညှိပြီး ချိန်ထားမှ ဖြစ်မှာပါ။ အဲသည်လို မဟုတ်ဘဲ လက်ဝဲဘက်က ဘီးတွေက တစ်ဖက်ကို ချိန်ထား၊ ညာဘက်က ဘီးတွေက အခြားတစ်ဖက်ကို ချိန်ထားဆိုရင် အဲဒီကားက မောင်းလို့ရမှာ မဟုတ်ပါဘူး။ ရည်မှန်းချက်တွေကလည်း အဲသည်လိုမျိုးပါပဲ။ ရည်မှန်းထားတာတွေ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေပြီဆိုတာနဲ့ သင့်ဘဝ လည်း အောင်မြင်ဖို့ မလွယ်တော့ပါဘူး။

☺ ☺ ☺



ဂျော့ရာမိုစ့်ဟာ ရုပ်မြင်သံကြားကနေ သတင်းထုတ်လွှင့်ဖို့ တာဝန်ယူထားသူပါ။ သူ့ထုတ်လွှင့်ချက်တွေကို အမေရိကန်ပြည်ထောင်စုနဲ့ လက်တင်အမေရိကနိုင်ငံတွေကနေ ဖမ်းယူကြည့်ရှုနိုင်ပါတယ်။ နိုင်ငံရေးအရ အထင်ကရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကို သူက တွေ့ဆုံထုတ်လွှင့်သလို စစ်ဖြစ်ပြီဆိုတာနဲ့ သူ့အစီအစဉ်ကနေ စစ်သတင်းတွေကို ဦးဦးဖျားဖျား ထုတ်လွှင့်နိုင်အောင် ကြိုးစားပါတယ်။ စစ်ဖြစ်တဲ့နေရာဟာ အရှေ့အလယ်ပိုင်းဖြစ်ဖြစ်၊ လက်တင်အမေရိကဖြစ်ဖြစ်၊ ဥရောပဖြစ်ဖြစ် သူက အသက်ကို ပဓာနမထားဘဲ စွန့်စွန့်စားစား သွားရောက် သတင်းယူပြီး ထုတ်လွှင့်တာပါ။

ရာမို့စ်ဟာ သူ့အတိုင်းအတာနဲ့သူ လုပ်ငန်းပိုင်းအရရော စီးပွားရေး အရပါ ထူးထူးချွန်ချွန် အောင်မြင်နေသူပါ။ သူက သူ့လုပ်ငန်းကို သည့်ထက်ပို အောင်မြင်ချင်ပါသေးတယ်။ နို့ပေမဲ့ သူ့မှာတစ်ချိန်လုံး မိသားစုနဲ့ ခွဲနေရပါတယ်။ တာဝန်အရ ဝေးမြေရပ်ခြား ရောက်ပြီဆိုမှ သူ့သမီးလေးရဲ့ ပုံကိုကြည့်ပြီး လွမ်းရတဲ့အဖြစ်ပါ။ အဲဒီတော့မှ သူ့အလုပ်က သူ့အတွက် အသက်အန္တရာယ် ရှိတာကိုရော အနားမှာ သူ မရှိတဲ့အတွက် သူ့သမီးအပေါ် ဘယ်လို အကျိုးသက်ရောက်နိုင်တယ် ဆိုတာကိုပါ စဉ်းစားမိလာပါတယ်။

ရာမို့စ်ဟာ လုပ်ငန်းမှာလည်း ထူးချွန်ချင်တယ်။ တစ်ချိန်တည်းမှာပဲ မိသားစုအတွက် တာဝန်ကျေပွန်ချင်နေတယ်။ နောက်ပိုင်းကျမှ အဲဒီ ရည်မှန်းချက်တွေ တစ်ခုနဲ့တစ်ခု သဟဇာတ မဖြစ်ဘူးဆိုတာ သိလာပါတယ်။

☺ ☺ ☺


ဆယ်စုနှစ် တစ်စုကျော်ကျော်လောက် ရေရှည်ထားပြီး လေ့လာ ဆန်းစစ်ချက်အရ ဘဝကျေနပ်မှု ရရှိခြင်းဟာ ဘဝရည်မှန်းချက်တွေ တစ်ခုနဲ့တစ်ခု လိုက်လျောညီထွေ ရှိနေခြင်းနဲ့ ဆက်စပ်ကြောင်း တွေ့ရပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပညာရေး၊ မိသားစုနဲ့ ပထဝီအနေ အထားတွေနဲ့ ပတ်သက်ရင် ထားရှိတဲ့ ရည်မှန်းချက် အသီးသီးဟာ အရေးကြီးသလို ဒါတွေအားလုံးကို ညီညီညွတ်ညွတ် ပေါင်းစပ်နိုင်ရင် စိတ်ကျေနပ်မှု ၈၀ ရာခိုင်နှုန်းအထိ တိုးပွားလာပါလိမ့်မယ်။ ရည်မှန်းချက် ပြည့်မြောက်ပြီး ရလဒ်ကောင်း ထွက်ပေါ်လာစေဖို့ဆိုရင် အဲဒီရည်မှန်းချက်တွေ တစ်ခုနဲ့တစ်ခု လိုက်လျောညီထွေ ရှိနေဖို့ လိုအပ်ပါတယ်။



# နည်း ၅
# မိမိနှိုင်းယှဉ်မယ့်အရာတွေကို ဉာဏ်ရှိရှိ ရွေးချယ်ပါ

ကျွန်တော်တို့တွေ စိတ်ထဲမှာဖြစ်ပေါ်လာတတ်တဲ့ ကျေနပ်တယ်၊ မကျေနပ်ဘူး ဆိုတဲ့ ခံစားချက်တွေဟာ ကိုယ်က ကိုယ့်ကိုယ်ကို အခြားသူတွေနဲ့ နှိုင်းယှဉ်လိုက်ရာက စတာပါပဲ။ ကိုယ့်ထက်ပိုပြီး ပြည့်စုံသူတွေနဲ့ နှိုင်းယှဉ်မိ လိုက်တဲ့အခါ စိတ်မကောင်း ဖြစ်တတ်ပါတယ်။ ကိုယ့်လောက်မှ မပြည့်စုံသူတွေနဲ့ နှိုင်းယှဉ်လိုက်တဲ့ အခါကျပြန်တော့လည်း ကျေနပ်တဲ့စိတ်က ဖြစ်သွားပြန်ပါရော။ ဒါပေမဲ့ ဘယ်နည်းနဲ့ပဲကြည့်ကြည့် ရှိနေတဲ့ အမှန်တရားကတော့ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့က ကျွန်တော်တို့ဘဝတွေကို ပြန်ကြည့်ပြီး ပေါ်ပေါက်လာတတ်တဲ့ စိတ်ခံစားမှုဟာ ကိုယ်က ကိုယ့်ကိုယ်ကို ဘယ်သူတွေနဲ့ နှိုင်းယှဉ်သလဲ ဆိုတာအပေါ် မူတည်ပြီး အကြီးအကျယ် ပြောင်းလဲမှုတွေ ဖြစ်တတ်ပါတယ်။ ကိုယ်က ကိုယ့်ဘဝကို အခြားသူတွေနဲ့ နှိုင်းယှဉ်ကြည့်တော့မယ်ဆိုရင် အဓိပ္ပာယ်ရှိရှိ နှိုင်းယှဉ်တတ်ရပါမယ်။ ဒါမှသာ ကိုယ်က ဘယ်လို လူမျိုးလဲ၊ ကိုယ့်မှာ ဘာတွေရှိသလဲ ဆိုတာတွေနဲ့ ပတ်သက်ပြီး လုံခြုံစိတ်ချတဲ့ ခံစားမှု ဖြစ်ပေါ်ပါလိမ့်မယ်။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



ဂျိုးက သူတို့ ညီအစ်ကို ၆ ယောက်ထဲမှာ အကြီးဆုံးပါ။ သူတို့ထဲမှာ အငယ်ဆုံးက အသက် ၂၁ နှစ်၊ အကြီးဆုံးက ၄၂ နှစ်ပါ။ သူတို့ မိသားစုမှာ ငွေကြေး သိပ်မပြည့်စုံတော့ အထက်က အစ်ကိုတွေဟာ ချို့ချို့ငဲ့ငဲ့နဲ့ ကြီးပြင်းခဲ့ရပါတယ်။ ဂျိုးနဲ့ သူ့ညီနှစ်ယောက် အထက်တန်းကျောင်း အောင်ပြီးတာနဲ့ အလုပ်ဝင်လုပ်ရပါတယ်။ ညီအငယ်သုံးယောက်ကျတော့ အထက်တန်းကျောင်း အောင်ပြီးတဲ့အခါ ကောလိပ်ဆက်တက်နိုင်ပါတယ်။ ဂျိုးတို့အထက်က ညီအစ်ကို သုံးယောက်ဟာ သူတို့တုန်းက ငွေကြေးမပြည့်စုံလို့ ပညာဆက်သင်ခွင့် မရတာကို ပြန်တွေးမိတိုင်း စိတ်ပျက်လက်ပျက် ဖြစ်ရပါတယ်။

ဂျိုးတို့အထက်က သုံးယောက်ဟာ သူတို့ဘဝတွေကို အောက်က ညီသုံးယောက်နဲ့ ပြန်ယှဉ်ကြည့်မိတိုင်း စိတ်ဆင်းရဲရသလို ဝန်တိုစိတ်လည်း ဖြစ်မိကြပါတယ်။ ငါတို့မရခဲ့တဲ့ အခွင့်အရေးတွေ သင်းတို့ကျမှ ဘာလို့ရရတာလဲ ဆိုတဲ့ အတွေးကို သူတို့စိတ်ထဲ ပေါ်ခဲ့ပါတယ်။ သူတို့အစ်ကို သုံးယောက်ဟာ သူတို့နဲ့ရွယ်တူ သူငယ်ချင်းတွေ၊ သူတို့လောက်ပဲ အခွင့်အလမ်း ရခဲ့တဲ့ သူငယ်ချင်းတွေနဲ့ ပြန်နှိုင်းယှဉ် ကြည့်မိပြန်တော့လည်း သူတို့က အဲဒီသူငယ်ချင်းတွေထက် လုပ်ငန်းကိုင်ငန်းမှာရော မိသားစုဘဝမှာပါ ပိုအဆင်ပြေနေတာ တွေ့ရပြန်တယ်။

တကယ်ကတော့ သူ့ညီငယ်လေးတွေရရမယ့် အခွင့်အရေးတွေ မရအောင် ပိတ်ပင်ရင်လည်း ဂျိုးတို့မှာ ဘာမှအကျိုးရှိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ထက်ပညာ ပိုပြီးတတ်လို့ ဘဝမှာ ပိုအဆင်ပြေနေတဲ့ ညီတွေနဲ့ သူ့ကိုယ်သူ ပြန်နှိုင်းယှဉ်ကြည့်မိတိုင်း စိတ်ဆင်းရဲရပါတယ်။ ဒီပြဿနာရဲ့ အဖြေကတော့ အဲဒီလို မနှိုင်းယှဉ်ဖို့ပါပဲ။ အဲဒီ ညီငယ်လေးတွေဟာ သူနဲ့ ဆယ်စုနှစ် နှစ်စုလောက် ကွာပြီးမှ လူဖြစ်လာခဲ့တာကြောင့် အခုလို ခြားနားမှုတွေ ဖြစ်ခဲ့ရတာပါ။ ဂျိုးတို့အထက်က ညီအစ်ကိုတွေ အနေနဲ့ အဲဒီလို နှိုင်းယှဉ်ပြီး စိတ်ဆင်းရဲနေရမယ့်အစား သူတို့ခေတ်မှာ သူတို့ ကြုံခဲ့ရတဲ့ စိန်ခေါ်မှုမျိုးတွေကို ရင်ဆိုင်ခဲ့ရသူတွေနဲ့ပဲ လက်တွေ့ကျကျ နှိုင်းယှဉ် ကြည့်လိုက်ရင် စိတ်ကျေနပ်မှု ရနိုင်ကြပါတယ်။

☺ ☺ ☺

သုတေသန စမ်းသပ်ချက်တစ်ခုမှာ ကျောင်းသား အုပ်စုကြီးတစ်ခုကို စကားလုံး ပဟေဠိတစ်ခု ချပြပြီး ဖြေကြည့်ခိုင်းပါတယ်။ ပညာရှင်တွေ သိချင်တာက ပဟေဠိ မြန်မြန်ဖြေနိုင်တဲ့သူနဲ့ ဖြည်းဖြည်းဖြေနိုင်တဲ့သူ ဘယ်သူက ပိုပြီး စိတ်ကျေနပ်မှု ရသလဲ ဆိုတာကိုပါ။ အဲဒီမှာ မြန်မြန်ဖြေနိုင်တဲ့ ကျောင်းသားတွေက





အမြန်ဆုံးဖြေနိုင်တဲ့ သူတွေနဲ့ နှိုင်းယှဉ်ကြည့်ပြီး သူတို့ကိုယ်သူတို့ မကျေမနပ် စိတ်တွေ ဖြစ်လာပါတယ်။ သူတို့ထက် နည်းနည်း ပိုပြီးနောက်ကျမှ ဖြေနိုင်တဲ့ ကျောင်းသားတွေကတော့ အနှေးဆုံးဖြေနိုင်တဲ့ ကျောင်းသားတွေနဲ့ သူတို့ကိုယ်သူတို့ နှိုင်းယှဉ်ကြည့်ပြီး အတော်ကလေး စိတ်ကျေနပ်မှု ရကြတာနဲ့အမျှ သူတို့ထက်ပိုပြီး မြန်မြန်ဖြေနိုင်တဲ့ ကျောင်းသားတွေ ရှိတယ်ဆိုတာကိုပါ လျစ်လျူရှုနိုင်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၆
## မိတ်ဆွေဖွဲ့ပါ

မိတ်ဆွေဖွဲ့တယ်ဆိုရာမှာ ဟိုတုန်းက ကိုယ်နဲ့ ခင်ခင်မင်မင် ဆက်ဆံခဲ့ဖူးသူတွေနဲ့လည်း ပြန်ပြီး နွေးနွေးထွေးထွေး ရှိဖို့လိုသလို အလုပ်ထဲမှာဖြစ်ဖြစ် ကိုယ့်အိမ်နီးပတ်ဝန်းကျင်မှာဖြစ်ဖြစ် အခွင့်ပေါ်ရင် ပေါ်သလို ကိုယ့်ရဲ့ခင်မင်စရာ အသိုင်းအဝိုင်းကြီး ကျယ်ပြန့်လာအောင် လုပ်ဖို့လည်းလိုပါတယ်။ လူတွေဆိုတာက အစိတ်အပိုင်းကြီး တစ်ခုထဲမှာ တို့တွေလည်း အပါအဝင်ဖြစ်တယ်လို့ ခံစားတတ်ဖို့ လိုပါတယ်။ ကိုယ်က လူတွေကို ဂရုတစိုက် ဆက်ဆံရင် လူတွေကလည်း ကိုယ့်ကို ဂရုတစိုက် ပြန်ဆက်ဆံလာကြမှာပါပဲ။

☺ ☺ ☺



အင်ဒီဟာ သူ့ အိမ်နီးချင်းတွေနဲ့ မသိပါဘူး။ အိမ်ပြင်ရောက်လို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြရင် လက်ပြတာမျိုးလောက်ပဲရှိတယ်။ ဒါပေမဲ့ များသောအားဖြင့် သူတွေတတ်တာတွေကတော့ ခြံစည်းရိုး မြင့်မြင့်ကြီးတွေနဲ့





ပိတ်ထားတဲ့ တံခါးတွေပဲ ဖြစ်နေတတ်တယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက သူ့လုပ်ငန်းမှာသုံးဖို့ အင်ဒီ ကွန်ပျူတာတစ်လုံး ဝယ်လာတယ်။ တစ်နေ့မှာ အင်တာနက်ထဲ ဝင်ကြည့်နေတုန်း စာပေ၊ အားကစားနဲ့ အနုပညာ စသည်ဖြင့် ဝါသနာတူရာ လူတွေနဲ့ ဆက်သွယ်လို့ရလာတယ်။ အဲဒီထဲမှာ လူတစ်ယောက်ကတော့ သူနဲ့ အကြိုက်ချင်းတော်တော်တူလို့ အင်တာနက်ပေါ်မှာတင် အပြန်အလှန်ဆက်သွယ်ရင်း မိတ်ဆွေဖြစ်သွားတယ်။

တစ်နေ့ကျတော့ သူနဲ့ သူ့မိတ်ဆွေတို့ အင်တာနက်မှာ ဆက်သွယ်နေတုန်း မီးပြတ်သွားတယ်။ မီးပြန်လာတဲ့ အခါကျတော့ အင်တာနက်ပေါ်က သူ့မိတ်ဆွေလည်း သူနဲ့တစ်ချိန်တည်းမှာ မီးပြတ်ခဲ့တယ်လို့ သိရတယ်။ အဲဒီကနေမှ သူတို့ အချင်းချင်းရဲ့ လိပ်စာတွေ ထုတ်ပြောလိုက်ကြတော့ တစ်လမ်းတည်း အတူတူနေကြသူတွေ ဖြစ်နေတယ်။

ဒီအဖြစ်အပျက်လေးကနေ အင်ဒီ ဘာသင်ခန်းစာ ရလိုက်သလဲ ဆိုတော့ မိတ်ဆွေဖြစ်ချင်ရင် အဝေးကြီး ရှာနေဖို့ မလိုဘူး၊ အနီးမှာ ရှိနေသူတွေနဲ့လည်း မိတ်ဆွေဖြစ်နိုင်တယ် ဆိုတာပါပဲ။ ဒါကြောင့်မို့ ပေါ်လာတဲ့ အခွင့်အလမ်းကို ရအောင်ယူလိုက်ပြီး မိတ်ဆွေ ဖွဲ့နိုင်ကြပါတယ်။

☺ ☺ ☺

**ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးတွေဆိုတာ ကိုယ့်ရဲ့ ပုဂ္ဂလိက စိတ်ကျေနပ်မှု ဒါမှမဟုတ် ကိုယ့်ရဲ့ ကမ္ဘာကြီးပေါ်မှာထားတဲ့ အမြင်တွေထက်တောင်မှ ပျော်ရွှင်မှုအတွက် အဓိပ္ပာယ်အရှိဆုံး အကြောင်းရင်းခံ ဖြစ်နေတတ်ပါတယ်။ အခြားသူတွေနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံတတ်သူတွေဟာ ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီး မနေတတ်တဲ့ သူတွေနဲ့စာရင် ကိုယ့်ဘဝကို ကိုယ် လေးဆလောက်ပိုပြီး ကျေနပ်မှုရနိုင်ပါတယ်။**




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇
## ရုပ်မြင်သံကြားစက် ပိတ်ပစ်ပါ

ရုပ်မြင်သံကြားဆိုတာ လူတွေရဲ့ဘဝမှာ အဓိကကျတဲ့ ကိစ္စတွေအပေါ် အာရုံမစိုက်နိုင်လောက်အောင် လမ်းလွှဲပစ်တတ်တဲ့ ပစ္စည်းတစ်မျိုးပါပဲ။

☺ ☺ ☺



ရူပါမားကက်တစ်ခုထဲကို သင်ဝင်သွားပြီဆိုတာနဲ့ တွေ့သမျှအခန်းက ပစ္စည်းတွေကို ဝယ်တတ်ပါသလား။ ဘယ်ဝယ်လိမ့်မှာတုံး။ အခန်းတစ်ခုထဲ ဝင်သွားတာနဲ့ ကိုယ်လိုချင်တာ ရှိမရှိ ရှာကြည့်မယ်၊ လိုချင်တာ မတွေ့ရင် မတွေ့တဲ့နေရာကို ကျော်သွားတတ်တယ် မဟုတ်လား။ ဒါပေမဲ့ ရုပ်မြင်သံကြား ကြည့်တယ် ဆိုတာကျတော့ ရူပါမားကက်ထဲက ရောင်းသမျှပစ္စည်းတိုင်းကို ဝယ်နေရတဲ့အဖြစ်နဲ့ မတူဘူးလား။ တနင်္လာနေ့ဆိုလဲ တီဗွီကို ကြည့်တာပဲ။





အင်္ဂါနေ့ဆိုလည်း ကြည့်၊ ဗုဒ္ဓဟူးနေ့ဆိုလည်း ကြည့်ကြတာပါပဲ။ တကယ်တော့ ရုပ်မြင်သံကြားကို ကြည့်တယ်ဆိုတာက ကြည့်နေကျဖြစ်လို့ ကြည့်ကြတာမျိုးပါ။ ကိုယ် တကယ်ကြည့်ချင်တဲ့ အစီအစဉ်ပြနေလို့ ကြည့်ကြတာက နည်းပါတယ်။ သင် ရုပ်မြင်သံကြား ကြည့်နေတုန်း ဒီ အစီအစဉ်ကို ကိုယ် ကြည့်ချင်လို့ ကြည့်နေတာလား ကိုယ့်ကိုယ်ကို မေးကြည့်လိုက်ပါ။ ရုပ်မြင်သံကြားကို အလွန်အမင်း ကြည့်တဲ့သူတွေဟာ စကားပြောဆိုနိုင်တဲ့ အစွမ်းအစတွေ ထိခိုက်နိုင်ကြောင်း စိတ်ပညာရှင်တွေက လေ့လာတွေ့ရှိ ထားပါတယ်။ စိတ်ပညာရှင် တစ်ယောက်ကဆိုရင် ရုပ်မြင်သံကြားတွေဟာ ကျွန်တော်တို့ရဲ့ ဘယ်တော့မှ ပြန်မရနိုင်တဲ့ အချိန်တွေကို ခိုးယူသွားတာပဲလို့ ပြောဖူးပါတယ်။

အိမ်မှာ တီဗီရှိနေလို့၊ ကိုယ်ကလည်း ကြည့်နေကျမို့လို့ဆိုပြီး တီဗီကို မဖွင့်ပါနဲ့။ ကိုယ့်ကြည့်ချင်တဲ့ အစီအစဉ်လာနေလို့ ကိုယ်ကလည်း ကြည့်ချင်တယ် ဆိုတဲ့အခါမှ ဖွင့်ကြည့်ပါ။ ပိုလာတဲ့ အချိန်တွေကို ကိုယ့်မိသားစု၊ ကိုယ့်မိတ်ဆွေတွေနဲ့ အတူနေချင်နေ၊ ဒါမှမဟုတ် ကိုယ့်ဘာသာ တစ်ယောက်တည်း အေးအေးငြိမ်ငြိမ်လေး နေလိုက်ပါ။ တီဗီမကြည့်တော့ဘူးဆိုတာနဲ့ ငြိမ်ငြိမ်ကြီး ထိုင်ပြီး မသိလိုက်မသိဘာသာ အချိန်တွေကုန်သွားမယ့်အစား ကိုယ်စိတ်ဝင်စားမယ့် ကိစ္စတစ်ခုကို တက်တက်ကြွကြွ လုပ်လာနိုင်ပါလိမ့်မယ်။

☺ ☺ ☺

**တီဗီ သိပ်ကြည့်လွန်းတဲ့အခါမျိုးဆိုရင် ကျွန်တော်တို့တစ်တွေရဲ့ ပစ္စည်းအပေါ် ပိုင်ဆိုင်လိုစိတ်က သုံးဆအထိ တိုးပွားလာလေ့ ရှိပါတယ်။ တစ်နေ့မှာ တီဗီကို တစ်နာရီ ကြည့်လိုက်တာနဲ့အမျှ ကိုယ့်ဘာသာ ရောင့်ရဲ တင်းတိမ်တတ်မှုဟာ ငါးရာခိုင်နှုန်းလောက် လျော့နည်းသွားစေနိုင်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၈
## မိမိကိုယ်ကို ခြွင်းချက်မရှိ လက်ခံကြည့်လိုက်ပါ

သင် ဘယ်လိုလူမျိုး ဖြစ်သလဲဆိုတာ သင့်ဘဏ်စာရင်းမှာ ငွေ ဘယ်လောက်ရှိသလဲ ဆိုတာနဲ့ မဆိုင်ပါဘူး။ ဒီလိုပဲ သင် ဘယ်ပတ်ဝန်းကျင်မှာ နေသလဲ၊ သင် ဘယ်လိုအလုပ်မျိုးကို လုပ်သလဲ ဆိုတာတွေနဲ့လည်း သင့်အပေါ် တိုင်းတာကြည့်လို့ မရပါဘူး။ သင်ဟာ အခြားသူတွေလိုပဲ ထူးခြားတဲ့ အရည်အသွေးတွေရော အားနည်းချက်တွေပါ ရောထွေးပေါင်းစပ်နေတဲ့ သူတစ်ဦးဆိုတာ မယုံကြည်နိုင်စရာကောင်းလောက်အောင် တွေ့ရပါလိမ့်မယ်။

☺ ☺ ☺




သိပ်မကြာသေးခင်တုန်းက နှစ်တစ်နှစ်ကို ကူးပြောင်းပြီဆိုတာနဲ့ သန္နိဋ္ဌာန်သစ်တစ်မျိုးကို ချမှတ်ကြတဲ့ အလေ့အထတစ်ခု ခေတ်စားလာပါတယ်။ ကိုယ်မှားတယ်လို့ ယူဆတဲ့အရာကိုပဲ စွဲစွဲမြဲမြဲ ဆုပ်ကိုင်နေရာကနေ နည်းလမ်းတစ်မျိုး ပြောင်းပြီး ဆုံးဖြတ်ချက်တစ်ခုကို ပြောင်းလဲ ချမှတ်တာမျိုးပါ။ အဲဒါကတော့





လူတွေဟာ ကိုယ့်ကိုယ်ကို အရှိကို အရှိအတိုင်း မြင်ကြည့် ကြဖို့ပါပဲ။ ကိုယ့်မှာရှိတဲ့ အားနည်းချက်ရော အားသာချက်တွေကိုပါ အားလုံး ပြန်မြင်ကြည့်ပြီး စိတ်သစ်လူသစ် ပြောင်းသွားတာမျိုးပါ။

ကက်သလင်းဟာ မိမိကိုယ်ကို လက်ခံကြည့်တဲ့ အယူအဆကို ဖြန့်ဝေပေးနေတဲ့ အဖွဲ့တစ်ခုမှာ ပါဝင်ပါတယ်။ သူမဟာ အရင်တုန်းကဆို ထောင်ချောက်တစ်ခုထဲ ရောက်နေရသလိုအဖြစ်မျိုး ခံစားနေခဲ့ရသူပါ။ ကိုယ့်မှာရှိတဲ့ အမှားကို ပြင်ကြည့်မယ်၊ ပြောင်းကြည့်မယ်လို့ ကြိုးစားကြည့်လိုက်ပေမယ့် ပြောင်းကြည့်လို့ မရတာဟာ သူမမှာ ရှိနှင့်ပြီးသား ပြဿနာကို ပိုတောင်ဆိုးလာစေပါတယ်။ ပြောင်းကြည့်မယ်ဆိုတဲ့ ဖိအားတွေအပြင် အရင်တုန်းက ရှုံးနိမ့်ခဲ့မှုတွေကိုပါ ပြန်ခံစားပြီး ဝန်ပိလာတော့ သူမ ခမျာ ရူးမတတ် ခံစားလာရပါတော့တယ်။

အခုအခါမှာတော့ ကက်သလင်းဟာ ကိုယ့်ကိုယ်ကို လက်ခံကြည့်လိုက်ပါဆိုတဲ့ သဘောတရားကို နှစ်သိမ့်ဆွေးနွေးမှု ခံယူပြီးခဲ့ပါပြီ။ အဲသည်လိုလက်ခံတာဟာ ကိုယ့်မှာရှိတဲ့ အပြစ်တွေကို လျစ်လျူရှုတာမျိုး မဟုတ်သလိုရှေ့ဆက် မကြိုးစားဘဲ ဒီအတိုင်း ရပ်နေတာမျိုးလည်း မဟုတ်ပါဘူး။ ဆိုလိုတာကတော့ ကိုယ့်မှာ ကိုယ်ပိုင်တန်ဖိုးတွေ ရှိနေတယ်လို့ အစအဆုံး စဉ်ဆက်မပြတ်ယုံကြည်နေဖို့ပဲ ဖြစ်ပါတယ်။

☺ ☺ ☺

အရွယ်ရောက်ပြီးသား လူကြီးတွေ မိမိကိုယ်မိမိ တန်ဖိုးထားရှိမှုနဲ့ပတ်သက်ပြီး သုတေသနပညာရှင်တွေရဲ့ လေ့လာဆန်းစစ်မှု တစ်ခုမှာ အခုလိုတွေ့ရှိပါတယ်။ မိမိဘာသာမိမိ ပျော်ရွှင်နေကြတဲ့သူတွေဟာ ရှုံးနိမ့်မှုကို လက်ခံပြီးကိုယ့်အပြစ်ကို ကိုယ် ရှင်းပြတတ်ကြပါတယ်။ နောက်တော့ အဲဒီအဖြစ်အပျက်ကိုအတိတ်မှာပဲထားပြီး သူတို့မှာရှိတဲ့ အရည်အချင်းနဲ့ မဆိုင်ဘူးလို့ ခံယူလိုက်ကြပါတယ်။ မပျော်မရွှင် ဖြစ်နေတဲ့ သူတွေကတော့ သူတို့ရင်ဆိုင်ခဲ့တဲ့ အရှုံးကိုရင်မှာပိုက်လို့ ပိုမိုပုံကြီးချဲ့ပြီး မွေးမြူထားတတ်ပါတယ်။ သူတို့ဘဝရဲ့ အနာဂတ်မှာဖြစ်လာနိုင်တဲ့ အရာတွေကို ခန့်မှန်းတွက်ချက်တော့လည်း အဲဒီအရှုံးနဲ့ပဲ ပြန်တိုင်းတာတတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉
## မိမိ ဘယ်ကလာသလဲဆိုတာ သတိရပါ

ကိုယ်က ဘယ်မျိုးနွယ်က ပေါက်ဖွားလာသလဲဆိုတာ တွေးကြည့်ပြီး ဂုဏ်ယူတတ်ပါစေ။ အပြောကျယ်ပြီး ရှုပ်ထွေးလှတဲ့ ကမ္ဘာကြီးထဲမှာ မကြာခဏ ဆိုသလို ကိုယ့်နေရာ ပျောက်သွားတတ်ပါတယ်။ ကိုယ်ဟာ ဘယ်မျိုးနွယ်စုက ဆင်းသက်လာသလဲဆိုတာ သိရင် တော်တော်လေး စိတ်သက်သာမှု ရစေတတ်ပါတယ်။ အဲဒီလို သိလိုက်ရတာနဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေပဲဖြစ်နေနေ ကိုယ့်သမိုင်း၊ ကိုယ့်နေရာနဲ့ ကိုယ့် ထူးခြားထင်ရှားမှုတွေက မပြောင်းမလဲ တည်ရှိနေမှာ ဖြစ်ပါတယ်။

☺ ☺ ☺



ကျွန်တော်တို့ အိမ်တွေကို ကြည့်လိုက်ရင် အတူတူလိုချည်းပါပဲ။ ကိုယ်နေတဲ့မြို့တွေကို ကြည့်ပြန်တော့လည်း ခပ်ဆင်ဆင်၊ ရုပ်ရှင်ဇာတ်ကားတွေမှာ





ကြည့်လိုက်ပြန်တော့လည်း အတူတူ၊ ဝတ်တာဆင်တာကလည်း အတူတူဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ဘာမှ မခြားနားသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ အခု ရောက်နေတဲ့ကာလဟာ မျိုးတူဆင်တူတွေကို အများအပြား ထုတ်လုပ်ထားကြတဲ့ ကာလပါ။ အဲဒီလို ဆင်တူတွေကြားထဲမှာ ကိုယ်ကပျောက်ဆုံးနေသလို ခံစားရပါတယ်။ ကျွန်တော်တို့တွေဟာ ကမ္ဘာလောကကြီးထဲမှာ ကိုယ်က ဘယ်လို အံဝင်ခွင်ကျ ဖြစ်သလဲဆိုတာ သိချင်ကြပါတယ်။ ကိုယ် ဘယ်ကလာတာလဲ၊ ဒီနေရာကို ကိုယ်ဘယ်လို ရောက်လာတာလဲ။ ကိုယ့်မိသားစုသမိုင်းနဲ့ ကိုယ့်မျိုးနွယ်စု ဆင်းသက်လာပုံကို သိရရင် ကိုယ်ဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ ဘယ်လိုအံဝင်ခွင်ကျ ဖြစ်သလဲ ပြောပြနိုင်တာနဲ့အမျှ နေရထိုင်ရ ပိုအဆင်ပြေလာပါတယ်။

☺ ☺ ☺

**ကျောင်းသားတွေအပေါ်ကို စမ်းသပ်လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ရာမှာ ကိုယ့်မျိုးနွယ်စုကို ထင်ထင်ရှားရှား သိလာကြတဲ့ သူတွေဟာ ဘဝမှာ စိတ်ကျေနပ်မှု ၁၀ ရာခိုင်နှုန်း တိုးတက် ရရှိကြောင်း တွေ့ရှိရပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၁၀
## အိပ်တော့မယ်လို့ လှဲနေတဲ့အခါ အကြောင်းအရာတစ်ခုတည်းကိုပဲ တွေးတတ်အောင် ကန့်သတ်လိုက်ပါ

စိုးရိမ်စိတ် သိပ်ကြီးမားတဲ့သူတွေဟာ အိပ်မပျော်ခင် အကြောင်းအရာတစ်ခုကို တွေးမိရာက နောက်ထပ် အကြောင်းအရာတစ်ခုဆီ ရောက်သွားပြီး အတွေးတွေ အုံနဲ့ကျင်းနဲ့ ထွက်ပေါ်လာတတ်ကြပါတယ်။ မိနစ်အနည်းငယ် အတွင်းမှာကို တွေးမိလိုက်တဲ့ ပြဿနာတွေ တစ်ပုံတစ်ခေါင်းကြီးပါ။ အဲဒီလို ပြဿနာပေါင်းစုံတွေ ကြားထဲမှာ ငါဘယ်လိုများ အိပ်လို့ပျော်မှာလဲလို့ သင့်ကိုယ်သင် ပြန်မေးကြည့်လိုက်ပါ။

လူအတော်များများဟာ ညဘက် အိပ်ရာမဝင်ခင် သွားတိုက်နေတုန်းမှာပဲ အိပ်ရာထဲရောက်ရင် ဘာတွေးရမလဲဆိုတာ စတော့တာပဲ။ တကယ်လို့ တွေးစရာတွေ အများကြီး ခေါင်းထဲဝင်လာပြီဆိုရင် တစ်ခုတည်းကိုပဲ တွေးကြည့်ဖို့ ပြန်ဦးတည်လိုက်ပါ။

☺ ☺ ☺







မီဂန်ဟာ စာတိုက်က ရောက်လာတတ်တဲ့ ကြော်ငြာစာတွေကို တော်တော့်ကို မနှစ်သက်ဘူး။ အဲဒီစာတွေကြောင့် သူမ အချိန်တွေ ဖြုန်းပစ်သလို ဖြစ်ရတဲ့အပြင် အမှိုက်တွေလည်း ပိုများလာရတယ်။ အမှိုက်တွေကလည်း များလာလိုက်တာ၊ ဒီလောက်များလာတဲ့ အမှိုက်တွေကို လူတွေ ဘယ်လိုလုပ်စွန့်ပစ်ကြသလဲဆိုတာ မီဂန်ဖြင့် မသိနိုင်တော့ပါဘူး။ အမှိုက်ပစ်ရမယ့် နေရာတွေကလည်း ပြည့်သလောက် ရှိနေပြီလို့လည်း ဆိုကြသေးရဲ့။

ဒါဆိုရင် အမှိုက်တွေကို ဘယ်မှာသွားပစ်ရမှာပါလိမ့်။ အမှိုက်တွေတင်ပဲ ရှိသေးတာ မဟုတ်ဘူး။ နျူကလီးယား စက်ရုံတွေက စွန့်ပစ် ပစ္စည်းတွေ ရောအဆိပ်သင့်နိုင်တဲ့ ဓာတုစွန့်ပစ် ပစ္စည်းတွေကလည်း ရှိသေးရဲ့။ နောက်မျိုးဆက် တစ်ခေတ်ကျရင် သဘာဝ ပတ်ဝန်းကျင်ကြီးက ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်။ မျိုးဆက် နှစ်ဆက်လောက် ကြာရင်တော့ ကမ္ဘာကြီး တည်တံ့နိုင်ပါဦးမလား။

အင်း . . .

ကျွန်တော်တို့ အတော်များများ မအိပ်ခင် တွေးကြတဲ့ အတွေးတွေက အထက်မှာ ဖော်ပြသလို ဆန့်ထွက်တတ်ကြပါတယ်။ ဒီနေရာမှာ မီဂန် တစ်ယောက် အသေးအဖွဲ စိတ်ညစ်စရာလေး တစ်ခုက စလိုက်တာ ကမ္ဘာမြေရဲ့ အနာဂတ်အထိတောင် ရောက်သွားပါသေးရဲ့။ အဲဒီလို အတွေးတွေ လှည့်ပတ်ကျက်စားတဲ့အခါ လူက အနားမယူနိုင်တော့ပဲ စိတ်ဖိစီးမှုတွေဖြစ်ပြီး မီဂန်တို့လို လူမျိုးတွေအဖို့ အိပ်ဆေးသောက်မှ အိပ်ပျော်ရပါတော့တယ်။

အတွေးတွေ များလွန်းလာတဲ့အခါ အထက်ကပြောခဲ့သလို ကမ္ဘာမြေရဲ့ ကံကြမ္မာအထိ မရောက်စေဦးတော့၊ အဲဒီအတွေးတွေကြောင့် စိတ်မတည်မငြိမ်ဖြစ်ပြီး အိပ်ပျော်ဖို့ ခက်လာတတ်ပါတယ်။ အတွေးတွေက ဟိုရောက်ဒီရောက်ဖြစ်၊ စိတ်ကူး တစ်ခုကနေ နောက်တစ်ခုဆီ ခုန်သွား၊ အတွေးရေယဉ်ဆက်ပြန့်တဲ့အခါ စိတ်က ဂနာမငြိမ်၊ မျက်လုံးကိုလည်း မှိတ်ပစ်လို့မရ၊ ဦးနှောက်ကလည်း အနားမယူနိုင်၊ အဲသည်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ဖို့ဆိုတာ ဝေလာဝေးပေါ့။

☺ ☺ ☺

ကောလိပ်ကျောင်းသားတွေအပေါ် သုတေသန ပြုမှုတစ်ခုမှာ မအိပ်ခင် ဟိုတွေးဒီတွေး တွေးတတ်တဲ့သူတွေဟာ အိပ်ပျော်ဖို့ခက်ပြီး အိပ်ပျော်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးမဝကြတဲ့အတွက် မပျော်မရွှင် ဖြစ်လာတတ်ကြပါတယ်။ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်တတ်တဲ့သူတွေဟာ သာမန် အိပ်ရေးဝတတ်ကြသူတွေထက် ၆ ရာခိုင်နှုန်း၊ အိပ်ရေးဝဝ အိပ်မပျော်တတ်ကြသူတွေထက် ၂၅ ရာခိုင်နှုန်း သူတို့ ဘဝကို သူတို့ ပိုမိုကျေနပ်မှု ရကြကြောင်း သိရှိရပါတယ်။



## နည်း ၁၁
## ခင်မင်မှုက ငွေထက် ပိုအဖိုးတန်တယ်

လူတွေ ပျော်နေတာ ဟုတ်မဟုတ် ကိုယ်ကသိချင်တာနဲ့ပဲ အဲဒီသူတွေကို ဘဏ်ထဲမှာ ပိုက်ဆံဘယ်လောက် ထည့်ထားသလဲဆိုတာ မမေးပါနဲ့။ သူတို့လစာ ဘယ်လောက်များများရသလဲ ဆိုတာကိုလည်း မမေးပါနဲ့ဦး။ သူတို့ကို သူတို့မိတ်ဆွေတွေ အကြောင်းပဲ မေးလိုက်ပါ။

☺ ☺ ☺




ဘဏ္ဍာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နှစ်ယောက်ဟာ စီးပွားရေး လုပ်ငန်းတစ်ခုကို ၁၀ နှစ်ကျော်လောက် လက်တွဲလုပ်ခဲ့ကြတယ်။ တစ်ချိန်ကျ တော့ ဈေးကွက်အခြေအနေ တော်တော်ဖရိုဖရဲ ဖြစ်သွားလေရဲ့။ သူတို့လည်း လုပ်ငန်းထဲကို ရှိသမျှငွေတွေ အကုန်ထပ်ထည့်တယ်။ ထည့်တိုင်းလည်း မအောင်မြင်တော့ သိပ်မကြာဘူး၊ သူတို့ခမျာ လုပ်ငန်းလည်းဆုံး၊ ရှိစုမဲ့စု



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေလည်း ကုန်ရောပဲ။ ရသမျှ ပြန်အဖတ်ဆယ်ဖို့ ကြိုးစားတဲ့အခါ ဆုံးသွားတဲ့ ငွေတွေရော လုပ်ပုံကိုင်ပုံတွေအကြောင်းပါ ပြန်အစကောက်ကြရင်း သူတို့နှစ်ယောက် မိတ်ပျက်သွားကြတယ်။

ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ခဲ့ရတာကို တစ်ယောက်အပေါ် တစ်ယောက် အပြစ်ဖို့ကြတယ်။ အချင်းချင်း တစ်နှစ်လောက်ကြာအောင် စကားမပြောဘဲ နေခဲ့ကြပြီးမှ နေ့လယ်စာ စားပွဲမှာ ပြန်တွေ့ဖြစ်ကြတယ်။ ဒီတော့မှ သူတို့တွေမှာ အကြီးအကျယ် ဆုံးရှုံးခဲ့ရတာကို နှစ်ယောက်စလုံး ဝန်ခံမိကြတယ်။ အဲဒီလို ဆုံးရှုံးတယ်ဆိုတာက ငွေမဟုတ်ဘဲ သူတို့ရဲ့ ခင်မင်ရင်းနှီးမှု ဖြစ်နေပါတယ်။ ဒီမှာ တစ်ယောက်က ဘာပြောလိုက်သလဲဆိုတော့ "ငွေဆိုတာဟာ လက်အိတ်လိုပါပဲ၊ ခင်မင်ရင်းနှီးမှုကတော့ ကိုယ့်မှာရှိတဲ့ လက်နဲ့ အတူတူပဲ၊ တစ်ခုကအသုံးဝင်တယ်၊ နောက်တစ်ခုကတော့ မရှိလို့ကိုမဖြစ်ဘူး" တဲ့။

☺ ☺ ☺

ပျော်ရွှင်မှုဆိုတာ ရှင်းပြဖို့ခက်တယ်၊ ဒါမှမဟုတ် အဲဒါဟာ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာမှုအပေါ် မူတည်တယ်လို့ ယုံကြည်နေကြတာတွေနဲ့ ဆန့်ကျင်ပြီး သုတေသနပညာရှင်တွေက ပျော်ရွှင်နေတဲ့ ဘဝတစ်ခုမှာ အဓိက လိုအပ်တာတွေကို အခုလို ထောက်ပြပါတယ်။ ပျော်ရွှင်တဲ့ ဘဝတစ်ခုဖြစ်ဖို့ အရေးပါတဲ့ လိုအပ်ချက်တွေကတော့ မိတ်ဆွေဘယ်လောက်များများ ရှိသလဲ၊ အဲဒီ မိတ်ဆွေတွေနဲ့ ဘယ်လောက် ရင်းရင်းနှီးနှီး ဆက်ဆံတတ်သလဲ၊ မိသားစုနဲ့ရော ဘယ်လောက် နွေးနွေးထွေးထွေး နေလဲ၊ နောက်ပြီး ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေနဲ့ အိမ်နီးချင်းတွေ အပေါ်မှာ ဘယ်လိုဆက်ဆံသလဲ ဆိုတဲ့ အချက်တွေပါ။ အဲဒီလို ရင်းနှီးဆက်သွယ်မှုတွေကို ပေါင်းစုလိုက်တဲ့ ပမာဏဟာ လူတစ်ယောက်ရဲ့ တစ်ကိုယ်ရေ ပျော်ရွှင်မှုမှာ ၇၀ ရာခိုင်နှုန်းလောက်အထိ အရေးပါနေပါတယ်။



## နည်း ၁၂
## လက်တွေ့ကျသော မျှော်မှန်းချက်များထားရှိပါ

ပျော်နေတဲ့သူတွေဟာ သူတို့လိုချင်သမျှကို ရနေကြတာ မဟုတ်ပါဘူး။ သို့ပေမဲ့ သူတို့ရနိုင်တာကိုပဲ အလိုချင်ဆုံး ဖြစ်နေတတ်ကြပါတယ်။ ရှင်းရှင်းဆိုရရင် သူတို့နဲ့ လက်လှမ်းမီနိုင်လောက်တဲ့ အရာတွေကိုပဲ တန်ဖိုးထားဖို့ ရွေးချယ်ရင်းက ကိုယ့်အကြိုက်နဲ့ ကိုယ်လိုချင်တာ တစ်ထပ်တည်း ဖြစ်လာအောင် ညှိယူကြတာပါ။

ဘဝကို မကျေမနပ် ဖြစ်နေကြတဲ့ သူတွေကတော့ မကြာခဏဆိုသလို သူတို့ လက်လှမ်းမမီနိုင်တဲ့ အရာတွေ ရအောင် ရည်မှန်းထားတတ်ကြပါတယ်။ အဲသည်လို ရည်မှန်းထားရင်းကနေ ရှုံးနိမ့်သွားကြတာပါပဲ။ ဒါတောင်မှ ရည်မှန်းချက်ကို ကြီးကြီးထား၊ ရလည်းရခဲ့ကြတဲ့သူတွေဟာ သာမန်ရည်မှန်းချက်လောက်ပဲထားပြီး ရလည်းရခဲ့ကြတဲ့ သူတွေထက် ပိုပြီး ပျော်နေကြတာ မဟုတ်ပါဘူး။

အလုပ်ခွင်မှာ ကိုယ်ရောက်နေတဲ့ အခြေအနေ ဒါမှမဟုတ် ကိုယ်နဲ့ ကိုယ့်မိသားစုရဲ့ ဆက်ဆံရေးကို ကိုယ်က ပြန်သုံးသပ်တော့မယ်ဆိုရင် ကမ္ဘာပေါ်က အချမ်းသာဆုံးပုဂ္ဂိုလ် ဒါမှမဟုတ် ကမ္ဘာပေါ်မှာ စံပြုထားရမယ့် မိသားစုတို့ အကြောင်းတွေတွေးပြီး စိတ်ကူးယဉ် မနေဖို့လိုပါတယ်။ လက်တွေ့ကျကျ ဘဝမှာနေပြီး အရာရာကို ပိုကောင်းလာဖို့ပဲ ကြိုးစားပါ။ လုံးဝပြည့်စုံရမယ်လို့ မပိုင်းဖြတ်လိုက်ပါနဲ့။

☺ ☺ ☺

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်က အယ်လ်တူးနား အထက်တန်းကျောင်းအုပ်ကြီး တစ်ဦးကို သူ့လုပ်သက် နှစ်သုံးဆယ်ပြည့်အပြီး အငြိမ်းစားယူတဲ့အခါ ညည့်ခံပွဲတစ်ခု ကျင်းပပေးပါတယ်။ လူတွေက ကျောင်းအုပ်ကြီးကို ထောင်ပေါင်းများစွာသော ကလေးငယ်တွေရဲ့ ပညာရေးမှာ သူ စွမ်းဆောင်ခဲ့သမျှတွေကို အားရပါးရ ချီးကျူးစကား ဆိုကြပါတယ်။ ညဘက် ပွဲအပြီးမှာ ကျောင်းအုပ်ကြီးက သူ့မိတ်ဆွေတစ်ယောက်ကို အခုလို ရင်ဖွင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ကိုယ့်အသက် ၂၃ နှစ်တုန်းက တစ်နေ့ကျရင် ငါတော့ အမေရိကန် ပြည်ထောင်စုရဲ့သမ္မတကြီး ဖြစ်လိမ့်မယ်လို့ ထင်ထားခဲ့တာကွ"

ဆရာကြီးဟာ အများက ကြည်ညိုတာ ခံနေရသူတစ်ဦး၊ တစ်ဘဝလုံး မွန်မြတ်လှတဲ့ အသက် မွေးဝမ်းကျောင်းထဲမှာ မြှုပ်နှံခဲ့သူ၊ အထက်တန်းကျောင်း တစ်ကျောင်းကို ဦးဆောင်သူအဖြစ် ဘဝအဆင့်မြင့်ခဲ့သူ တစ်ဦးပါ။ သို့ပေမဲ့ သူဟာ ကိုယ်ရရှိထားတဲ့ အောင်မြင်မှုတွေအပေါ် ဂုဏ်ယူရမယ့်အစား သူ မအောင်မြင်ခဲ့တာအပေါ်မှာပဲ စိတ်ပြန်လည်နေလေရဲ့။ တကယ်ကတော့ သူနည်းနည်းမှ ဆုံးရှုံးခဲ့တာ မဟုတ်ပါဘူး။ သူနဲ့ ရှုံးနိမ့်မှုဆိုတာ အဝေးကြီးမှာပါ။ သို့ပေမဲ့ သူ မရနိုင်တဲ့ ရည်ရွယ်ချက်ကြီးအပေါ် ပြန်နှိုင်းယှဉ်မိပြန်တော့ သူ့မှာ ရထားတဲ့ အောင်မြင်မှုအပေါ် ဝမ်းသာရကောင်းမှန်း သူ မသိတော့ပါဘူး။

☺ ☺ ☺

လူတွေမှာ သူတို့ထားတဲ့ ရည်မှန်းချက်နဲ့ သူတို့မှာရှိတဲ့ အစွမ်းအစတွေ ထပ်တူကျမှု အတိုင်းအတာဟာ သူတို့ရရှိတဲ့ ပျော်ရွှင်မှုနဲ့ ဆက်စပ်နေတတ်ပါတယ်။ ဆိုရရင် လူတွေရဲ့ ရည်မှန်းချက်ဟာ ပိုပြီး လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်မယ်ဆိုရင် သူတို့ကိုယ်သူတို့ ကျေနပ်ရောင့်ရဲမှုတွေ ပိုရလာနိုင်ပါတယ်။ မဖြစ်နိုင်တဲ့ ရည်မှန်းချက်တွေကို ထားတဲ့သူတွေဟာ ဘဝရဲ့ ကျေနပ်ပျော်ရွှင်မှု ကို ၁၀ ရာခိုင်နှုန်း ထက်ဝောင် လျော့ပြီး ရတယ်လို့ သူတို့ကိုယ် သူတို့ ထင်ထားတတ် ကြပါတယ်။



## နည်း ၁၃
## စိတ်ကူးသစ်များ ဝင်ခွင့်ပေးလိုက်ပါ

သင်ယူတာရယ်၊ အလိုက်သင့် ညီညွတ်အောင် နေတာရယ်ကို ဘယ်တော့မှ မရပ်လိုက်ပါနဲ့။ ကမ္ဘာကြီးဆိုတာ အမြဲတမ်း ပြောင်းလဲနေတတ်တာပဲလေ။ သင်က သင်သိထားတာလောက်နဲ့ ဒါမှမဟုတ် ကိုယ့်ဘဝ စောစောပိုင်းတုန်းက အဆင်ပြေပြေ ဖြစ်နေတာလောက်နဲ့ပဲ ကန့်သတ်ပစ်လိုက်ပြီဆိုရင် သင် အသက်ကြီးလာတာနဲ့ အမျှ သင့်ပတ်ဝန်းကျင်ကို ကြည့်ကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်ရတာတွေ တိုးသထက် တိုးလာပါလိမ့်မယ်။

☺ ☺ ☺



လူတွေက သူ့ကို ဟတ်ဘ်လို့ပဲသိကြတယ်။ တစ်ကြိမ်ပြီးတစ်ကြိမ် သူ့ကိုမြို့ထဲမှာ တွေ့နိုင်ကြပါရဲ့။ သူက လမ်းဘေးမှာ အမြဲတမ်း လျှောက်နေ တတ်လေ့ရှိတယ်။ သူ့ကို လူတွေက ဘာလို့ လမ်းချည်းပဲ လျှောက်နေတာလဲလို့



www.burmeseclassic.com

www.burmeseclassic.com



မေးရင် ဟတ်ဘ်က စက်တပ်ယာဉ်တွေကို သူ မယုံကြည်လို့ပါလို့ ပြန်ဖြေတယ်။ သူဟာ ဟိုတုန်းကလည်း ကားတစ်စီး မပိုင်ခဲ့သလို နောင်လည်း ပိုင်မှာမဟုတ်ဘူး။ တက္ကစီလည်းမစီး၊ ဘတ်စ်ကားနဲ့လည်း မလိုက်ဘူး။ ဘာကြောင့်ပါလိမ့်။ သူငယ်ငယ်တုန်းက ဒီယာဉ်တွေမရှိလည်း ဖြစ်ခဲ့တာပဲ၊ ခုမှ ဘာလို့ စီးနေတော့မလဲတဲ့။ အဲဒီ ယုံကြည်မှုနဲ့ပဲ သူ ယာယီစိတ်ချမ်းသာမှု ယူနေတာပါ။ သူကြောက်တဲ့ အပြောင်းအလဲကို ရင်မဆိုင်ချင်တာနဲ့ လိုက်လျောညီထွေဖြစ်အောင် သူ မနေဘူးလေ။ သူ့အိမ်နဲ့ နည်းနည်းလောက် ဝေးတဲ့နေရာက အပြောင်းအလဲတွေ သူ့ဆီ ရောက်မလာအောင် သူက တားထားတာပါ။

သူဟာ သူ့မြို့လေးရဲ့ အပြင်မှာရှိတဲ့ ဘယ်အရာနဲ့မှ မထိတွေ့ချင်သလို သူ့အတွက်ကမ္ဘာကြီး တည်ရှိမနေသလိုကို နေနေတော့တာပါ။ ခံယူချက်တွေဆိုတာ တန်ဖိုးလည်းရှိသလို မြတ်လည်း မြတ်နိုးရမှာ ဖြစ်ပေမယ့် ခံယူချက် နဲ့ ခေါင်းမာတဲ့အကျင့် ဆိုတာက အပုံကြီးကွာပါတယ်။ အချိန်တွေ ပြောင်းလာတာနဲ့အမျှ သူ့သားသမီးတွေလည်း အခြားနေရာတွေ ပြောင်းရွှေ့ သွားကုန်ကြပါပြီ။ ဟတ်ဘ်က သူ့သားသမီးတွေရှိတဲ့ နေရာတောင် မသွားတော့ဘဲ ကျောက်ချနေပါတော့တယ်။ ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေတဲ့အတိုင်း လိုက်လျောညီထွေ ပြောင်းလဲနေဖို့ သူ ငြင်းဆိုနေဆဲပါ။

☺ ☺ ☺


**သက်ကြီးရွယ်အို အမေရိကန်လူမျိုးတွေကို လေ့လာတဲ့အခါ သူတို့မှာ စိတ်ကျေနပ်မှု ရှိမရှိ တိုင်းတာတဲ့နေရာမှာ သူတို့ရဲ့ဘဏ္ဍာရေး အခြေအနေနဲ့ သူတို့လက်ရှိပေါင်းသင်း ဆက်ဆံနေမှု အခြေအနေတို့ထက် ပိုပြီး အရေးပါတာကတော့ သူတို့တစ်တွေ အပြောင်းအလဲနဲ့အတူ လိုက်လျောညီထွေ နေလိုစိတ်ရှိမရှိ ဆိုတာပါပဲ။ သူတို့တွေဟာ သူတို့ရဲ့ အလေ့အထတွေနဲ့ မျှော်လင့်ချက်အချို့ကို စိတ်ပါလက်ပါ ပြောင်းလဲပစ်ချင်တယ်ဆိုရင် သူတို့အခြေအနေတွေ ဘယ်လိုပဲပြောင်းပြောင်း ပျော်ရွှင်မြဲ ဆက်ပျော်ရွှင်နေမှာ ဖြစ်ပါတယ်။ အပြောင်းအလဲကို လက်ခံဖို့ ငြင်းဆန်နေသူတွေကတော့ သူတို့ပျော်သင့်တာရဲ့ သုံးပုံတစ်ပုံလောက်ပဲ ပျော်ကြရပါတယ်။**



## နည်း ၁၄
## အခြားသူတွေ မိမိအတွက် အရေးပါကြောင်း ထုတ်ပြောပြပါ

ပေါင်းသင်းဆက်ဆံမှုဆိုတာ နှစ်ဖက်အပြန်အလှန် တန်ဖိုးထားတတ်မှုအပေါ် မူတည်ပါတယ်။ လူတစ်ယောက်ကို ကိုယ်ဘယ်လောက် ဂရုစိုက်သလဲ၊ တန်ဖိုးထားသလဲဆိုတာ သူ့ကို ဖွင့်ပြောတာထက် ပိုကောင်းတဲ့နည်းလမ်း မရှိပါဘူး။

☺ ☺ ☺



ဟူစတန်တက္ကသိုလ်က သုတေသန ပညာရှင်တွေက ကျွန်ုပ်တို့က အခြားသူတွေကို ကိုယ့်အတွက် သူတို့ ဘယ်လောက် အရေးကြီးကြောင်း၊ ဘာကြောင့် ထုတ်မပြောသလဲ ဆိုတာအပေါ် လေ့လာဆန်းစစ်ကြပါတယ်။ သူတို့လေ့လာတဲ့ ကဏ္ဍတစ်ခုက နာရေးအခမ်းအနားလို ဝမ်းနည်းစရာ ကိစ္စမျိုးတွေမှာ တုံ့ပြန်ကြပုံတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



လေ့လာ ဆန်းစစ်ခံရသူ ဘီလ်ဆိုပါတော့။ ဘီလ်ရဲ့ အရင်းနှီးဆုံး မိသားစုဝင်တစ်ဦး ကွယ်လွန်သွားတယ်။ ဘီလ် မိတ်ဆွေတချို့က စာတိုလေးတွေ ပေးတယ်။ တချို့က သူတို့တွေ ဘီလ်အတွက် ကူညီဖို့အသင့်ပါလို့ပြောတယ်။ တချို့ကျတော့ ဘာဆိုတာမှ မလုပ်ကြဘူး။ ဘီလ်ရဲ့ မိတ်ဆွေအချို့ ဘာမှမပြောဘဲ နေတာ ဘာကြောင့်ပါလိမ့်။

သူတို့တွေက ငါတို့မင်းကို အလေးထားပါတယ်လို့ ထုတ်ပြောလိုက်တာဟာ ကိုယ့်အားနည်းချက်ကို ထုတ်ပြလိုက်တာပဲလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ အဲဒီလိုလူတွေအတွက် ပေါင်းသင်းဆက်ဆံမှုဆိုတာဟာ အောင်ပွဲလို့ သဘောမထားဘဲ ပြိုင်ပွဲလို့ မှတ်ယူနေကြလို့ပါ။ ပြိုင်ပွဲတွေဆိုတာကလည်း အင်အား၊ အာဏာနဲ့ အဆင့်အတန်းတွေအပေါ်မှာ အခြေတည်ထား ကြပါတယ်။

ကျွန်တော်တို့အားလုံးအဖို့ ပေါင်းသင်းဆက်ဆံမှုဆိုတာဟာ အောင်နိုင်ဖို့ မဟုတ်ဘဲ အောင်မြင်ဖို့ ဖြစ်တယ်လို့ သုတေသီတွေက သတိပေးကြပါတယ်။

☺ ☺ ☺

**အရွယ်ရောက်ပြီး အလုပ်လက်မဲ့ ဖြစ်နေကြသူတွေကို သုတေသန ပြုလုပ်ကြည့်တဲ့အခါ သူတို့ အလုပ်လက်မဲ့ ဖြစ်နေရတဲ့ကာလ အတိုင်းအတာ ပမာဏဟာ အဲဒီသူတွေ သူတို့ကိုယ်သူတို့ ယုံကြည်မှုလောက် အရေးမကြီးဘူး ဆိုတာ သွားတွေ့ရပါတယ်။ အဲဒါထက်စာရင် ဒီလူတွေအပေါ်မှာ သူတို့မိဘတွေ၊ မိသားစုတွေနဲ့ မိတ်ဆွေတွေက လူမှုရေးအရ ထောက်ခံအားပေးမှုက ပိုပြီး အရေးပါတယ်လို့ သိရပါတယ်။**



## နည်း ၁၅
## မသေချာလျှင် အကောင်းဘက်မှ ခန့်မှန်းပါ

မပျော်မရွှင် ဖြစ်နေရတဲ့သူတွေဟာ မသေချာတဲ့ အခြေအနေတစ်ခုကို ရောက်နေတဲ့ အခါမျိုးမှာ အဆိုးမြင်ပြီး ကောက်ချက်ဆွဲတတ်ကြပါတယ်။ ဥပမာဆိုရင် ဒီပြင် လူတစ်ယောက် ကောင်းနေပြီဆိုရင် ဘာကြောင့် ကောင်းရလဲလို့ သေသေချာချာ မသိတဲ့အခါ အဲဒီလူဟာ တစ်ခုခုကို ဖုံးပြီး ကြံစည်ချင်လို့ပဲလို့ ခန့်မှန်းတတ်ကြပါတယ်။ ပျော်ပျော်နေတတ်သူများကျတော့ အလားတူ အခြေအနေမျိုး ရောက်နေပြီဆိုရင် ဒီလူ တကယ်ကောင်းတာပဲလို့ အကောင်းမြင်သဘောနဲ့ ခန့်မှန်းတတ်ကြပါတယ်။

☺ ☺ ☺

အသက် ၇၀ အရွယ် အဘိုးကြီး ဟင်နရီဟာ သူ့အိမ်နီးချင်းတွေ အကြောင်း အမြဲတမ်း အကောင်းပြောလေ့ရှိတယ်။ သူက အာရကန်ဆော ပြည်နယ်မှာ ထင်းမီးဖိုလေးတစ်လုံးပဲပါတဲ့ အိမ်သေးသေးလေးတစ်လုံးနဲ့ ရိုးရိုး ကုပ်ကုပ်ကလေး နေပါတယ်။ နှစ်တွေကြာလာတာနဲ့အမျှ ဟင်နရီရဲ့ အိမ် ကလေးက တဖြည်းဖြည်း ယိုယွင်းလို့လာတယ်။ အဘိုးကြီးခမျာ လူကလည်းအို၊ ငွေကလည်း ပြို ဆိုသလို ဖြစ်လာတာမို့ သူ့ဘာသာ အိမ်ပြင်ဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဟင်နရီ့အိမ်ကို ခေတ်မီအပူပေးစနစ်နဲ့ ရေပိုက်ဆက်သွယ်မှု စနစ်တွေနဲ့အညီ ပြန်ဆောက်ပေးဖို့ဆိုပြီး အိမ်နီးချင်း တစ်ယောက်က စတင်စည်းရုံးပြီးတော့ အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့လိုက်တယ်။ အဲဒီအခါ ဟင်နရီ နည်းနည်း တွေဝေသွားမိတယ်။ ဒီလူတွေအားလုံး သူ့ အိမ်ပြန်ဆောက်လုပ်ရေးကိစ္စ ဒီလောက် ဘာလို့ စိတ်ပါလက်ပါ ဖြစ်နေကြတာလဲလို့ သူ စဉ်းစားမိတယ်။ သူဝေခွဲမရ ဖြစ်နေတာက သူတို့တွေဘာများ လိုချင်ကြလို့ပါလိမ့်၊ သူ့အိမ်ကို ပြင်ပေးလိုက်တဲ့အတွက် သူတို့အိမ်တွေ ပိုပြီး အဖိုးတန်လာအောင် လို့များလားလို့ အတွေးတွေ ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို အခြေအနေမျိုးမှာမဆို အတွေ့ပါတဲ့လုပ်ဆောင်မှုလို့ ကိုယ်က ထင်ချင်ရင် ထင်လို့ရတာချည်းပါပဲ။ အဲသည် ရှုထောင့်က ချဉ်းကပ်ကြည့်ရင် ဝေဖန်ချင်၊ အပြစ်ရှာချင်တဲ့ စိတ်တွေနဲ့ လူ့စိတ်က မာကျောလာပါတယ်။ ကျွန်တော်တို့က လူတစ်ယောက်ကို မကောင်းမြင်တဲ့ဘက်က ကြည့်လိုက်မိပြီဆိုတာနဲ့ အဲဒီလူကို ကျွန်တော်တို့ ဘယ်လိုမှ အထင်ကြီးလို့ မရအောင် ဖြစ်သွားတတ်ကြပါတယ်။ အဲဒီမှာတင် ထွက်ပေါက်က ပိတ်သွားရောပဲ။ ကျွန်တော်တို့ရဲ့ အမြင်တွေက လူတွေရဲ့စိတ် ဘယ်လိုနိုးဆွလာအောင် လုပ်နိုင်သလဲဆိုတာ စဉ်းစားလိုက်တဲ့အခါ အဲဒါဟာ ကိုယ့်စိတ်ကို သက်သောင့် သက်သာ ဖြစ်စေနိုင်သလို သတိတော့ထားမှပဲ ဆိုတာလည်း ပေါ်လာနိုင်ပါတယ်။

ဟင်နရီရဲ့ အပြီးသတ်ကောက်ချက်ကတော့ "ဒီလူတွေ ကောင်းတဲ့ ကိစ္စကို ဝိုင်းလုပ်ပေးနေကြတာပဲ၊ သူတို့ကို ကျေးဇူးတင်လိုက်တာ"တဲ့။

☺ ☺ ☺

**ပျော်ပျော်ရွှင်ရွှင် နေကြတဲ့သူတွေနဲ့ မပျော်မရွှင် ဖြစ်နေကြတဲ့သူတွေဟာ ကမ္ဘာကြီးအပေါ် မတူခြားနားစွာ ရှုမြင်လေ့ ရှိကြပါတယ်။ ပျော်မနေတဲ့ လူတစ်ယောက်ကို ကမ္ဘာကြီးအပေါ် ဘယ်လိုမြင်သလဲလို့ မေးကြည့်ရင် ဆယ်ကြိမ်မှာ ရှစ်ကြိမ်လောက်က အဲဒီလူဟာ အဖြစ်အပျက် တစ်ရပ်အပေါ်မှာ အဆိုးမြင်နေကြောင်း တွေ့ရပါလိမ့်မယ်။ ပျော်နေတဲ့ လူတစ်ယောက်ရဲ့ ကမ္ဘာကြီးပေါ်အမြင်က ဆယ်ကြိမ်မှာ ရှစ်ကြိမ်လောက် အပြုသဘောဆောင်တဲ့အမြင်နဲ့ မြင်နေကြောင်း တွေ့ရပါတယ်။**



## နည်း ၁၆
## မိမိကိုယ်ကို ယုံကြည်ပါ

ကိုယ့်ကိုယ်ကို ဘယ်တော့မှ လျှော့မတွက်ပါနဲ့။ ကိုယ့်ကိုယ်ကို မယုံကြည်တော့ဘူးဆိုရင် ဘယ်လိုမှ အလုပ်လုပ်လို့ မရနိုင်ပါဘူး။

☺ ☺ ☺

၁၉၇၂ ခုနှစ်တုန်းက စတိဗ်ဘလက်စ်ဆိုတာ အမေရိကန် ဘေ့စ်ဘော အားကစားလောကမှာ အားထားရတဲ့ အားကစားသမား တစ်ယောက်ပါ။ တကယ်ကတော့ အတော်ဆုံးလို့တောင် ပြောလို့ရတဲ့ သူတစ်ယောက်ပါပဲ။ နောက်တစ်နှစ်ကျတော့ သူဟာ ဘေ့စ်ဘောလောကထဲက ထွက်သွားပါတယ်။ သူတစ်ယောက် ထိခိုက်ဒဏ်ရာ ရသွားလို့လားဆိုရင် မဟုတ်ပါဘူးလို့ ပြောရမှာပါပဲ။ ဒါဆို သူ့ ဘာများ ပြောင်းလဲသွားလို့ပါလိမ့်။

တစ်ခုကတော့ ပြောင်းသွားပါတယ်။ စတိဗ်ဘလက်စ်ဟာ သူ့ကိုယ်သူ ယုံကြည်မှု မရှိတော့လို့ပါပဲ။ ဘလက်စ် ပြန်ပြောပြပုံက "ယုံကြည်မှုဆိုတာမျိုးက ပျောက်သွားပြီဆိုရင် တစ်သက်လုံး ပြန်မလာတော့ပါဘူးဗျာ" တဲ့။ လွဲချော်နိုင်တဲ့ အကြောင်းတွေကို သူ စတွေးမိရာက တကယ့်ကို လွဲချော်သွားတော့တာပါပဲ။ စတိဗ်ဟာ သူ့ကိုယ်သူ ဘေ့စ်ဘောအားကစားသမားကောင်း တစ်ယောက်အဖြစ် မယုံကြည်တော့ပါဘူး။ ဒါဟာ သူ ဒီလိုအတွေးတစ်ချက် ပေါ်လိုက်ရာက စခဲ့တာပါ။

ဘယ်အလုပ်ကိုမဆို ကိုယ်ကလုပ်နိုင်ဖို့ရာ ကျွန်တော်တို့တစ်တွေဟာ လုပ်နိုင်ပါတယ်ဆိုတဲ့ ယုံကြည်မှု ရှိထားဖို့ လိုကို လိုပါတယ်။ ရှေးက ဆိုရိုးစကားတစ်ခု ရှိပါတယ်။ "ကိုယ်က လုပ်နိုင်မယ်လို့ ယုံကြည်တာပဲဖြစ်ဖြစ်၊ ကိုယ်တော့ မလုပ်နိုင်တော့ဘူးလို့ စိတ်လျှော့လိုက်တာပဲ ဖြစ်ဖြစ်၊ ကိုယ် ယုံကြည်တဲ့အတိုင်း ဖြစ်လာတာပါပဲ"တဲ့။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်မရွေး၊ လူအစုအဖွဲ့မရွေး အားလုံးကို မေးမြန်းလေ့လာတဲ့ စစ်တမ်းတွေထဲမှာ မိမိရဲ့ အရည်အသွေးနဲ့ လုပ်နိုင်ကိုင်နိုင်စွမ်းတွေ အပေါ်မှာ နိုင်နိုင်မာမာ ယုံကြည်မှုရှိတဲ့သူတွေဟာ ဘဝရဲ့ စိတ်ကျေနပ်မှု ၃၀ ရာခိုင်နှုန်းအထိ ပိုမို တိုးမြင့်ရရှိသလို၊ အဲသည်လို ယုံကြည်မှု ရှိတဲ့အတွက် အိမ်မှာရော အလုပ်ခွင်မှာပါ ပျော်ရွှင်မှု ပိုမို ရတတ်ကြောင်း တွေ့ရှိရပါတယ်။



## နည်း ၁၇
## မိမိကိုယ်ကိုယ် လွန်လွန်ကဲကဲ မယုံကြည်ပါနဲ့

ရှေ့မှာ ပြောခဲ့တဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ပါဆိုတာက ကိုယ်ဟာ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသူ တစ်ယောက်အဖြစ် ယုံကြည်ဖို့ကို ဆိုလိုတာပါ။ ငါကတော့ ဘယ်တော့မှ အမှားလုပ်မယ့် လူစားမျိုးမှ မဟုတ်တာ ဆိုတဲ့အထိ ယုံကြည်ဖို့ ပြောတာ မဟုတ်ပါဘူး။ ငါက ပါရမီ ပါလာတဲ့သူပေပဲ၊ သူများဆီက ဘယ်တော့မှ သင်ယူလေ့လာဖို့ မလိုဘူး၊ ငါ့ကိုတော့ ဘယ်တော့မှ ဝေဖန်လို့ မရဘူး၊ ငါဟာ သိပ် အထင်ကြီးစရာ ကောင်းတယ်လို့ သူများတွေ ထင်ကြလိမ့်မယ် ဆိုတာမျိုးတွေ ဘယ်တော့မှ မတွေးလိုက်ပါနဲ့။

☺ ☺ ☺



သိပ်မကြာလှသေးတဲ့ အချိန်တုန်းက အမေရိကန်ပြည် တောင်ပိုင်း ပြည်နယ်တစ်ခုမှာ အလွန်ချမ်းသာတဲ့ သူတစ်ယောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးအတွက် ဝင်အရွေးခံပါတယ်။ သူဟာ သူများတွေဆီက လမ်းညွှန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးကို နားမထောင်ချင်ဘဲ ငါသာ သခင်ဆိုတဲ့ ဂိုက်ကို ဖမ်းထားတဲ့သူပါ။ သူဟာ ကိုယ်ထူးကိုယ်ချွန်ဘဝနဲ့ အလွန် အောင်မြင်လာခဲ့သူဖြစ်ပြီး လူတွေ သူ့ကို သင်ပြသမျှဟာ ဘာမှအသုံးမဝင်ဘူးလို့ ထင်နေတဲ့သူပါ။ ဒါကြောင့်လည်း သိစရာဟူသမျှ အားလုံးကို သူသိပြီးပြီလို့ကို ထင်နေပါတော့တယ်။

သူ အဲဒီလို ယုံကြည်နေတဲ့အတွက် ရလဒ်နှစ်ခု ပေါ်ထွက်လာတယ်။ ပထမတစ်ချက်ကတော့ ဒီလူဟာ သူ့ကိုယ်သူ သိပ်အထင်ကြီးတယ်၊ ငါတို့နဲ့တော့ သဘောထားချင်း တူမှာမဟုတ်ဘူး၊ ငါတို့က နှစ်သက်ရမယ့်၊ ယုံကြည်အားကိုးရမယ့် လူမဟုတ်ဘူးလို့ လူတွေက သူ့အပေါ် မြင်လိုက်ကြပါတယ်။ နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲမတိုင်ခင် အကြိုမဲဆွယ်တဲ့ အနေနဲ့ ပြည်နယ်တစ်ဝှမ်းကို ရုပ်မြင်သံကြားကနေ လွှင့်ထုတ်တဲ့ စကားစစ်ထိုးပွဲမှာ ဘတ်ဂျက်ကို ပြည်နယ်က ဘယ်လို ပြဋ္ဌာန်းပေးသလဲ ဆိုတာ သူမသိဘူးဆိုတဲ့အချက် ပေါ်လွင်သွားပါတယ်။ တကယ်တော့ သူ့ကိုယ်သူ ဝင့်ဝင့်ကြွားကြွားလုပ်နေတဲ့ ပုံစံဟာ သူဘာမှ အရည်အချင်းမရှိဘူး ဆိုတာကို ဖုံးအုပ်ဖို့ စွပ်ထားတဲ့ မျက်နှာဖုံးလို့ လူတွေက ထင်သွားကြတာပါ။ ဒီလူဟာ ပြည်နယ်အုပ် ချုပ်ရေးမှူးနေရာကိုရော ဆီးနိတ်လွှတ်တော် အမတ်နေရာကိုပါ ဝင်အရွေးခံပေမယ့် ဘယ်နေရာမှာမှ သူအရွေးမခံရပါဘူး။ သူက လူတွေကို ငါတော့ နားထောင်ဖို့လည်းမလို၊ သင်ယူဖို့လည်း မလိုဘူးလို့ ပြသွားပါတယ်။ လူတွေက ဒီလူဟာ နားထောင်နိုင်စွမ်း၊ သင်ယူနိုင်စွမ်း မရှိပါဘူးလို့ သူ့ကို ပြန်ပြလိုက်ပါတယ်။

☺ ☺ ☺

**အိမ်ထောင်သည်တွေအပေါ် လေ့လာစူးစမ်းချက်တွေအရ တစ်ဦးမှာ တင်းတင်းမာမာ ဖြစ်နေတာဟာ အိမ်ထောင်ရေး အဆင်မပြေတာနဲ့ ဆက်စပ်မှုရှိနေကြောင်း တွေ့ရပါတယ်။ အိမ်ထောင်သည် တစ်ဦးက ငါကတော့ မှန်နေတာပဲ၊ ငါ့ကိုတော့ ဘာမှ ထောက်ပြ ပြောဆိုလို့ မရဘူးဆိုရင် အဲဒီ အိမ်ထောင်သည်တွေ အကြား သဘောထား ကွဲလွဲမှုကာလဟာ သုံးဆလောက် အချိန် ပိုရှည်ကြာနိုင်ကြောင်း စူးစမ်းတွေ့ရှိရပါတယ်။**



# နည်း ၁၈
# ပြဿနာတွေကို တစ်ယောက်တည်း ရင်မဆိုင်ပါနဲ့

ပြဿနာတွေ ပေါ်လာပြီဆိုတာနဲ့ ဖြေရှင်းလို့ မရသလို ဖြစ်တတ်ကြပါတယ်။ လူဆိုတာက လူမှုရေး သတ္တဝါတွေဆိုတော့ ကိုယ့် ပြဿနာကို ဒီပြင်လူတွေနဲ့ တိုင်ပင်နှီးနှောဖို့ လိုအပ်တာပေါ့။ ကိုယ် တိုင်ပင်တဲ့ သူတွေဟာ ကိုယ့်အပေါ် ဂရုစိုက်တဲ့သူတွေ ဖြစ်ချင်ဖြစ်မယ်၊ ကိုယ် ကြုံတွေ့နေတဲ့ ပြဿနာမျိုးတွေနဲ့ ရင်ဆိုင်ခဲ့ဖူးသူ ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ကိုယ်က အထီးကျန်နေမယ် ဆိုရင်တော့ ပြဿနာက ပိုကြီးထွားလာမှာ အမှန်ပါပဲ။ ကိုယ်က ကိုယ့် ပြဿနာတွေကို မျှဝေနှီးနှောလိုက်တော့ ရှုထောင့်စုံကနေ ကြည့်လို့ရသွားမယ့်အပြင် အဖြေတွေပါ ထွက်လာနိုင်ပါတယ်။

☺ ☺ ☺

ကြွေးမြီကိစ္စ အတိုင်ပင်ခံ လုပ်ငန်းက လူတွေ တွေ့ကြုံတတ်ကြဖူးတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ရှိတယ်။ ဆမ် ဆိုတဲ့သူက သူ့အိမ် ပေါင်ထားတာကို ပထမအကြိမ်မှာ မဆပ်နိုင်ခဲ့ဘူး။ ဒုတိယ၊ တတိယ အကြိမ်တွေ ကျပြန်တော့လည်း သူ မဆပ်နိုင်ပြန်တဲ့အခါ ဘဏ်က သူ့အိမ်ကို အပြီးသိမ်းသွားပါတော့တယ်။

သူ ပထမအကြိမ်ပေးဖို့ ရက်စေ့ကတည်းက သူလုပ်နိုင်တာတွေ အများကြီးရှိပါတယ်။ စီစဉ်စရာ ရှိတာတွေကိုသာ သူ မှန်မှန်ကန်ကန် စီစဉ်နိုင်ခဲ့ရင် ဆမ့်အနေနဲ့ သူ့အိမ် ဆုံးမှာမဟုတ်ပါဘူး။ ဆမ့်မှာ ဒါမျိုးအတွေ့အကြုံရှိတဲ့ သူငယ်ချင်းတွေ ရှိနေတာပဲ။ သူတို့က နည်းလမ်းသိနေတော့ သူ့ကို ကူညီနိုင်ကြပါတယ်။ ဆမ်က ထုတ်ပြောရမှာ ရှက်နေတဲ့အတွက် အကူအညီ မတောင်းဘဲနေတော့ သူပဲ ဒုက္ခရောက်သွားပါတယ်။

ပြဿနာက ဆမ်တစ်ယောက် သူတွေ့နေရတဲ့ အကျပ်အတည်းကနေ ဘယ်လို ရုန်းထွက်ရမှန်း မသိတာပါပဲ။ မသိတာကို သိအောင်မလုပ်ပဲ တစ်နေ့ပြီး တစ်နေ့ ဒီအတိုင်း အချိန်ကုန်ခံနေလိုက်တော့ အခြေအနေက ပိုဆိုးလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတောထဲ ပိုနစ်လေ သူငယ်ချင်းတွေနဲ့ ပိုကင်းကွာလေ ဖြစ်လာတယ်။ နောက်ဆုံးကျတော့ သူငယ်ချင်းတွေ မသိလိုက်ခင် သူ့ခမျာ အိမ်ကဆင်းပေးလိုက်ရရှာတယ်။ ကြွေးမြီကိစ္စ အတိုင်ပင်ခံလုပ်ငန်းက လူတွေပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။ "ကိုယ့်မှာရှိတဲ့ ပြဿနာကို ဖုံးကွယ်ထားရင် ဘယ်သူမှ ကိုယ့်ကို ကူညီနိုင်မှာ မဟုတ်တော့ဘူး" တဲ့။

☺ ☺ ☺

ဘဝမှာ စိတ်ကျေနပ်မှု သိပ်မရရှာတဲ့ အမျိုးသမီးတစ်စုကို လေ့လာစူးစမ်းမှုတစ်ခု ပြုလုပ်ဖူးပါတယ်။ အဲဒီထဲက အချို့အမျိုးသမီးတွေက သူတို့အခြေအနေတွေကို အခြားသူတွေကို ထုတ်ဖော်ပြောဆိုကြတယ်။ အချို့ကတော့ ကိုယ့် ဒုက္ခကို ကိုယ့်ဘာသာ ကြိတ်ခံကြတယ်။ ကိုယ့်ဒုက္ခကို ဒိုပြင်လူတွေဆီမှာ ရင်ဖွင့် နိုးနေကြတဲ့ သူတွေဟာ သူတို့ ခံစားနေရတဲ့ ဝေဒနာ ၅၅ ရာခိုင်နှုန်းလောက် လျော့သွားကြပေမယ့် ကိုယ့်ဘာသာ ကြိတ်ခံနေတဲ့ သူတွေကျတော့ အဲသည်လို လျော့ပါးသက်သာမှု မရကြပါဘူး။



နည်း ၁၉
## အသက်ကြီးရင့်လာတာကို ကြောက်ဖို့မလို

အသက်ကြီးလာတဲ့ သူတွေဟာ လူငယ်တွေလို ပျော်ရွှင်နိုင်ကြတာပါပဲ။ သက်ရှယ်ကြီးရင့်လာသူတွေဟာ အသက်နဲ့ လိုက်လျောညီထွေ ပြင်ဆင်နေထိုင် ကြမယ်ဆိုရင် သူတို့ဘဝနဲ့ သူတို့ တည်တည်ငြိမ်ငြိမ်နဲ့ စိတ်ကျေနပ်မှု ရရှိခံစား နိုင်ကြပါတယ်။

☺ ☺ ☺

ဖလော်ရီဒါ တောင်ပိုင်းတစ်ခွင်မှာ မစ္စတာနယ်လဆင်ဆိုရင် လူအတော်များများ မြင်နေတွေ့နေကျ သူတစ်ဦးပါပဲ။ သူ့ကို သူ့ခြံထဲမှာဖြစ်ဖြစ် နေ့လယ်နေ့ခင်း စက်ဘီးစီးနေတာပဲဖြစ်ဖြစ် တွေ့နေကြရပါတယ်။ သူက လူတိုင်းနဲ့ ခင်မင်တတ်သလို သူနဲ့သာ တွေ့ပြီဆိုလို့ကတော့ သူ့မှာပြောစရာ ဇာတ်လမ်းတစ်ပုဒ်ပုဒ် ရှိနေတတ်တာ တွေ့ရလေရဲ့။

မစ္စတာနယ်လဆင်ကို မေးကြည့်လိုက်ရင် သူ့မှာ တန်ဖိုးထားလုပ်ရမယ့် အလုပ်တွေ နေ့စဉ် ရှိနေတဲ့အကြောင်း ပြောပြပါလိမ့်မယ်။ မစ္စတာနယ်လဆင်ရဲ့ အသက်က ကိုးဆယ် ရှိနေပါပြီ။

သူက အသက်ကြီးလာလို့ စိတ်ဓါတ်ကျမနေဘဲ အသက်ကြီးတာနဲ့ အမျှ ဉာဏ်ပညာ ပိုရင့်သန်လာတယ်လို့ ခံယူထားသူပါ။ အလုပ်နဲ့အကိုင်နဲ့ လူငယ်တွေရဲ့ တာဝန်ဖိစီးမှု ခံနေရတာမျိုး သူ့မှာမရှိပါဘူး။ သူ့ကို အသက်ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်ရင် ကိုယ်ကအသက် ကြီးနေပေမယ့် တစ်မျိုးလှည့် စဉ်းစားလေ့ ရှိတယ်လို့ ဖြေတတ်ပါတယ်။

☺ ☺ ☺

မကြာသေးခင်က လေ့လာစူးစမ်းချက် တစ်ခုအရ အသက်ကြီးရင့်လာမှုဟာ မိမိကိုယ်မိမိ ပျော်ရွှင်နေပါတယ်လို့ ခံစားရမှု အတိုင်းအတာနဲ့ ဆက်စပ်မှု မရှိလှဘူးလို့ သိရှိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၀
## အိမ်အလုပ်တွေကို ဇယားချ လုပ်တဲ့အကျင့် ရှိပါစေ

ကိုယ်က ပုံမှန်လုပ်ရတဲ့ အလုပ်တွေပဲ ဖြစ်စေဦးတော့ ၊ လုပ်ရမယ့်အလုပ်တွေ များလိုက်တာလို့ မကြာခဏ ဖြစ်ကြဖူးတယ် မဟုတ်လား။ မီးဖိုချောင်လည်း ရှင်းရဦးမယ်၊ ဧည့်ခန်းမှာလည်း ဖုန်တွေတက်လို့၊ ခြံထဲက မြက်တွေကလည်း ရိတ်ရဦးမှာ၊ လုပ်စရာတွေကလည်း သောင်းခြောက်ထောင် ဖြစ်လို့ပါလား။ အဲဒီအခါကျရင် ကိုယ်လုပ်ရမယ့် အလုပ်ကို သင့်တော်တဲ့ ဇယားလေး ဆွဲကြည့်လိုက်ပါ။ တစ်နေ့တစ်နေ့ မဆုံးနိုင်အောင် လုပ်ရမယ့် အလုပ်တွေ များနေတဲ့အခါ နေ့စဉ်ပြီးရမယ့် အလုပ်တွေကို စာရင်းချကြည့်လိုက်ပါ။ ဇယားချလုပ်တာ အသားကျသွားပြီဆိုရင် နောက်ထပ် ဘာတွေလုပ်ရဦးမလဲလို့ တွေဝေ မနေတော့ ဘူးပေါ့။

☺ ☺ ☺







ဆရာအာနီက သူ့တပည့်တွေကို မကြာခဏ ပြောပြတတ်တာ တစ်ခု ရှိတယ်။ သူက စာသင်ရတာကို ပျော်ပါတယ်၊ ဒါပေမဲ့ သူ့စိတ်ထဲမှာ ဆောက်လုပ်ရေးသမားလည်း ဖြစ်ချင်သေးတယ်တဲ့။ ဆောက်လုပ်ရေးသမားတွေ သူတို့ အလုပ်ကို စီစဉ်တကျ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားတာကို ဆရာအာနီ သဘောကျနေတာပါ။ သူတို့ဟာ အဆောက်အဦးတစ်ခု ဆောက်တော့မယ်ဆိုရင် ပထမ အဆင့်အနေနဲ့ အုတ်မြစ်ချတယ်။ နောက်ပြီးတော့ တိုင်တွေထောင်၊ နံရံတွေကာပြီး အမိုးမိုး၊ ကြမ်းခင်း စသည်ဖြင့် အဆင့်ဆင့် လုပ်ကြတာပေါ့လေ။ အဲဒီလိုလုပ်တာ စီစဉ်တကျလည်း ဖြစ်တဲ့အပြင် ကိုယ်လုပ်ခဲ့တဲ့အလုပ် ဘယ်လောက် တိုးတက်မှု ရှိသလဲ ဆိုတာကိုပါ လွယ်လွယ်ကူကူ ဆန်းစစ်နိုင်ပါတယ်။ ဘယ်အချိန်မဆို ကောက်ကြည့်လိုက်တာနဲ့ ဘယ်လောက် အလုပ်ပြီးသလဲဆိုတာ မြင်သာ ထင်သာ ရှိလှတယ်လေ။

ဆရာအာနီက သူ့တပည့်တွေကို ပြောတာက နေ့စဉ်လုပ်ရမယ့် အိမ်မှုကိစ္စတွေကိုပဲဖြစ်ဖြစ်၊ ကျောင်းစာတွေကိုပဲဖြစ်ဖြစ် လုပ်ကြတဲ့အခါ ဆောက်လုပ်ရေးသမားတွေဆီက အတုခိုးပါတဲ့။ ကျွန်တော်တို့တွေလည်း ကိုယ်လုပ်ရမယ့် အလုပ်ကို စနစ်တကျ လုပ်တတ်ဖို့ လိုပါတယ်။ ဒါမှမဟုတ် ကိုယ်က အလုပ်တစ်ခု စလုပ်ပြီဆိုတာနဲ့ နောက်တစ်ခုဆီ အာရုံက ရောက်သွားရော။ သတိရလို့ ပြန်လှည့်ကြည့်တဲ့အခါ ငါ ဘာမှလည်း မပြီးသေးပါလားလို့ ဖြစ်ကြရောပဲ။ ကျွန်တော်တို့ လုပ်ရမယ့်အလုပ်တွေကို ဆောက်လုပ်ရေးသမားတွေလိုမျိုး လုပ်ကြည့်ပါ။ ကိုယ်စခဲ့တဲ့ အလုပ်ကို ပြီးအောင်လုပ်ကြည့်၊ တစ်ဆင့်ပြီး တစ်ဆင့်နဲ့ အပြီးသတ် သွားပါလိမ့်မယ်။

☺ ☺ ☺

**မိသားစုတွေကို လေ့လာ ဆန်းစစ်ချက်တွေအရ အိမ်အလုပ်တွေကို နေ့စဉ် ပုံမှန်ဇယားချပြီး ပြီးအောင် လုပ်တဲ့အိမ်တွေမှာ စိတ်ကျေနပ်မှုက ၅ ရာခိုင်နှုန်း တိုးလာကြောင်း တွေ့ရပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၁
## စိုးရိမ်စိတ် သိပ်မကြီးလွန်းပါနဲ့

ကျွန်တော်တို့တွေဟာ ကိုယ်ချစ်ရ၊ သံယောဇဉ်ထားရတဲ့ သူတွေကို ဘေးအန္တရာယ်ဘယ်ကျရောက်စေချင်ကြပါ့မလဲ။ ဒါပေမဲ့ သူတို့ကို သူတို့ဘဝနဲ့ သူတို့ လျှောက်လှမ်းခွင့်ပေးဖို့ လိုပါသေးတယ်။ သူတို့ကို သူတို့လုပ်ချင်တဲ့အလုပ် လုပ်ခွင့်မပေးဘဲ ကိုယ်က စိတ်ပူပြီးတော့ နေတာဟာ ကိုယ့်အချိန်တွေကို ဖြုန်းပစ်လိုက်တာပဲ ဖြစ်ပြီး အဲဒါကမှ တကယ့် ဆုံးရှုံးမှုကြီးပါ။ အဲသည်လိုနဲ့ပဲ ကိုယ့်မှာ တစ်ချိန်လုံး စိတ်ပူစရာ ဖြစ်နေရတော့တာပါပဲ။

☺ ☺ ☺



ပြောရမယ်ဆိုရင် အရာရာတိုင်းမှာ စိုးရိမ်စရာ အန္တရာယ်တွေ ရှိနေတတ်ပါတယ်။ အချို့သူတွေက ကိုယ့်ကိုယ်ကို အတွက်ရော ကိုယ်ချစ်တဲ့သူ၊





ကိုယ့် သားသမီးတွေ အတွက်ကိုပါ ကျရောက်နိုင်တဲ့ အန္တရာယ်တွေ အမြဲတမ်း စိုးရိမ်ကြောက်ရွံ့ နေတတ်ပါတယ်။ ဒါပေမဲ့ အသေအချာတော့ စဉ်းစားကြည့်ဖို့ ကောင်းပါတယ်။ လွန်ခဲ့တဲ့ ၇ နှစ်လောက်အတွင်း ရာဇဝတ်မှုတွေ တိုးတက်နေတယ်လို့ ကိုယ်က ထင်ပေမယ့် တကယ့်အဖြစ်အပျက်က မှုခင်းတွေ ကျဆင်းချင်ကျဆင်းနေတတ်တာမျိုးပါ။

လူတွေဆိုတာကလည်း တစ်ခါတလေ စိုးရိမ်စရာ သိပ်မရှိဘူးဆိုကာမှ ပိုပြီး ကြောက်ချင် ကြောက်နေတတ်ကြပါတယ်။ သမ္မတကြီး ဖရန်ကလင်ရုစဗဲ့ ပြောဖူးတာ ရှိပါတယ်။ ကိုယ်ကြောက်ရမယ့် အရာထက် ကိုယ့်ရဲ့အကြောက်တရားက ပိုပြီး ကြီးမားနေတာကမှ တကယ့်အန္တရာယ်ပါတဲ့။

ကိုယ်ကြောက်နေတဲ့အရာက တကယ့်ကို ယုတ္တိမရှိဘဲ ဖြစ်နေနိုင်ပါတယ်။ ကြောက်သင့်တာ တခြား၊ ကြောက်နေတာက တခြား ဆိုတာမျိုးပေါ့။ ဘဝမှာ လုပ်သင့် လုပ်ထိုက်တာတွေ မလုပ်ဘဲ ရှောင်နေတာမျိုး မဖြစ်ရအောင် သင့်တော်တဲ့ ဆုံးဖြတ်ချက်ကို အသေအချာ စဉ်းစားချမှတ်ဖို့ လိုပါတယ်။

☺ ☺ ☺

ထောင်ပေါင်းများစွာသော မိဘတွေကို လေ့လာဆန်းစစ်ကြည့်တဲ့ အခါမှာ အစိုးရိမ်သိပ်ကြီးလာရင် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှု ရှိတတ်တာကို သွားတွေ့ပါတယ်။ စိုးရိမ်သောကဖြစ်ရတဲ့ အချိန်များနေရင် စိတ်တင်းကျပ်မှု ပိုမိုဖြစ်တတ်တယ်ဆိုတာမျိုး အပါအဝင်ပေါ့။ ခြုံကြည့်လိုက်ရင် သိပ်အစိုးရိမ်ကြီးတတ်လွန်းတဲ့ လူတွေဟာ စိတ်ကျေနပ်မှု သို့မဟုတ် တင်းတိမ်ရောင့်ရဲမှုကို မရနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၂
## သတိထားကြည့်လိုက်ပါ
## သင်လိုချင်တာ သင့်မှာရှိပြီးဖြစ်မှာပါ

ကျွန်တော်တို့တွေဟာ တစ်ခါတလေကျရင် ဘြော် ငါဘယ်နေရာကနေ စလာခဲ့တာလဲ။ ခုတော့ ငါဘယ်လောက် ခရီးရောက်နေပြီလဲ ဆိုတာမျိုးကို ပြန်တွေးကြည့်ဖို့တောင် မေ့နေတတ်ကြပါတယ်။ လူ့သဘာဝဆိုတာကိုက ရလေလိုလေ အိုတဏှာ ဖြစ်တတ်ပါတယ်။ အဲဒီအခါ အကောင်းဆုံး စဉ်းစားနည်းတစ်ခုက ငါဘယ်နေရာကနေ စခဲ့တာလဲ၊ ခုတော့ ငါ့မှာ ဘယ်လောက်အထိပြီးမြောက်နေပြီလဲ ဆိုတာကို ပြန်ပြီး သုံးသပ်ကြည့်ဖို့ပါပဲ။

☺ ☺ ☺







အာသာဟာ ကြော်ငြာကုမ္ပဏီတစ်ခုမှာ အလုပ်ကို မနားမနေ လုပ်တတ်တဲ့ အမှုဆောင်အရာရှိ တစ်ဦးပါ။ ၅ နှစ်လောက်အတွင်း ရာထူး သုံးခါလောက်တိုးခဲ့ပြီးတဲ့နောက် သူဟာ အရင်ကထက် ပိုပြီး အလုပ်ထဲမှာ အချိန်ကုန်လာတယ်။ ရာထူးက တရိပ်ရိပ်တိုးလာတာ ထိပ်ဆုံးအဆင့် ဖြစ်ရရင်ဆိုတဲ့ အတွေးနဲ့ ပိုပြီး မနားဖြစ်တော့ဘူး။ တစ်ပတ်ကို ခြောက်ရက်၊ တစ်ရက်ကို နာရီပေါင်းများစွာ အချိန်ပေးလုပ်ရင်းက အားမရလို့ဆိုပြီး အိမ်ကို အလုပ်တွေ ယူလာတယ်။

တစ်နေ့တော့ သူ မေ့လဲကျသွားပြီး ပြန်သတိရတဲ့ အချိန်မှာ ဆေးရုံရောက်နေတာ တွေ့ရတယ်။ နှလုံးရောဂါဖြစ်လို့ သူ ခွဲစိတ်ကုသမှု ခံယူခဲ့ရတာပါ။ အဲဒီတော့မှ သူက သူ့ကိုယ်သူ ပြန်တွေးကြည့်မိတယ်။ ဆေးရုံတက်နေရတဲ့ သုံးပတ်လောက်အတွင်း ကျန်သူ့မိသားစုနဲ့ရော သူငယ်ချင်းတွေနဲ့ပါ ၊ တွေ့ရတဲ့ အချိန်တွေဟာ ဆယ်စုနှစ်ပေါင်း များစွာအတွင်း သူတွေ့ဖြစ်ခဲ့တဲ့ အချိန်တွေထက်တောင် ပိုများနေပါတယ်။ဒီတော့မှ သူ ဒီအချိန် လေးတွေကို တန်ဖိုးထားရကောင်းမှန်း သိလာတယ်။

အာသာရဲ့ ဇနီးက သူ့ယောက်ျားကို အရင်တုန်းက သူအလုပ်တွေလုပ်ခဲ့တာဟာ တကယ်လိုအပ်လို့ လုပ်တာလားလို့ မေးတယ်။ ငွေလိုနေလို့လား၊ နောက်ထပ်များ ရာထူးတိုးချင်လို့လားတဲ့။ အရင်တုန်းက သူတစ်ခါမှ မတွေးဖူးခဲ့တာကို အာသာ ခုမှတွေးကြည့်ဖြစ်တော့ သူ့မှာ သူလိုအပ်တာတွေ ထက်တောင် ပိုပြည့်စုံနေပြီပဲ၊ မိသားစုနဲ့အတူ ပျော်ပျော်ရွှင်ရွှင် ပြန်နေခွင့် ရလိုက်တာဟာ သူရခဲ့သမျှထဲမှာ အကောင်းဆုံးလက်ဆောင် ဖြစ်နေပါလားဆိုတာ ခုမှ ပြန်သတိထားမိတယ်။

☺ ☺ ☺

အဆင့်မြင့်ပညာ ရရှိထားတဲ့ သက်မွေးဝမ်းကျောင်း ပညာရှင်တွေကို သုတေသန ပြုလုပ်ကြည့်တဲ့အခါ ပညာရှင် တစ်ဝက်လောက်ဟာ သူတို့မျှော်မှန်းထားတဲ့ ရည်မှန်းချက်တွေ ရရှိခဲ့ကြပေမယ့် စိတ်ကျေနပ်မှု မရကြပါဘူးတဲ့။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သူတို့ရရှိထားတဲ့ အောင်မြင်မှုကို အသိအမှတ်မပြုနိုင်ကြဘဲ မဖြစ်နိုင်တဲ့ ဘဝကို လှမ်းမျှော်ကြည့်ပြီး အဲ့ဒီအပေါ်မှာ စိတ်မကျေနပ်နိုင်အောင် ဖြစ်နေကြလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# နည်း ၂၃
## ကိုးကွယ်ရာဘာသာအပေါ် ယုံကြည်မှု လျော့မသွားပါနဲ့

အနိဋ္ဌာရုံတွေ ဖြစ်လာပြီဆိုရင် ဒီကမ္ဘာပေါ်မှာ ကိုယ့်ကို လမ်းပြပေးနိုင်တာ မိမိကိုးကွယ်ရာ ဘာသာအယူဝါဒပါ။ ကိုယ်မြင်တွေ့နေရတဲ့ အရာတွေ ဘာကြောင့် ဘယ်လို ဖြစ်လာရသလဲဆိုပြီး နားမလည်နိုင်အောင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေရပြီဆိုရင် ကိုယ့်ကို လမ်းညွှန်ဆုံးမနိုင်တာက ကိုယ် ကိုးကွယ်ရာ ဘာသာရေး အဆုံးအမတွေပါ။

☺ ☺ ☺



ကျွန်တော်တို့နေတဲ့ ကမ္ဘာကြီးမှာ နေရာတကာ လှို့ဝှက် နက်နဲမှုတွေနဲ့ ချည်းပါ။ ဘယ်နေရာမှာမဆို နားမလည်နိုင်စရာတွေ ရှိနေတတ်ပါတယ်။ အဲဒီအခါ ကိုယ် နားမလည်နိုင်စရာတွေရဲ့ အဖြေကို ဘာသာအယူဝါဒကပဲ ပေးနိုင်ပါတယ်။ ဘာသာအယူဝါဒကပဲ ကြောင်းကျိုး ဆီလျော်အောင် စဉ်းစားတွေးခေါ်စေတတ်ပြီး မျှော်လင့်ချက်တွေကို ပေးနိုင်တာပါ။





ဘွားဘွား ဒေါ်ရစ်(စ်)ဆိုရင် အသက်က ၇၀ ကျော်၊ နှလုံးရောဂါလည်း နှစ်ခါ ခံစားပြီးပြီ၊ ကင်ဆာ ရောဂါကလည်း ရှိသေးတာဆိုတော့ သာမန် ဆေးပညာ အမြင်နဲ့ဆိုရင် အသက်ရှည်စရာကို မရှိတော့ပါဘူး။ ဒါပေမဲ့ ဘွားဘွားက သူ့မြေးတွေဆီ သွားလည်နိုင်တုန်းပါ။ ဆေးကျောင်းသားလေးတွေ ကိုလည်း ဘာသာရေးယုံကြည်မှု ပြင်းပြလို့သာ ခုလို အသက်ရှည်နိုင်တာလို့ ရှင်းပြနိုင်ပါသေးတယ်။ သူသာ ကိုးကွယ်ရာ ဘာသာအပေါ် နှစ်နှစ်ကာကာ မယုံကြည်ခဲ့ဘူးဆိုရင် ခုလို အသက်ရှည်မှာ မဟုတ်ပါဘူးလို့ ဆိုပါတယ်။

ဒါဟာ အဘွားကြီး တစ်ယောက်ရဲ့ အမြင်မို့လို့ ယုံစရာ မကောင်းပါဘူးလို့ ပြောမလား။ ဟားဗတ်ဆေးတက္ကသိုလ်၊ အမျိုးသားကျန်းမာရေးဌာနနဲ့ အခြားဌာနတွေက သုတေသနသမားတွေက ဘွားဘွား ဒေါ်ရစ်(စ်)ပြောတာကို ထောက်ခံနေကြပါတယ်။ ဘာသာရေးမှာ နှစ်နှစ်ကာကာ ကိုးကွယ် ယုံကြည်တာမျိုးဟာ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ အသက်ရှည်ရှည် နေရအောင် အများကြီး အထောက်အကူ ပြုတယ်လို့ လေ့လာတွေ့ရှိချက်တွေက ညွှန်ပြနေပါတယ်။

☺ ☺ ☺

**လူတွေ ဘယ်ဘာသာကိုပဲ ကိုးကွယ်ကိုးကွယ် ကိုယ် ကိုးကွယ်တဲ့ ဘာသာအပေါ် နက်နက်ရှိုင်းရှိုင်း ယုံကြည်ကြသူတွေဟာ ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိကြတယ်၊ ကိုးကွယ်ယုံကြည်မှု မရှိကြတဲ့သူတွေဟာ စိတ်ကျေနပ် ချမ်းမြေ့မှုကို မရကြဘူး၊ ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဟာ ကိုးကွယ်ယုံကြည်မှုနဲ့ ဆက်စပ်နေတယ် ဆိုတာ သုတေသန ပြုချက်တွေအရ တွေ့ရှိရပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၄
## ကိုယ် လုပ်မှာကိုပဲ ပြောပါ

လူတစ်ယောက်က ကိုယ်ပြောတဲ့အတိုင်း မလုပ်တတ်ဘူးဆိုရင် ကိုယ့်ရဲ့ တိုးတက်မှုနဲ့ စိတ်အားထက်သန်မှုတွေကိုပါ ထိခိုက် ပျက်ယွင်းသွားပါလိမ့်မယ်။ ကိုယ့်ရဲ့ မိသားစု ဘဝထဲမှာရော ကိုယ့် အလုပ်ခွင်မှာပါ ကိုယ် ပြောတဲ့အတိုင်း လုပ်တတ်တဲ့ သူမျိုးဟာ ကိုယ် ပြောတဲ့အတိုင်း လုပ်ဖို့ စိတ်အာရုံ တည်မြဲနေတတ်သလို လုပ်လည်း တကယ် လုပ်ဖြစ်တတ်ကြပါတယ်။

☺ ☺ ☺



ကျွန်တော်တို့တစ်တွေ လူတွေနဲ့ ဆက်ဆံကြတဲ့ အခါမျိုးမှာ သူတို့ပြောတာ နားထောင်ဖို့ သူတို့ကို စိတ်ချလက်ချ ဆက်ယုံကြည်ဖို့ဆိုရင် သူတို့ အမှန်ပြောနေတာပဲလို့ ကိုယ်က ယုံကြည်ဖို့ လိုပါတယ်။ အဲဒီလိုဆိုရင် ကိုယ်ကလည်း ကိုယ်ပြောတဲ့အတိုင်း လုပ်တတ်သလားဆိုတာ စပြီး ဆန်းစစ်ဖို့ လိုလာပါပြီ။





ကိုယ့် မိသားစု ထဲမှာရော ကိုယ် အလုပ်လုပ်တဲ့ နေရာမှာပါ ဒီလို အပြန်အလှန် ယုံကြည်ကြမှ စိတ်ရောကိုယ်ပါ စိတ်ချလက်ချ ဆက်ဆံလာဖြစ်တတ်ကြပါတယ်။ ဒီတော့ ကိုယ့်ဘက်ကလည်း ကိုယ်ပေးထားတဲ့ ကတိတွေ မဖျက်ဘဲ ယုံကြည်မှု ရှိလောက်အောင် စိတ်ကောင်းထားပြီး ဆက်ဆံပြဖို့ လိုလာပါပြီ။

ယုံကြည်မှု ဆိုတာကလည်း အရာရာရဲ့ အခြေခံ အုတ်မြစ်ပါ။ အောက်ခြေကစပြီး မခိုင်မာရင် ပြိုလဲတတ်တာမျိုးဆိုတော့ သေးဖွဲတယ်၊ ကြီးကျယ်တယ်လို့ ပြောလို့ မရတော့ဘဲ ယုံကြည်မှု ရရှိအောင် ကတိတည်ခြင်း ဆိုတာကနေ စတင်ဖို့ပါပဲ။

☺ ☺ ☺

မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာ ဘဝမှာ ဆက်ဆံရေး အဆင်ပြေလို့ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသူတွေနဲ့ ဆက်ဆံရေးအဆင်မပြေလို့ စိတ်မချမ်းမသာ ဖြစ်နေကြသူတွေရဲ့ကြားမှာ ခြားနားချက်ကတော့ သူတို့တွေ ပဋိပက္ခ ဘယ်လောက်များများ ကြုံတွေ့ခဲ့ကြသလဲ ဆိုတဲ့အပေါ်မှာ မူမတည်ပါဘူး။ အမှန်ကတော့ အဲဒီအုပ်စုနှစ်ခုစလုံး တွေ့ကြုံခဲ့ကြရတဲ့ ပဋိပက္ခအရေအတွက်ဟာ အတူတူလောက်ပဲ ရှိကြတာပါ။ ကိုယ်သဘောတူညီထားတဲ့ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်တတ်ခြင်း ရှိမရှိ ဆိုတဲ့ အချက်ကသာ အောင်မြင်ပျော်ရွှင်တဲ့ ဆက်ဆံရေး ဖြစ်မဖြစ်ကို တိုင်းတာပေးတာဖြစ်ပြီး အဲသည်လို အောင်မြင်စွာ ဆက်ဆံနိုင်တဲ့ သူတွေဟာ ပျော်ရွှင်မှုကို ၂၃ ရာခိုင်နှုန်း ပိုမို ခံစားရရှိကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၅
## ကိုယ့်မိသားစု ကိုယ့်မိတ်ဆွေတွေအပေါ် မာန်စောင် မတက်ပါနဲ့

ကိုယ်က မှန်ချင်မှန်နေမှာ ဖြစ်ပေမယ့် ကိုယ် ချစ်ခင်မြတ်နိုးတဲ့သူတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်လိုက်ပြီဆိုရင် ကိုယ့်မှာ ဘာမှ အကျိုးမရှိနိုင်ပါဘူး။ကိုယ် ချစ်ခင်မြတ်နိုးရတဲ့ သူတွေဟာ ကိုယ် ပြောနေတဲ့ အကြောင်းအရာထက် ပိုပြီးအရေးပါတယ် ဆိုတာကို ဘယ်တော့မှ မမေ့လိုက်ပါနဲ့။ အမြဲတမ်း ကိုယ် မှန်နေပြီဆိုတာနဲ့ အကျိုးရှိသွားပြီလို့ ပြောလို့ရပါ့မလား။

☺ ☺ ☺



အာဒမ်ကို ကြည့်လိုက်ရင် အမြဲတမ်း မှန်နေတတ်ပါတယ်။ သူကလည်း သူ့ကိုယ်သူ အဲသည်လို ထင်ပါတယ်။ အသေးအဖွဲ ကိစ္စလေးပဲ ဖြစ်စေဦးတော့၊ ယုတ်စွအဆုံး အခန်းနံရံ စက္ကူကပ်မယ့် ကိစ္စလေးကအစ သူကပဲ





သိနေတတ်တယ်။ သူ့မိသားစုက သူပြောတာနဲ့ ပတ်သက်လို့ စောဒက တက်လာပြီဆိုရင် သူက သူမှန်တယ် ဆိုတာကို ချက်နဲ့လက်နဲ့ ပြန်ချေပတတ်တယ်။ သူက သူနဲ့ သဘောမတူတဲ့ သူတွေကို ဘာကြောင့် သဘောမတူတာလဲ ပြန်မေးပြီး သူတို့ပြောတာ အကျိုးအကြောင်း မဆီလျော်တာကို ထောက်ပြတတ်တယ်။ သူက ပြန်ပြီး မေးခွန်းထုတ်ပြီဆိုရင် တစ်ဖက်သားမှာ တရားခွင်မှာ လိမ်ပြောမိတဲ့ သက်သေဘဝလိုမျိုး ကိုယ့်အမှားကိုယ် ပြန်ဝန်ခံရလောက်အောင် အာဒမ်က မေးတတ်မြန်းတတ်တာဟာ ရှေ့နေတစ်ယောက် ကျနေတာပါပဲ။

အဲသည်တော့ အာဒမ် အမြဲ အနိုင်ရတယ်။ သက်သေ ဝန်ခံလာအောင် သူ ကောင်းကောင်း လုပ်နိုင်ပါလေရဲ့။ နို့ပေမဲ့ အဲဒီ သက်သေက ရာဇဝတ်မှုမှာ အစစ်ခံတဲ့ သက်သေ မဟုတ်ဘဲ သူနဲ့ သဘောချင်း မတူညီတတ်တဲ့ သူ့မိတ်ဆွေ၊ သူ့မိသားစု ဖြစ်နေတတ်ပါတယ်။ အချို့ မိတ်ဆွေတွေကဆိုရင် နောင်တော့ အာဒမ်နဲ့ ဖက်မပြောဝံ့တော့ပါဘူး ဖြစ်လာတယ်။ အချို့ကျတော့ အာဒမ်နဲ့ စကားပြောတိုင်း ငြင်းရခုန်ရလွန်းလို့ နောက်တော့ သူနဲ့ စကားတောင် မပြောဝံ့တော့ဘူး ဖြစ်လာတယ်။ အာဒမ့်အဖို့မှာတော့ ဆင်နွှဲတဲ့ တိုက်ပွဲတိုင်းလိုလို အောင်မြင်ခဲ့ပေမယ့် ရေရှည်ကျတော့ သူ့ခမျာ ရှုံးနေပါတယ်။ သူ့အပေါ် မေတ္တာရှိနေတဲ့ သူတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေရမယ့် အခွင့်အရေးတွေ ဆုံးရှုံးကုန်တော့တာပါ။

☺ ☺ ☺

**ရင်းနှီးနွေးထွေးတဲ့ ဆက်ဆံရေးတစ်ခုမှာ အဆက်မပြတ် ဝေဖန်ထောက်ပြတာတွေ များလာရင် ပျော်ရွှင်မှုက သုံးပုံတစ်ပုံအထိ ဆုံးရှုံးတတ်ပါတယ်။**



www.burmeseclassic.com


www.burmeseclassic.com

## နည်း ၂၆

## ဒေသခံအသင်းကို အားရပါးရ အားပေးပါ

ကိုယ်နေတဲ့ ဒေသက ဒေသခံတွေ နှစ်မြို့က်သဘောကျနေတဲ့ အားကစား အသင်းကို သူတို့တွေနဲ့အတူ လိုက်ပါ အားပေးမယ်ဆိုရင် အဲ့ဒီဒေသထဲမှာ ကိုယ်ဟာ သူတို့နဲ့ တစ်သားတည်း ဖြစ်သွားပါလိမ့်မယ်။ ဒီလို လုပ်တဲ့အတွက် ကိုယ့် အိမ်နားနီးချင်း တွေနဲ့ ကိုယ်နဲ့ဟာ တစ်သွေးတစ်သားတည်း ရပ်တည်တာကို ပြလိုက်ပြီးသား ဖြစ်သွားမှာပါ။

☺ ☺ ☺



အင်ဒီးယားနားပြည်နယ် တောင်ပိုင်းက လူတွေဟာ အင်ဒီးယားနား တက္ကသိုလ် ဘတ်စကက်ဘောအသင်းကို အစွဲ ရှိကြပါတယ်။ လူတိုင်းလူတိုင်း လောက်က အဲဒီ ဟူးစီးယားစ်အသင်းကို လှိုက်လှိုက်လှဲလှဲ အားပေးနေကြတာပါ။





အဲဒီလို အားပေးကြတဲ့အတွက် အလွှာအသီးသီးက လူတွေ ရပ်တည်ချက် တစ်ခုထဲမှာ စုစည်းမိသွားကြလေရဲ့။ စက်ပြင်သမားနဲ့ ဆရာဝန်၊ ကျောင်းဆရာနဲ့ စားဖိုမှူး၊ သန့်ရှင်းရေးလုပ်သားနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဆိုတဲ့ လူတန်းစား အလွှာအသီးသီးက လူတွေဟာ အင်ဒီးယားနားအသင်း အကြောင်းကိုတော့ ကောင်းကောင်း ဆွေးနွေးပြောဆို တတ်ကြပါတယ်။

အဲဒီ အားကစားအသင်းကြောင့် သူတို့ လူ့အဖွဲ့အစည်းဟာ စိတ်ဝင်စားမှု တစ်ခုတည်းအပေါ်မှာ အာရုံစိုက်သွားကြပြီး ပြိုင်ပွဲနေ့ကျရင် အဲဒီအသင်းကို တညီတညွတ်တည်း သွားရောက် အားပေးဖြစ်ကြပါတယ်။ တကယ်လို့ သူတို့ အသင်းက အခြားမြို့ရွာ သွားကစားပြီ ဆိုရင်လည်း ဒီဒေသက အိမ်တွေ အားလုံးလိုလို ရုပ်သံကလာတဲ့ ပွဲကိုပဲ စောင့်ကြည့်နေကြ တော့တာပါ။ လမ်းထဲကို လျှောက်ကြည့်ရင်းလည်း ဟိုနား ဒီနားမှာ အသင်း အကြောင်းတွေပဲ ပြောသံ ကြားနေရတယ်။ ဒီလိုနည်းနဲ့ ကိုယ်ကလည်း ဒီအဖွဲ့အစည်းနဲ့အတူတူ တစ်သား တည်း ဖြစ်သွားတော့တယ်။ ကိုယ်က သူတို့ အားပေးတဲ့အသင်း လိုက်အားပေးရင်း ကိုယ်နဲ့ ကိုယ့် အိမ်နီးချင်း၊ ကိုယ်နဲ့ တစ်မြို့လုံးဟာ တစ်စိတ်တစ်ဝမ်းတည်းကို ဖြစ်သွားရောပဲ။

☺ ☺ ☺

ဒေသခံတွေရဲ့ အသင်းကို ဒေသထဲက လူတွေနဲ့အတူတူ အားရပါးရ အားပေးတာဟာ တူညီတဲ့ စိတ်သဘောထားကို မျှဝေခံစားရာ ရောက်လို့ အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုကို ရပါတယ်။ ပျော်ရွှင်မှုကိုလည်း ၄ ရာခိုင်နှုန်းအထိ တိုးစေပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၇
## အောင်မြင်မှုကို သက်မဲ့ပစ္စည်းတွေနဲ့ မတိုင်းတာပါနဲ့

ကိုယ်စီးနေတဲ့ ကားအမျိုးအစား၊ ကိုယ်နေတဲ့အိမ် ဘယ်လောက် ကျယ်သလဲဆိုတဲ့ ပမာဏ အတိုင်းအတာ၊ ကိုယ် ရင်းနှီးစုဆောင်းထားတဲ့ ငွေပမာဏတွေ တိုးပွားမှုစတာတွေကြောင့် ကိုယ်ဟာ ပိုပြီးကောင်းတဲ့ သူတစ်ယောက် ဒါမှမဟုတ် ပိုပြီးဆိုးတဲ့သူတစ်ယောက် ဖြစ်သွားမှာမဟုတ်ပါဘူး။ ကိုယ့်ဘဝမှာ ဘာတွေက အရေးပါသလဲ ဆိုတာကို သတိ မမေ့ဖို့က ပိုအရေးကြီးပါတယ်။

☺ ☺ ☺



ဒီကမ္ဘာပေါ်မှာ ငါနေရတဲ့နေ့ဟာ ဒီနေ့ နောက်ဆုံးပဲဆိုပြီး ခဏလောက်တွေးကြည့်လိုက်စမ်းပါ။ ဒီကမ္ဘာပေါ်မှာ ကိုယ် ရှင်သန်နေထိုင်ခဲ့ရတဲ့အတွက် ငါ ဘာတွေပြီးမြောက် အောင်မြင်ခဲ့ရပြီလဲ၊ ငါ့မှာ ဂုဏ်ယူစရာ ဘာတွေရှိပြီလဲ၊ ငါ့ကို ပျော်ရွှင်ချမ်းမြေ့မှု ပေးတာတွေက ဘာတွေလဲ ဆိုတာကို စာရင်းလေးတစ်ခု ချက်ချင်းပဲ ချရေးကြည့်လိုက်စမ်းပါ။





အဲဒီစာရင်းမှာ ကိုယ့်ကား၊ ကိုယ်ကြည့်နေတဲ့ တယ်လီဗီးရှင်း၊ ကိုယ်သုံးနေတဲ့ စတီရီယို အသံဖွင့်စက်၊ ကိုယ်ရနေတဲ့ လစာတွေ ဘယ်ပါပါလိမ့်မလဲ။ အဲဒီ စာရင်းထဲမှာ ကိုယ့်ဘဝကို စိတ်ချမ်းမြေ့မှုပေးမယ့် အခြေခံ အချက်တွေပဲ ပါမှာပေါ့။ ကိုယ်နဲ့ ကိုယ့်မိတ်ဆွေတွေ၊ ကိုယ်နဲ့ ကိုယ့်မိသားစုတွေရဲ့ ချစ်ခင်ရင်းနှီးတဲ့ ဆက်ဆံရေး၊ သူများတွေအတွက် ကိုယ် ဘာတွေ လုပ်ပေးခဲ့ပြီးပြီလဲ စတဲ့ ကိုယ့်ဘဝမှာ ပျော်ရွှင်ကျေနပ်စရာကောင်းတဲ့ အဖြစ်အပျက်တွေပဲ ပါမှာပါ။ ဒါတွေဟာ ကိုယ့်ဘဝမှာ ကိုယ် စာရင်းသွင်းရမယ့် မှတ်တိုင်တွေပါပဲ။

ကျွန်တော်တို့တွေ အများစုဟာ တစ်နေ့တစ်နေ့ ကိုယ်နေရတဲ့ ဘဝမှာ ဆန့်ကျင်ဘက် ဖြစ်နေတာတွေသာ မှန်လိမ့်မယ်လို့ ယူဆတတ်ကြတယ်။ ကိုယ့်ဘဝမှာ ကိုယ် အစစ်အမှန် တန်ဖိုးထားရမယ့်အရာ၊ ကိုယ် တကယ်ပဲ ဦးစားပေးရမယ့် အရာတွေ အစား ကိုယ်က အောင်မြင်မှုရယ်လို့ မှတ်ယူတိုင်းတာထားတဲ့ အရာတွေ၊ ဥစ္စာပစ္စည်းတွေ တိုးပွားဖို့ကိုပဲ စုဆောင်းနေတတ်ကြတယ်။ အဲသည်လိုနဲ့ပဲ အောင်မြင်မှု အစစ်အမှန်ဟာ ဘာပါလိမ့် ဆိုတာတောင် ပြန်ပြီး မဆန်းစစ်မိကြတော့ဘူး။

☺ ☺ ☺

နေ့စဉ် တိုင်းတာစစ်ဆေးမှုတွေ၊ စူးစမ်းမှုတွေကို အသုံးပြုပြီး ရလာတဲ့ လေ့လာဆန်းစစ်ချက် တစ်ခုအရ မိတ်ဆွေတွေ၊ မိသားစုတွေ စတဲ့ ကိုယ့် စိတ်ချမ်းသာမှုကို ဖြည့်ဆည်းပေးမယ့် သူတွေနဲ့ ပြည့်စုံနေသူတွေဟာ ဥစ္စာပစ္စည်းတွေချည်းသက်သက် ပြည့်စုံနေသူတွေထက် စိတ်ချမ်းသာမှု ကိုးဆလောက် ပိုမိုရရှိခံစားကြရတယ်လို့ သိရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၈
## ဆက်ဆံရေးတိုင်းဟာ သီးခြားစီ ဖြစ်နေတတ်တယ်

ကိုယ့် မိတ်ဆွေ တစ်ယောက်နဲ့ပဲဖြစ်ဖြစ်၊ ကိုယ်ချစ်တဲ့သူ တစ်ယောက်နဲ့ပဲဖြစ်ဖြစ် ဆက်ဆံရေး အဆင်မချောတော့ဘူးဆိုရင် အဲဒီ ဆက်ဆံရေးဟာ အခြားဆက်ဆံရေးတွေနဲ့ မဆက်စပ်ဘဲ သူ့ဟာနဲ့သူ သီးသီးခြားခြား ရှိတယ်လို့ သဘောထားဖို့ လိုပါတယ်။ လူတစ်ယောက်နဲ့ ဆက်ဆံရေး အဆင်မပြေရုံနဲ့ ငါဟာ မိတ်ဆွေကောင်း ဒါမှမဟုတ် မိသားစုဝင်ကောင်း မဖြစ်နိုင်တော့ဘူးလို့ အားငယ်စိတ်တွေ ဝင်မလာပါနဲ့။

☺ ☺ ☺



ဂျိန်းဟာ သူ့မိဘတွေနဲ့ရော သူ့မောင်နဲ့ပါ တော်တော်လေး အဆင်ပြေပြေ ဆက်ဆံနိုင်ပါတယ်။ သူ့ညီမနဲ့ကျတော့ တစ်ခါမှ အဆင်ပြေ ချောမွေ့တယ်ရယ်လို့ မရှိဘူး။ သူ့မိဘ သူ့မောင်နဲ့ အဆင်ပြေသလိုမျိုး သူ့ညီမနဲ့ကျတော့ ဘာလို့ အဆင်မပြေပါလိမ့်ဆိုပြီး အမြဲတမ်း ကိုယ့်ကိုယ်ကို ပြန်မေးနေတတ်မိပါတယ်။ ငါ ဘာများ မှားနေပါလိမ့်ဆိုပြီး ဂျိန်း အဖြေရှာမရ ဖြစ်လာတယ်။ သူ့မိဘတွေနဲ့ သူ့မောင်လေး ပျော်ရအောင် ဂျိန်း လုပ်ပေးခဲ့တာတွေအပေါ်





သူ့ညီမက ကန့်လန့် မြင်နေတတ်တယ်။ အဲဒီတော့ ညီမက အကောင်း မြင်လာဖို့ဆိုရင် ဂျိန်းရဲ့ ပင်ကိုဆက်ဆံပုံ အနေအထားတွေကို ပြောင်းပြန် လုပ်ပစ်ရမလို ဖြစ်နေပါပြီ။

တချို့လူတွေနဲ့ ကိုယ် ပေါင်းသင်းဆက်ဆံရေးတွေဟာ သိပ်အဆင်ပြေ ချောမွေ့နေတတ်ပါတယ်။ ဒီလို ဆက်ဆံပုံအတိုင်း ကိုယ်နဲ့သိတဲ့ သူတိုင်းကို ဘာကြောင့် ဆက်ဆံလို့ မရရပါလိမ့်ဆိုတဲ့ပုစ္ဆာ ဖြစ်တတ်ပါတယ်။ ကနေဒါနိုင်ငံ မက်ဂီလ် တက္ကသိုလ် စိတ်ပညာရှင်တွေက အဖြေတစ်ခု ထုတ်ပေးပါတယ်။ လူတွေဟာ အသိရ သိပ်ခက်တယ်၊ လူတွေမှာ မြင်ပုံမြင်နည်း ရှုထောင့်တွေ သိပ် ကွဲပြားခြားနားနေတယ်၊ ဒါကြောင့် တစ်ယောက်က ဒီလိုမြင်ပေမယ့် နောက်တစ်ယောက်က အဲဒီအတိုင်း မြင်လိမ့်မယ်လို့ မျှော်လင့်မရနိုင်ဘူးလို့ ဆိုပါတယ်။

ဒါဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ကိုယ်က အများစုနဲ့ ဆက်ဆံရေး အဆင်ပြေနေတာကိုပဲ လက်ခံရပါမယ်။ ကိုယ်ချစ်တဲ့၊ သံယောဇဉ်ရှိတဲ့ သူတွေအားလုံးနဲ့ မဟုတ်ဘဲ အများစုနဲ့ပဲ အဆင်ပြေနေတာကို ချို့ယွင်းချက်ရှိနေသေးတယ်လို့ သဘောမထားဘဲ ဒါဟာ အရှိကို အရှိအတိုင်းပဲလို့ လက်ခံလိုက်ဖို့ပါ။ အထက်ကပြောတဲ့ တက္ကသိုလ်က သုတေသန ပညာရှင်တွေက "စိတ်ပျော်ရွှင်ကျေနပ်မှု ပိုရတဲ့ သူတွေဟာ လူတိုင်းနဲ့ သာသာယာယာ ဆက်ဆံနေတတ်ကြတာ မဟုတ်ပါဘူး၊ သူတို့က ဆက်ဆံရေး ကောင်းနေတာတွေ အပေါ်မှာလည်း အသိအမှတ်ပြုတယ်၊ ဆက်ဆံရေး အဆင်မပြေတာတွေ အပေါ်မှာလည်း လက်ခံတတ်ကြတယ်" လို့ ရှင်းပြပါတယ်။

☺ ☺ ☺

**အပေါ်အပေါင်း ရအောင်ဆိုပြီး မိတ်ဆွေ အပေါင်းအသင်းတွေအပေါ် အဓိက အားထားနေကြတဲ့ သူတွေနဲ့ မိသားစုအပေါ် အဓိက အမှီပြုနေကြတဲ့ သူတွေကြားမှာ ရရှိလာတဲ့ ပျော်ရွှင်မှု တစ်ခုနဲ့တစ်ခု ခြားနားမှု မရှိလှပါဘူးလို့ သုတေသန ပညာရှင်တွေက ထောက်ပြကြပါတယ်။ လူတွေဟာ ကိုယ် လက်လှမ်းမီသမျှ ပေါင်းသင်းဆက်ဆံနေရတဲ့ သူတွေဆီကနေ ပျော်ရွှင်ချမ်းမြေ့မှု ရရှိလာအောင် ဖန်တီး တည်ဆောက်ယူလို့ ရပါတယ်။ စံနမူနာပြ ဖြစ်ရအောင်လို့ဆိုပြီး လူတိုင်းနဲ့ ဆက်ဆံရာမှာ အဆင်ပြေ ချောမွေ့အောင်လုပ်ဖို့ မလိုပါဘူး။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၂၉
## " တကယ်လို့သာ " ဆိုတာမျိုး မတွေးပါနဲ့

ကိုယ် ဖြတ်သန်းလာခဲ့ရတဲ့ ဘဝမှာ ငါသာ တချို့ကိစ္စလေးတွေမှာ တစ်မျိုးတစ်ဘာသာ ပြောင်းလဲပစ်ခဲ့ရင် ငါ့ ဆုံးဖြတ်ချက်လေးသာ တစ်မျိုးပြောင်းခဲ့ရင် ဘာများ ဖြစ်နိုင်မလဲဆိုပြီး အချိန်ကုန်ခံပြီး တွေးတတ်တာမျိုးဟာ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။ ဒီလို တွေးတိုင်းလည်း စိတ်မချမ်းမသာ ဖြစ်ကျန်တတ်ပါတယ်။ ရှေ့လာမယ့် အနာဂတ်မှာ ကိုယ်ဘယ်လို တိုးတက်အောင် လုပ်မလဲ ဆိုတာကိုပဲ စဉ်းစားပါ။ အတိတ်တုန်းက ငါတော့ ဟိုလိုသာလုပ်ခဲ့ရင် ကောင်းမှာပဲဆိုပြီး မျက်မှောက်ကာလမှာ အချိန်ကုန်ခံ တွေးတောမနေပါနဲ့။

☺ ☺ ☺

ကျွန်တော်တို့ အားလုံးဟာ ကိုယ် လက်ရှိ အခြေအနေ ဖြစ်လာအောင် ကိုယ် ဘာတွေ ဆုံးဖြတ်ခဲ့သလဲ ဆိုတာတွေ အစပြန်ကောက်ကြည့်လို့ ရပါတယ်။ ကိုယ်နေခဲ့တဲ့ မူကြိုကျောင်းကို ရွေးချယ်ခဲ့တာဟာ ကိုယ့် သူငယ်ချင်းတွေ ဘယ်သူ ဖြစ်လာလိမ့်မလဲ ဆိုတဲ့အပေါ် အရေးပါပါတယ်။ အဲဒီ အပေါင်းအသင်းတွေကြောင့်ပဲ ကိုယ် ဘာတွေကို စိတ်ဝင်စားလာမလဲဆိုတာ ဖြစ်လာပြန်ရော။ အဲဒီကနေ ကိုယ် ကျောင်းမှာ နေခဲ့တာတွေအပေါ် စသည် စသည်ဖြင့် တွေးလို့ ရပါတယ်။ အဲဒီလိုသာ တွေးနေလို့ကတော့ ကျွန်တော်တို့အဖို့ ဆုံးတယ်ရယ်လို့ မရှိနိုင်သလို ဘယ်ကိုမှလည်း ခရီး မရောက်နိုင်ပါဘူး။ ကိုယ် လျှောက်လာခဲ့တဲ့ လမ်းက မှားပြီ ဆိုပါစို့။ ဘာကြောင့် ဘယ်လို ဒီလမ်းမှားကို ရောက်ခဲ့ရတာလဲလို့ ပြန်မေး၊ ပြန်တွေးနေရင် အကျိုးဖြစ်မှာ မဟုတ်ပါဘူး။ ကိုယ် လောလောဆယ် အရေးတကြီး တွေးဖို့လိုတာက ကိုယ်ရောက်နေတဲ့ နေရာကနေ ဘယ်လိုရုန်းထွက်မလဲ၊ ကိုယ်ဘယ်နေရာကို သွားချင်သလဲ ဆိုတာပါပဲ။ ကိုယ့်ဘဝနဲ့ ပတ်သက်လာရင် လည်း ဒီလိုပဲ လုပ်ရမှာပါ။ ကိုယ်တော့ ဒီနေရာကို ဘာကြောင့် ရောက်လာခဲ့ရလဲ ဆိုတာအပေါ် စိတ်ပျက်လက်ပျက်နဲ့ ပြန်တွေးမနေပါနဲ့။ ကိုယ် ရောက်ချင်တဲ့ နေရာ ရောက်အောင် ကိုယ်ဘာတွေ လုပ်ရမလဲ ဆိုတာကိုပဲ တွေးပါ။





☺ ☺ ☺

အိုလံပစ် အားကစားပွဲတွေမှာ ဖိုင်နယ်ကိုတော့ ရောက်ပါရဲ့၊ အောင်မြင်ဖို့ နီးစပ်ပြီးမှ ရှုံးနိမ့်လာတဲ့ အားကစားသမားတွေအပေါ် သုတေသနလုပ်ကြည့်ပါတယ်။ အခြေအနေတွေသာ တစ်မျိုး ဖြစ်ခဲ့ရင်တော့ ဆိုပြီး သိပ်ပြန်မတွေးတဲ့ သူတွေဟာ သူတို့ အတွေ့အကြုံတွေအပေါ် စိတ်ကျေနပ်မှု အရဆုံး သူတွေ ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၀
## စေတနာ့ဝန်ထမ်း လုပ်အားပေးပါ

ဘယ်လို လူ့အဖွဲ့အစည်းထဲမှာမဆို ကိုယ့်ဘက်က ပေးအပ်နိုင်တဲ့ အခွင့်အလမ်းတွေဟာ တကယ့်ကို တစ်ပုံတပင်ကြီးပါ။ ကိုယ်က စာပဲ သင်ပေးမလား။ ဒေသတွင်းက ကုသိုလ်ဖြစ် ဆိုင်လေးတွေမှာ လုပ်အားသွားပေးမလား၊ ကိုယ်က ဘာကိုပဲ လုပ်ပေးပေး၊ ကိုယ်လုပ်သမျှဟာ ကိုယ့်အတွက်သာ အကျိုးရှိတာ မဟုတ်ဘဲ လောကကြီး အတွက်ပါ အကျိုးရှိနေတာပါ။ လုပ်အားဒါနပြုတဲ့သူတွေဟာ ကိုယ့်ဟာနဲ့ကိုယ် သိပ် စိတ်ချမ်းမြေ့နေကြပါတယ်။ ကိုယ့်မှာ ရည်ရွယ်ချက်တစ်ရပ် ရှိလာပြီဆိုပြီး အဲဒီအပေါ် ပို တန်ဖိုးထားလာတာနဲ့အမျှ ကိုယ့်ဘဝကိုကိုယ် ပျင်းရိငြီးငွေ့ စိတ်တွေ လွင့်ပျောက်သွားတတ်ပါတယ်။ စေတနာ့ဝန်ထမ်းသမားတွေဟာ အခြား ဘယ်နည်းနဲ့မှ မရနိုင်တဲ့ အကျိုးထူးတွေကို ခံစားကြရပါတယ်။ ကိုယ်က ကျွမ်းကျင်မှုလည်းမရှိ၊ အချိန်လည်း မပေးနိုင်ဘူးလို့ ဆိုစေဦးတော့၊ ကောင်းမြတ်တဲ့ ကိစ္စတစ်ခုအတွက် တစ်လမှာ တစ်နာရီလောက်တော့ အချိန်ပေးလိုက်ပါ။

☺ ☺ ☺




ဘွားဘွား ဘက်ဆီဟာ အသက် ၇၀ ဝန်းကျင် မှဆိုးမတစ်ဦးပါ။ ဘွားဘွားက သူ့မှာ ပိုနေတဲ့ အချိန်တွေကို တန်ဖိုးရှိမယ့် ကိစ္စတစ်ခုခု လုပ်ချင်စိတ်





ပြင်းပြနေတယ်။ ဒါကို လုပ်ခဲ့တဲ့အတွက် နောက်တစ်နေ့မနက် အိပ်ရာထတဲ့အခါ တွေးလိုက်တိုင်း ကိုယ့်မျက်နှာပေါ်မှာ နှစ်သက်ပီတိစိတ်နဲ့ ပြုံးမိနေမယ့် အလုပ်ကလေး တစ်ခုခုပေါ့လေ။

ဘွားဘွားဟာ ဘက်ဖဲလိုးဒေသက စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခုမှာ မွေးစား အဘိုး၊ အဘွား စီမံချက်လေးတစ်ခု ရှိနေတယ်ဆိုတာ သိလိုက်တယ်။ ဒီ စီမံချက်လေးမှာ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေတဲ့ ကလေးငယ်တွေကို နေ့လယ်ဘက်တွေမှာ သက်ကြီးရွယ်အိုတွေက အဖော်လုပ်ပေးဖို့ ဆိုတာ ပါဝင်တယ်။

အဘွား ဘက်ဆီက ချက်ချင်းပဲ စီမံချက်ထဲ စေတနာ့ဝန်ထမ်းအဖြစ် ပါမယ်ဆိုပြီး တစ်နေ့တစ်နေ့ကို နာရီအနည်းငယ်လောက် ကလေးငယ်တွေနဲ့ အတူနေပြီး ကစားတယ်၊ စာဖတ်တယ်၊ စကားပြောတယ်။ အဘွား ဘက်ဆီလိုပဲ ဒီ စီမံချက်ထဲမှာ ပါဝင်ပြီး လုပ်အားပေးနေတဲ့ မိတ်ဆွေတစ်ယောက်ကဆိုရင် "မွေးစား အဘိုးအဘွားတွေဟာ ကလေးငယ်လေးတွေကို မေတ္တာနဲ့ စေတနာပေးတယ်။ ဒီတော့လဲ ကလေးတိုင်းမှာရှိတဲ့ အလှလေးတွေကို တွေ့မြင် ခံစားလို့ရတာပေါ့" လို့ ပြောပါတယ်။

ဒီလို စေတနာ့ဝန်ထမ်း လုပ်အားပေးတာဟာ "အဘွားအတွက်ကတော့ ငါဟာ ကောင်းတာ လုပ်နေတာပဲဆိုတဲ့ စိတ်ကလေး ပေါ်လာတယ်၊ ကလေးတွေကိုရော သူတို့ မိဘတွေကိုရော ကူညီရာရောက်သလို ကိုယ့်မှာလည်း အကျိုးပြန်ဖြစ်ထွန်းတယ်၊ လူတိုင်း လူတိုင်းက အသာရကြတယ်၊ အဘွားကတော့ ကိုယ့်ကိုယ်ကို အသာအရဆုံးလို့တောင် ထင်မိတယ်" လို့ ဘွားဘွားဘက်ဆီက ဆိုတာပါ။

☺ ☺ ☺

ဒီလို လုပ်အားပေးတာနဲ့ ပတ်သက်လို့ သုတေသန ပြုလုပ်ချက်တွေအပေါ် ပြန်လည် လေ့လာဆန်းစစ်မှု တစ်ခုမှာ လုပ်အားဒါန ပြုတယ်ဆိုတာ ပျော်ရွှင်မှုကို တိုးပွားစေပြီး ပျင်းရိငြီးငွေ့မှုကို လျော့နည်းစေတယ်၊ ဘဝမှာ နေရတာ အဓိပ္ပာယ်ရှိတယ် ဆိုတဲ့စိတ် ပေါ်လာအောင် ဖန်တီးပေးနိုင်တယ်ဆိုတဲ့ တိကျခိုင်လုံတဲ့အဖြေ ထွက်လာပါတယ်။ ပျှမ်းမျှအားဖြင့် ဆိုရရင် လုပ်အားဒါနပြုသူတွေဟာ လုပ်အားဒါန မပြုတဲ့သူတွေထက် ပျော်ရွှင်ကျေနပ်မှု နှစ်ဆ ပိုရကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၁
## မဖြစ်နိုင်တာတွေ မှန်းထားရင် ဝေဒနာပဲ ရလိမ့်မယ်

လူတွေမှာ ကိုယ် ရည်မှန်းထားတာတွေ ဖြစ်မလာခဲ့ရင် စိတ်ပျက်လက်ပျက် ဖြစ်ရတာကိုပဲ ခံစားရပါတယ်။ ဒီတော့ကာ ကိုယ့်ရည်မှန်းချက်ဟာ ကိုယ့် ဘဝပေး အခြေအနေတွေနဲ့ လိုက်လျောညီထွေ ဖြစ်ဖို့ လိုအပ်ပါတယ်။ ကိုယ် ဦးစားပေးရမယ့် အရာတွေနဲ့ ကိုယ့်မှာရှိတဲ့ အခြေအနေတွေ ပြောင်းလဲလာမှုအပေါ် ထည့်သွင်း စဉ်းစားပြီးမှ ကိုယ့်ရည်မှန်းချက်တွေကို လိုက်လျောညီထွေ ဖြစ်လာအောင် ပြုပြင်ပါ။

☺ ☺ ☺



ရည်မှန်းချက်တွေဆိုတာ သိပ်အရေးကြီးပါတယ်။ ဒါပေမဲ့ အဲဒီ ရည်မှန်းချက်တွေကို ကိုယ်က လိုက်လျောညီထွေ ဖြစ်လာအောင် အလိုက်သင့် ပြောင်းလဲ မပစ်တတ်ဘူးဆိုရင် အကြီးအကျယ် ထိခိုက်နစ်နာမှု ဖြစ်ပွားနိုင်ကြောင်း





မီရိုဂန် တက္ကသိုလ်က စိတ်ပညာရှင်တွေက အထောက်အထား ခိုင်ခိုင်မာမာနဲ့ တွေ့ရှိထားပါတယ်။ ဖြစ်တတ်တာလေး တစ်ခုကို ကြည့်ကြရအောင်ပါ။

ဂျင်မီ အသက် ၁၈ နှစ်မှာ သူ့ ကောင်မလေးကို ချစ်ခွင့်ပန်တယ်။ ကောင်မလေးကလည်း လက်ခံလိုက်တယ်။ နောက်တစ်နှစ် အကြာမှာ သူတို့ လက်ထပ်လိုက်ကြတယ်။ အဲဒီမှာ ဂျင်မီက သူ့အသက် ၂၄ နှစ် မပြည့်ခင် အိမ်တစ်လုံး ဝယ်ပေးမယ်လို့ ကတိပေးတယ်။ ဒီလိုနဲ့ ဂျင်မီ အလုပ်တွေ တစ်ခုပြီး တစ်ခု လုပ်တယ်။ ဒါပေမဲ့ ဘယ်အလုပ်ကမှ ငွေကောင်းကောင်း မရဘူး။ ဂျင်မီနဲ့ သူ့ဇနီးဟာ သင့်တင့်မျှတတဲ့ တိုက်ခန်းလေး တစ်ခန်းမှာ နေကြတယ်။ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာတာနဲ့အမျှ ဂျင်မီဟာ သူ စုနိုင်သလောက် စုတယ်။ အိမ်ဝယ်ဖို့အတွက် စရန်ငွေကို သူ့ မိဘတွေဆီကယူတယ်။ အဲဒီနောက် အိမ် တစ်လုံးကို အရစ်ကျ ဝယ်လိုက်တယ်။ အဲဒီအိမ်ကို သူ့တို့လင်မယား ပြောင်းနေပြီးတဲ့နောက် အခမ်းအနားတောင် ပျော်ပျော်ပါးပါး ကျင်းပလိုက်ပါသေးရဲ့။ သို့ပေမဲ့ သူပေးရမယ့် ငွေက သူရှာနိုင်တဲ့ ငွေထက် ပိုများနေတယ်။

ဒါနဲ့ပဲ နောက်ထပ် အလုပ်တစ်ခု ထပ်လုပ်တယ်။ ဒါလည်း မလောက်သေးဘူး။ ဂျင်မီဟာ တတိယမြောက် အလုပ်တစ်ခုကို အချိန်ပိုင်း ဝင်လုပ်ပြန်တယ်။ သူဟာ အလုပ်ဒဏ်တွေပိပြီး မကျန်းမမာ ဖြစ်လာတယ်။ တစ်ချိန်တုန်းက သူ့ဇနီးကို ကတိ ပေးထားတဲ့အတိုင်း အိမ်တစ်လုံးဖြစ်အောင် ကြိုးပမ်းခဲ့ရတာကို အချိန်ကြာလာတာနဲ့အမျှ စိတ်ထဲမှာ အကြိတ်အခဲ ဖြစ် လာမိတယ်။

သူ နေနေရတဲ့ဘဝကို ကျေနပ်ပျော်ရွှင်ဖွယ်ရာနေပြီး တစ်နေ့ကျရင် ဝယ်လာနိုင်မယ့် အိမ်အတွက် ရည်မှန်းပြီး ငွေစုရမယ့်အစား ဂျင်မီဟာ သူ ရည်မှန်းထားတာ ပြည့်မီရအောင် ရေကုန်ရေခမ်း ကြိုးပမ်းခဲ့ပါတယ်။ သူဟာ သူနေရတဲ့ ဘဝကို မဖြစ်နိုင်လောက်တဲ့ ရည်မှန်းချက်ကြီးနဲ့ လဲပစ်လိုက်တာပါ။ ဒီတော့လည်း အဲဒါကြီးကပဲ သူ့ဘဝကို ထိခိုက် နစ်နာစေပါတော့တယ်။

☺ ☺ ☺

လူတစ်ယောက်ထားတဲ့ ရည်မှန်းချက်ဟာ သူ့မှာရှိတဲ့ အစွမ်းအစနဲ့ အားမတန် အင်မမျှ ဖြစ်လာပြီဆိုရင် အဲဒီ ရည်မှန်းချက်ကြီးကြောင့်ပဲ စိတ်ပျက် ရတာ၊ မကျေမနပ် ဖြစ်ရတာတွေ ပေါ်လာပါလိမ့်မယ်။ အဲဒီတော့လည်း စိတ် မကျေမနပ် ဖြစ်ရမှုတွေက လေးဆလောက် တိုးလာပါလိမ့်မယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၂
## လေ့ကျင့်ခန်း လုပ်ပါ

လေ့ကျင့်ခန်း လုပ်ကြတဲ့ သူတွေဟာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်းမျိုးကိုပဲ လုပ်လုပ်၊ ပုံမှန် လမ်းလျှောက်တာလေးမျိုးကိုပဲ လုပ်လုပ် နေ့လို့ထိုင်လို့ ပိုကောင်းလာတာနဲ့အမျှ ဘဝမှာ ပိုမိုနှစ်သက် ပျော်မွေ့ လာပါလိမ့်မယ်။

☺ ☺ ☺



ထင်ရှားတဲ့ အမှုဆောင် အရာရှိတစ်ယောက်က ပြောလေ့ရှိတယ်။ "ကျွန်တော်ကတော့ လေ့ကျင့်ခန်း လုပ်ဦးမှ ဆိုတဲ့စိတ်ပေါ်လာရင် အဲဒီစိတ် မပျောက်မချင်း လှဲနေလိုက်တော့တာပဲ" တဲ့။

သူက ဒီစကားကို မကြာခဏ ပြောလေ့ရှိပါတယ်။ ဒါကြောင့်လည်း သိပ်မကြာပါဘူး၊ သူ့မှာ အားအင်တွေ ကုန်ခန်းပြီး ကျန်းမာရေး ထိခိုက်လာတာ သိပ်တော့ အံ့သြစရာ မရှိလှပါဘူး။





ဆရာဝန်တွေက သူ့ကို နေ့ပုံထိုင်ပုံစနစ် ပြောင်းကြည့်ပါလားလို့ ပြောတဲ့အခါ အဲဒီ အမှုဆောင်အရာရှိက စမ်းကြည့်ဦးမှလို့ ဆုံးဖြတ်လိုက်တယ်။ လေ့ကျင့်ခန်း လုပ်ကြည့်တော့မှပဲ နေလို့ထိုင်လို့ သိပ်ကောင်းပါလားလို့ သူ့ကိုယ်သူ ပြန်အံ့သြမိရတယ်။ နေ့တိုင်း ဒီလို လေ့ကျင့်ခန်း လုပ်ချိန်မှာ သောကရောက်ဖို့လည်း သတိမရ၊ စိုးရိမ်စရာတွေနဲ့လည်း ဝေးနေပါတယ်။ တဖြည်းဖြည်းနဲ့ ဒါဟာ အကောင်းဘက်ကို ရှေးရှုဖို့ အချိန်ပေးရတဲ့ အခွင့်အလမ်းပါလားလို့ သူ သဘောပေါက်လာတယ်။ သူ့မှာ လေ့ကျင့်ခန်းလုပ်လို့ ပင်ပန်းနွမ်းနယ်တာမျိုး မဖြစ်တဲ့အပြင် ခွန်အားတွေတောင် တိုးပွားလာပါသေးတယ်။

သူ့ရဲ့ အခု ခံယူချက်ကတော့ "ကျွန်တော် လေ့ကျင့်ခန်း လုပ်ရတာ အလွန်သဘောကျပါတယ်။ သဘောကျတာကို စကားနဲ့တောင် ပြောပြလို့ မရပါဘူး" လို့ ဖြစ်သွားပါတယ်။

☺ ☺ ☺

ကိုယ်လက် လှုပ်ရှားမှုအပေါ် သုတေသန ပြုလုပ်ချက် တစ်ခုအရ လေ့ကျင့်ခန်း လုပ်တာဟာ မိမိကိုယ်ကို ယုံကြည်မှု တိုးပွားစေတယ်၊ အကျိုးဆက်က ကိုယ့်ကိုယ်ကို တန်ဖိုး ပိုထားလာတတ်စေတယ်၊ ခပ်သွက်သွက် လမ်းလျှောက်တာမျိုး အပါအဝင် ပုံမှန်လေ့ကျင့်ခန်း လုပ်ခြင်းဟာ ပျော်ရွှင်ကျေနပ်မှုကို ၁၂ ရာခိုင်နှုန်းအထိ တိုက်ရိုက် တိုးတက်စေတယ်၊ မိမိကိုယ်ကို ပြန်ပြီး အကဲဖြတ်တဲ့ နေရာမှာလည်း သွယ်ဝိုက်တဲ့နည်းနဲ့ သိသိသာသာ အကျိုး ဖြစ်ထွန်းစေတယ်လို့ တွေ့ရှိရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၃
## အသေးအဖွဲ့ပေမယ့် လေးနက်တဲ့အဓိပ္ပာယ် ရှိနေတတ်တယ်

ကိုယ်နေ့စဉ် ဆောင်ရွက်နေကျ ကိစ္စလေးတွေမှာ အသေးအဖွဲ့လို့ ဆိုနိုင်ပေမယ့် ကိုယ်ပြောလိုက်တဲ့ လေသံ၊ ကိုယ်သုံးစွဲလိုက်တဲ့ စကားလုံးတွေမှာ အများကြီး တာ သွားတာတွေ ရှိပါတယ်။

☺ ☺ ☺



သေးသေးမွှားမွှားလေးတွေပါလို့ ဆိုရာမှာ ကိုယ့်မျက်နှာအမူအရာ မသိမသာလေး ပြောင်းသွားတာမျိုးက တကယ်ပဲ အရေးကြီးသလား။

တစ်ချို့ တိရစ္ဆာန်တွေမှာ တစ်ခုခု ဖြစ်လာပြီဆိုရင် အရောင်အသွေးတွေ သိသိသာသာ ပြောင်းသွားတာမျိုး (ဥပမာ-ပုတ်သင်ညို) ဖြစ်တတ်ပါတယ်။ လူတွေရဲ့ တုံ့ပြန်မှုကတော့ နူးညံ့သိမ်မွေ့ပါတယ်။ လေသံ ပြောင်းသွားတာ၊ ကိုယ်အမူအရာ ပြောင်းသွားတာမျိုးလောက်ပဲ ဖြစ်တတ်ပါတယ်။





စဉ်းစားကြည့်ကြရအောင်ပါ။ လူတစ်ယောက်ရဲ့ မျက်နှာအနေအထား ပြောင်းလဲသွားတာကို အကဲခတ်ဖို့က တစ်စက္ကန့်ရဲ့ ခြောက်ပုံ တစ်ပုံလောက်ပဲ ကြာပါတယ်။

လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်အမူအရာနဲ့ ကိုက် ၁၀၀ အကွာ အဝေးကတောင် ဆက်သွယ်လို့ ရပါတယ်။ ဘယ်လိုလုပ် ဆက်သွယ်ကြပါ့မလဲ။ ကျွန်တော်တို့တွေ သတိထား အာရုံစိုက်ပြီး ဆက်သွယ်ကြတာပါပဲ။ လူသားတွေဟာ သူတို့အဖေါ်တွေ ဘာ တွေးနေသလဲဆိုတာ မျက်နှာရိပ် မျက်နှာကဲကို သတိပြု စောင့်ကြည့်ပြီး အကဲဖြတ်တတ်ကြပါတယ်။ ကျွန်တော်တို့တွေက မျက်နှာအမူ အယာကို အရေးကြီးတယ်လို့ ယူဆကြတဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံကြတဲ့အခါ မျက်နှာအမူအရာကိုပဲ ဂရုစိုက်ကြတယ်။ ဒီလို အရေးကြီး တယ် ထင်လို့လည်း မျက်နှာ အမူအရာနဲ့ပဲ တုံ့ပြန်ကြတယ်။ အဲဒီလို တုံ့ပြန် ကြတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် ပြောဆို ဆက်ဆံရာမှာ မျက်နှာအမူ အရာက အရေးကြီးလာပါတယ်။

ကိုယ့်ကို လူတစ်ယောက်က ညစာဖိတ်ကျွေးပြီ ဆိုတဲ့အခါ ကောင်းရဲ့ လားလို့ မေးတော့ ကိုယ်က ကောင်းပါတယ်လို့ ဖြေတတ်ကြပါတယ်။ နောက် တစ်ခါကျလို့ ကိုယ့်ကိုမေးလို့ ပြန်ဖြေပြီ ဆိုတဲ့အခါမှာ အိမ်ရှင်က ကိုယ်ပြန် ဖြေတဲ့ စကားကိုသာမက ကိုယ့်ဆီကတုံ့ပြန်လာမယ့် ဒီပြင် အမူအရာ တွေကိုပါ စောင့်ကြည့်နေတယ်ဆိုတာ သတိပြုဖို့ပါပဲ။

☺ ☺ ☺

အိမ်ထောင်သည်တွေ အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံကြရာမှာ ကိုယ့်အပြုအမူတွေ မသိမသာလေး ပြောင်းလဲသွားတာကို သတိပြုပြီး ကိုယ့်ခံစားမှုကို ထုတ်ဖော်ပြတတ်သူတွေဟာ အဲဒီလို မပြတဲ့ သူတွေထက်စာရင် ၁၇ ရာခိုင်နှုန်းလောက် စိတ်ကျေနပ်မှု ပိုမို မြင့်မားစွာ ခံစား ရလေ့ ရှိပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၄
## ဘာဖြစ်ခဲ့သလဲ ဆိုတာထက် ဖြစ်ခဲ့တာအပေါ် သင်ဘယ်လိုထင်သလဲဆိုတာ ပိုအရေးကြီးတယ်

ကိုယ် ဖြတ်သန်းပြီးခဲ့တဲ့ ဘဝကြီးတစ်ခုလုံး၊ တစ်နေ့တာ ဒါမှမဟုတ် တစ်နာရီဟာ ကောင်းသလား ဆိုးသလား ဆိုတာကို မမှုမှန်ကျကျ ပြောဖို့ နည်းလမ်း မရှိပါဘူး။ ကိုယ့်ဘဝ အောင်မြင်မှု ရှိမရှိဆိုတာဟာ ကိုယ်က ဘယ်လိုမြင်သလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

☺ ☺ ☺



မကြာသေးမီတုန်းက ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အစုနှစ်စုက လူတွေကို သတင်းစာ တစ်စောင်က ဆောင်းပါးတစ်စောင် ဖတ်ခိုင်းပြီး သုတေသန တစ်ခု လုပ်ကြည့်ပါတယ်။ အဲဒီ လူတွေကို ဆောင်းပါး အသေအချာ ဖတ်ခိုင်းပြီး





သူတို့ ထင်မြင်ချက်ကို တောင်းခံကြည့်ပါတယ်။ ခြုံကြည့်လိုက်တဲ့အခါ လူတွေက ဒီဆောင်းပါးဟာ သူတို့ ရပ်တည်ချက်နဲ့ ကွဲလွဲပြီး တစ်ဖက်ကို ဘက်လိုက်ထားတယ်လို့ ယူဆကြပါတယ်။ တိတိကျကျဆိုရရင် ဘက်နှစ်ဖက်မှာ ရှိနေကြတဲ့ သူတွေက ဆောင်းပါးဟာ သူတို့ဘက်နဲ့ ဆန့်ကျင်ပြီး တစ်ဖက်ကို ဘက်လိုက်ထားတယ်လို့ ထင်ကြတာပါ။ အမြင် မတူတဲ့သူတွေ ဘက်နှစ်ဖက်ရှိကြရာမှာ တစ်ခုတည်းသော ဆောင်းပါးကပဲ နှစ်ဖက်စလုံးကို ဘက်လိုက်တယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်စရာ မရှိပါဘူး။ သူတို့တွေရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ လွှမ်းမိုးသွားတာ ဒီဆောင်းပါးထဲက အကြောင်းအရာတွေ မဟုတ်ပါဘူး။ သူတို့မြင်တဲ့ ရှုထောင့်တွေကပဲ လွှမ်းမိုးသွားတာပါ။ ဘဝမှာ ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်တွေဟာလည်း ဒီအတိုင်းပဲ အကျိုးသက်ရောက်နေပါတယ်။ ဖြစ်ရပ်, တစ်ခုတည်းအပေါ်မှာ အကောင်းမြင် လို့ရသလို အဆိုးမြင်လို့လည်း ရပါတယ်။ ဒါဟာ ကိုယ် ကြည့်လိုက်တဲ့ ရှုထောင့်အပေါ်မှာပဲ မူတည်နေပါတယ်။

☺ ☺ ☺

လူတွေ သူတို့ဘဝမှာ စိတ်ကျေနပ်မှု ဘယ်လောက် ရနေပြီလဲလို့ တိုင်းတာ သတ်မှတ်တော့မယ်ဆိုရင် မကြာသေးခင်တုန်းက သူတို့ရရှိခဲ့တဲ့ အောင်မြင်မှု ဒါမှမဟုတ် ဆုံးရှုံးမှုတွေနဲ့ ချိန်ထိုး သတ်မှတ်ကြည့်လို့ မရပါဘူး။ အဲဒီ အဖြစ်အပျက်တွေ ဖြစ်ပွားခဲ့ရာမှာ အကြောင်းရင်းခံက ဘာလဲ၊ အကျိုးသက်ရောက်မှုက ဘာလဲဆိုပြီး သူတို့ ထင်မှတ်ထားတဲ့ အချက်တွေအပေါ် မူတည်ပြီး တိုင်းတာ သတ်မှတ်မှ မှန်နိုင်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၅
## ချစ်ခင်မြတ်နိုးသောသူများနှင့် စိတ်ဝင်စားမှုချင်း တူညီပါစေ

ကိုယ့် မိသားစုထဲမှာဖြစ်ဖြစ်၊ ကိုယ့် မိတ်ဆွေအပေါင်းအသင်းထဲမှာဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် စိတ်ပါဝင်စားမှုချင်း တူညီကြတယ်ဆိုရင် နေရထိုင်ရတာ ပိုပြီး ပျော်ရွှင်စရာ ကောင်းပါတယ်။ ဒီလို တူညီကြမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် တွယ်တာမှုသံယောဇဉ်တွေဟာ အခြေအနေပေးလို့ ဖြစ်ပေါ်လာတာထက် ပိုပြီးခိုင်မြဲသွားပါလိမ့်မယ်။

☺ ☺ ☺



တွမ်တို့ မိသားစုဝင် အားလုံးဟာ လေထီးခုန်ဆင်းရတာကို သိပ်နှစ်ခြိုက်ကြပါတယ်။ တွမ်ကတော့ ဒါကို " ဒီပြင်လူတွေအတွက်တော့ ဆန်းချင်ဆန်းနေမှာပေါ့ဗျာ၊ ကိုယ့် မိသားစုအချင်းချင်း ဒီလိုနည်းနဲ့ တစ်နေ့တာ အချိန်မှာ အတူတူနေလိုက်ကြရတာ သိပ်ကောင်းပါတယ် " လို့ ရှင်းပြပါတယ်။





တွမ်နဲ့ သူ့သားဟာ လေထီးခုန်တာကို အတူတူလေ့ကျင့် ကြည့်ကြပါတယ်။ ဒါကို သိပ်သဘောကျသွားကြတဲ့အတွက် လေထီးခုန်ဆင်းတာကို သင်ယူပြီးတဲ့နောက် ဆရာ မပါဘဲ ခုန်ဆင်းတတ်တဲ့အထိ လေ့ကျင့်ကြည့်ဖို့ ဆုံးဖြတ်လိုက် ကြပါတယ်။

မကြာခင် တွမ့် ဇနီးသည်ရော သမီးဖြစ်သူပါ သူတို့သားအဖနဲ့ အတူလိုက်ပြီး ခုန်ဆင်းကြပါတယ်။ တစ်မိသားစုလုံး လေထီးခုန်ဆင်းကြတာကို ပျော်နေကြတာပါ။ ရက်သတ္တပတ် အားလပ်ရက်ရပြီဆိုရင် သူတို့မိသားစုဟာ လေယာဉ်ပေါ်ကနေ လေးငါးကြိမ်လောက်ကို ခုန်ဆင်းဖြစ်ကြပါတော့တယ်။

တွမ်တို့မိသားစုက သူတို့ဝါသနာနဲ့သူတို့ ပျော်မွေ့နေကြရာက ဒီဝါသနာကြောင့်ပဲ တစ်မိသားစုလုံး အတူတူ နေနေရတာကိုပါ သဘောကျလာကြပါတယ်။ တွမ်နဲ့ သူ့ဇနီးတို့ဟာ သူတို့ရဲ့ တစ်ကျော့ပြန် မင်္ဂလာပွဲကိုတောင် ပေ ၄၀၀၀ ကျော် အမြင့်မှာ ပျံသန်းနေတဲ့ လေယာဉ်ပေါ် ဆင်နွှဲခဲ့ကြပါတယ်။ ပြီးတော့မှ ဧည့်သည်တွေ၊ သူတို့ သားသမီးတွေ ရှေ့မှာ လေယာဉ်ပေါ်ကနေ ခုန်ဆင်းကြပါတယ်။

☺ ☺ ☺

**လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံကြပြီဆိုရင် သူတို့တွေအကြား စိတ်ဝင်စားမှု တူညီရင်တူညီတာနဲ့အမျှ သူတို့ရဲ့ ဆက်ဆံရေးတာရှည် မြဲမြံစရာအကြောင်း ရှိလာပါတယ်။ အဲဒီကနေ ဘဝမှာ စိတ်ကျေနပ်မှု ၂ ရာနိုင်နှုန်းအထိ တိုးတက် ဖြစ်ပေါ်နိုင်ပါတယ်။**

www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၆
## ရယ်မောပါ

ရယ်စရာ မောစရာ တွေ့တဲ့အခါ "ဟင် ဒါက တကယ်ရော ရယ်စရာကောင်းလို့လား"၊ "ဒီပြင် လူတွေကရော ရယ်စရာလို့ ထင်ပါ့မလား" စတဲ့ မေးခွန်းတွေ ပြန်ပြန်မေးပြီး ရယ်သင့်၊ မရယ်သင့် ပိုင်းဖြတ်ရင်း အချိန်တွေ ကုန်မသွားပါနဲ့။ ရယ်စရာ တွေ့ရင် ရယ်ပြီး ပျော်ပျော်သာ နေလိုက်ပါ။

☺ ☺ ☺



အမေရိကန် ရောဂါကုထုံးနဲ့ ရယ်မောခြင်း အသင်းကြီးက ကျွန်တော်တို့တွေဟာ ကောင်းကောင်း ရယ်မောဖို့ မေ့နေတတ်ကြတယ်လို့ ထောက်ပြပါတယ်။

ဒီလို ထောက်ပြတာကို စီးပွားရေးလုပ်ငန်း အတိုင်ပင်ခံတွေ ပိုပြီးသိရှိလာကြတာနဲ့အမျှ လက်တွေ့ကျင့်သုံး ကြည့်လိုက်တဲ့အခါ ဝန်ထမ်းတစ်ယောက်ဟာ နည်းနည်းပဲ ရယ်မောလိုက်တာနဲ့ ဝန်ထမ်းကောင်း ဖြစ်လာနိုင်တယ်လို့ တွေ့ရှိရပါတယ်။

ဒါကြောင့်လည်း တစ်နိုင်ငံလုံးက စီးပွားရေးလုပ်ငန်းကြီးတွေဟာ သူတို့ဝန်ထမ်းတွေကို အယ်လ်ဗစ် ပရက်စလေလို ဝတ်ကြတဲ့နေ့တို့၊ လူပြက်တွေလို





ဝတ်ပြီး ခန်းမကြီးထဲ ဟိုတိုးသည်ဝင်နဲ့ တဝါးဝါး ရယ်ရတဲ့ပွဲတို့၊ စက္ကူ လေယာဉ်လေးတွေ ခေါက်ပြီး ဘယ်သူက အဝေးဆုံး ပစ်နိုင်သလဲ ပြိုင်ပွဲတို့ စတဲ့ ပျော်စရာ ရွှင်စရာ အခမ်းအနားတွေကို ပြုလုပ်ပေးလာကြပါတယ်။

ဘာကြောင့်များ လုပ်ပေးရတာပါလိမ့်။ ကျွန်တော်တို့မှာ နေ့စဉ်နေ့တိုင်း ပုံသေဖြစ်နေတာတွေကို ခါထုတ်ပစ်လိုက်တဲ့အခါ တီထွင်ဖန်တီးနိုင်စွမ်း၊ ထုတ်လုပ်နိုင်စွမ်းနဲ့ လုပ်ငန်းအပေါ် ကျေနပ်နှစ်သက်မှုတွေ ပိုမို ရရှိလာပါတယ်။

အမေရိကန် ရောဂါကုထုံးနဲ့ ရယ်မောခြင်း အသင်းကြီးက ပြောလေ့ရှိတာတစ်ခုက အလုပ်ထဲမှာပဲဖြစ်ဖြစ်၊ နေအိမ်မှာပဲဖြစ်ဖြစ် "ပျော်ရွှင်မှုဆိုတာ ရယ်စရာပါ" တဲ့။

☺ ☺ ☺

**အရွယ်ရောက်ပြီးသူ ရာပေါင်းများစွာကို သုတေသန ပြုလုပ်ချက်တွေအရ ပျော်ရွှင်မှုဟာ ရယ်မောခြင်းနဲ့ ဆက်စပ်နေတယ်လို့ တွေ့ရှိရပါတယ်။ ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး ရယ်တာပဲဖြစ်ဖြစ်၊ ပြက်လုံး ကောင်းကောင်း တစ်ခုတွေ့လို့ ရယ်တာပဲဖြစ်ဖြစ် ရယ်မောနိုင်စွမ်း ရှိခြင်းဟာ ဘဝမှာ စိတ်ကျေနပ်လောက်စရာ ရှိနေခြင်းပဲ ဖြစ်ပါတယ်။ အမှန်ပြောရရင် ကလေးကလား ဟာသတွေ တွေ့လို့ ရယ်မောတဲ့ သူတွေဟာ သုံးပုံ တစ်ပုံလောက် ပိုမိုပျော်ရွှင်တတ်ကြပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၇
## ဘဝ တစ်ခုလုံးကို အရာတစ်ခုတည်း အပေါ် မှုတည် မထားနဲ့

ဘဝဆိုတာ မတူခြားနားတဲ့ အရာတွေ အများကြီး ပေါင်းစပ် ပါဝင်ထားတာပါ။ အဲဒီထဲကမှ အရာတစ်ခုတည်း ပေါ်မှာပဲ သင့်ဘဝကို မှုတည် မထားလိုက်ပါနဲ့။ ကိုယ် မှုတည်ထားတဲ့အရာက မတည်မငြိမ် ဖြစ်လာပြီဆိုတာနဲ့ ကိုယ့်မှာ နှစ်သက်ပျော်ရွှင်စရာတွေ မခံစားရတော့ဘဲ ဖြစ်သွားပါလိမ့်မယ်။ ကိုယ်က တစ်ချိန်လုံး အဲဒီ အပေါ်ပဲ စိတ်ရောက်နေတဲ့အခါ ကိုယ့်မှာရှိတဲ့ အခြား စိတ်ပျော်ရွှင်စရာလေးတွေ၊ ကိုယ် မြတ်နိုးတန်ဖိုးထားရတဲ့ အရာလေးတွေအပေါ် မခံစားနိုင်လောက်အောင် ထုံထိုင်းသွားပါလိမ့်မယ်။

☺ ☺ ☺



ကိုယ့်မှာ ငွေတွေရှိတဲ့အခါ ရှိသမျှငွေတွေ အားလုံးကို ကုမ္ပဏီတစ်ခုတည်းက ရှယ်ယာတွေကိုပဲ ဝယ်ယူရင်းနှီးမြှုပ်နှံမလား။ ဘယ်မြှုပ်နှံပါ့မလဲ။ ဘဏ္ဍာရေးဆိုင်ရာ အတိုင်ပင်ခံတိုင်းကလည်း ငွေကြေးရင်းနှီးမြှုပ်နှံတဲ့အခါ နေရာ





အမျိုးမျိုးမှာ ခွဲခြားပြီး ရင်းနှီးမြှုပ်နှံဖို့ အကြံပေးပါလိမ့်မယ်။ သင်ကိုယ်တိုင်ကလည်း ကုမ္ပဏီတစ်ခုတည်း ဒါမှမဟုတ် ကုမ္ပဏီအမျိုးအစား တစ်ခုတည်း အပေါ် မျှော်လင့်ချက်တွေ အားလုံး စုပြုံမထားသင့်ပါဘူး။ အဲဒီလို လုပ်မယ့်အစား ရင်းနှီးမြှုပ်နှံသင့်တဲ့ လုပ်ငန်းအမျိုးအစားတွေကို ဉာဏ်ရှိရှိနဲ့ ရွေးသင့်ပါတယ်။ ကိုယ့်မှာ စုထားဆောင်းထားတာတွေ တစ်ချိုတည်းနဲ့ ပြိုပျက်သွားစေနိုင်လောက်တဲ့အထိ တစ်နေရာတည်းမှာ ပုံပြီး မမြှုပ်နှံသင့်ပါဘူး။

ဒီမူသဘောဟာ ကိုယ်နေနေရတဲ့ ဘဝနဲ့လည်း အများကြီး ဆိုင်ပါတယ်။ ကိုယ့် မျှော်လင့်ချက်တွေကိုလည်း အမျိုးမျိုး ခွဲဝေ လျာထားတတ်ဖို့ လိုပါတယ်။ ရုံးမှာ ရာထူးတိုးလိမ့်မယ်ဆိုပြီး မျှော်လင့်ချက်အပြည့် မထားလိုက်ပါနဲ့။ ရုံးမှာ ထင်ထားသလို ဖြစ်မလာတဲ့အခါ စိတ်ဓာတ်ကြေကွဲပြီး ချမ်းမြေ့သာယာနေတဲ့ မိသားစုဘဝပါ ထိခိုက်ပျက်ပြား သွားနိုင်ပါတယ်။

မိသားစုဘဝမှာလည်း မိသားစုဝင်တစ်ဦးတည်းနဲ့ပဲ ပြေလည်အောင် အစွမ်းကုန် ဆက်ဆံမယ် ဆိုတာမျိုး မလုပ်လိုက်ပါနဲ့။ အဲဒီသူနဲ့ ဆက်ဆံရေး အဆင်မပြေတဲ့အခါ အကြီးအကျယ် စိတ်ပျက်လက်ပျက် ဖြစ်ရပါလိမ့်မယ်။

ကိုယ် ထားရှိမယ့် မျှော်လင့်ချက်တွေကို ပတ်ဝန်းကျင်မှာ ကိုယ့် အတွက် အရေးကြီးမယ့် အရာတွေ အများကြီးအပေါ် ထားကြည့်လိုက်ပါ။ ကိုယ့် ဘဝကို မတူခြားနားတဲ့အရာတွေ အမျိုးမျိုးက ပြန်ပြီး အကျိုးကျေးဇူးပြုတာကို ခံယူလိုက်ပါ။ ကိုယ် သွားမယ့်လမ်းမှာ တွေ့ရတဲ့ အဆင်မပြေတာ တစ်ခုခုကြောင့်နဲ့တော့ ဘယ်တော့မှ စိတ်ပျက်လက်ပျက် အဖြစ်မခံပါနဲ့။

☺ ☺ ☺

**စမ်းသပ်မှုတစ်ခုမှာ အစမ်းသပ်ခံ လူတွေကို အခြားသူတွေရဲ့ ဘဝကျေနပ်မှုတွေ အကြောင်း ဆွေးနွေးကြည့်ခိုင်းတယ်။ အစမ်းသပ်ခံ လူတွေက ပျော်ရွှင်မှု ရရှိလာနိုင်တဲ့ အလားအလာနဲ့ ပတ်သက်ပြီး ယေဘုယျသဘောမျိုး ပြောကြတာ တွေ့ရတယ်။**

**စိတ်ဝင်စားစရာ နယ်ပယ် များတဲ့သူတွေဟာ ယေဘုယျအားဖြင့် အကောင်းမြင်တတ်ကြပြီး အဲဒီ သူတွေရဲ့ဘဝဟာ ပိုပြီး ပျော်ရွှင်မှု ရတတ်ကြောင်း ညွှန်ပြနေပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၃၈

## မျှဝေ ခံစားတတ်ပါစေ

ကိုယ့် ခံစားချက် ကိုယ့် အတွေးနဲ့ ကိုယ့် မျှော်လင့်ချက်တွေကို ကိုယ့် ဘာသာ ကြိတ်မှိတ် မျိုသိပ် မထားပါနဲ့။ ကိုယ့် မိတ်ဆွေ၊ ကိုယ့် မိသားစုတွေကို ဖွင့်ပြောပြီး မျှဝေခံစား ကြည့်လိုက်ပါ။ အခြားသူတွေဟာ ငါတို့အပေါ်မှာ နားလည်မှာ မဟုတ်ဘူးထင်ပြီး မျိုသိပ် ခံစားတတ်တဲ့ လူတွေဟာ အထီးကျန် ဖြစ်တတ်ပါတယ်။ မျှဝေ ခံစားတတ်တဲ့ သူတွေမှာကျတော့ သူတို့ထင်ထားတဲ့အတိုင်း ဖြစ်မလာတာတောင်မှ ရင်းနှီးချစ်ခင်သူတွေရဲ့ အားပေးမှု ရရှိတဲ့အတွက် စိတ်ထဲမှာ ပိုပြီး ကျေနပ်လာတတ်ကြပါတယ်။

☺ ☺ ☺



ရိုဇ် ပန်းချီဆရာမ ဖြစ်လာတာ နှစ်အတော်ကြာလှပါပြီ။ အချိန် ရပြီဆိုရင် ရို့စ်က ရှုမျှော်ခင်းလှလှလေးတွေကို ရေဆေးပန်းချီ ရေးလေ့ရှိတယ်။ ရို့စ်က





သူ့ပန်းချီလက်ရာတွေကို ဒေသအတွင်းက ပန်းချီပြပွဲတွေ၊ ပန်းချီအရောင်းဆိုင်လေးနဲ့ ဂယ်လာရီတွေမှာ မကြာခဏ တင်သွင်းပြလေ့ ရှိပါတယ်။ ပန်းချီကားတွေနဲ့ ပတ်သက်လာရင် သူ့မိသားစု မေးတတ်တဲ့ မေးခွန်းတွေက "ပန်းချီကားရောင်း ရသေးလား" ဒါမှမဟုတ် "ပန်းချီကား ရောင်းတော့ ဘယ်လောက်ရလဲ" ဆိုတာ မျိုးတွေချည်းပါပဲ။

ရို့စ်အဖို့မှာတော့ ဒီလို ပန်းချီရေးဆွဲပြလိုက်တာဟာ သူ့ရင်ထဲမှာ ခံစားနေရတာကို ဖော်ထုတ် ပြလိုက်တာပါပဲ။ ကိုယ်ကသာ အလေးထားပြီး ပြတာဖြစ်ပေမယ့် သူတို့က ရို့စ်အပေါ် လုံးဝနားမလည်ကြဘူး။ ရို့စ်က ငွေကြေးအတွက် ပန်းချီဆွဲတာမဟုတ်လို့ ရောင်းရသည်ဖြစ်စေ မရောင်းရသည် ဖြစ်စေ သိပ် အရေးမကြီးလှဘူး။ စ ဆွဲ ကတည်းကိုက အမြတ်ရအောင်မှ မဟုတ်တာ၊ ကိုယ့် စိတ်ကျေနပ်မှုအတွက်ပဲ ကိုယ် ဆွဲတာပဲကို။ ဒါကြောင့်မို့ ပန်းချီရေးတာ ပိုက်ဆံရလားလို့ မေးလာတိုင်း စိတ်ထဲ အတော်လေး ထိခိုက် သွားတတ်တယ်။

လူတွေ ငါ့ကို ဘာလို့ နားမလည်ကြပါလိမ့်လို့ ရို့စ်ခမျာ စဉ်းစားရှာ တယ်။ ငါ့အနားမှာ နေကြတဲ့ သူတွေဟာ ငါနဲ့ ဘာလို့ ဒီလောက်တောင် အလှမ်း ကွာနေရပါလိမ့် ဆိုပြီးတော့လည်း တွေးမိတယ်။ ဒီအတွေး ပေါ်ပေါ်လာတာနဲ့ အမျှ သူ့ မိသားစုနဲ့နေရတာ ပျော်ပျော်မလာတော့ဘူး။ နောက်မှ ရို့စ်က သွား တွေးမိတယ်။ သူ့ မိသားစုက သူ့စိတ်ထဲ ရှိတာကို ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။ သူတို့တွေ သူ့အပေါ် နားမလည်ကြတာဟာ သူကိုယ်တိုင်က သူ့အတွက် ဘာတွေ အရေးကြီးတယ် ဆိုတာကို သူတို့ နားလည်လောက်အောင် ရှင်းမပြခဲ့လို့ပဲ ဆိုတာ သဘောပေါက်သွားတယ်။

☺ ☺ ☺

လူမှုဆက်ဆံရေးမှာ ပိုပြီးပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်ကြသူတွေ ဟာ မပွင့်မလင်း ဆက်ဆံတတ်ကြသူတွေထက် ၂၄ ရာခိုင်နှုန်းလောက် စိတ် ကျေနပ်မှု ပိုမို ရရှိတတ်ကြတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၄၉
## အလုပ်များနေတာ ငြီးငွေ့နေရတာထက် ပိုကောင်းတယ်

တစ်ခုခု လုပ်စရာရှာကြည့်ပါ။ ဘာမှ လုပ်စရာမရှိဘဲ နေရတာထက် အလုပ်တွေ လုပ်စရာ များနေတာက ပိုပြီး နေလို့ထိုင်လို့ ကောင်းပါတယ်။

☺ ☺ ☺



ဒဿန ပညာရှင်တစ်ဦးက လူတွေဟာ မသေရတဲ့ အဖြစ်ကိုသာ လိုချင်နေကြတာ၊ ဒါပေမဲ့ မိုးရွာနေတဲ့ နေ့လယ်ခင်းတစ်ခုမှာ လုပ်စရာတွေ မရှိဘဲ ဖြစ်သွားတတ်တယ်လို့ မှတ်ချက်ချဖူးပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့တွေဟာ ကိုယ့်အချိန်တွေကို ရေရှည်ကာလအတွက် စနစ်တကျ အစီအစဉ် ရေးဆွဲပြီး





ကြည့်လိုက်ရင် ဥပမာအားဖြင့် အနှစ် နှစ်ဆယ်စာလောက်မှာ ငါးနှစ် သို့မဟုတ် ဆယ်နှစ်စာလောက်ဟာ သက်သက်မဲ့ အချိန်တွေ ကုန်သွားခဲ့ပါလားလို့ မစဉ်းစား ဖြစ်ကြပါဘူး။ သာမန်နေ့တစ်နေ့ကို ပြန်သုံးသပ်ကြည့်လိုက်ရင် နာရီ အနည်းငယ် စာလောက်ဟာ အမှတ်တမဲ့နဲ့ ကုန်ဆုံးသွားတာ မကြာခဏ တွေ့ရပါလိမ့်မယ်။ အချိန်ဆိုတာ အလွန်ထူးဆန်းတဲ့ ကုန်ပစ္စည်း တစ်ခုလိုပါပဲ။ ကျွန်တော်တို့မှာ အချိန်တွေ အများကြီး ရှိတယ်လို့သာ ထင်ထားတာ၊ တကယ်တမ်း ကျတော့မှ ကိုယ့်မှာ ဘာမှ မရှိခဲ့ပါလားဆိုတာ သိကြရတယ်။ ကျွန်တော်တို့တွေဟာ လုပ်စရာ တွေ များလိုက်တာလို့ မကြာမကြာ ငြီးငြူမိကြပါရဲ့။ လုပ်စရာတွေ များလိုက်တာ လို့ ဆိုတာဟာ ပေါများလျှံပယ်ခြင်းရဲ့ အပြုသဘောဆောင်တဲ့ လက္ခဏာပါ။ လုပ်စရာတွေ နည်းနည်းပဲ ရှိတယ်ဆိုတာကတော့ ပြတ်လပ်နေခြင်းရဲ့ အနုတ် သဘောဆောင်တဲ့ လက္ခဏာပါ။

အင်ဒီယားနား ပြည်နယ်မှာရှိတဲ့ မက်ကရီ ပလပ်စတစ် နည်းပညာ ကုမ္ပဏီဟာ ဒီသဘောတရားကို စမ်းသပ်တဲ့အနေနဲ့ သူ့ဝန်ထမ်းတွေရဲ့ အလုပ် ချိန်ကို တစ်ပတ် နာရီလေးဆယ်အစား နာရီသုံးဆယ်အထိ လျှော့ချပေးလိုက် တယ်။ ဒီလို အပြောင်းအလဲ လုပ်ပေးတော့ ဘာများ ဖြစ်လာမယ်ထင်ပါသလဲ။ ကုမ္ပဏီရဲ့ ထုတ်ကုန်တွေ အရည်အသွေး ပိုတက်လာသလို ကုမ္ပဏီအနေနဲ့လည်း ဝင်ငွေ ပိုမို တိုးတက်ရရှိလာပါတယ်။ စီမံခန့်ခွဲရေး ရှုထောင့်ကကြည့်ရင် လုပ်သားတွေကို အချိန်နည်းနည်းအတွင်းမှာ အလုပ်များများပြီးအောင် လုပ်နိုင်း တဲ့အတွက် သူတို့တွေ ပိုပြီး စွမ်းဆောင်ရည်ကောင်းလာ၊ ခွန်နဲ့အားနဲ့ လုပ်လာကြသလို စိတ်ပါဝင်စားမှုလည်း အားကောင်းလာကြတဲ့အပြင် သူတို့တွေ ကိုယ်ပိုင် အားလပ်ချိန် ပိုမို ရရှိလာကြပါတယ်။

☺ ☺ ☺

ကောလိပ်ကျောင်းသားတွေကို လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ရာမှာ တစ်ခုပြီးတစ်ခု ဖယ်ဆက်သလိုလုပ်ရမယ့် အချိန်ဇယားနဲ့ အညီနေတဲ့ ကျောင်းသား တွေဟာ ဘဝအပေါ်မှာ ၁၅ ရာခိုင်နှုန်း ပိုမိုကျေနပ်မှု ရရှိကြပါတယ်။ စမ်းသပ်မှု ခံယူရတဲ့သူတွေဟာ အချိန်ဇယားအရ လုပ်ရမယ့်အလုပ်တွေ များနေကြပေမယ့် အလုပ်နည်းနည်းပဲ လုပ်ရတဲ့ သူတွေထက် စိတ်ဖိစီးမှု ပိုမို ခံစားရတာမျိုး မရှိကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၄၀
## စိတ်ကျေနပ်မှုကို နှိုင်းယှဉ်ကြည့်တတ်ဖို့ လိုတယ်

ကိုယ် ပျော်ရွှင်မှု ဘယ်လောက် ရမရဆိုတာကို ကိုယ့်ဘာသာ ဖန်တီးသတ်မှတ်ထားတဲ့ စံနဲ့ပဲ တိုင်းတာသတ်မှတ်ကြတာပါ။ အခု လောလောဆယ် ကိုယ် စိတ်ဘယ်လောက် ပျော်ရွှင်သလဲဆိုတာကို ကိုယ့်ဘဝမှာ အပျော်ဆုံး ခံစားခဲ့ဖူးတဲ့ နှစ်ကြိမ်၊ သုံးကြိမ်နဲ့ ပြန်ပြီး နှိုင်းယှဉ်ကြည့်လိုက်ရင် သင် စိတ်ပျက်လက်ပျက်ဖြစ်သွားနိုင်တယ်။ အဲဒီတုန်းက ကိုယ် ခံစားခဲ့ရတာတွေက နောက်ထပ် အလားတူ ခံစားမရနိုင်လို့ပါပဲ။ တကယ်လို့ ကိုယ် ဒီနေ့မှာ ရရှိတဲ့ စိတ်ကျေနပ်မှုကို ကိုယ့်ဘဝမှာ ကျဉ်းထဲကြပ်ထဲ စိတ် ပင်ပန်းဆင်းရဲခဲ့ရတဲ့ နေ့တွေနဲ့ ပြန် နှိုင်းယှဉ်ကြည့်လိုက်ပါ။ ခု ရောက်ရှိနေရတဲ့ အချိန်လေးကို သင် အများကြီး တန်ဖိုးထားမိသွားပါလိမ့်မယ်။

☺ ☺ ☺







ဘော်ဘီဟာ သိပ်တော်တဲ့ ကျောင်းသားတစ်ယောက်လားလို့ ဆန်းစစ်ကြည့်ကြပါစို့။ သူ့ကို ဘယ်သူတွေနဲ့ နှိုင်းယှဉ်ကြည့်မလဲ။ သူနဲ့ အတန်းတက်ဖက် ကျောင်းသားတွေနဲ့ နှိုင်းယှဉ်ကြည့်မလား။ အိုင်းစတိုင်းနဲ့ နှိုင်းယှဉ်ကြည့်မလား။ ဒီလိုပဲ ဟယ်ရီဆန်ဖို့ဒ်ကို သိပ်တော်တဲ့ မင်းသားလို့ ဆိုပါစို့။ ကီယာနူး ရိဗ်စ်နဲ့ နှိုင်းပြောတာလား၊ ရောဘတ် ဒီနီရိုးနဲ့ နှိုင်းပြီး ပြောတာလား။

ဒီကနေ့ကို နေ့ကောင်းရက်သာ တစ်ရက်လို့ပဲဆိုရင် သင် ဘွဲ့ယူတဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့၊ ပျော်ရွှင်စရာတွေ ဆင်နွှဲတဲ့နေ့တွေနဲ့ နှိုင်းယှဉ်ပြောတာလား။

ထုံးစံအတိုင်း ကိုယ်နေနေကျ သာမန်နေ့ တစ်ရက်နဲ့ပဲ နှိုင်းယှဉ်ပြောတာလား။ ဒီတော့ ကျွန်တော်တို့အဖို့မှာ ကိုယ် နှိုင်းယှဉ်စဉ်းစားမယ့် အရာတွေကို သမာသမတ်ကျတဲ့ ရှုထောင့်တွေကနေ ဆင်ခြင် စဉ်းစား ကြည့်ဖို့လိုပါတယ်။

အလုပ်ခွင်မှာ ရောက်နေတဲ့ သူတွေဟာ အလုပ်ထဲမှာ သူတို့ ပျော်မပျော် ဆိုတာကို သူတို့ မိသားစုဘဝတွေနဲ့ နှိုင်းယှဉ်ချိန်ထိုးပြီး ထူးထူးခြားခြား စဉ်းစား ဆုံးဖြတ်လေ့ ရှိကြတာကို ရပ်ဂါးစ် တက္ကသိုလ်က မနုဿဗေဒ ပညာရှင်တွေက တွေ့ရှိခဲ့ပါတယ်။ လူအတော်များများက သူတို့ အလုပ်တွေဟာ သူတို့ မိသားစုဘဝ တွေ့ကြုံရတာထက် ပိုပြီးခံသာသေးတယ်။ မိသားစုဘဝမှာ တွေ့ကြုံနေရတာတွေက စိတ်ပင်ပန်းမှု ပိုဖြစ်ရတယ်လို့ ထင်ကြတာပါ။

လူတွေဟာ လုပ်ငန်းခွင်ထဲမှာ စနစ်တကျ နေရတာနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေရတာတွေကို ပိုပြီးသဘောကျကြတယ်။ ဒါနဲ့နှိုင်းယှဉ်ပြီး အိမ်မှာ မိသားစုနဲ့နေရတာဟာ ခက်ခဲပင်ပန်းတယ်၊ ဖိအားတွေများတယ်ဆိုပြီး ထင်ကြတယ်လို့ ရပ်ဂါးစ် သုတေသီတွေက လေ့လာတွေ့ရှိခဲ့ပါတယ်။

ဝမ်းနည်းစရာကောင်းပေမယ့် အမှန်အတိုင်းပဲ ပြောရမယ်ဆိုရင် ကိုယ့်အိမ်မှာ မိသားစု နေနေရတဲ့ဘဝကို လုပ်ငန်းခွင်မှာ အဆင်ပြေပြေနေရသလိုမျိုး သွားပြီး မျှော်လင့်လို့ မရပါဘူး။ အလုပ်ကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျန်တဲ့ အလုပ်တွေနဲ့ပဲ နှိုင်းယှဉ်ကြည့်သင့်ပါတယ်။ အိမ်မှာနေရတဲ့ ဘဝနဲ့ မနှိုင်းယှဉ်သင့်ပါဘူး။ နှစ်ခုစလုံးဟာ သူ့ဟာနဲ့သူ ခက်ခဲ ရှုပ်ထွေးသလို ရလာမယ့် အကျိုးဆက်တွေကလည်း သူ့ဟာနဲ့သူ ရှိနေလို့ပါ။

အလုပ်ထဲမှာ နေရတဲ့ တစ်နေ့တာကို အလုပ်ထဲမှာ နေရတဲ့ အခြားနေ့ တစ်နေ့နဲ့ပဲ နှိုင်းယှဉ်ကြည့်သင့်ပါတယ်။ အိမ်မှာ နေရတဲ့ တစ်နေ့တာကိုလည်း အလားတူနေရတဲ့ အခြားနေ့တစ်နေ့နဲ့ ချိန်ထိုး စဉ်းစားကြည့်ဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



☺ ☺ ☺

ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြတဲ့သူတွေဟာ မပျော်မရွှင် ဖြစ်နေကြတဲ့ သူတွေထက် အပြုသဘောဘက်ကိုဆောင်တဲ့ အတွေ့အကြုံတွေ ပိုရကြတယ် ဆိုတာကို လေ့လာဆန်းစစ်ချက်တွေမှာ တွေ့ရတာ သိပ် အံ့သြစရာ မရှိပါဘူး။ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြတဲ့သူတွေဟာ မပျော်မရွှင် ဖြစ်နေကြတဲ့သူတွေ တွေ့ကြုံကြရသလို တွေ့ကြုံကြတာပါပဲလို့ စူးစမ်းချက်တွေမှာ ပေါ်ပေါက်နေပါတယ်။ အမှန်တကယ် ကွာခြားတာကတော့ သူတို့ တွေ့ကြုံခံစားရတာကို အပြုသဘောလို့ မြင်လား၊ အပျက်သဘောလို့ မြင်လား ဆိုတာပါပဲ။ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြတဲ့ သူတွေဟာ သူတို့ တွေ့ကြုံလိုက်တဲ့ အဖြစ်အပျက်တစ်ခုကို အပြုသဘောလို့ ရှုမြင်ရအောင် သူတို့ တိုင်းတာသတ်မှတ်ထားတဲ့ စံကို လျှော့ပစ်တတ်ကြပါတယ်။



## နည်း ၄၁
## ကွန်ပျူတာ သုံးတတ်အောင် လေ့လာသင်ယူပါ

လူတစ်ယောက်ရဲ့အသက်ဟာ ရှစ်နှစ်ပဲဖြစ်ဖြစ်၊ ကိုးဆယ့်ရှစ်နှစ်ပဲဖြစ်ဖြစ် ကွန်ပျူတာ သုံးစွဲတတ်သူတွေဟာ ဒီကမ္ဘာကြီးအကြောင်းကိုရော နည်းပညာတွေနဲ့ ပတ်သက်လို့ရောပါ အံ့မခန်းတဲ့ အတွေ့အကြုံတွေကို ရရှိ ခံစားရပါလိမ့်မယ်။

☺ ☺ ☺



ကွန်ပျူတာဟာ လူတွေအချင်းချင်းကို ပိုမို ရင်းနှီးကျွမ်းဝင်မှု ရရှိစေနိုင်ပါတယ်။ အချိန်နဲ့အမျှ ရွှေ့ပြောင်းနေရတတ်တဲ့ သူတွေအဖို့မှာ ဘယ်နေရာကိုပဲ ရောက်ရှိနေနေ ကွန်ပျူတာရှိနေရင် အလွယ်တကူ ဆက်သွယ်နိုင်ပါတယ်။ ဥပမာအားဖြင့် ကွန်ပျူတာနဲ့ဆိုရင် အီးမေးလ်ခေါ်တဲ့ အီလက်ထရောနစ် စာပို့စနစ်ကို သုံးနိုင်ပါတယ်။ အီးမေးလ်နဲ့ပို့ရင် ချက်ချင်း ရောက်နိုင်တာဆိုတော့ စစ်တပ်ထဲ ရောက်နေတဲ့ မိသားစုတွေအဖို့ ဒီလိုဆက်သွယ်နိုင်တာဟာ သိပ်ကို တန်ဖိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



လှတယ်။ တပ်ထဲမှာရှိနေတဲ့ မိသားစုတွေခမျာ တစ်ယောက်တစ်နေရာစီ ဖြစ်နေရပါတယ်။ မကြာခဏ ပြောင်းရွှေ့နေထိုင်ကြရတဲ့ သူတွေဟာ ကိုယ့်မိတ်ဆွေတွေဆီကိုရော အသစ်ပြောင်းရွှေ့နေထိုင်တဲ့ အဖွဲ့အစည်း အတွင်းမှာပါ ကွန်ပျူတာနဲ့ ဆက်သွယ်နိုင်ရင် ပိုပြီး အခြေတကျ ဖြစ်လွယ်ပါတယ်။

၅ တန်းကျောင်းသူလေး မယ်လိုဒီရဲ့ဖခင်ဟာ တပ်ထဲမှာ အမှုထမ်းနေတာမို့ မကြာသေးခင်ကပဲ ကင်တပ်ကီ၊ အီလီနွိုင်း၊ တက်ဆက်နဲ့ ကော်လိုရာဒိုပြည်နယ်တွေ လိုက်ပြောင်းနေရတယ်။ မယ်လိုဒီလေးခမျာ ကိုယ်တိုင်ကလည်း မကြာခဏ ပြောင်းရင်ပြောင်း၊ ကိုယ့် သူငယ်ချင်းတွေကလည်း ပြောင်းရင်ပြောင်း သွားကြတာဆိုတော့ သူ့မှာရှိတဲ့ ကွန်ပျူတာနဲ့ပဲ နိုင်ငံအနှံ့မှာ ပြောင်းရွှေ့ရောက်ရှိနေကြတဲ့ သူငယ်ချင်းတွေကို ဆက်သွယ်နေရပါတယ်။

စစ်တပ်တွေမှာ ကွန်ပျူတာ ရှိတဲ့အတွက် တပ်ထဲကမိသားစုတွေ ပြောင်းရွှေ့ကြတဲ့အခါ နေရာသစ်မှာ အခြေတကျနေဖို့ ပိုအဆင်ပြေတတ်ကြကြောင်း တွေ့ရပါတယ်။ မိသားစုတွေအဖို့ သူတို့မှာရှိတဲ့ ကွန်ပျူတာကိုသုံးပြီး သူတို့ ပြောင်းရွှေ့ ရောက်ရှိလာတဲ့ နေရာသစ်အကြောင်း စူးစမ်းနိုင်သလို သူတို့ ခွဲခွာလာခဲ့ရတဲ့ မိတ်ဆွေတွေနဲ့လည်း အဆက်အသွယ် မပြတ်ဘဲ နေလို့ရကြပါတယ်။

☺ ☺ ☺


**သက်ကြီးရွယ်အိုတွေကို တစ်ကိုယ်ရေသုံး ကွန်ပျူတာ သုံးစွဲတတ်အောင် စီစဉ်ပေးလိုက်ရင် သူတို့တွေဟာ ကွန်ပျူတာ သုံးစွဲရတဲ့အတွက် မိမိကိုယ်ကို တန်ဖိုးထားတတ်မှုနဲ့ ဘဝအပေါ် စိတ်ကျေနပ်မှုတွေဟာ ၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာကြောင်း တွေ့ရပါတယ်။**



## နည်း ၄၂
## ကိုယ့်ကို စိတ်အနှောင့်အယှက် ပေးတဲ့သူတွေ၊ အရာတွေ အကြောင်း သိပ် မစဉ်းစားဖြစ်အောင် ကြိုးစားပါ

သင်ဟာ မရေမတွက်နိုင်လောက်တဲ့ အကြောင်းအရာတွေပေါ်မှာ တွေးတောစဉ်းစားနေရတာနဲ့ အချိန်တွေ အများကြီး ကုန်သွားနိုင်ပါတယ်။ ကျွန်တော်တို့ အတော်များများကလည်း ကိုယ့်စိတ်ကို အနှောင့်အယှက်ပေးတဲ့ အရာတွေပေါ်မှာ ပိုပြီး အာရုံစိုက် စဉ်းစားလေ့ ရှိကြတာပဲ မဟုတ်လား။ ကိုယ့်စိတ်ကို အနှောင့်အယှက်ပေးတဲ့အရာကို လျစ်လျူရှုပစ်ဖို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်နှစ်သက်ပျော်ရွှင်ရမယ့် ဟာတွေအပေါ် မခံစားနိုင်လောက်တဲ့ အထိတော့ အဲဒီအရာတွေအပေါ် သိပ် အာရုံစိုက် မနေပါနဲ့။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



ရပ်ဖ်ဟာ ရှိကာဂိုမြို့က လူနေထူထပ်တဲ့ ရပ်ကွက်ထဲမှာ ထောင့်ဘက် ခြံလေးတစ်ခုကို ပိုင်တယ်။ သူက အိမ်ပြောင်းလာ ပြီးပြီးချင်းမှာပဲ အိမ်နီးနားချင်းတွေကို သူ့မိတ်ဆွေရင်းတွေလိုပဲ သဘောထားတယ်။ သူ့အိမ်နီးချင်း တစ်ယောက်ကလည်း သူ့မိသားစု ဆရာဝန် ဖြစ်လာတယ်။

သူတို့ပြဿနာက ခြံနောက်ဘက်လမ်းနဲ့ ပတ်သက်လို့ပါ။ ရပ်ဖ်ရဲ့ အိမ်နီးချင်းတွေဟာ သူတို့ ခြံနောက်ဘက်လမ်းကို ကားမောင်းသွားမယ်ဆိုရင် ရပ်ဖ်ရဲ့ ခြံထဲက ဖြတ်ရတယ်။ တစ်ခါတလေ ရပ်ဖ်က ခြံထဲမှာ သူ့ကား ရပ်ထားရင် ကျန်တဲ့ အိမ်နီးချင်းတွေအတွက် လမ်းပိတ်သွားတယ်။ ဒါပေမဲ့ သူတို့ကားတွေကိုသာ မောင်းလို့မရတာ၊ လမ်းလျှောက်သွားလို့တော့ ရတာပါပဲ။

တကယ်တမ်းကျတော့ သူတို့အဖို့ အမြဲတမ်း ကားမောင်းဖို့ မလိုပါဘူး။ ဒါပေမဲ့ ရပ်ဖ်ရဲ့ကား ပိတ်ဆို့နေတယ် ဆိုတာကိုက သူတို့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေရတယ်။ ရပ်ဖ်ရဲ့ အိမ်နီးချင်းတွေဟာ မြို့ရဲ့ စည်းမျဉ်းဥပဒေတွေထဲ လိုက် ရှာကြည့်တော့ ၁၈၇၂ ခုနှစ်က ထုတ်ခဲ့တဲ့ နည်းဥပဒေအရ သူတို့ဟာ ရပ်ဖ်ရဲ့ ခြံထဲကို ဖြတ်သန်းခွင့်ရှိကြောင်း သွားတွေ့တယ်။ ရပ်ဖ်ကတော့ လမ်းလျှောက်လို့တော့ရတယ်၊ ကားမောင်းခွင့်တော့ မရှိဘူးလို့ ပြန်ငြင်းတယ်။ မကြာပါဘူး၊ ရပ်ဖ်ရဲ့ အိမ်နီးချင်းတွေစုပြီး သူတို့တွေဟာ ရပ်ဖ်ရဲ့ ခြံထဲကို ကားဖြတ်မောင်းခွင့်ရှိတယ်ဆိုပြီး ရပ်ဖ်ကို တရားစွဲတယ်။ ဒီထဲမှာ သူ့ မိသားစု ဆရာဝန်တောင် ပါသေး။ ရပ်ဖ်နဲ့ သူ့အိမ်နီးချင်းတွေရဲ့ ဆက်ဆံရေးကတော့ အတော့်ကို ဆိုးဝါးသွားပါပြီ။ သူတို့တွေဟာ တန်ဖိုးမရှိတဲ့ အရာလေးတစ်ခုကို မစွန့်နိုင်တာနဲ့ဘဲ အဲဒါထက် ပိုအရေးပါလှတဲ့ သူတို့တွေရဲ့ ခင်မင်ရင်းနှီးမှုနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေရမှုတွေ ဆုံးရှုံးသွားရပါပြီ။

☺ ☺ ☺

အပျက်သဘောဆောင်တဲ့ စိတ်မချမ်းမြေ့ဖွယ် အကြောင်းအရာတွေကို အမြဲလိုလို တအုံ့နွေးနွေး ပြန်ပြန်တွေးနေတတ်တဲ့ သူတွေဟာ အဲသည်လို မတွေးတတ်တဲ့ သူတွေထက် စိတ်ကျေနပ်မှု ၇၀ ရာခိုင်နှုန်းလောက် လျော့နည်း ရရှိတတ်ပါတယ်။



# နည်း ၄၃
# မိသားစုနဲ့ အဆက်အသွယ်မပြတ် နေပါ

မိသားစုဝင်တွေဟာ နိုင်ငံအနှံ့ တစ်ကွဲတစ်ပြားစီ နေရတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် မေ့နေကြဖို့ ပိုပြီးလွယ်သလို ကိုယ့် အတွေးထဲမှာရော ကိုယ့် အချိန်တွေထဲမှာပါ သူတို့တွေအကြောင်း ဝင်လာဖို့ ခဲယဉ်းလာတတ်ပါတယ်။ မိသားစုနဲ့ အမြဲ ဆက်သွယ်နေပါ။ ကိုယ့်ဘဝမှာ ထူးခြားတာလေးတွေရှိရင် မိသားစုနဲ့ အတူ မျှဝေခံစားပါ။ သူတို့ကလည်း ကိုယ့်အကြောင်း သိချင်ကြမှာ ဖြစ်သလို ကိုယ်နဲ့ သူတို့နဲ့ သံယောဇဉ် မြဲနေသရွေ့ နေရ ထိုင်ရတာလည်း ပိုကောင်းတတ်ပါ တယ်။

☺ ☺ ☺

ဆယ်လီဟာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကတည်းက ကောလိပ်တက်ဖို့ဆိုပြီး သူ့မိသားစုနဲ့ ခွဲခွာခဲ့တယ်။ ဆယ်လီ့မိခင်ခမျာ သမီးက သူ့ရည်မှန်းချက်အတွက် သွားတာမှန်ပေမယ့် သမီးနဲ့ ခွဲမနေချင်ပါဘူး။ သမီးက သူတို့ကို စွန့်ပစ်သွားချင်တယ်လို့ ခံစားနေရတယ်။ ဆယ်လီကတော့ ဒါဟာ သူ့အမေ သူ့ကို ချစ်တာမဟုတ်ဘဲ သူ့ဘာသာသူ စိတ်ထဲ မလုံခြုံလို့ ဖြစ်တာဆိုပြီး အမေနဲ့ သူ အဆက်အသွယ် ပြတ်လာတယ်။ ဆယ်လီဟာ အလုပ်ရှိရာ လိုက်ပြောင်းနေရတော့ မိသားစုနဲ့ ဝေးသထက် ဝေးလာပါတယ်။ အချိန်တွေကြာလာတာနဲ့အမျှ ဆယ်လီ ဘာတွေပဲလုပ်လုပ် အမေက သူ့အပေါ် သိပ် ဂရုမစိုက်တော့ဘူးဖြစ်လာတယ်။ သားအမိနှစ်ယောက် အနေလည်းဝေး၊ သွေးလည်းအေးလာကြတယ်။

နောက်တော့မှ အမေဟာ သူ့အတွက် စိတ်ပူတာရော သူ့အပေါ်မှာ နောက်ပိုင်း မတုံ့ပြန်တာတွေရောဟာ တကယ်ကတော့ ချစ်လို့ပဲဆိုတာ ဆယ်လီ သိလာတယ်။ အခုတော့လည်း ပထဝီ အနေအထားအရ ဝေးနေတာဟာ အတားအဆီး ဖြစ်မနေတော့ဘူး။ ဆယ်လီနဲ့ သူ့အမေတို့ဟာ ပုံမှန်အဆက်အသွယ် ပြန်လုပ်ဖြစ်ကြတယ်။ ဆယ်လီကလည်း သူ့ဇာတိမြို့ကို ပြန်သွားရတာဟာ အခွင့်အရေး တစ်ရပ်လို့ တန်ဖိုးထားလာတယ်။ လူတွေဟာ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ခပ်ဝေးဝေး နေရတာနဲ့ စိမ်းစိမ်းကားကား ဖြစ်သွားတာဟာ တစ်ခြားစီပါ ပဲလို့ ဆယ်လီက သတိပေးလာပါတယ်။

☺ ☺ ☺


သက်ကြီးရွယ်အိုတွေ အတွက်ရော သက်လတ်ပိုင်းအရွယ် မဝင်သေးတဲ့ သူတွေအတွက်ပါ မိသားစုက ဘယ်လောက် အရေးကြီးသလဲဆိုတဲ့ လေ့လာဆန်းစစ်မှု တစ်ခုမှာ အဲဒီ အသက်အပိုင်းအခြား ကွာခြားတဲ့ အုပ်စုနှစ်ခုစလုံးအတွက် မိသားစု ဆက်ဆံရေး အဆင်ပြေချောမွေ့မှုဟာ ဘဝမှာ စိတ်ကျေနပ်မှု ရရှိနိုင်ဖို့ အရေးပါနေကြောင်း တွေ့ရှိရပါတယ်။



## နည်း ၄၄
## နေ့စဉ် သစ်သီး စားပေးပါ

သစ်သီး စားသုံးတဲ့ သူတွေဟာ ကိုယ် စားရတာအပေါ် ကျေနပ်နှစ်သက်တာနဲ့အမျှ အာဟာရ မဖြစ်တဲ့ အစားအသောက်တွေအပေါ် အာရုံ သိပ်မရောက်တော့ဘဲ ပိုပြီး နေလို့ထိုင်လို့ ကောင်းလာတာ အမှန်ပါ။

☺ ☺ ☺



ကိုယ်က တစ်နေရာရာမှာ စောင့်ဆိုင်းနေရတုန်း ကိုယ် ဘယ်တုန်းကမှ မဝယ်ဖူးတဲ့၊ ဖတ်ဖို့လည်း စိတ်ကူးမပေါ်တဲ့ မဂ္ဂဇင်းတွေကို ကောက်ကိုင် ကြည့်မိတာမျိုး ဖြစ်ဖူးတယ် မဟုတ်လား။ ငြီးငွေ့နေတာရော စိတ်ပြေလက်ပျောက် အဖြစ်နဲ့ ပါ ကိုယ် စိတ်မဝင်စားတဲ့ အရာတွေဆီကို လှည့်သွားပြီး လက်ခံလိုက်ရတာမျိုး ကြုံဖူးမှာပါ။ အစားအသောက်နဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့ အဲသည်လိုမျိုး ကြုံတတ်ပါတယ်။ ကိုယ်က အလျှင်စလို ဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမျိုးမှာ အစားအသောက်အတွက် အချိန်ကုန်ခံ အလုပ်ရှုပ်ခံပြီး ပြင်ဆင်မနေချင်တော့ဘူး။ ဒါမျိုး မကြာခဏ ဖြစ်ရတာဟာ ကိုယ် တစ်နေရာမှာ စောင့်နေရတုန်း တွေ့တဲ့စားအုပ် ဆွဲမိသလိုမျိုး ရရာကို စားဖြစ်တာနဲ့ အတူတူပါပဲ။

သစ်သီးကို အိမ်မှာ ထားပါ။ အချိုတည်းချင်တယ်ဆိုရင် သစ်သီးပဲ စားလိုက်ပါ။ စားရတာလည်းလွယ်၊ ဈေးလည်းချို၊ ပြင်ဆင်ဖို့လည်း အချိန်သိပ်မကုန်တော့ ကိုယ့်အတွက် အများကြီး အဆင်ပြေပါတယ်။ လေ့လာ စူးစမ်းချက်တွေအရ သစ်သီးစားသုံးတာဟာ ကိုယ်ကျန်းမာဖို့ အထောက်အကူဖြစ်သလို စိတ်ချမ်းသာဖို့ကိုပါ အကျိုးပြုကြောင်း တွေ့ရှိရပါတယ်။ လူ့ကိုယ်ခန္ဓာတွေဟာ အချိုကို လိုအပ်တာကြောင့် ရှေးဦးလူသားတွေ သစ်သီးကို ပိုစားသုံးခဲ့ကြတာပါ။ ဒီဘက်ခေတ်ကြီးမှာကျတော့ သကြားကဲတဲ့ ချိုချဉ်တွေ ရလွယ်လာကြတဲ့အခါ လူတွေရဲ့ အချိုခါတ်စားသုံးမှုဟာ မလိုလားအပ်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေပါတယ်။

☺ ☺ ☺

**သစ်သီးစားသုံးမှုဟာ ကျန်းမာရေးအတွက်ရော ပျော်ရွှင်ချမ်းမြေ့မှုအတွက်ပါ အကျင့်ကောင်းတွေ တိုးပွား ရရှိစေပါတယ်။ သစ်သီးတွေကို ပိုပြီး စားသုံးမယ်ဆိုရင် လုပ်နိုင်ကိုင်နိုင်စွမ်းရော စိတ်ကျေနပ် နှစ်သက်မှုမှာပါ ၁၁ ရာခိုင်နှုန်းလောက်အထိ တိုးတက် ရရှိပါလိမ့်မယ်။**



## နည်း ၄၅
## ရှိတာလေးနဲ့ ပျော်အောင်နေပါ

စိတ်ချမ်းမြေ့ ပျော်ရွှင်နေတဲ့ သူတွေဟာ သူတို့ဘဝမှာ ရှိတာလေးတွေကို တန်ဖိုးထားတတ်ကြပြီး သူများတွေမှာတော့ ရှိလိုက်ကြတာဆိုပြီး သောကပွား မနေကြပါဘူး။ ကိုယ့်မှာမရှိတာ ကိုယ် မရနိုင်တာတွေကို တမ်းတမနေဘဲ ကိုယ့်မှာရှိတာကိုပဲ တန်ဖိုးထားတတ်မယ်ဆိုရင် ပျော်ရွှင်ကျေနပ်မှု ဆထက်ထမ်းပိုး ရရှိပါလိမ့်မယ်။

☺ ☺ ☺

လေးနှစ်သမီးလေး အဲလစ္စဟာ ခရစ္စမတ်သစ်ပင်ကို သွားကြည့်လိုက်တော့ အံ့သြစရာ လက်ဆောင်လေးတွေ ချိတ်ထားတာ တွေ့တယ်။ သူငယ်ချင်းအချို့နဲ့ နှိုင်းစာကြည့်မယ်ဆိုရင် အဲလစ္စ ရတဲ့လက်ဆောင်က နည်းနည်းလေးပါ။ အဲလစ္စ အလိုချင်ဆုံး လက်ဆောင်ပစ္စည်းတွေလည်း ပါတာမဟုတ်ပါဘူး။ ဒီအချိန်မှာ ကလေးမလေးအနေနဲ့ လက်ဆောင်တွေ ဒီထက် ပိုများရင်ကောင်းမှာပဲ၊ လိုချင်တဲ့ လက်ဆောင်တွေကျတော့ မရဘူးဆိုတာမျိုး ဖြစ်နေနိုင်ပါတယ်။ ဒါပေမဲ့ အဲလစ္စကတော့ သူ့ရှေ့မှာရောက်လာတဲ့ လက်ဆောင်ထုပ်တွေကိုကြည့်ပြီး အံ့သြဝမ်းသာစိတ်နဲ့ ပီတိတွေ ဖြာနေပါတယ်။

ကျွန်တော်တို့ဟာ ကိုယ့်ဘဝအကြောင်း ကိုယ် ပြန်တွေးကြည့်တဲ့အခါ မကြာခဏ ဆိုသလိုပဲ ကိုယ့်မှာ မရှိတာ၊ ကိုယ် မရနိုင်တာတွေကိုပဲ စဉ်းစားနေမိကြပါတယ်။ အဲသည်လို အာရုံထားပြီး တွေးတဲ့အခါ နှစ်သက်ကျေနပ်မှုလည်း မရနိုင်ပါဘူး။ ခုနက အဲလစ္စလေးကိုပဲ ကြည့်လိုက်ရအောင်ပါ။ ကိုယ်က ခရစ္စမတ်သစ်ပင်ရှေ့မှာ ရပ်နေတဲ့ အဲလစ္စနောက်ကို သွားပြီး သူ မရလိုက်တဲ့ လက်ဆောင်တွေအကြောင်း သွားပြီး သတိပေးဦးမလို့လားဆိုတာ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်လိုက်ပါ။ ဒါဆိုရင် ကိုယ့်ဘဝမှာ ကိုယ် မရခဲ့တဲ့ ဟာတွေအကြောင်း မစဉ်းစားတော့ဘဲ ကိုယ့်မှာရှိတဲ့ အရာတွေအကြောင်းပဲ ပြန်စဉ်းစားဖို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ တွေးကြည့်ဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



☺ ☺ ☺

အချမ်းသာဆုံး၊ အရှိဆုံးဆိုတဲ့ သူတွေဟာ အဆင်းရဲဆုံး ဆိုသူတွေ ပျော်သလောက် ပျော်ကြတာပါပဲ။ ကိုယ့်မှာရှိတဲ့ အရာတွေကိုပဲ နှစ်သက် ကျေနပ်နေတဲ့ သူတွေဟာ အမှန်တကယ် အချမ်းသာဆုံးဆိုတဲ့ သူတွေထက် နှစ်ဆလောက်ပိုပြီး ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိခံစားနိုင်ကြပါတယ်။




BURMESE CLASSIC .com

## နည်း ၄၆
## တိကျခိုင်လုံစွာ တွေးတတ်ပါစေ

ကျွန်တော်တို့ဟာ ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေ တိုးတက်မှု ရှိမရှိသိရအောင် တိုင်းတာတတ်ဖို့ လိုပါတယ်။ နဂိုကတည်းက ကိုယ်ရည်ရွယ်ထားတာ မယ်မယ်ရရ လက်ဆုပ်လက်ကိုင် မရှိရင် ကိုယ်လိုချင်တဲ့ ပန်းတိုင် ရောက်မှန်း မရောက်မှန်းလည်း အသေအချာ သိနိုင်မှာ မဟုတ်ပါဘူး။

☺ ☺ ☺



“ငါတော့ဖြင့် အရည်အချင်းရှိတဲ့ ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်ချင်လိုက်တာ”၊ “တို့တွေ မိဘကောင်း ဖြစ်ချင်တယ်”၊ “မိတ်ဆွေကောင်း ပိုပြီး ပီသချင်လိုက်တာ”ဆိုပြီး ကျွန်တော်တို့တွေ သူသူကိုယ်ကိုယ် ဒီလိုမျိုး မျှော်လင့်ချက်လေးတွေ ရှိကြပါတယ်။ အဲဒါတွေဟာ မရေမရာ မျှော်လင့်ချက်တွေချည်းပါပဲ။ ဒါမျိုး စိတ်ကူးတွေဟာ စပေါ်လာကတည်းက တိတိကျကျ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စိတ်ကူးတွေထဲမှာ တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုသွားမယ်၊ အဆုံးသတ်ကျတော့ ဘာဖြစ်မယ် ဆိုတာတွေ မပါပါဘူး။ သင်က အရည်အချင်း ပိုရှိတဲ့ ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်ချင်ပါပြီတဲ့။ ဆိုပါစို့၊ အဲဒါ ဘာအဓိပ္ပါယ်ပါလိမ့်။ အဲသည်လို ဖြစ်လာအောင် ဘယ်လို လုပ်မလဲ။ ကိုယ် လုပ်ခဲ့တာက အောင်မြင်တယ် မအောင်မြင်ဘူး ဆိုတာကိုရော ကိုယ် ဘယ်လို သိနိုင်ပါ့မလဲ။

ဟူစတန်မြို့ကြီးမှာ စတားကွက်စ်(**Star Quest**) ဆိုတဲ့ အတိုင်ပင်ခံလုပ်ငန်းတစ်ခု ရှိတယ်။ အဲဒီမှာ ရည်မှန်းချက်တွေကို တိတိကျကျ ထားတတ်အောင် သင်ပေးတယ်။ အထူးသဖြင့် ကိုယ် ထားမယ့် ရည်မှန်းချက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ တည့်တည့်မတ်မတ် ဖြစ်ရအောင် လမ်းညွှန်ပေးပါတယ်။ ကိုယ် စိတ်ဝင်စားတာ၊ ကိုယ် လုပ်ချင်တာက ဘာတွေလဲ၊ အဲဒါကို ပြည့်မြောက်ဖို့ ကိုယ် အမှန်တကယ် ဘယ်လိုလုပ်လို့ ရနိုင်မလဲ ဆိုတာတွေကို သူတို့က အကြံပေးပါတယ်။

ကိုယ့် ရည်မှန်းချက်တွေကို ချမှတ်တဲ့ နေရာမှာ ငါ အခုရေးနေတဲ့ အပတ်စဉ် အစီရင်ခံစာကို တစ်နာရီစောပြီး ပြီးအောင်လုပ်မယ်၊ ငါအခု လုပ်နေတဲ့ အလုပ်ကို ၅ ရာခိုင်နှုန်း ပိုပြီး ချောသက်သာအောင် လုပ်မယ်၊ ဒီတစ်ပတ်ထဲမှာ မိသားစုနဲ့အတူ တစ်ကြိမ်ထက်ပိုပြီး ညနေစာ စားဖြစ်အောင် လုပ်မယ်၊ ကိုယ့်သမီးလေးပါတဲ့ ဘောလုံးပွဲတွေတိုင်းကို သွားပြီး အားပေးနိုင်အောင် ကြိုးစားမယ် စသည်ဖြင့် တိတိကျကျ ချမှတ်နိုင်ပါတယ်။ ဒီလို ချမှတ်လိုက်တဲ့ ရည်မှန်းချက်တိုင်းမှာ ဘာ လုပ်ရမယ်ဆိုတာ ပါပြီးသွားပါပြီ။ ဒီ ရည်မှန်းချက်မျိုးတွေက ကိုယ်လုပ်လို့ရမယ်၊ လုပ်ရင်လည်း အောင်မြင်မယ်ဆိုတဲ့ ရည်မှန်းချက်မျိုးတွေပါ။ ဘယ် ရည်မှန်းချက်မျိုးကိုမဆို ထားရှိတဲ့နေရာမှာ ကိုယ်က ပြီးမြောက်အောင် အကောင်အထည် ဖော်နိုင်ရင် မိမိကိုယ်ကို ယုံကြည်မှုလည်းရ၊ စိတ်ကျေနပ်မှုလည်း ပြည့်ဝပြီး အနာဂတ်ဘဝမှာ တည်ငြိမ်သာယာမှု ရရှိနိုင်ပါတယ်။

☺ ☺ ☺

**ဘဝဟာ အဓိပ္ပာယ်ရှိတယ်၊ ဒါကြောင့် နေပျော်တယ်လို့ ခံယူချက်တွေ ထားမယ်ဆိုရင် အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ တွေးတတ်မှုက ၁၆ ရာခိုင်နှုန်း အထိ တိုးမြင့်လာပါလိမ့်မယ်။**



# နည်း ၄၇
## လူမှုရေးအရ အားပေးကူညီပါ

ကိုယ် တန်ဖိုးထား ဂရုစိုက်ရမယ့် သူတွေမှာ အခြေအနေ လိုအပ်နေတာမျိုးရှိရင် အချိန်ယူပြီး သူတို့နဲ့အတူနေရင်း ကူညီတန်တာကူညီ၊ အားပေးတန်တာရှိရင် အားပေးပါ။ ကိုယ် ပေးတာတွေအပေါ် ကိုယ် ပီတိပြန်ဖြစ်ရတာနဲ့အမျှ သူတို့နဲ့ ကိုယ်နဲ့ကြားမှာ ပိုပြီး ရင်းနှီးနွေးထွေး လာပါလိမ့်မယ်။

☺ ☺ ☺

ဆရာဟာ ကျောင်းဆရာမတစ်ဦး ဖြစ်ချင်ပေမယ့် သူ့ကိုယ်သူ ဖြစ်လာပါ့မလား ဆိုတာတောင် မသိနိုင်တော့ပါဘူး။ ဆရာဟာ အထက်တန်းကျောင်းတုန်းကရော တက္ကသိုလ် တက်တဲ့အခါမှာပါ သင်ခန်းစာတွေ မှီအောင် မနည်းကြီး လိုက်ခဲ့ရတယ်။ သူနဲ့ အတန်းတက်ဖက် သူငယ်ချင်းတွေနဲ့စာရင် ဆရာ့အဖို့မှာက ကျောင်းစာ ဖတ်ရတာပဲဖြစ်ဖြစ်၊ ပေးလိုက်တဲ့ လေ့ကျင့်ခန်းတွေကို ဖြေရတဲ့ အခါပဲဖြစ်ဖြစ် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ခဲ့ရတာတွေက သိပ်ကို ပင်ပန်းလှပါရဲ့။

ဆရာ့သူငယ်ချင်းတွေဟာ ဆရာ သင်ခန်းစာတွေ ကျက်မှတ်နိုင်အောင် ရက်ပေါင်းများစွာ အချိန်ပေးပြီး ကူညီခဲ့ကြရပါတယ်။ အထက်တန်းကျောင်း ပြီးဆုံးလို့ အောင်လက်မှတ် ချီးမြှင့်တဲ့နေ့ ညစာစားပွဲမှာ ဆရာက သူ အဆင့်မြင့် တက္ကသိုလ်တစ်ခုကို ဝင်ခွင့်ရအောင် သူ့ သူငယ်ချင်းတွေက သူ့အပေါ် ယုံကြည်မှုရှိရှိ ပံ့ပိုးကူညီပေးခဲ့တာကို ကျေးဇူးစကား ဆိုခဲ့ပါတယ်။ အမှန်မှာတော့ ဆရာဟာ မျက်စိ မမြင်ရှာပါဘူး။ သူတို့ကျောင်းရဲ့ သမိုင်းမှာ ဆရာဟာ နှုတ်ဆက်စကား ပြောကြားခွင့်ရတဲ့ ပထမဦးဆုံးသော မျက်မမြင်ကျောင်းသူတစ်ဦး ဖြစ်ခဲ့ပါတယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



လူတွေမှာ ပျော်ရွှင်မှု ဘယ်လောက် ရှိတယ် မရှိဘူး ဆိုတာကို တိုင်းတာတဲ့အခါ သူတို့မှာ အားပေးကူညီမှု ဘယ်လောက် လိုနေသလဲ ဒါမှမဟုတ် ပြဿနာတွေ ဘယ်လောက်များများ သူတို့ တွေ့နေသလဲ ဆိုတာထက် သူတို့ကို အားပေးကူညီမှု ဘယ်လောက် ရှိသလဲ ဆိုတာက ပိုပြီး အရေးပါပါတယ်။



## နည်း ၄၈
## မိမိကိုယ်ကို အပြစ်မတင်ပါနဲ့

ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခြေအနေတွေ မကောင်းတော့ဘူး ဆိုတဲ့အခါ ကိုယ် ဆုံးရှုံးခဲ့ရတာတွေကို စာရင်း ချကြည့်တတ်ပါတယ်။ အဲဒီမှာ ပြဿနာတွေ ငါတို့ကြောင့် ဖြစ်ရတာပဲလို့လည်း တွေးမိကြပါတယ်။ ဒီလို တွေးလိုက်တာနဲ့ တပြိုင်နက် စိတ်ထဲမှာ ထိခိုက်ခံစားရရုံသာမက ကျွန်တော်တို့တွေမှာလည်း လုပ်ငန်းကိုင်ငန်းတွေ ပျက်ကြရတော့တာပါပဲ။ အမှန်ကို မညာတမ်း ပြောရမယ်ဆိုရင် ဖြစ်ခဲ့တာတွေမှာ ကိုယ် ဖန်တီးလို့ ရတာလည်း ပါသလို ကိုယ် မဖန်တီးနိုင်ခဲ့တာတွေလည်း ပါပါတယ်။ အခြေအနေ မကောင်းရတာ ငါ့အပြစ်ချည်းပဲဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်ပုံချပြီး တွေးမနေပါနဲ့။ အပြစ်ကို ရှာတာထက် ဖြစ်လာတဲ့ အခြေအနေကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းဖို့ သတိထားလိုက်စမ်းပါ။

☺ ☺ ☺



ညှော်သည်ကလည်း လာတော့မယ်၊ အိမ်က ပန်းကန်ဆေးစက်ကလည်း ရေတွေ ပန်းထွက်နေလိုက်တာ၊ ရေတွေက မီးဖိုချောင်ထဲကနေ လျှံထွက်ကျလာလိုက်တာ ညှော်ခန်းထဲအထိအောင် ရောက်သွားလေရဲ့။ အဲဒီအခါကျတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ပြန်စဉ်းစားမိတာက ငါ ဘာကြောင့်များ ပန်းကန်တွေ ဆေးဖြစ်ခဲ့ပါလိမ့်။ ကိုယ့်ဘာသာ ပန်းကန်တွေ လက်နဲ့သာဆေးခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ပန်းကန်ဆေးစက်နဲ့ မနက်ဖြန်ကျမှ ဆေးဖြစ်ခဲ့ရင် အကောင်းသား။ အဲသလိုသာဆို ဒီကနေ့ည ငါ ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ငါလေ ဒီလိုဖြစ်မယ်ဆိုတာ ကြိုသိဖို့ကောင်းတာ။ ဒီ ပန်းကန်ဆေးစက်ကြီး ဘာကြောင့်များ ငါ ဝယ်ခဲ့မိပါလိမ့်။ အခြား ပန်းကန်ဆေးစက် တစ်ခုခုသာ ဝယ်ခဲ့ရင် ငါ အခုလိုမျိုး ဖြစ်သလိုဖြစ်မှာမဟုတ်ဘူး။

ဒါဟာ အခြေအနေ ဆိုးလာခဲ့ရင် လူတွေ အပြစ်ရှာတတ်တဲ့ သဘောကို ပြတာပါ။ အဲသည်လို ရှာတဲ့အခါကျ လူတွေက ကိုယ့်ဘာသာပြန်ပြီး အပြစ်မြင်တတ်ကြတယ်။ လူအတော်များများဟာ ဘဝကို ရင်ဆိုင်ကြတဲ့အခါ ဖြစ်ဖြစ်သမျှ ငါ့အပြစ်တွေပါပဲ ဆိုတာမျိုး ရှုမြင်တတ်ကြတာကို နိုင်ငံလုံးဆိုင်ရာ စိတ်ကျန်းမာရေးဌာနက စိတ်ပညာရှင်တွေ တွေ့ရှိခဲ့ကြပါတယ်။

ကျွန်တော်တို့တွေ သတိ မမူမိတတ်တဲ့ အချက်နှစ်ရပ် ရှိပါတယ်။ ပထမတစ်ချက်က ဖြစ်လာတဲ့ အခြေအနေတွေကို ထိန်းချုပ်နိုင်ဖို့ အခြေအနေကိုယ့်မှာ သိပ် မရှိတတ်တာကိုပါ။ ဒုတိယတစ်ချက်ကတော့ ကိုယ့်ကိုယ်ကို အပြစ် ပြန်တင်နေမိတဲ့အတွက် အချိန်တွေ အလဟဿ ကုန်ဆုံးနေတတ်တာကိုပါ။ ဒီလိုတွေးတာ ဘာမှ ပိုကောင်းမလာပါဘူး။ အပြစ်တင်တယ်ဆိုတာက အတိတ်ကာလအတွက်ပါ။ ပြဿနာကို စီစဉ်တကျ ဖြေရှင်းနိုင်ဖို့ ပြင်ဆင်တာက အနာဂတ်အတွက်ပါ။

☺ ☺ ☺

**ပျော်ရွှင်မှု ရှိတယ် မရှိဘူးဆိုတာ လူပုဂ္ဂိုလ် တစ်ဦးချင်းစီအပေါ် ဆိုးဆိုးဝါးဝါး အဖြစ်အပျက်တွေ ဘယ်လောက်များများ ဖြစ်ပျက်ခဲ့သလဲအပေါ်မူမတည်ပါဘူး။ အပျက်သဘောဆောင်တဲ့ အဖြစ်အပျက်တွေ ဖြစ်ပွားတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်ဟာ သူ့ကိုယ်သူ အကောင်းမြင်တဲ့ သဘောထားနဲ့ ကောက်ချက်ဘယ်လောက်အထိ ဆွဲသလဲ ဆိုတာက ပိုပြီး အရေးပါပါတယ်။ အပျက်သဘောဆောင်တဲ့ အဖြစ်အပျက်တွေ ဖြစ်တဲ့အခါ ဒီလိုဖြစ်ရခြင်း အကြောင်းရင်းဟာ ကိုယ့်ကြောင့်ပါပဲလို့ အပြစ်မြင်သူတွေဟာ အဲသည်လို မမြင်တတ်တဲ့ သူတွေထက် စိတ်ကျေနပ်မှု ၄၃ ရာခိုင်နှုန်း လျော့နည်း ရရှိကြပါတယ်။**



## နည်း ၄၉
## စေ့စပ်ညှိနှိုင်းရေးသမား လုပ်ကြည့်ပါ

ကိုယ့် သူငယ်ချင်းတွေပဲ ဖြစ်ဖြစ်၊ မိသားစုဝင်တွေပဲ ဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် မသင့်မမြတ် ဖြစ်ကြတယ်ဆိုရင် ကိုယ်လည်းပဲ စိတ်မချမ်းမသာ ဖြစ်ရတာပါပဲ။ အဲဒီအခါကျတော့ ကိုယ်က အကျိုးအကြောင်းနဲ့ ပြောဆိုညှိနှိုင်းပြီး စေ့စပ်ဖြေရှင်း ပေးလိုက်ပါ။

☺ ☺ ☺

နယ်လီနဲ့စင်ဒီဟာ ကာလီဖိုးနီးယားပြည်နယ် မြောက်ပိုင်းက ညီအစ်မတွေပါ။ ညီအစ်မချင်း ငယ်စဉ်ကတည်းက ချစ်ချစ်ခင်ခင် နေလာခဲ့ကြတာမို့ နယ်လီ့အိမ်မှာပဲ နှစ်ယောက်ပေါင်းပြီး နေကြဖို့ စီစဉ်လိုက်ကြတယ်။

အဲဒီမှာ တယ်လီဖုန်းခ ငွေတောင်းခံလွှာက ပြဿနာ စတော့တာပဲ။ နယ်လီက အဲဒီ ဖုန်းခငွေဟာ သူ့တစ်သက်မှာ အများဆုံး ကျသင့်တဲ့ ငွေပဲလို့ စင်ဒီ့ကို ချက်ချင်းပဲ စပြီး ပြောတော့တာပဲ။ စင်ဒီကလည်း ငွေတောင်းခံလွှာကို ကြည့်ပြီး သူ ဒီလောက် ပြောခဲ့တာ မဟုတ်ဘူး၊ ဒါ နယ်လီပြောလို့ ဒီလောက်ကျသွားတာလို့ ပြန်ငြင်းတယ်။

စကားနဲ့ စငြင်းရာက အကြိတ်အခဲတွေ ဖြစ်ကြပြီးတဲ့နောက် ညီအစ်မတွေပါလားဆိုတဲ့ အဖြစ်တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကျန်တဲ့ မိသားစုဝင်တွေကလည်း သူတို့ရှေ့မှာ အနေရအထိုင်ရ ခက်သွားကြတော့ သူတို့ကို စေ့စပ်ညှိနှိုင်းပေးရမယ့်အစား ပြဿနာထဲ မပါရအောင်ပဲ ရှောင်ကြတော့တယ်။ ဘယ်လိုမှ စေ့စပ်ညှိနှိုင်းပေးမယ့်သူ မရှိတဲ့အခါ နယ်လီက သူ့ညီမကို စပြီး တရားစွဲတယ်။ သူတို့ မိသားစုဟာ ညီအစ်မနှစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် အကြီးအကျယ် ဖြစ်ကြရတယ်။

နယ်လီဟာ အမှုကို နိုင်လိုက်ပေမယ့် ညီမတစ်ယောက်တော့ ဆုံးရှုံးသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရှုန်း

☺ ☺ ☺

ချစ်ခင်သူတွေအကြား ပေါ်ပေါက်လာတဲ့ ပြဿနာကို ဘာမှ ဝင်မပါဘဲ ရှောင်ရှားနေလိုက်ခြင်းဟာ စိတ်ငြိမ်းချမ်းမှု ရရှိဖို့ ၁၅ ရာခိုင်နှုန်းလောက် လျော့ကျစေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးချစ်ခင်မှု ရရှိအောင်နဲ့ ပျော်ရွှင်မှု ခိုင်မြဲအောင် ထိန်းသိမ်းပေးချင်တယ်ဆိုရင် အခက်အခဲတွေကို ရှောင်မထွက်ဘဲ ရင်ဆိုင်ဖြေရှင်းပေးဖို့ လိုပါတယ်။



## နည်း ၅၀
## အိမ်မွေးတိရစ္ဆာန်များကို ချစ်တတ်ပါစေ

တိရစ္ဆာန်လေးတွေဟာ လူသားတွေ ချစ်တတ်လာအောင် ဖန်တီးပေးနိုင်ကြပါတယ်။ သူတို့လေးတွေနဲ့ နီးနီးကပ်ကပ် ပိုပြီး နေလေလေ ပျော်ရွှင်မှု ပိုရလေလေပါ။

☺ ☺ ☺



ဂျိန်းဟာ ဘိုးဘွားရိပ်သာတစ်ခုကို စောင့်ရှောက်ဖို့ တာဝန်ယူရပါတယ်။ ရိပ်သာမှာရှိတဲ့ သက်ကြီးရွယ်အိုတွေ ပျော်ရွှင်ချမ်းမြေ့ရအောင် သူ တတ်နိုင်သလောက် အစွမ်းကုန် ကူညီစောင့်ရှောက်ပါတယ်။ ဒီအခါမှာ ခွေးကလေးတွေရဲ့ အသုံးဝင်ပုံကို သိလိုက်ပါတယ်။

ကြာသပတေးနေ့ နေ့လယ်တိုင်းမှာ မြို့မှာရှိတဲ့ တိရစ္ဆာန် စောင့်ရှောက်ရေးအသင်းက ခွေးကလေးတွေကို ကားနဲ့အပြည့် ရိပ်သာဆီ ပို့ပေးတယ်။ အဘိုးအဘွား



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ခွေးလေးတွေမြင်တာနဲ့ ပြုံးတော့တာပဲ။ ခွေးဆိုတာမျိုးက သူတို့ ချစ်စရာတွေရင် မငြင်းမချန် ချစ်တတ်ကြတာပဲကိုး။ ရိပ်သာက အဘိုးအဘွားတွေဟာ တစ်ကိုယ်တည်း အထီးကျန် ဖြစ်နေတတ်ကြတာ များပါတယ်။ သူတို့တွေမှာ ခွေးလေးတွေကို ချစ်ရတာနဲ့ပဲ ခွန်အားတွေ ပြန်ပြည့်လာတယ်။ မေတ္တာတွေ ပေးရတော့ အဘိုးအဘွားတွေမှာ စိတ်ထား ပိုနူးညံ့ပျော့ပျောင်းလာကြတယ်။

''ခွေးလေးတွေက သူတို့ကို ယုယမယ့် သူတွေရဲ့ လက်အောက်ကို တိုးဝင်ပြီး အပွတ်သပ် ခံချင်ကြတယ်၊ လူနာရဲ့ရင်ဘတ်ထဲ တိုးဝင်၊ မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ ချစ်တဲ့ အရိပ်အယောင်နဲ့ ကြည့်နေလိုက်ကြတာ၊ တစ်ချို့ အိပ်ရာထဲ လဲနေတဲ့ အဘိုး၊ အဘွားတွေဆို ခွေးလေးတွေနဲ့ လမ်းလျှောက် ထွက်နိုင်တဲ့ အထိကို ကျန်းမာလာကြတော့တာပဲ''လို့ ရိပ်သာမှာ လုပ်အားပေးနေတဲ့သူတစ်ဦးက သူ့ အတွေ့အကြုံကို ပြောပြပါတယ်။ သူကပဲ ဆက်ပြီး ''လူတွေ ချစ်စိတ် ပေါ်လာတတ်အောင် ခွေးကလေးတွေက တကယ် လုပ်ပေးနိုင်စွမ်း ရှိတာပဲ၊ အဘိုးအဘွားတွေမှာ သူတို့ဒုက္ခကို မေ့လို့၊ ခံစားမှုကင်းတဲ့ မျက်နှာတွေဟာလည်း တက်ကြွ ရွှင်လန်းလာကြပြီး မျက်လုံးတွေလည်း တောက်တောက်ပပ ဖြစ်လာကြလေရဲ့''လို့ ဆိုပါတယ်။

☺ ☺ ☺

တိရစ္ဆာန်တွေနဲ့ အပြန်အလှန် ဆက်သွယ်မှုကနေ လူသားတွေဟာ နှစ်သက်ကြည်နူးမှု ချက်ချင်း ရရှိနိုင်သလို ရေရှည် အကောင်းဘက်မြင်တဲ့ ခံစားမှု ဖြစ်ပေါ်လာပြီး ပျော်ရွှင်မှုကို ပိုမိုဖြည့်ဆည်းပေးနိုင်ပါတယ်။ အိမ်မွေးတိရစ္ဆာန် တစ်ကောင် မွေးထားတဲ့သူဟာ မမွေးတဲ့ သူတွေထက်စာရင် စိတ်ကျေနပ်မှု ၂၂ ရာခိုင်နှုန်း ပိုမို ရရှိနိုင်ပါတယ်။



## နည်း ၅၁
## ကိုယ့်အလုပ်ကို ကိုယ် ဂုဏ်ယူပါ

သင်က သင် လုပ်နေရတဲ့ အလုပ်ကို တာဝန်အရ လုပ်ရတာပဲလို့ ထင်နေသေးသရွေ့ သင် လုပ်ချင်တာနဲ့ လုပ်နေတာ ဘယ်တော့မှ တစ်ထပ်တည်း မကျတော့ပါဘူး။ ကိုယ် လုပ်နေရတဲ့ အလုပ်ကို ဂုဏ်ယူရမယ့် အသက်မွေးဝမ်းကျောင်းအဖြစ် မြင်လိုက်ပြီဆိုရင် အဲဒီအလုပ်ကို လုပ်နေရတာ ငြီးငွေ့စိတ်ပျက်စရာ မဖြစ်တော့ပါဘူး။ စိတ်မပျက်တော့တဲ့အပြင် အလုပ်က ကိုယ် ဘာလဲဆိုတာ ဖော်ပြလိုက်တာ ဖြစ်သွားပြီး အလုပ်နဲ့ကိုယ် တစ်သားတည်း ဖြစ်သွားပါပြီ။

☺ ☺ ☺

ဗစ်တာဟာ ရှီကာကို သယ်ယူပို့ဆောင်ရေး လုပ်ငန်းအဖွဲ့က ရထား မောင်းသမား တစ်ဦးပါ။ သူ့အလုပ်က တစ်ပတ်ကို ၅ ရက် ရထားမောင်းရတယ်။ သူမောင်းတဲ့ ရထားပေါ် တက်စီးတဲ့သူတွေအဖို့ ဗစ်တာရဲ့ဟန်က ထူးထူးခြားခြားနဲ့ သိသိသာသာ ပေါ်လွင်နေပါတယ်။ သူက သူ့အလုပ်ကို မြတ်နိုး နေတာကိုး။

''ဒီကနေ့ညနေမှာ ကျွန်တော်နဲ့အတူ ရထားလိုက်စီးကြတဲ့ ခရီးသည်တွေကို ကျေးဇူးပါ၊ တံခါးတွေကို မမှီလိုက်ပါနဲ့နော်၊ ကျွန်တော် ခင်ဗျားတို့နဲ့ မတွေ့ရမှာ စိုးလွန်းလို့ပါ'' ဆိုတာဟာ ရထား ထွက်ပြီဆိုတာနဲ့ ခရီးသည်တွေကို အင်တာကွမ်းကနေ ဗစ်တာ လှမ်းပြောလိုက်တဲ့ စကားပါ။

ရထားက မြောက်ဘက်ဆီကို ခရီးနှင်နေရင်းနဲ့ လမ်းမှာတွေ့ရတဲ့ အထင်ကရ နေရာတွေအကြောင်းကို သူက ရှင်းပြသေးရဲ့။ ရထားလမ်း အောက်ဘက်မှာရှိတဲ့ ဘတ်စ်ကားလိုင်းတွေ၊ ဂိတ်ရှိတဲ့ နေရာတွေအကြောင်းပါ ထည့်ပြောတတ်ပါသေးတယ်။ သူမောင်းတဲ့ ရထားစီး ခရီးသည်တွေဆိုတာ ဗစ်တာကို ကျေးဇူးတင်လို့ အမှတ်တရ ဖြစ်ကြရတာနဲ့အမျှ ရှီကာဂိုမြို့ကြီးမှာ သူဟာ အကောင်းဆုံး ရထားမောင်းသမားဆိုတာကို ချီးကျူး ပြောဆိုဖြစ်ကြတယ်။ ဗစ်တာက သူတို့ရထားဟာ ခေတ် သိပ်မမီတော့ပေမယ့် တစ်ဒေါ်လာခွဲ လောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အထိ ခရီးတွင်တယ်ဆိုတာ ရှင်းပြပါသေးတယ်။

သူ့အလုပ်ပေါ်မှာ ဗစ်တာ ဘာကြောင့် အကောင်းမြင်တတ်ပါလိမ့်။ "ကျွန်တော့်အဖေဟာ အငြိမ်းစား ရထားမောင်းသမားကြီးပါ၊ တစ်နေ့ကျတော့ အဖေက သူ့အလုပ်ထဲ ကျွန်တော့်ကို ခေါ်သွားတယ်။ ရထားစီးရင်း ပြတင်းပေါက်က ကြည့်ရတဲ့ မြင်ကွင်းတွေကို ကျွန်တော် တော်တော် သဘောကျသွားတယ်၊ ကျွန်တော် အသက် ၅ နှစ်လောက်ကတည်းက ရထားမောင်းချင်တဲ့စိတ် ပေါ်လာမိတော့တယ်ဗျာ" လို့ ဗစ်တာက ရှင်းပြတာပါ။

☺ ☺ ☺


**လုပ်ငန်းခွင်ထဲက အမျိုးသမီးတွေကို သုတေသန ပြုလုပ်မှု တစ်ခုမှာ အလုပ်အမျိုးအစား အတူတူ လုပ်ကိုင်ကြသူတွေ အထဲမှာကို နှစ်မျိုးနှစ်စား ကွဲပြားနေတာ ပညာရှင်တွေ တွေ့ရှိကြတယ်။ တစ်မျိုးကတော့ သူတို့အလုပ်မှာ အဆင်မပြေတာတွေ တစ်သီကြီး တွေ့ရတယ်ဆိုတဲ့သူတွေ ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ ကိုယ့်ဘဝကို ကိုယ် ထိန်းသိမ်းနိုင်တဲ့ သူတွေဖြစ်ပြီး အလုပ်လုပ်တာဟာ အပြုသဘောဆောင်တယ်လို့ အကောင်းမြင်တဲ့သူတွေပဲ ဖြစ်ပါတယ်။ အလုပ်ကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်တယ်လို့ ခံယူကြသူတွေဟာ အဲသည်လို ခံယူချက် မရှိတဲ့ သူတွေထက် ဘဝမှာ စိတ်ကျေနပ်မှု ၂၈ ရာခိုင်နှုန်း ပိုမို ရရှိကြပါတယ်။**



# နည်း ၅၂
# ရည်မှန်းချက်ကို သိက္ခာနဲ့ မလဲပါနဲ့

ကိုယ် ရည်မှန်းထားတာတွေ အောင်မြင်ဖို့အရေး ကိုယ် ယုံကြည်တာနဲ့ ဆန့်ကျင်ပြီး လုပ်ကြတဲ့ သူတွေဟာ သူတို့ ရည်မှန်းချက်တွေ အောင်မြင်လာပေမယ့် စိတ်မကျေမနပ် ဖြစ်နေရတာနဲ့ အဆုံးသတ်တတ်ပါတယ်။ ကိုယ်ကျင့်သိက္ခာပိုင်းအရ ကိုယ့်ကိုယ်ကိုမှ မယုံကြည်တော့ဘူးဆိုရင် စိတ်ပျော်ရွှင် ကျေနပ်မှုလည်း ရဖို့ မဖြစ်နိုင်တော့ပါဘူး။

☺ ☺ ☺



လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ယေးလ်တက္ကသိုလ် ကျောင်းသားတစ်ဦးကို ကျောင်း ထုတ်ပစ်ခဲ့ရဖူးတယ်။ အဲဒီ ကျောင်းသားရဲ့ ပြစ်မှုကတော့ သူက ကျောင်းဝင်ခွင့် လျှောက်လွှာနဲ့အတူ တင်သွင်းရတဲ့ အမှတ်စာရင်း၊ ထောက်ခံချက်တွေ၊ သူ ပါဝင်လှုပ်ရှား ဆောင်ရွက်မှုတွေ စတဲ့ စာရွက်စာတမ်း အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



အတုပြုလုပ် တင်သွင်းခဲ့ခြင်းပါ။ သူ အတုလုပ် တင်သွင်းထားတဲ့ လျှောက်လွှာပါ အချက်အလက်တွေ ကောင်းတာနဲ့ ယေးလ်တက္ကသိုလ်က သူ့ကို ဝင်ခွင့်ပြုခဲ့ပါတယ်။

အဲဒီ ကျောင်းသားခမျာ သူသင်ယူရတဲ့ အတန်းတွေထဲ စာအတော်လိုက်နိုင်တာပါ။ ကျောင်းထုတ်ခံရတော့ သူ့မှာ ဘွဲ့တောင် ရခါနီးနေပါပြီ။

ဘာကြောင့်များ သူ ကျောင်းထုတ်ခံရပါလိမ့်။ သူကိုယ်တိုင်က ဖြောင့်ဆိုဝန်ခံခဲ့လို့ပါ။ ကျောင်းမှာ သူ တကယ် စွမ်းဆောင် ကြိုးစားခဲ့တာတွေကြောင့် ဘွဲ့တောင် ရလုရခင် ဖြစ်တော့မှာပေမယ့် သူ့ခမျာ ကျောင်းဝင်ခွင့် လိမ်ပြီး တင်ခဲ့တာကို ရေငုံနှုတ်ပိတ် မနေနိုင်ရှာပါဘူး။ သူ စွမ်းဆောင်ကြိုးစားခဲ့တာတွေဟာ လိမ်ညာမှုတစ်ခုပေါ် မှုတည်ထားခဲ့တာကြောင့် အချည်းနှီး ဖြစ်သွားရတော့တာပါပဲ။

☺ ☺ ☺

**ပျော်ရွှင်မှုနဲ့ သိက္ခာရှိရှိ ကျင့်ကြံနေထိုင်မှုတို့ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် မှီတွယ်နေပါတယ်။ သူတို့မှာ သိက္ခာမရှိဘူးလို့ ခံစားရတဲ့ သူတွေဟာ ကိုယ့်သိက္ခာကို ကိုယ် ယုံကြည်သူတွေ ရနေတဲ့ ပျော်ရွှင်မှု တစ်ဝက်လောက်ကိုသာ ရရှိ ခံစားကြရပါတယ်။**

## နည်း ၅၃
## ကိုယ်ချစ်တဲ့ သူတွေရဲ့ လုပ်ဆောင်မှုက ကိုယ့်စိတ်ကို အနှောင့်အယှက် ဖြစ်လာပြီဆိုရင် ဟန်ဆောင်မနေပါနဲ့

အချို့သူတွေဟာ သဘောညီမျှတယ်လို့ ဖြစ်ရလေအောင် ကိုယ်နဲ့ သဘောကွဲလွဲမယ်လို့ ထင်ရတဲ့ ကိစ္စတွေကို ရှောင်ဖယ်ဖယ် လုပ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒီလိုကျင့်သုံးတာဟာ ကိုယ် ချစ်တဲ့သူတွေနဲ့ ဆိုရင်တော့ စိတ်ထဲမှာ မအီမသာ ခံစားနေရပါလိမ့်မယ်။ ကိုယ်ကသာ လိုက်လျောပေးလိုက်ပေမယ့် ဘယ်သူကမှ ကိုယ့်ကို ကျေးဇူးတင်မနေတဲ့အတွက် စိတ်ထဲမှာ ခိုးလို့ခုလုတော့ ဖြစ်ရတာပါပဲ။ ဒါပေမဲ့ ဒီပြဿနာက ဒီလိုနဲ့ ပြီးသွားတာ မဟုတ်တော့ တစ်ခါတလေကျရင် စိတ်ထဲမှာ ဒေါသတောင် ထွက်မိပါသေးရဲ့။ အဲဒီအခါကျရင် ကိုယ် သဘောမတွေ့နိုင်တာကို ထုတ်ပြောလိုက်ပါ။ သို့ပေမဲ့ ဒေါသနဲ့ နိုင်လိုမင်းထက် 'ငါ့စကားနွားရ' ပုံစံမျိုး မဟုတ်တဲ့ အရှင်ခါတ်နဲ့ အပြုသဘောဆောင်ပြီး ဖြည်းဖြည်းညင်သာ ပြောလိုက်ဖို့တော့ လိုပါတယ်။

☺ ☺ ☺

မေရီက ဆံပင် အလှပြုပြင်ရေးလုပ်ငန်း လုပ်ပြီး သူ့ညီမ ကင်မ်ကတော့ ဘဏ်အရာရှိ တစ်ယောက်ပါ။ သူတို့နှစ်ယောက် ဒီလို အလုပ်ချင်း မတူကြတာ မေရီ့အတွက် သာမန်အားဖြင့် သိပ် ပြဿနာ ရှိလှတာ မဟုတ်ပါဘူး။ နို့ပေမဲ့ မေရီ့မေမေက သူ့ သူငယ်ချင်းတွေရှေ့မှာ သူ့သမီးတွေကို မိတ်ဆက်ပေးပြီဆိုရင် ''မေရီက ဆံပင် အလှပြင်တယ်၊ အင်း ဒါပေမဲ့ သူ့ညီမကတော့ ဘဏ်အရာရှိကွ''လို့ ပြောတတ်တယ်။ ဒီလို ပြောသံကြားရတိုင်း မေရီ့စိတ်ထဲ ခံရခက်မိတယ်။ မေမေက သမီးတွေရဲ့ အလုပ်အကြောင်းပြောရင် ဘာလို့ ဒီလို ခွဲခွဲခြားခြား ပုံစံမျိုး ပြောရတာလဲ။ သူ့အလုပ်ကြောင့် မေမေ့စိတ်ထဲ သိမ်ငယ်တယ်လို့ ခံစားနေလေရော့သလား ဆိုပြီး မေရီ တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အကျိုးဆက်က မေရီ သူ့အမေဆီကို သွားလည်တဲ့ အခါတိုင်း အမေ့စိတ်ထဲ မေရီဟာ သိပ်ပြီး ရင်းရင်းနှီးနှီး မရှိတော့ဘူး၊ စိတ်များ တိုနေရော့သလားလို့ ပြောလေ့ ရှိလာတယ်။ အမေ ကိုယ်တိုင်ကတော့ မေရီ သည်လို ဖြစ်လာတာဟာ သူပြောလိုက်တဲ့ စကားကြောင့်များလားလို့ နည်းနည်းမှ မစဉ်းစားမိဘူး။ နောက်ဆုံးမှာ မေရီဟာ သူ့အမေကို အမေ့စကားကြောင့် သူ ခံစားနေရတာလို့ ထုတ်ပြောတယ်။ အမေကတော့ သူ့မှာ ဒီလို မရည်ရွယ်ရပါဘူးတဲ့။ အမေက သမီး နှစ်ယောက်စလုံးအတွက် ဂုဏ်ယူနေတာပါ၊ သမီးနှစ်ယောက်ရဲ့ အလုပ်တွေက သူ့အတွက် သိပ် အရေးမကြီးလှပါဘူး၊ သူ ဒီလိုလဲ ရည်ရွယ်ပြီး ပြောခဲ့တာ မဟုတ်ပါဘူးလို့ ပြန်ရှင်းပြပါတယ်။

☺ ☺ ☺

လူတွေအချင်းချင်းအကြား ဆက်ဆံကြတဲ့အခါ ကိုယ်က ကိုယ့်အဖော်ကို ကိုယ့် စိတ်ထဲမှာ ခံစားရတဲ့ စိုးရိမ်ပူပန်မှုနဲ့ လိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောတဲ့ သူတွေဟာ အဲဒီလို မပြောတဲ့သူတွေထက် စိတ်ကျေနပ်မှု ၄၀ ရာခိုင်နှုန်း လောက် ပိုမို ရရှိကြပါတယ်။



## နည်း ၅၄
## အိပ်ရေးဝဝ အိပ်ပါ

အိပ်ရေးကို ချွေတာ မနေပါနဲ့။ ဒီကနေ့ည အိပ်ရေးဝဝ အိပ်လိုက်ပြီဆိုရင် နောက်တစ်နေ့အတွက် ခွန်အား ဖြစ်စေပါတယ်။ ကောင်းကောင်း အနားယူထားတဲ့ သူတွေဟာ အလုပ်ကို ကောင်းကောင်း လုပ်နိုင်ကြသလို တစ်နေ့တာ ကုန်ဆုံးသွားပြီ ဆိုရင်လည်း သက်သောင့်သက်သာ ပိုဖြစ်ကြပါတယ်။

☺ ☺ ☺



၁၉၉၈ ခုနှစ် ဆောင်းဦးရာသီ အင်္ဂါနေ့မနက်တိုင်းမှာ စိတ်ဝင်စားစရာ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ဖူးတယ်။ အမေရိကန်ပြည်ထောင်စု အရှေ့ မြောက်ဘက်ပိုင်းက လူတွေဟာ ဆောင်းဦးရာသီ မတိုင်ခင်တုန်းကထက် အလုပ်ကို သုံးရာခိုင်နှုန်းပိုပြီး တွင်ကျယ်အောင် လုပ်နိုင်ကြကြောင်း လေ့လာမှုတစ်ခုအရ တွေ့ရှိပါတယ်။ ဘာများ ပြောင်းလဲခဲ့လို့ပါလိမ့်။ ၁၉၉၈ ခုနှစ်အတွက် ဘောလုံးပွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ထုတ်လွှင့်နေကျ အချိန်ထက် တစ်နာရီစောပြီး ထုတ်လွှင့်ပေးလို့ပါ။ ဒီအတွက် အမျိုးသား အတော်များများ အိပ်ရေးကောင်းကောင်းဝကြပါတယ်။ အရင်ကဆို ဘောလုံးပွဲတွေဟာ ညသန်းခေါင်ကျော်မှ ပြီးဆုံးပေမယ့် ၁၉၉၈ ခုနှစ်ထဲမှာ ကစားကြတဲ့ ပွဲတွေကတော့ ည ၁၁ နာရီမခွဲခင် ပြီးဆုံးသွားပါတယ်။ ရုပ်မြင်သံကြား ကြည့်ဖို့ပဲဖြစ်ဖြစ် အလုပ် လုပ်ဖို့ပဲဖြစ်ဖြစ် အခြား ဘာကြောင့်ပဲဖြစ်ဖြစ် အိပ်ရေးပျက်ခံဖို့ဆိုတာ အတော်လွယ်လှပါတယ်။ ဘဏ်မှာ အပ်ထားတဲ့ ငွေကသာ ထုတ်ယူလို့ ကုန်ချင်ကုန်သွားမယ်၊ အိပ်ရေးပျက်ခံတယ် ဆိုတာကျတော့ အတိုင်းအဆမရှိ ဖြစ်တတ်ကြပါတယ်။ သို့ပေမဲ့ အိပ်ရေးကောင်းကောင်းဝပြီဆိုရင် ဘဝမှာ ဘယ်ဘက်ကပဲကြည့်ကြည့် အမြတ်ထွက်ဖို့ချည်းပါပဲ။

☺ ☺ ☺

**နှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်ရေးဝဝ အိပ်လိုက်တာဟာ ကျန်းမာရေးလည်းကောင်း၊ နေလို့ထိုင်လို့လည်း အဆင်ပြေတဲ့အပြင် အကောင်းမြင်တဲ့ သဘောထားကိုပါ ဖြစ်ထွန်းစေပါတယ်။ တစ်နေ့ကို အိပ်ချိန် ၈ နာရီထက် နည်းတဲ့သူတွေဟာ သူတို့အိပ်ချိန် တစ်နာရီလျော့သွားတိုင်း နောက်တစ်နေ့ကျရင် အပြုသဘောဆောင်တဲ့ စိတ်အာရုံခံစားမှု ၈ ရာခိုင်နှုန်းကျ ဆုံးရှုံးနစ်နာ သွားစေပါတယ်။**



# နည်း ၅၅
# နှစ်သက်တာကို ဝယ်လိုက်ပါ

ပစ္စည်းတွေ များများစုမိအောင် မဝယ်ပါနဲ့။ တစ်ဖက်ကလည်း ကိုယ်တကယ်လိုချင်တာ၊ လိုအပ်တာကို မဝယ်ဘဲတော့ မနေပါနဲ့။ ကိုယ့်အတွက် အသုံးဝင်အရေးပါမယ့် ပစ္စည်းမျိုးတွေ ဝယ်ဖြစ်တဲ့အခါ ဒီပစ္စည်းတွေကို ကိုယ် တန်ဖိုးထားရတာနဲ့အမျှ ဈေးထဲမှာ တွေ့တွေ့သမျှတွေကို ဝယ်ချင်စိတ် လျော့နည်းလာပါလိမ့်မယ်။

☺ ☺ ☺

တစ်နှစ်တည်းမှာတင် အမေရိကန်တွေ ဝယ်လိုက်ကြတဲ့ အဝတ်အထည်တွေက ၁၇ ဘီလီယံ ကျော်ကျော်လောက် ရှိတယ်။ သူတို့တွေ အဝတ်အစားအသစ် ဘယ်လောက် ဝယ်ကြသလဲဆိုရင် တစ်နှစ် တစ်နှစ်မှာ ကယ်ဆယ်ရေးတပ်ဖွဲ့ တစ်ခုတည်းကို လှူဒါန်းလိုက်ကြတဲ့ အဝတ်အထည်တွေ ပေါင်ချိန်သန်းနှစ်ရာကျော်လောက် ရှိတယ်။

ကျွန်တော်တို့ အတော်များများဟာ ကိုယ် လိုအပ်တာထက် ပစ္စည်းတွေကို ပိုဝယ်ကြပေမယ့် ကိုယ့်မှာရှိတဲ့ ပစ္စည်းအားလုံးကို အသုံးချဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီလိုမျိုး ကိစ္စတွေမှာ ကိုယ်က ငွေတော့ပိုသုံးပါရဲ့၊ အသုံးဝင်တဲ့ တန်ဖိုးကျတော့ နည်းသွားပါတယ်။ ကိုယ်ဝယ်သမျှက ကိုယ့် လိုအပ်ချက်တွေကို တကယ် ဖြည့်ဆည်းပေးနိုင်တာမှ မဟုတ်တာ။

အချို့လူတွေ ကျတော့လည်း တစ်ဖက်ကို အစွန်းရောက်လွန်းသွားပြန်ရော။ ခြစ်ကုတ် စုချင်တာနဲ့ပဲ ကိုယ့်အတွက် နေ့စဉ် အသုံးတည့်မယ့် ပစ္စည်းမျိုးတွေကို မဝယ်ဘဲ မနေလိုက်ပါနဲ့။ ငွေစုတယ် ဆိုတာကလည်း ကိုယ် လိုချင်တာကို သုံးစွဲနိုင်ဖို့ပဲ မဟုတ်လား။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲရမယ့် ပစ္စည်းတွေကို ချိန်ဆပြီး ဝယ်ယူလိုက်ခြင်းဟာ ကိုယ်ရည်ကိုယ်သွေး ပြည့်စုံကျေနပ်မှုကို ဖြစ်စေပါတယ်။ သို့သော်လည်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပစ္စည်းတွေကို အလေးထားလွန်းပြန်ရင် ပျော်ရွှင်မှု လျော့နည်းသွား စေနိုင်ပါသေးတယ်။

## နည်း ၅၆
## နေ့စဥ်တစ်ခုခု ပြီးမြောက်ပါစေ

တစ်ခါတလေကျရင် နေ့တွေသာ ကုန်သွားတယ်။ ဘာမှ မယ်မယ်ရရ မတိုးတက်ဘဲ ဒီအတိုင်းသာ အချိန်တွေ အလဟဿ ကုန်သွားတယ်လို့ ကိုယ့်စိတ်ထဲမှာ ခံစားနေရတတ်ပါတယ်။ ကိုယ် အားထုတ်ကြိုးပမ်းလိုက်တဲ့ အလုပ်က ဘယ်လောက်ပဲ နည်းတယ်ဆိုဦးတော့၊ နေ့စဥ်နေ့တိုင်း တစ်ခုခုကို အသေအချာ ရည်မှန်းပြီး အကောင်အထည် ဖော်နေမယ်ဆိုရင် ကိုယ် ရည်မှန်းထားတဲ့ အိပ်မက်တွေက လက်တွေ့ဖြစ်လာမှာ မလွဲပါဘူး။

☺ ☺ ☺






www.burmeseclassic.com

www.burmeseclassic.com



'မိုင်တစ်ထောင် ခရီးကို ခြေတစ်လှမ်းနဲ့ စရတယ်' ဆိုတဲ့ ဆိုရိုးစကား ကျွန်တော်တို့အားလုံး ကြားဖူးကြမှာပါ။ ဒါပေမဲ့ ကိုယ် သွားရတာက ခရီးတစ်ခု တည်း ဖြစ်စေဦးတော့၊ လှမ်းကြည့်လိုက်တဲ့အခါ ပတ်ဝန်းကျင် မြင်ကွင်းတွေ ပြောင်းသွားတာကို တွေ့မြင်ရင် ခရီးပိုပြီး တွင်သွားတတ်ပါတယ်။

တကယ်လို့ ကိုယ်က မနားမနေ သွားလာနေမယ်၊ ပြောင်းလဲသွားတဲ့ မြင်ကွင်းတွေကိုလည်း တွေ့မြင်ရမယ်ဆိုရင် တိုးတက်မှုရှိနေပြီလို့ ကိုယ်သိပြီ ပေါ့။ တကယ်လို့ တိုးတက်မှုရှိနေတာကို ကိုယ်မမြင်ရဘူး၊ ကိုယ်က လုပ်တော့ လုပ်နေပါရဲ့၊ ဒါပေမဲ့ အရင်အတိုင်းပဲ ရှိနေသေးတယ်လို့ပဲ ထင်နေရရင် ကိုယ် ရှေ့ကို ခရီးဆက်နေတယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ဖို့ ခဲယဉ်းသွားပြီပေါ့။

သင့်ဘဝမှာ နေ့စဉ်နေ့တိုင်း ကိုယ့် တိုးတက်မှုတွေ ကိုယ် ပြန်မြင်ဖို့ လိုပါတယ်။ ဒီကနေ့မှာ ငါ ဘာတွေ ပြီးမြောက်ခဲ့သလဲ။ အဲဒီမှာ ကိုယ့်အတွက် အဖြေတစ်ခုခုရတယ်၊ ကိုယ်လျှောက်တဲ့ ခရီးမှာ တိုးတက်မှုရှိတယ်ဆိုတာကို ပြန်မြင်ရရင် အဲဒီနေ့ဟာ ကိုယ့်အတွက် အဖိုးတန်တဲ့နေ့တစ်နေ့ ဖြစ်သွားပါပြီ။

☺ ☺ ☺

**ရာပေါင်းများစွာသော ကောလိပ်ကျောင်းသားတွေကို လေ့လာကြည့်လိုက်တဲ့အခါ ကိုယ်မှန်းထားတဲ့ ရည်မှန်းချက်ကို ရောက်လုနီးပြီလို့ ခံစားရတဲ့ သူတွေဟာ အပျော်ရွှင်ဆုံး ဖြစ်နေပါတယ်။ ကိုယ့်တိုးတက်မှု ကိုယ် ပြန်မမြင် နိုင်တဲ့ ကျောင်းသားတွေခများတော့ အထက်ကပြောတဲ့ ကျောင်းသားတွေရတဲ့ ပျော်ရွှင်မှုထက် သုံးဆလောက် လျော့နည်း ခံစားရပါတယ်။**



## နည်း ၅၇
## ပြောင်းလွယ် ပြင်လွယ် ရှိပါစေ

ကျွန်တော်တို့တွေဟာ မိသားစုတွေ မိတ်ဆွေတွေနဲ့ အတူနေကြတဲ့အခါ ကိုယ် ဖြစ်စေချင်တဲ့အတိုင်း မကြာခဏ ဖြစ်စေချင်ကြပါတယ်။ ပေါင်းသင်း ဆက်ဆံမှု တွေမှာ လူတိုင်းသာ ဒီလိုမျိုး ဖြစ်စေချင်ကြမယ်ဆိုရင် ဘယ်သူမှ ပျော်ကြတော့မှာ မဟုတ်ပါဘူး။ ကိုယ်ဖြစ်ချင်တာကိုပဲ စဉ်းစားနေမယ့်အစား အခြားသူတွေ ဘာဖြစ်ချင်သလဲ ဆိုတာကိုလည်း စဉ်းစားပေးပါဦး။ သူတို့နဲ့ အတူတူနေဖို့ ဘာကြောင့် အရေးကြီးသလဲ ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့ မမေ့ပါနဲ့။ လူတွေ အချင်းချင်း ကြားမှာ မတူခြားနားတာတွေ ရှိတယ်ဆိုတာကိုလည်း လက်ခံလိုက်စမ်းပါ။ တကယ်လို့ ကိုယ်က ပြောင်းလွယ်ပြင်လွယ် သဘောထားမျိုး ရှိမယ်ဆိုရင် သူတို့နဲ့အတူတူ နေရတဲ့အချိန်မှာ ကိုယ် ပိုပျော်လာမယ့်အပြင် သူတို့နဲ့လည်း ပိုပြီး ရင်းနှီးမှုရလာပါလိမ့်မယ်။

☺ ☺ ☺

ဒွန်နာ၊ မာရီနဲ့ ဗေပြီဆိုတဲ့ ညီအစ်မ သုံးယောက်ဟာ မိသားစု ခရစ္စမတ်ပွဲတွေ ကျင်းပပြီဆိုရင် သူတို့အိမ်တွေမှာ ကျင်းပစေချင်ကြတယ်။ ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာအောင် ညီအစ်မသုံးယောက်ရဲ့ အိမ်တွေမှာ တစ်နှစ်ကို တစ်အိမ်ကျ အလှည့်နဲ့ ကျင်းပလာခဲ့ကြတယ်။ နောက်ပိုင်း ဒွန်နာ့မှာ သားလေး တစ်ယောက် မွေးလာတဲ့အခါကျတော့ မိသားစုတွေအားလုံး သူ့အိမ်ကိုလာပြီး ခရစ္စမတ်ပွဲ ကျင်းပစေချင်တယ်။ ဒွန်နာက သူ့သားလေး အိပ်ရာက နိုးတဲ့အချိန်မှာ ခရစ္စမတ်သစ်ပင်ကို မြင်စေချင်သလို ကျန်တဲ့ညီအစ်မတွေကိုလည်း အဲဒီနေ့ တစ်နေ့လုံး သူ့အိမ်မှာပဲ နေစေချင်ပါတယ်။ မာရီက ဒါကို တရားတယ်လို့ မထင်ဘူး။ ခရစ္စမတ်ပွဲကို သူတို့အရင်က ကျင်းပနေကျ ပုံစံအတိုင်းပဲ ကျင်းပ စေချင်တယ်။ ဒီလိုနဲ့ ဒွန်နာ့အိမ်ကို မာရီ ရောက်လာပြီဆိုရင် နေရထိုင်ရ ကသိက အောက် ဖြစ်လာရသလို မာရီ့အိမ်ကို ဒွန်နာ ရောက်တဲ့အခါမှာလည်း ဒီအတိုင်းပဲ ဖြစ်သွားပါတော့တယ်။ ကြားထဲက ဗေပြီခများလည်း သူ့အစ်မ နှစ်ယောက်ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရထိုင်ရ အဆင်မပြေ ဖြစ်လာရတဲ့အပြင် သူ့အလှည့် မယူရတော့ဘဲ စွန့်လွှတ်ပေးရပြန်သေးရဲ့။

အဆုံးသတ်ကျတော့လည်း ညီအစ်မတစ်တွေဟာ မိသားစုအဖြစ် စုစည်းချင်ကြတာမို့ မကျေမနပ် ဖြစ်နေတာတွေက ရှိနေဆဲပါပဲ။ သို့ပေမဲ့ သူတို့တွေ စိတ်ထဲမှာ ကိုယ် ဖြစ်ချင်တာကိုပဲ ကိုယ် ရွေးရှုနေကြတာမို့ တစ်ယောက်နဲ့တစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်း နေကြဖို့ဆိုတာ မဖြစ်နိုင်ပြန်ဘူး။ ဘာမှ အကျိုးမဖြစ်ထွန်းဘဲနဲ့ အလျှော့ပေးလိုက်ရတာထက်စာရင် ကိုယ့်စိတ်ထဲကနေ တစ်ခုခု အကျိုးရှိ တယ်ဆိုပြီး အလျှော့အတင်း လုပ်ပေးလိုက်တာက ပိုကောင်းတတ်ပါတယ်။

☺ ☺ ☺


**လူတိုင်းနီးပါးလောက်ဟာ သူတို့ဘဝမှာပဲဖြစ်ဖြစ် သူတို့ တန်ဖိုးထားတဲ့ အရာတွေနဲ့ ပတ်သက်ရင်ပဲဖြစ်ဖြစ် အချိန်နဲ့အမျှ သိသိသာသာ အပြောင်းအလဲတွေ ကြုံရတာပါ။ ဒီလို အပြောင်းအလဲတွေဟာ ရှောင်လွှဲလို့လည်း မရပါဘူး။ ဒါကြောင့် အဲဒီလို အပြောင်းအလဲတွေဟာ အကောင်းဘက်ကို ရွေးရှုတာပဲလို့ ပွင့်လင်း လွှတ်လပ်တဲ့ သဘောနဲ့ ရှုမြင်နိုင်မယ်ဆိုရင် အဲဒီလိုရှုမြင်သူတွေဟာ မမြင်နိုင်သူ တွေထက် စိတ်ကျေနပ်မှု ၃၅ ရာခိုင်နှုန်း ပိုမို ရရှိနိုင်ပါတယ်။**



## နည်း ၅၈
## ဖြစ်တာ ပျက်တာတွေဟာ ယာယီပါ

အဖြစ်ဆိုးတွေဆိုတာ တစ်ကြိမ်မဟုတ် တစ်ကြိမ် ကြုံရတာတွေပါ။ အဲသည့် အဖြစ်တွေကြောင့် ရခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကတော့ ကျွန်တော်တို့ဆီမှာ အမြဲ ကျန်နေလိမ့်မယ်လို့ ကျွန်တော်တို့ အစဉ်ခံစားနေရတာမှ မဟုတ်တာ။ သင် စိတ်ပျက်ရတာတွေက အရေးလည်းကြီးသလို အလေးအနက်လည်း ထားရမှာ ဖြစ်ပေမယ့် တစ်ချိန်ကျတော့ အဲသည်လို စိတ်ပျက်ရတာတွေ ပျောက်သွားပြီး ကိုယ့်ဘဝမှာ အခြားဦးတည်ရမယ့် အရာတွေ ပေါ်လာပါလိမ့်ဦးမယ်။ အချိန်တော့ ပေးရမှာပေါ့။

☺ ☺ ☺



ဒင်နီဟာ သူ့ဇာတိမြို့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဝင်အရွေးခံပြီး ရှုံးသွားတဲ့ နောက်တစ်နေ့ကျတော့ သူ့အပေါ်ကို အုတ်ခဲတွေ အပုံလိုက် ပြိုဆင်းလာသလို ခံစားရတယ်။ သူ့ခမျာ ရှုံးရလေခြင်းရယ်လို့ တနုံ့နုံ့ ယူကျုံးမရ ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်ပေါင်းသုံးဆယ်ကြာတဲ့အခါ ဒင်နီကို သူ့ဘဝမှာ အဓိပ္ပာယ်ရှိတာ ဘာတွေလဲလို့ မေးကြည့်တယ်။ တစ်ချိန်တုန်းက သူ့စိတ်ထဲ ကြေကွဲဝမ်းနည်းခဲ့ရတာ ခုထိ ခံစားနေရတုန်းပဲလား။ ဘယ်ကျန်ပါလိမ့်မလဲ။ သူနဲ့ သူ့ဇနီးတို့ရဲ့ သာယာပျော်ရွှင်တဲ့ဘဝ၊ ဖခင်တစ်ယောက် ဖြစ်နေရတဲ့ သူ့ဘဝနဲ့ နိုင်ငံရေးမှာ တိုးတက်မှုရအောင် သူ ပါဝင်ဆောင်ရွက်ပေးခဲ့မှု စတာတွေပဲ သူက ထုတ်ပြောပါတယ်။ အရှုံးကို သူ ခံစားနေရတုန်းပဲလား။ ဘယ်ခံစားရလိမ့်မတုန်း။ ဘဝဆိုတာ အနိုင်တွေ အရှုံးတွေ မဟုတ်ဘူး၊ ကိုယ် နေ့စဉ် ဘယ်လို နေထိုင်သလဲ ဆိုတာကသာ ဘဝပါလို့ ဒင်နီက ဖြေတယ်။

☺ ☺ ☺

**အမေရိကန်လူမျိုး ထောင်ပေါင်းများစွာကို လေ့လာဆန်းစစ်ချက်တွေအရ ပျော်ပျော်ရွှင်ရွှင် နေတဲ့သူတွေဟာလည်း အဖြစ်ဆိုးတွေနဲ့ တွေ့ခဲ့ရကြောင်း သိရှိရပါတယ်။ သူတို့ ဘယ်လိုလူစားမျိုးတွေလဲလို့ ခွဲခြားသတ်မှတ်တဲ့အခါ အဲဒီ အဖြစ်တွေ ဖြစ်ခဲ့ပြီးနောက် ကြုံတွေ့လာတဲ့ အခြားကိစ္စ တွေအပေါ် သူတို့ ဘယ်လောက်တွေးခေါ် စဉ်းစားနိုင်သလဲ ဆိုတာအပေါ် မူတည်အကဲဖြတ်လို့ ရပါတယ်။**



# နည်း ၅၉
# မိမိကိုယ်ကို နှစ်သက်မြတ်နိုးတတ်ပါစေ

ကျွန်တော်တို့တွေ ယိမ်းယိုင်မသွားဘဲ စိတ်ဓါတ်ကြံ့ခိုင်နေရအောင် ကိုယ့်ကိုယ်ကို ပြန်အားဖြည့်တတ်ကြဖို့ လိုပါတယ်။ စိတ်ဓာတ်ကျတယ်လို့ ခံစား လာရပြီဆိုရင် ကိုယ့်ကိုယ်ကို ပြန်အားတင်းဖို့ အဆင်သင့် ဖြစ်နေတတ်ပါစေ။

☺ ☺ ☺

လူငယ်လေးက သူတို့ အထက်တန်းကျောင်းက အားကစားရုံဆီ လမ်းလျှောက်သွားလိုက်တယ်။ ကျောင်းအသင်းအတွက် ရွေးချယ်ခံရတဲ့ သူတွေစာရင်းကို ဖော်ပြတဲ့ စာရွက်တစ်ရွက် နံရံမှာကပ်ထားတယ်။ ၁၅ နှစ်သားလေး မိုက်ကယ်ဂျော်ဒန် အဲဒီစာရင်းကို အပြန်ပြန် အလှန်လှန် ကြည့်တယ်။ အဲဒီထဲမှာ သူ့နာမည်ကို ရှာလို့ မတွေ့ဘူး။ အသင်းက မိုက်ကယ်ဂျော်ဒန်ကို မရွေးဘူး။

မိုက်ကယ်ဂျော်ဒန်ဆိုတာ ဒီကနေ့ ကမ္ဘာပေါ်မှာ အတော်ဆုံး ဘတ်စကက်ဘော အားကစားသမားရယ်လို့ အသိအမှတ်ပြုခံထားရသူ တစ်ဦးပါ။ သို့ပေမဲ့ သူ အဲဒီနေရာ ရောက်လာခဲ့ဖို့ သူ့ကိုယ်သူ ယုံကြည်ခဲ့ရာက စခဲ့တာပါ။ အဲဒီအချိန်တုန်းကတော့ ဆယ်တန်းတက်လာတဲ့ ဘတ်စကက်ဘော အားကစားသမား အတော်များများဟာ ကောလိပ်အသင်းနည်းပြတွေဆီက သူတို့အသင်းထဲ ဝင်ကစားဖို့ ကမ်းလှမ်းကြတဲ့စာတွေ ရာပေါင်းများစွာ လက်ခံရရှိနေကြပါပြီ။ မိုက်ကယ်ဂျော်ဒန်မှာတော့ အဲသည်လို စာမျိုးတစ်စောင်မှ လက်ခံမရရှာဘူး။ သူ့ခမျာ ကျောင်းအသင်းအတွက်တောင် ရွေးချယ် မခံရပါဘူး။

နို့ပေမဲ့ သူက ဖွဲ့မလျှော့ဘူး။ သူက သူ့အစွမ်းအစကိုရော သူ့ကိုယ်သူကိုပါ ယုံကြည်တော့ ဆက်လက်ပြီးတော့သာ လေ့ကျင့်နေလိုက်တယ်။ နောက်တစ်နှစ်ကျတော့ ကျောင်းအသင်းမှာ သူ့အရွေးခံရတယ်။ ဒီလိုနဲ့ပဲ သူဟာ အောင်မြင်ကျော်ကြား လာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြည်ရွှန်း

☺ ☺ ☺


ငြင်းပယ်ခံရတာကြောင့် ရှုံးတယ်လို့ ဆိုတာမျိုးဟာ သင်က သင့်ကိုယ်သင် မယုံကြည်မှု ဖြစ်တာပါ။ ကိုယ့်ကိုယ်ကို ယုံကြည်တဲ့ သူတွေကျတော့ အဲဒါဟာ စိန်ခေါ်မှုတစ်ရပ် ဖြစ်သွားပါလိမ့်မယ်။

လူတစ်ယောက်ဟာ မိမိကိုယ်မိမိ ယုံကြည်မှုနဲ့ ပြန်အားဖြည့်တတ်မယ်ဆိုရင် အမျိုးသားတွေရော အမျိုးသမီးတွေမှာပါ ဘဝအပေါ် ကျေနပ်မှု ၂၀ ရာခိုင်နှုန်း တိုးတက် ရရှိပါလိမ့်မယ်။

## နည်း ၆၀
## ဝါသနာတူရာ အစုအဖွဲ့မှာ ပါဝင်ပါ

ကိုယ် စိတ်ဝင်စားတာတွေကို စာရင်းချကြည့်ပါ။ ကိုယ်နေတဲ့ ဒေသမှာ ကိုယ်အထူးစိတ်ဝင်စားတဲ့ အရာတစ်ခုခုကို ပူးပေါင်းဆောင်ရွက်တဲ့ အစုအဖွဲ့တစ်ခု ရှိဖို့ အခွင့်အလမ်းတွေ ပေါ်လာပါလိမ့်မယ်။ အစုအဖွဲ့နဲ့ နေတဲ့သူတွေဟာ အပြုသဘောဆောင်တဲ့ ရင်းနှီးခင်မင်မှုတွေ တိုးတက် ဖြစ်ထွန်းလာကြတာနဲ့ အမျှ အခြားသူတွေနဲ့ နေတဲ့အခါ အဆင်ပြေပြေနေနိုင်သလို အထီးကျန်လည်း မဖြစ်တော့ဘဲ ကြုံတွေ့လာမယ့် ကိစ္စတွေကို ပိုပြီးထိန်းချုပ်နိုင်စွမ်း ရှိလာပါတယ်။

☺ ☺ ☺



ဘော့ဟာ ရှေးရိုးဆန်ဆန် နေတတ်သူတစ်ဦးဖြစ်ပြီး သူ့ဝါသနာက လက်သမား အလုပ်ပါ။ အိုင်အိုဝါပြည်နယ် တောင်ဘက်ပိုင်းမှာနေတဲ့ ဘော့ဟာ ပင်စင်ယူပြီးတဲ့အခါ သူနဲ့ ဝါသနာချင်း တူမယ့်သူတွေကို ရှာပါတယ်။ ဘော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သူ့လိုပဲ လက်သမားအလုပ်ကို ဝါသနာပါတဲ့ အုပ်စုလေးတစ်ခုနဲ့ အဆက်အသွယ်ရသွားပြီး အချင်းချင်း ပြောကြဆိုကြ၊ တိုင်ပင်ကြ၊ စိတ်ကူးတွေ ဖလှယ်ကြတဲ့အပြင် သူနဲ့ဝါသနာချင်း တူသူတွေနဲ့ပါ စာပေးစာယူ လုပ်ကြပါတယ်။ မကြာခင်မှာ ဘော့ဟာ တစ်နိုင်ငံလုံးက သူနဲ့ ဝါသနာတူသူတွေဆီက ဆက်သွယ်ညှိနှိုင်းလာတဲ့စာတွေ ရလာသလို မိတ်ဆွေ အတော်များများ တိုးပွားလာတယ်။

ဘော့ရဲ့ဇနီးသည် အတော်လေး မကျန်းမမာ ဖြစ်လာတဲ့အခါ ဘော့က သူ့လက်သမား မိတ်ဆွေတွေကို သူတော့ဖြင့် ဇနီးသည်ကို စောင့်ရှောက်ရတော့မှာမို့ အလုပ်နားဦးမယ်လို့ လှမ်းအကြောင်းကြားတယ်။ ဒီသတင်းကို ကြားလိုက်ရင်ပဲ သူနဲ့ စာပေးစာယူ ဆက်သွယ်နေကြတဲ့ မိတ်ဆွေတွေဟာ ဘော့နဲ့ သူ့ဇနီးတို့အတွက် လက်ဆောင်လေးတစ်ခုပေးဖို့ စတင်ဆွေးနွေးကြတယ်။ မကြာခင် တစ်နိုင်ငံလုံးမှာရှိတဲ့ လူ ၁၂ ယောက်ဟာ (ရဲ၊ ရှေ့နေ၊ အင်ဂျင်နီယာနဲ့ သန့်ရှင်းရေး သမားတွေတောင် ပါကြသေးရဲ့) စာအုပ်စင်တစ်ခု ဖြစ်လာမယ့် အစိတ်အပိုင်း အသီးသီးကို စလုပ်ကြတယ်။

သူတို့လုပ်ပြီးသား အစိတ်အပိုင်းတွေကို တစ်ဦးက ပေါင်းစပ်ပြုလုပ်ပြီး အိုင်အိုဝါမှာရှိတဲ့ ဘော့ဆီကို ပို့ပေးတယ်။ ဘော့ခမျာ အဲသည်လက်ဆောင်တွေကြောင့် စိတ်ထဲ အတော် ထိထိရှရှ ခံစားရတယ်။ သူနဲ့ လက်သမားအလုပ်ကို ဝါသနာတူကြတဲ့ မိတ်ဆွေတွေ ဒီလောက် စိတ်ကောင်းရှိကြတာကို မယုံနိုင်သလိုတောင် ဖြစ်မိသေးရဲ့။ သူ့မှာ ဒီလိုသဘောထား ပြည့်ဝသူတွေပါတဲ့ အုပ်စုထဲမှာ တစ်ဦးအပါအဝင် ဖြစ်ရတာကို ဝမ်းသာကြည်နူး နေမိပါတော့တယ်။

☺ ☺ ☺

အစုအဖွဲ့တွေမှာ ပါဝင်ကြတဲ့ သူတွေဟာ တစ်ဦးနဲ့တစ်ဦး ပိုပြီး ရင်းနှီးဆက်သွယ် ဖြစ်ကြတဲ့အပြင် မိမိကိုယ်ကို ယုံကြည်မှုနဲ့ စိတ်ကျေနပ်မှုကို ၇ ရာခိုင်နှုန်းအထိ တိုးတက် ရရှိကြပါတယ်။



## နည်း ၆၁
## အကောင်းမြင်တတ်ပါစေ

အိမ်မှာပဲ နေနေ၊ အလုပ်ထဲကိုပဲ ရောက်ရောက်၊ သူငယ်ချင်းတွေနဲ့ပဲ အတူတူ နေတုန်းပဲ ဖြစ်ဖြစ် သင်ဟာ အကောင်းမြင်ဝါဒကို ပြန့်ပွားအောင် လုပ်ပေးနိုင်တဲ့သူ ဖြစ်ပါစေ။ သင် လုပ်ပေးခဲ့တာတွေက သင့်ဆီ ပြန်ရောက်လာတာကို တွေ့ရပါလိမ့်မယ်။

☺ ☺ ☺



သင့်ရှေ့မှာ စိန်ခေါ်မှုတစ်ခု ရှိတယ်ဆိုပါစို့၊ သင်ဟာ တောင်ပေါ်တက်ဖို့ ကြိုးစားတဲ့အခါမှာပဲဖြစ်ဖြစ် အလုပ်ထဲမှာ စီမံချက်တစ်ခုကို ရေးဆွဲပြီးစ အခါမှာပဲ ဖြစ်ဖြစ် ကိုယ့်ဘေးနားမှာ ဘယ်လိုလူမျိုးတွေကို ရှိစေချင်လဲ။ သင်ဆုံးရှုံးမှာ ဆိုတာကို ပြောနေတတ်တဲ့ အပျက်မြင် ဝါဒသမားတွေကို ရှိစေချင်လား၊ သင်အောင်မြင်လိမ့်မယ် ဆိုတာကို အကျိုးအကြောင်းနဲ့ တကွ ပြောပြတတ်တဲ့ သူတွေကို ရှိစေချင်လား။



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘေးနားမှာ ဘယ်လို လူမျိုးတွေကို ရှိစေချင်သလဲ။ စဉ်းစားကြည့်လိုက်ပါ။ ကိုယ့်ဘေးနားမှာ ဘယ်လိုလူမျိုးတွေရှိရင် ပျော်မှာပဲဆိုတာကိုလည်း တွက်ကြည့်လိုက်ပါ။ ကိုယ့်ဘေးနားမှာ ရှိစေချင်တဲ့ သူတွေမှာ ဘယ်လို တူညီတာတွေရှိလဲ။ အဆိုးဆုံးတွေပဲ ဖြစ်လာလိမ့်မယ်လို့ ဆက်ကာဆက်ကာ မျှော်လင့်နေတတ်ကြတဲ့ အဆိုးမြင်သမားတွေ ပါနေသလား။ ဘယ်ပါပါလိမ့်မလဲ။ ကျွန်တော်တို့တွေဟာ ဘဝကို နှစ်သက်စဖွယ် မျှော်လင့်ချက်တွေနဲ့ ရှုမြင်တတ်တဲ့ သူတွေအနားပဲ နေချင်ကြတာ မဟုတ်လား။

ဘဝမှာ ချမ်းမြေ့ကျေနပ်စွာ နေတတ်ဖို့ဆိုတာ ကျွန်တော်တို့ဘဝမှာ ပြဌာန်းထားတဲ့ စိန်ခေါ်မှုတွေထဲက တစ်ခုပါပဲ။ အဲဒီစိန်ခေါ်မှုကို အကောင်းဆုံး ရင်ဆိုင်နိုင်တာကလည်း အကောင်းမြင်စိတ်ပါပဲ။

☺ ☺ ☺

**သိပ္ပံပညာရှင်တွေဟာ လူတစ်ယောက် ပျော်ရွှင်မှု ရှိမရှိကို အဲဒီသူတွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေအပေါ် အခြေခံပြီး ခန့်မှန်းတဲ့အခါမှာ အတော်အခက်အခဲ တွေ့ခဲ့ကြရပါတယ်။ လူတစ်ယောက် ပျော်ရွှင်မှု ရှိမရှိကို ဒီလူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေ အဆိုးအကောင်း ပမာဏကို ကြည့်ပြီး ခန့်မှန်းတာထက် ဒီလူမှာ ဘယ်လို ယုံကြည်ချက်တွေ ရှိသလဲ၊ ဒီလူ ဘယ်လို သဘောထားမျိုး ထားတတ်သလဲ ဆိုတာကို ကြည့်ပြီး ခန့်မှန်းတာက အမှန်နဲ့ ပိုပြီး နီးစပ်ပါလိမ့်မယ်။**



## နည်း ၆၂
## အခုံးသတ်ကတော့ ရှိတယ်
## ဒါပေမဲ့ သင် ပြင်ဆင်ထားရလိမ့်မယ်

ကျွန်တော်တို့ အသက်တွေ ရလာတာနဲ့အမျှ စိုးရိမ်သောက ရောက်ရတဲ့ အကြောင်းရင်းတွေထဲမှာ တစ်ခုကတော့ ကျွန်တော်တို့ သိပ်လုပ်ချင်ခဲ့တဲ့ အရာကို လုပ်ခွင့်ရမှ ရပါဦးမလား၊ ဒါမှမဟုတ် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက စခဲ့တဲ့ စီမံချက် အပြီးမှသတ်ပါ့မလား၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ အချင်းချင်း ဆက်ဆံရေးတွေမှာ မပြေမလည်ဖြစ်နေတာကို ချေစပ်ညှိနှိုင်းပေးရင် ကောင်းမလား ဆိုတာမျိုးတွေ ရှိတတ်ပါတယ်။ သင် နေနေရတဲ့ လူ့ဘဝမှာ ငါလုပ်ခဲ့ရင် ကောင်းသားလို့ နောင်တရတဲ့အထိ စောင့်မနေပါနဲ့။ အဲသည်လို လုပ်ရမယ့်အလုပ်တွေ ဘာရှိလဲ။ အခုပဲစဉ်းစားပြီး ချက်ချင်း ထလုပ်ပါ။ -

☺ ☺ ☺

ကျောင်းသားတွေ ဖြစ်လေ့ဖြစ်ထရှိတာက အချိန်ကို အီလေးဆွဲနေတတ်တာမျိုးပါ။ သူတို့ကို စာတမ်းတစ်စောင်ရေးဖို့ အချိန် ၂ လ ပေးကြည့်လိုက်ပါ။ အတော်များများက စာတမ်းတင်ရမယ့် နောက်ဆုံးနေ့အထိ စောင့်နေတတ်ပြီး နီးတော့မှ ဖတ်စရာရှိတာ မှတ်စု ထုတ်စရာ ရှိတာတွေကို ဒရောသောပါးလုပ်ပြီး တက်သုတ်နှင် ရေးတတ်ကြလေရဲ့။ အဲသည်လို လုပ်နေရစဉ် တောက်လျှောက် စိတ်သက်သာစရာကို မရှိပါဘူး။ ဒရောသောပါး လုပ်ရတာမို့ စာတမ်း ကောင်းပါ့မလား ဆိုတာတောင် မစဉ်းစားနိုင်ဘူး။ အချိန်မှီ စာတမ်းရေးပြီးတတ်တဲ့ ကျောင်းသားတွေကျတော့ သူတို့ ဘာတွေ လုပ်ရမယ်ဆိုတာ ကြိုပြီး စဉ်းစားပါတယ်။ လုပ်ရမယ့် အလုပ်ကို စီစဉ်တကျ လုပ်တဲ့အတွက် စိတ်သောက ဖြစ်စရာလည်း မလိုတဲ့အပြင် ကိုယ်လုပ်တဲ့ အလုပ်အပေါ်မှာတောင် ပျော်ရွှင်ကျေနပ်မှု ရရှိကြပါသေးတယ်။

ကျွန်တော်တို့တွေ လုပ်ကိုင်ဆောင်ရွက်ပုံတွေကလည်း စာတမ်းရေးတဲ့ ကျောင်းသားတစ်ယောက်နဲ့ အတူတူပါပဲ။ အချိန်ကို အီလေးဆွဲနေတတ်သူလား၊



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တကျ လုပ်တတ်သူလား၊ တစ်မျိုးမျိုးထဲမှာ ပါတာကတော့ အမှန်ပါ။ အချိန်ကို အိလေးဆွဲနေတတ်သူကတော့ အခြေအနေကို မထိန်းသိမ်းနိုင်တတ်တော့ သူ့အတွက် တစ်နှစ်တစ်နှစ် ကုန်ဆုံးတဲ့ အချိန်တွေဟာ စိတ်ပျက်စရာတွေချည်းပါပဲ။ စီစဉ်တကျ လုပ်တတ်သူတွေကတော့ သူ လုပ်စရာရှိတာတွေ ပြီးစီးတဲ့အပြင် သူ့အတွက် တစ်နှစ်တစ်နှစ် ကုန်ဆုံးတဲ့ အချိန်တွေဟာ ပြီးမြောက်မှု အမှတ်အသား တွေပဲ ဖြစ်လို့နေပါတယ်။

☺ ☺ ☺

**သက်ကြီးရွယ်အိုတွေကို ပြုလုပ်ကြည့်တဲ့ သုတေသနပြုချက် တစ်ခုမှာ သူတို့ တစ်နေ့ သေရမှာကို သိပေမယ့် မတုန်မလှုပ် နေနိုင်ကြတဲ့ သူတွေဟာ အဲဒီလို သေရမယ်ဆိုတာကို မေ့ထားကြလို့ မဟုတ်ဘဲ အဲဒီအတွက် ပြင်ဆင်ပြီး သား ဖြစ်နေတယ်ဆိုတာ တွေ့ရှိရပါတယ်။**



## နည်း ၆၃
## လောကကြီး ဘယ်လိုရှိနေသလဲ ဆိုတာထက် လောကကို ကိုယ်ဘယ်လို မြင်သလဲဆိုတာ ပိုအရေးကြီးတယ်

လောကကြီး ဘယ်လိုပုံစံမျိုး ရှိနေလဲ။ လောက အခြေအနေက ဘယ်လိုရှိလဲ။ သိပ္ပံပညာရှင်တွေ၊ အတွေးအခေါ် ပညာရှင်တွေနဲ့ ဘုရင်တွေက ဒီပြဿနာကို မဆုံးနိုင်လောက်အောင် ဆွေးနွေး ငြင်းခုံနေကြပါလိမ့်မယ်။ လောကမှာ ကိုယ် ရောက်နေတဲ့ နေရာကလွဲလို့ ပိုပြီး အစစ်အမှန် တိုင်းတာလို့ ရတဲ့နေရာ မရှိပါဘူး။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်တွေက စမ်းသပ်မှုတစ်ခု လုပ်တဲ့အခါ လူတွေကို ဖဲချပ်လေးတွေ ပြကြည့်လိုက်ပါတယ်။ သူတို့ပြတဲ့ ဖဲချပ်အသီးသီးမှာ မြင်နေကျ ဖဲချပ်ပုံစံမျိုးတွေ မဟုတ်ဘဲ ညှင်းတွေ၊ ဒိုင်းမွှန်းတွေကို မတူခြားနားတဲ့ အပွင့်အရေအတွက်တွေ ထည့်ထားလိုက်တယ်။ လူတွေကို ပြကြည့်တဲ့အခါ သူတို့ ဘယ်လို မြင်သလဲဆိုတာ မေးလိုက်တယ်။

လူတွေဟာ သူတို့မြင်နေကျ အပွင့် အရေအတွက်အတိုင်း ပါမလာလို့ အံ့သြသွားကြသလား။ သူတို့ အံ့သြမသွားကြပါဘူး။ သတိမှ မပြုမိကြပဲကိုး။ ဒီဖဲချပ်တွေ ဘယ်လို ဖဲချပ်မျိုးလဲ မေးကြည့်တဲ့အခါ သူတို့မြင်နေကျ ဖဲချပ်တွေအတိုင်းပဲ ပြန်ဖြေကြတယ်။ အဲဒီဖဲချပ်တွေအပေါ်မှာ အပွင့်တွေလွဲပြီး မှတ်သားပေးလိုက်တာကို ပြန်မပြောကြဘူး။

ဒီလို ဘာကြောင့်များ ဖြစ်ကြရတာပါလိမ့်။ သူတို့ တွေ့မြင်နေကြတာတွေကတော့ တကယ်ရှိနေတဲ့အတိုင်း မဟုတ်လို့ပါပဲ။ ကျွန်တော်တို့ မြင်လိုက်တာကတော့ ကိုယ့်မျှော်လင့်ချက်၊ ကိုယ့်ယူဆချက်တွေပဲ ဖြစ်နေလို့ပါ။

☺ ☺ ☺

**တူညီတဲ့ အဖြစ်အပျက်တွေ တွေ့ကြုံခဲ့ရတဲ့ လူတွေဟာ ဘဝမှာ စိတ်ကျေနပ်မှု ရှိမရှိနဲ့ ပတ်သက်လာရင် ဆန့်ကျင်ဘက်နီးပါး ခံယူရှုမြင် တတ်ကြပါတယ်။ သိပ္ပံပညာရှင်တွေက နှိုင်းယှဉ် သုံးသပ်ပြကြရာမှာ ဥပမာအားဖြင့် ရာထူးတိုးမြှင့်ခံရတာချင်း အတူတူ အချို့လူတွေက ဒါဟာ အခွင့်အရေး တစ်ရပ်ပဲလို့ ခံယူတတ်ကြပြီး အချို့လူတွေကျတော့ ဒါဟာ တာဝန်ပိုလာတာပဲလို့ စိတ်ပျက်လက်ပျက် ဖြစ်တတ်ကြတယ်လို့ ထောက်ပြကြပါတယ်။ ဘဝမှာ ကြုံတွေ့ကြရတဲ့ အဖြစ်အပျက်တွေရဲ့ အကျိုးသက်ရောက်မှုဟာ ရှုမြင်ပုံ ရှုမြင်နည်း အပေါ်မှာ မူတည်နေပါတယ်။**



## နည်း ၆၄
## စာရွက်နှင့်ဖောင်တိန် အသင့် ထားရှိပါ

လူတွေ အတော်များများဟာ လွန်ခဲ့တဲ့အပတ်က ရလိုက်တဲ့ စိတ်ကူး ကောင်းကောင်းလေးတော့ ပျောက်သွားပါပြီ၊ မနေ့ညတုန်းက မက်တဲ့ အိပ်မက်လေး စိတ်ဝင်စားစရာ ကောင်းလိုက်တာ၊ အခုတော့ မမှတ်မိတော့ဘူး စသည်ဖြင့် မကြာခဏဆိုသလို စိတ်ပျက်လက်ပျက်ဖြစ်ရတာတွေ ကြုံဖူးကြပါတယ်။ မှတ်စု စာအုပ်လေး ဆောင်ထားတတ်တဲ့ သူများကျတော့ သူတို့ရဲ့ စိတ်အာရုံတွေ စုစည်းနိုင်ကြတဲ့အပြင် မေ့လျော့ သွားတတ်ကြတာတွေလည်း နည်းလာတတ်ပါတယ်။

☺ ☺ ☺

အမ်မလီဟာ စာရေးဆရာ ဖြစ်ချင်တာမို့ သူရေးချင်တာတွေကို အမြဲချရေးလေ့ရှိတယ်။ တကယ်လို့ စာရွက်ပေါ် ချမရေးဖြစ်ရင်တောင် စာအိတ်တွေ၊ လက်သုတ်ပဝါတွေ၊ ကတ်ထူဘူးတွေပေါ်ဖြစ်ဖြစ် သူ့စိတ်ထဲ ပေါ်လာတာ တွေ ချရေးတတ်တယ်။ သူ ဒီလို ချရေးတတ်တာ မေ့တတ်လို့လားဆိုတော့ မဟုတ်ပါဘူး။ လူသားတွေဆိုတာ တစ်နေ့တည်းမှာတင် ပေါ်လာနိုင်တတ်တဲ့ စိတ်ကူးတွေက အများကြီးပဲ။ ဒါတွေအားလုံး ဒါမှမဟုတ် အဲသည့်ထဲက အရေးကြီးတဲ့ဟာတွေ ပြန်မှတ်မိဖို့ဆိုတာ မလွယ်မှန်း သိတဲ့အတွက် လက်တွေ့ကျကျနဲ့ စနစ်ရှိရှိ ဖြစ်ရအောင် ဒီလို အမ်မလီ မှတ်သားလိုက်ခြင်းပါ။ စိတ်ကူးကောင်း လေးတွေဆိုတာ ကျွန်တော်တို့တွေ ခေါင်းထဲကို လွင့်မျော ဝင်လာတတ်သလို အလွယ်တကူပဲ ပြန်ပြီး လွင့်မျောထွက်သွားတတ်ပါတယ်။ ဒါတွေကို သိတဲ့ စာရေးဆရာတွေကျတော့ သူတို့သွားလေရာ မှတ်စုစာအုပ်တစ်အုပ် ဆောင်ထားတတ်တဲ့အတွက် အဲသည့် စိတ်ကူးကောင်းလေးတွေကို စာရွက်ပေါ် မှတ်တမ်း တင်လိုက်နိုင်ပါတယ်။ သင့်အနေနဲ့ စာရေးဆရာဖြစ်ဖို့ မလိုပေမယ့် စိတ်ကူးကောင်းလေးတွေတော့ သင့်ဆီက



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ထွက်မသွားဖို့ လိုပါတယ်။ မှတ်စု စာအုပ်တစ်အုပ်နဲ့ ရေးစရာ ဘောပင်တစ်ချောင်း ဆောင်ထားလိုက်ပါ။ သင့်ဆီက ထွက်သွားနိုင်တဲ့ အတွေးကောင်းလေးတွေကို ဖမ်းဆုပ်ယူထား နိုင်ပါလိမ့်မယ်။

☺ ☺ ☺

**ရည်ရွယ်ချက်ရှိရှိနဲ့ ပြုမူဆောင်ရွက်တာဟာ ပျော်ရွှင်မှုကို ပေးစွမ်းနိုင်သလိုပဲ အတွေးတွေနဲ့ အခွင့်အလမ်းတွေ ပျောက်ဆုံးသွားတဲ့အခါ ဖြစ်ပေါ်လာရတဲ့ ခံစားမှုကလည်း မကျန်းမမာ ဖြစ်နိုင်လောက်အောင် စိတ်ပျက်အားလျော့သွားစေနိုင်ပါတယ်။ သူတို့ရဲ့ စိတ်ကူးကောင်းတွေ လွှင့်ပျောက်သွားသလို ခံစားရတဲ့သူတွေမှာ အဲသည်လို မခံစားရတဲ့သူတွေထက် စာရင် စိတ်ကျေနပ်ရောင့်ရဲမှု ၃၇ ရာခိုင်နှုန်း လျော့နည်း ခံစားရလေ့ ရှိပါတယ်။**



## နည်း ၆၅
## အကူအညီ အနည်းငယ်လိုနေတဲ့ သူတွေကို ကူညီပေးလိုက်ပါ

အခြားသူကို ကူညီတယ်ဆိုတာ သူ့ဘက်ရော ကိုယ့်ဘက်ပါ အသာရတဲ့ အခြေအနေမျိုးပါ။ ဒါကြောင့်မို့ သင့်ပတ်ဝန်းကျင်မှာ ကိုယ် ကူညီနိုင်သလောက် ကူညီရအောင် အချိန်ယူပြီး အလေးထား ဆောင်ရွက်ပေးလိုက်ပါ။ ဒါမျိုးဆိုတာက ကိုယ့်နောက်မှာ ရှိနေတဲ့သူကို ကားတံခါးဖွင့်ပေးတာကို အလေ့အကျင့် လုပ်ပေးရင်းကနေ လွယ်ကူသွားတတ်ပါတယ်။ ဒီလို လုပ်ပေးတဲ့အတွက် ခင်မင်ရင်နှီးတာကို ပြသရာ ရောက်သလို တစ်ဖက်လူလည်း စိတ်ကျေနပ်၊ ကိုယ်လည်း ပီတိဖြစ် ကျန်ခဲ့နိုင်ပါတယ်။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



စတေဆီဟာ အမေရိကန်ပြည် အရှေ့မြောက်ပိုင်းကနေ အနောက်အလယ်ပိုင်းကို ပြောင်းလာပြီးတဲ့နောက် အနောက်အလယ်ပိုင်း ဒေသက လူတွေဟာ ကားမောင်းတဲ့အခါမှာ ယဉ်ကျေးသိမ်မွေ့တဲ့သူတွေ ဖြစ်တာကို သူမ ချက်ချင်း သတိပြုမိလိုက်တယ်။ တကယ်လို့ ကိုယ့်ကားက ကားရပ်ထားတဲ့ နေရာကနေ ထွက်ချင်တယ် ဆိုပါစို့၊ ရှေ့က လမ်းမကြီးမှာ စီတန်းသွားနေတဲ့ ကားတန်းကြီးက တစ်မိုင်လောက် ရှည်လျားပေမယ့် ကိုယ့်ကားထွက်နိုင်ဖို့ အဲဒီဒေသက လူတွေဟာ သူတို့ကားကို ရပ်ထားပေးကြတယ်။

သူတို့ဆီက နမူနာယူပြီး စတေဆီလည်း ယာဉ်ကြောပိတ်ဆို့နေတဲ့ အခါမျိုးမှာ အခြားကားတွေ ထွက်နိုင်ဖို့ ကိုယ့်ကားရပ်ပေးတဲ့ အကျင့်လေး ရလာတယ်။ သည်လို ခင်မင်စရာကောင်းအောင် နေတတ်တာမျိုးကို သဘောကျလာတဲ့ စတေဆီဟာ မကြာမီမှာပဲ အဲသည်လို နေခြင်းရဲ့အကျိုးကို လက်တွေ့ ခံစားရလိုက်ပါတယ်။

သူမရှေ့က ကားတစ်စီးကို ကျော်တက်ခွင့် ပေးလိုက်ပြီးတဲ့အခါမှာ စတေဆီရဲ့ ကားထဲက ဘာမှန်းမသိတဲ့ အသံကြီးတစ်ခု ထွက်လာလို့ သူမ ကားကို လမ်းဘေးချရပ်လိုက်ရတယ်။ စောစောက သူမ ကျော်တက်ခွင့်ပေးလိုက်တဲ့ ကားထဲက ယာဉ်မောင်းက စတေဆီ ကားရပ်လိုက်ရတာ မြင်လို့ သူမဆီ လိုက်လာတယ်။ အဲဒီ ယာဉ်မောင်းက စတေဆီ ဘာအကူအညီ လိုသလဲလို့ မေးတယ်။ နည်းနည်း စစ်ကြည့်လိုက်တော့ စတေဆီ့ကားက ဓါတ်ဆီကုန်နေတာ တွေ့ရတယ်။ သူက စတေဆီကို ဓါတ်ဆီဆိုင် တစ်ဆိုင်အထိ သွားနိုင်လောက်မယ့် ဓါတ်ဆီ မျှပေးလိုက်တယ်။ ဒီလူက ဒီနယ်ဘက်က လူတွေ သဘောသိပ်ကောင်းကြတာပဲလို့ စတေဆီ့ကို ပြောလိုက်သေးရဲ့။ စကေဆီကလည်း သူ့ကို သူမ ဖုန်းနံပါတ် ပေးလိုက်ပါတယ်။ နောက် တစ်နှစ်လောက် အကြာမှာတော့ သူတို့ နှစ်ယောက် လက်ထပ်ဖြစ်သွားပါတယ်။

☺ ☺ ☺

ဘဝမှာ စိတ်ကျေနပ်မှု ရရှိခြင်းဟာ အများအကျိုး ဆောင်ရွက်မှု အတိုင်းအတာ အပေါ်လိုက်ပြီး ၂၄ ရာခိုင်နှုန်းအထိ တိုးတက်မှု ရှိတယ်လို့ လေ့လာတွေ့ ရှိရပါတယ်။



## နည်း ၆၆
## မိသားစုနဲ့ မိတ်ဆွေတွေကို ပြင်းပြင်းထန်ထန် မဝေဖန်ဖြစ်အောင် သတိထားပါ

ကျွန်တော်တို့တွေဟာ ကိုယ့်ကို အားပေးဖို့ဆိုရင် ကိုယ်နဲ့ နီးနီးစပ်စပ်နေတဲ့ သူတွေကိုပဲ အားပြုကြရတာပါ။ ကျွန်တော်တို့ဟာ ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့ သူတွေက ကိုယ့်ကို ဝေဖန်လာကြပြီ ဆိုရင်တော့ လက်ခံဖို့ လွယ်ပါတယ်။ သူတို့တွေက ကိုယ့်အကြောင်းမှ သိပ်မသိတာ၊ ကိုယ် တကယ် ချို့ယွင်းနေတာလည်း သူတို့ မမြင်နိုင်ကြဘူးလေ ဆိုပြီး ယုံကြည်ထားတာ ကြောင့်ပါပဲ။ မိတ်ဆွေတွေ မိသားစုတွေက ဝေဖန်လာကြပြီ ဆိုရင်တော့ ဆတ်ဆတ်ခါ နာတတ်ကြပါတယ်။ ဒါကြောင့်မို့ ကိုယ့်မိတ်ဆွေ ကိုယ့်မိသားစုကို အပြစ် မတင်မိပါစေနဲ့။ သူတို့တွေကို သူတို့ အရှိအတိုင်းပဲ ချစ်ခင်လိုက်ပါ။ တစ်ခုခု မဟုတ်တာကို ကိုယ့်က ပြောတော့မယ်ဆိုရင် အပြုသဘောနဲ့ ပြောပါ။ ကိုယ်က ဝေဖန်တဲ့ နေရာမှာ ကိုယ် စိတ်ပျက်တာကြောင့် မဟုတ်ဘဲ ချစ်လို့ တန်ဖိုးထားလို့ ပြောတာမျိုး ဖြစ်ပါစေ။

☺ ☺ ☺

ကာရိုးလ်က ရုံးမှာ ဖိုင်တစ်ဖိုင် ပျောက်သွားတဲ့အတွက် သူမ ဘော့စ်က စိတ်ဆိုးတဲ့အကြောင်း အမေ့ကို ပြန်ပြောတဲ့အခါ အမေက ''ညည်းသိပ်တုံးတာကိုး'' လို့ ပြောချလိုက်တယ်။ ''တုံးတာကိုး'' ဆိုတဲ့ အမေ့နှုတ်ဖျားက ထွက်လာတဲ့ စကားဟာ ကာရိုးလ်ရဲ့ ခေါင်းကို ဖြတ်ရိုက်လိုက်သလိုပါပဲ။ ဘော့စ်က သူမအပေါ် စိတ်ပျက်သွားတာကို ကာရိုးလ် မနှစ်သက်မိတာ အမှန်ပါ။ နို့ပေမဲ့ အမေက သူမကို တုံးတယ်လို့ ပြောတာကတော့ ကာရိုးလ်စိတ်ထဲ နာနာကျင်ကျင် ခံစားလိုက်ရပါတယ်။ ''တုံးတယ်'' ဆိုတဲ့ စကားဟာ အဓိပ္ပါယ် အမျိုးမျိုးနဲ့ အတော် တာသွားတတ်တာပါ။ ကားရိုးလ်အမေက စိတ်ကောင်း စေတနာနဲ့ ပြောတာ ဖြစ်ချင်ဖြစ်ပေမယ့် ကိုယ်ချစ်တဲ့သူ တစ်ယောက်ကို ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကျတော့ အပြောခံရသူ အနေနဲ့ ဒီစကားတွေ ပြင်းထန်လိုက်တာ၊ အပြုသဘောလည်း နည်းလွန်းလှတယ်လို့ ခံစားသွားရပါတယ်။

☺ ☺ ☺

သဘော မတူညီနိုင်တဲ့ အခါမျိုးမှာ နိုင်လိုမင်းထက် နိုင်တာရယ်၊ အပြစ်ပုံချတတ်တာရယ်ဟာ ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးတွေအကြား စိတ်ကျေနပ်မှု ၇၀ ရာခိုင်နှုန်းနီးပါး လျော့ကျသွားစေ နိုင်ပါတယ်။



## နည်း ၆၇
## တချို့သူတွေက ပုံကြီးကြီးကို သဘောကျတယ် တချို့သူတွေကတော့ အနုစိတ်ကို သဘောကျတယ်

စားသောက်ဆိုင် တစ်ဆိုင်က ငွေတောင်းခံလွှာ တစ်စောင်ကို ကိုယ်က ကြည့်လိုက်ပြီဆို စုစုပေါင်း ဘယ်လောက် ကျသလဲဆိုတာ ကြည့်မိရင် ကြည့်မိသလို စားစရာ တစ်ခုချင်း ဘယ်လောက် ကျသလဲဆိုတာကို ကြည့်မိတာလည်း ဖြစ်နိုင်ပါတယ်။ ဘဝကို သုံးသပ်ရင်လည်း ဒီနည်းအတိုင်းပါပဲ။ ကိုယ့်ဘဝမှာ ဘယ်လောက်အထိ အောင်မြင်မှုရခဲ့ပြီလဲလို့ ခြုံပြီး တွေးမိတာမျိုး ရှိနိုင်သလို ကိုယ့်ဘဝရဲ့ အထင်ကရ ဖြစ်ရပ်လေးတွေကို ပြန်တွေးမိတာမျိုးလည်း ရှိနိုင်ပါတယ်။ ကိုယ် ဘယ်လိုတွေးရင် စိတ်ပိုကျေနပ်သလဲ။ အဲဒီအတိုင်းပဲ အာရုံစိုက် တွေးကြည့်ပါ။ ကိုယ်လျှောက်ခဲ့တဲ့လမ်းမှာ ခလုတ်ကန်သင်းလေးတွေ ရှိပေမယ့် အားလုံးအဆင်ပြေနေတယ်ဆိုရင် ပုံကြီးကြီးအဖြစ် တွေးမြင်လိုက်ပါ။ အနာဂတ်မှာ ဘယ်လိုဖြစ်လာမယ်ဆိုတာကို ကိုယ်က အသေအချာ မသိနိုင်တဲ့အခါမျိုးမှာ ကိုယ် သိပ်ကိုပျော်ရွှင်ခဲ့၊ နှစ်သက်ကျေနပ်ခဲ့တာတွေကို ပြန်တွေးပြီး အနုစိတ်လေးတွေအပေါ် အာရုံရှူးစိုက် ခံစားကြည့်လိုက်ပါ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ နေ့လယ်ခင်းတစ်ခုမှာ အိမ်ချင်းကပ် နေထိုင်သူ လူနှစ်ယောက်ဟာ သူတို့အိမ်တွေရဲ့ နောက်ဘက်မှာ ရောက်နေကြတယ်။ သူတို့နေတဲ့ အိမ်တွေက အိမ်ဟောင်းကြီးတွေဖြစ်ပြီး အရွယ်အစားနဲ့ အခြေအနေတွေက အတူတူလောက်ပါပဲ။ ဒီလူနှစ်ယောက်မှာ တစ်ယောက်က ကြိုးပုခက် စီးနေတယ်။ နောက်တစ်ယောက်ကတော့ နေပူထဲမှာ သူ့ခြံစည်းရိုးကို ချွေးတလုံးလုံးနဲ့ ဆေးသုတ်နေတယ်။ ကြိုးပုခက်ထဲကလူက ဒီအိမ်ကြီးဟာ နှစ်ပေါင်း ဒီလောက်ကြာအောင် ငါနဲ့ ငါ့မိသားစုကို နားခိုရာ ဖြစ်စေခဲ့ပါလားဆိုတာ တွေးပြီး ပီတိစိတ်နဲ့ ကြည်နူးချမ်းမြေ့နေမိတယ်။

သူ့ရဲ့ အိမ်နီးချင်းကလည်း အလားတူပါပဲ။ သူ သုတ်နေတဲ့ ခြံစည်းရိုးဟာ ဘယ်လောက် အရောင်တောက်မှာပဲလို့ တွေးရင်း ပျော်နေမိတယ်။ လွန်ခဲ့တဲ့ အပတ်တုန်းက သူ ဆေးသုတ်ခဲ့တဲ့ နောက်ဘက်တံခါးကို လှမ်းကြည့်ရင်းနဲ့ စိတ်ကျေနပ်မှုက ဖြစ်နေပါသေးရဲ့။ တစ်ယောက်က ပုံကြီးကြီးကိုမြင်ပြီး စိတ်ကျေနပ်မှုကို ယူပါတယ်။ တစ်ယောက်ကတော့ အနုစိတ်ကလေး လှမ်းမြင်ပြီး သာယာနေပါတယ်။ အရေးကြီးဆုံး အချက်ကတော့ သူတို့နှစ်ယောက်စလုံး စိတ်ကျေနပ်မှု ရနေတယ် ဆိုတာပါပဲ။

☺ ☺ ☺

**အဖြစ်အပျက်တွေ ဖြစ်ပွားပြီးနောက်မှ ပျော်ရွှင်မှုကို ခံစားရတာလား၊ အဖြစ်အပျက်တွေကို ကိုယ့်ရှုထောင့် ကိုယ့်အမြင်နဲ့ တွေ့ကြုံခံစားရင်း ပျော်ရွှင်မှုတွေ စိမ့်ဝင်လာတာလား ဆိုတာဟာ တစ်ခုနဲ့တစ်ခု ခြားနားမှု မရှိကြောင်း သုတေသနပညာရှင်တွေ တွေ့ရှိခဲ့ကြပါတယ်။ ဒီနည်းလမ်း နှစ်မျိုးလုံးဟာ ပျော်ရွှင်မှုကို ပျံ့နှံ့ခံစားလို့ ရတာပါပဲ။**



## နည်း ၆၇
## သင်အားသာတဲ့ အရာတွေကို အကောင်အထည်ဖော်ပါ

ကျွန်တော်တို့တွေဟာ မိမိကိုယ်ကို လုပ်နိုင်ကိုင်နိုင်စွမ်း ရှိတယ်လို့ စိတ်ထဲမှာ ယုံစားထားဖို့ လိုပါတယ်။ ကိုယ် လုပ်စရာရှိရင် ကိုယ်ကျွမ်းကျင်ပိုင်နိုင်ရာ နယ်ပယ်တွေမှာပဲ တာဝန်ယူရမှာပါ။ ဒါဟာ ချက်တာပြုတ်တာဖြစ်ဖြစ်၊ ဥယျာဉ်စိုက်ပျိုးတာပဲဖြစ်ဖြစ် ဘယ်အလုပ်မဆို ဖြစ်နိုင်ပါတယ်။ ကိုယ်က အခက်အခဲတွေ့နေပြီဆိုရင်တော့ အကူအညီ ယူရပါလိမ့်မယ်။

☺ ☺ ☺

ပင်ဆယ်လ်ဗေးနီးယား ပြည်နယ် (**Penn State**) က သုတေသနပညာရှင်တွေဟာ ကျောင်းသားတွေရဲ့ ရမှတ်တွေအပေါ် လေ့လာကြည့်တဲ့အခါ သိသိသာသာ ထူးခြားမှုတစ်ခုကို သတိပြုမိကြလေရဲ့။ မယူမနေရ ဘာသာနည်းနည်းပဲ ယူရတဲ့ တစ်ချို့ဌာနက ကျောင်းသားတွေဟာ များသောအားဖြင့် အမှတ်ကောင်းကောင်း ရတတ်တာကို တွေ့ရတယ်။ ဒီကျောင်းသားတွေ ဒီလို ထူးချွန်တာဟာ လွယ်ရာကူရာ ဘာသာတွေ ယူခဲ့လို့ပဲလို့ သုတေသန ပညာရှင်တွေ အစကတော့ ထင်ခဲ့သေးတာပါ။ နောက်ပိုင်းကျတော့မှ ဒီကျောင်းသားတွေဟာ သူတို့ရွေးချယ်ယူတဲ့ ဘာသာ တွေမှာရော မယူမနေရ ဘာသာတွေမှာပါ အမှတ်သိပ်ကောင်းနေတာကို သုတေသန ပညာရှင်တွေ တွေ့ကြရတယ်။

ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းက ကျောင်းသားတွေကို သူတို့ နှစ်သက်ရာ ဘာသာတွေကို ရွေးချယ်ခွင့် ပေးခဲ့လို့ပါ။ သူတို့ စိတ်ဝင်စားရာ ဘာသာတွေကို ရွေးခွင့်ရတဲ့ ကျောင်းသားတွေဟာ အဲဒီ ဘာသာရပ်တွေမှာ ပိုထူးချွန်ကြတယ်လို့ သုတေသန ပညာရှင်တွေ တွေ့ရှိကြပါတယ်။ ပိုပြီး အရေးပါတယ်လို့ဆိုနိုင်တာကတော့ သူတို့ရွေးချယ်ရာ ဘာသာတွေမှာ စာကောင်းကောင်း လိုက်နိုင်တဲ့အတွက် ကျန်တဲ့ ဘာသာတွေ အားလုံးမှာပါ တိုးတက်မှု ရရှိလာတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




ကိုယ်ရွေးချယ်ရာ ဘာသာတွေမှာ အောင်မြင်မှုရအောင် ဖန်တီးနိုင်ခဲ့တဲ့ အပြုံသဘောဆောင်တဲ့ အလေ့အထကောင်းတွေဟာ မယူမနေရ ဘာသာတွေကို လေ့လာတဲ့ နေရာမှာပါ အကျိုးဖြစ်ထွန်း သွားစေပါတယ်။

အိမ်ထဲမှာပဲနေတဲ့ မိဘတွေနဲ့ အိမ်ပြင်မှာ ထွက်အလုပ်လုပ်ကြတဲ့ မိဘတွေအနက်မှာ ဘယ်သူတွေက ပိုပြီး ပျော်ရွှင်မှု ရကြပါသလဲ။ အဲဒီ အုပ်စု နှစ်ခုမှာ ပါဝင်ကြသူတွေအပေါ် လေ့လာ ဆန်းစစ်ချက်တွေအရ အဲသည်လို အခြေအနေ နှစ်မျိုးလုံးမှာ နေကြသူတွေအနက် ကိုယ်လုပ်တဲ့ အလုပ်အပေါ်မှာ အစွမ်းအစရှိရှိ လုပ်နိုင်တယ်လို့ ခံစားရသူတွေဟာ ပျော်ရွှင်မှုကို ရရှိကြတယ်လို့ သုတေသန ပညာရှင်တွေ တွေ့ရှိကြပါတယ်။



## နည်း ၆၉
## အိမ်နီးချင်းထံ သွားလည်ပါ

ကျွန်တော်တို့ နေနေကြတဲ့ အခုကာလကြီးမှာ လူတွေဟာ သူတို့ အိမ်နီးချင်းတွေအားလုံးကို မသိကြတော့သလို သူတို့တွေကိုလည်း မိတ်ဆွေတွေရယ်လို့ မှတ်ထင် မနေကြတော့ပါဘူး။ ကိုယ့် အိမ်နီးချင်းနဲ့ စကားတောင် မပြောဖူးဘူးဆိုတဲ့ သူတွေ အရေအတွက်က အံ့သြစရာ ကောင်းလောက်အောင်ကို များနေတာပါ။ တချို့များဆို ကိုယ့် အိမ်နီးချင်းတွေကို လူတွေ တန်းစီပြတဲ့အထဲက ရွေးပြပါဆိုရင် မှန်မှန်ကန်ကန် ရွေးနိုင်ကြမှာ မဟုတ်ပါဘူး။ အဲဒီတော့ ကိုယ်က ကိုယ့်ဘာသာ မိတ်ဆက်ရင်လည်း မိတ်ဆက်ပါ။ ဒါမှမဟုတ် ကိုယ့်အိမ်ကို ကော်ဖီလာသောက်ဖို့ အိမ်နီးချင်းကို ဖိတ်ပါ။ အိမ်နီးချင်းတွေဆိုတာ ခင်မင်ရင်းနှီးလို့ ကောင်းသူတွေ အဖြစ်တင် မကပါဘူး။ ကျွန်တော်တို့တွေ ကိုယ့်အိမ်ကိုယ် နေနေကြတဲ့အခါလည်း သာယာ ကြည်နူးစရာဖြစ်အောင် လုပ်ပေးနိုင်သူတွေပါ။ အိမ်ဆိုတာကလည်း ကျွန်တော်တို့တွေ အချိန်အများဆုံး နေနေကြရတဲ့ နေရာပဲလေ။





www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်ငံလုံးမှာ အိမ်သစ်တွေ ဆောက်ကြမယ်ဆိုရင် အိမ်ရှေ့မှာ ပုံစံသစ် တစ်မျိုးအနေနဲ့ ဝရန်တာလေးတွေ ထုတ်ပြီး ဆောက်ကြလေ့ရှိတယ်။ နိုင်ငံလုံးဆိုင်ရာ နေအိမ် တည်ဆောက်သူများ အသင်းကြီးထံမှ သိရတာကတော့ တစ်ချိန်တုန်းက ညှော်သည်ခန်းတွေအတွက် ရည်ရွယ်ထားခဲ့တဲ့ နေရာတွေကို အခုအခါမှာ အိမ်ရှေ့ ဝရန်တာတွေအထိ ပိုပြီး အသုံးပြုကြပါသတဲ့။

ဗိသုကာပညာရှင်တွေ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်တွေနဲ့ မြို့ပြ စီမံကိန်းချမှတ်သူတွေက အိမ်ရှေ့ ဝရန်တာဆိုတာဟာ နေရာဒေသ အတော်များများမှာ လူမှုရေးအရ ခပ်စိမ်းစိမ်းဖြစ်နေလို့ ပျော်ရွှင်မှုလည်းမရ၊ အဆင်လည်းမပြေဖြစ်နေကြသူတွေအတွက် ကုစားမှုတစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ အတော်များများက ကိုယ့် အိမ်နီးချင်းတွေ ဘယ်သူဆိုတာလည်း မသိ၊ သူတို့နဲ့ ပတ်သက်တဲ့ အကြောင်းလည်း ဘာမှ ရေရေရာရာ မသိကြပါဘူး။ ဒီလို အသိအကျွမ်းသာ မဖြစ်ကြပေမယ့် အရေးပါတဲ့ အကြောင်းတွေမှာ တိုက်တိုက်ဆိုင်ဆိုင် တူညီနေကြတာတွေ ရှိပါသေးရဲ့။ ကျွန်တော်တို့မှာ တူညီတဲ့ အိမ်နီးနားချင်းတွေရှိတယ်။ ပတ်ဝန်းကျင်ကလည်း တူနေတယ်။ တစ်နေ့တာ အစ ပြုရာနဲ့ အဆုံးသတ်ရာ နေရာတွေပါ တူညီနေကြတာပါ။ အိမ်ရှေ့ ဝရန်တာတွေ ပြန်ပြီး ခေတ်စားလာပါပြီ။ ကျွန်တော်တို့ အများစုက ကိုယ့်အိမ်ရှေ့ တံခါးပေါက်ကနေ ကျော်လွန်ပြီး ထွက်ကြည့်ချင်တဲ့ အခွင့်ကို ရချင်တာနဲ့အမျှ ကိုယ့်လမ်းထဲက လူတွေနဲ့ ဆုံချင်တာပဲ မဟုတ်လား။

☺ ☺ ☺

**အဖွဲ့အစည်းအတွင်းမှာ အပြန်အလှန် ဆက်ဆံမှုတွေ ပိုကောင်းလာတာနဲ့အမျှ ပျော်ရွှင်မှုဟာလည်း ၃၀ ရာခိုင်နှုန်းလောက်အထိ တိုးတက်ရရှိ လာနိုင်ပါတယ်။**



## နည်း ၇၀
## ပြုံးပါ

သင့်အပြုံးကြောင့် တစ်ခြားသူတွေ ပျော်ရွှင်သွားစေပါတယ်။ အတုံ့အပြန် အနေနဲ့ သင်လည်း ပျော်ရွှင်သွားမှာပါ။

☺ ☺ ☺

တကယ်လို့ သင်ဟာ လူတွေ ပျော်ရွှင်သွားအောင် လုပ်နိုင်တယ်၊ အဲဒီလို လုပ်ပေးတဲ့အတွက် သင့်မှာ ငွေလည်းမပေးရ၊ အချိန်လည်း ကုန်သွားစရာ မရှိဘူးဆိုရင် သင်လုပ်ပေးမှာလား။ အဲသည်လို လုပ်ပေးတာကြောင့်ပဲ သင့်မှာ ပျော်ရွှင်ရမယ် ဆိုရင်ရော သင် လုပ်ပေးမှာလား။ သင့်အတွက်ရော သင့်အနီး ပတ်ဝန်းကျင်မှာ ရှိနေတဲ့သူတွေ အတွက်ပါ ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းတဲ့ နေ့ရက်တွေ ဖြစ်သွားစေနိုင်တယ်။ ငွေလည်း တစ်ပြားမှ မကုန်ဘူးဆိုတဲ့ အဲဒီ ပဉ္စလက်ဆန်ဆန် အရာက ဘာများပါလိမ့်။ အပြုံးတစ်ချက်ပဲပေါ့။ ဆန်ဖရန်စစ္စကိုမြို့မှာရှိတဲ့ ကာလီဖိုးနီးယား တက္ကသိုလ်က သိပ္ပံပညာရှင်တွေက အပြုံးအမျိုးအစား ၁၉ မျိုးကို ခွဲခြားပြခဲ့ပါတယ်။ အဲဒီလို အပြုံးတိုင်းဟာ တစ်ဖက်ကို နှစ်သက်စဖွယ် အချက်ပြပေးလိုက်တာကြောင့် အပြန်အလှန် အနေနဲ့ အပြုံးကိုပဲ ပြန်ရရှိနိုင်ပါတယ်။

☺ ☺ ☺

**အသက် အပိုင်းအခြား အသီးသီးမှာရှိတဲ့ အရွယ်ရောက်ပြီးသူ လူကြီးတွေကို လေ့လာကြည့်တဲ့အခါ လေ့လာခံရသူတွေဟာ သူတို့ ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေရဲ့ အပြုအမူအတိုင်း ပြန်လည် တုံ့ပြန်ကြတာကို တွေ့ရပါတယ်။ ရှင်းအောင် ပြောရမယ်ဆိုရင် ဝမ်းနည်းနေတဲ့ မျက်နှာတွေဟာ ပိုပြီး ဝမ်းနည်းနေတဲ့ မျက်နှာတွေကို ဖြစ်ပေါ်စေပြီး ပြုံးနေတဲ့ မျက်နှာတွေကတော့ အပြုံးနဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဖြစ်ပေါ်စေပါတယ်။**




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၁
## ကမ္ဘာ့အကြောင်း ရုပ်မြင်သံကြားမှာ ပြတာတွေကို လက်မခံပါနဲ့

ရုပ်မြင်သံကြားကို ဘယ်အချိန်မှာပဲ ကြည့်ကြည့် ကိုယ်ကြည့်တဲ့အစီအစဉ်ဟာ သတင်းအစီ အစဉ်ပဲဖြစ်ဖြစ်၊ လူကြည့်အများဆုံးအချိန်မှာ ပြတဲ့ ဇာတ်လမ်းတွဲပဲ ဖြစ်ဖြစ် အဲသည်လို ကြည့်လိုက်တဲ့ အခါကျရင် လူတိုင်းဟာ သိပ်ကို ချမ်းသာချင်လည်း ချမ်းသာနေမယ်၊ ဒါမှမဟုတ် ကြောက်မက်ဖွယ်ရာ သွေးရဲရဲ သံရဲရဲနဲ့ သေရလိမ့်မယ် ဆိုတာမျိုး ကောက်ချက် ဆွဲမိပါလိမ့်မယ်။ ဒီမြင်ကွင်းတွေဟာ ကျွန်တော်တို့ ထင်နေတာထက်တောင်- ကျွန်တော်တို့အပေါ် ပိုပြီး အကျိုးသက်ရောက်တတ်ပါတယ်။ ရုပ်မြင်သံကြားမှာ မြင်ရတာတွေကြည့်ပြီး ငါတို့များ ဖြစ်လေမလားဆိုပြီး ကြောက်တတ်တာမျိုး ဖြစ်ရသလို ကမ္ဘာအနှံ့မှာ ချမ်းသာနေလိုက်ကြတာ ငါတို့မှာတော့ အဲသည်လို နည်းနည်းမှ မချမ်းသာပါလားလို့ အားငယ်စိတ်ကလည်း ဖြစ်ပေါ်တတ်ပါသေးရဲ့။ ရုပ်မြင်သံကြားမှာ ကိုယ်မြင်လိုက်ရတာတွေနဲ့ လက်တွေ့ကျကျ ကိုယ် သိတာတွေကို ခွဲခြားပစ်လိုက်ပါ။ ကိုယ်ရည်မှန်းထားတာတွေကို လက်တွေ့အပေါ်မှာ အခြေခံပါ။ ရုပ်မြင်သံကြားပေါ်မှာ မြင်ရတာတွေအပေါ် သွားအခြေမခံပါနဲ့။







☺ ☺ ☺

အလာစကာပြည်နယ် မြောက်ပိုင်းမှာ နေကြတဲ့ ဂွင်ချင်း(Gwinchin) မျိုးနွယ်စုတွေဟာ ဟိုးအရင် အစဉ်အဆက်ကတည်းက ပြင်ပကလာတဲ့ ယဉ်ကျေးမှုတွေ လွှမ်းမိုးမခံရဘဲ သူတို့ဘာသာ သီးခြားနေထိုင်ခဲ့ကြတာပါ။ မျိုးနွယ်စုဝင်တွေဟာ သူတို့မိဘတွေ၊ ဘိုးဘွားတွေ လက်ထက်က လက်ဆင့်ကမ်း သင်ကြားပေးလာခဲ့ကြတဲ့ ကျွမ်းကျင်မှုတွေနဲ့ ကိုယ့်ဟာကိုယ် ရပ်တည်နေနိုင်ခဲ့ကြပါတယ်။

၁၉၈၀ ပြည့်နှစ်မှာတော့ မျိုးနွယ်စု ခေါင်းဆောင်တစ်ဦးဆီမှာ ရုပ်မြင်သံကြားစက် ရောက်လာတယ်။

မျိုးနွယ်စုဝင်တွေက ဒါဟာ ဇွဲလမ်းမှု ပြဿနာ တစ်ခု စလာတယ်လို့ ဆိုကြတယ်။ မကြာခင်မှာတော့ ရုပ်မြင်သံကြား ကြည့်ချိန် ပိုရအောင်လို့ဆိုပြီး ဒေသခံတွေဟာ သူတို့ ဓလေ့ထုံးစံတွေကို လျစ်လျူရှု စပြုလာတယ်။ ဒီမျိုးနွယ်စုတွေ ကြုံတွေ့နေရတာနဲ့ ပတ်သက်လို့ သုတေသန ပညာရှင်တစ်ဦးက လူတိုင်း ဖြစ်တတ်သလို ရုပ်မြင်သံကြားစက်ဟာ ဒီဒေသခံတွေအတွက် ယဉ်ကျေးမှုကို ဖျက်တဲ့ အဆိပ်ဓါတ်ငွေ့ ဖြစ်နေပြီ။ အနံ့အရသာလည်း မရှိ၊ နာကျင်မှုလည်း မရှိပေမယ့် ပျက်သုဉ်းစေနိုင်တဲ့အထိ ပြင်းထန်ပါတယ်လို့ ပြောပါတယ်။

နှစ်ပေါင်း ထောင်ချီလာအောင် တည်တံ့လာခဲ့တဲ့ ဂွင်ချင်း လူမျိုးတွေရဲ့ ရိုးရာ အစဉ်အလာတွေ ဘာများ ဖြစ်သွားပါလိမ့်။ ဒီမျိုးနွယ်စုဝင် တစ်ဦးရဲ့ စကားအတိုင်း ပြန်ဖော်ပြရင် ''ကျွန်တော်တို့ဟာ ရုပ်မြင်သံကြားကြောင့် တစ်ခုခုတော့ ဖြစ်ချင်စိတ် ပေါ်လာကြပါတယ်၊ ဒါကြောင့်ပဲ ကျွန်တော်တို့မှာ လောဘတွေရော ဖြန်းတီးမှုတွေပါ ဖြစ်လာခဲ့ကြတယ်၊ အခုတော့ ကျွန်တော်တို့မှာ ရှိတဲ့အရာတွေ အားလုံး ပျောက်ဆုံးသွားကုန်ပါပြီ''တဲ့။

☺ ☺ ☺

ရုပ်မြင်သံကြားဟာ ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးအပေါ် အမြင်ကို ပြောင်းလဲစေပါတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ဟာ လက်တွေ့ကျကျ နေရမယ့် လောကကြီးနဲ့ ဒလွန်အမင်း ဝေးကွာသွားပြီး ကျွန်တော်တို့ရဲ့ ဆင်ခြင်သုံးသပ်ချက်တွေကို မကြာခဏ ထိခိုက်ပျက်စီးစေရာက ကျွန်တော်တို့ရဲ့ ဘဝ ကျေနပ်မှုဟာ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်း ကျဆင်းသွားစေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# နည်း ၇၂
# သင့်မှာ ရွေးချယ်စရာတစ်ခု အမြဲရှိနေတယ်

ဘယ်အရာကိုပဲ ဖြစ်ဖြစ် သင်မလုပ်ဘဲနေရင် နေလို့ရတယ်ဆိုတာ သိဖို့လိုပါတယ်၊ သင်က အရေးကြီးတယ်လို့ ထင်တာတွေကိုပဲ ကြိုးစားလုပ်ဆောင်ဖို့ သင့်မှာ ရွေးချယ်ပိုင်ခွင့် ရှိနေပါတယ်။ သင့်တာဝန်တွေက ကြီးမားနေလိုက်တာ၊ ရှောင်လွှဲလို့လည်း မရဘူးဆိုပြီး စိတ်ပျက်လက်ပျက် ဖြစ်မနေပါနဲ့။ သင် အလုပ်သွားရတဲ့ အကြောင်းတွေ၊ သင့်အိမ်ထောင်စုကို ထိန်းသိမ်းနေရတဲ့ အကြောင်းတွေ စတဲ့ သင် ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေမှာ အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှု ရှိနေတာတွေကို တွေးကြည့်လိုက်ပါ။

☺ ☺ ☺

"ငါတော့ ဘာကြောင့် ဒါကိုလုပ်ရမှာပါလိမ့်" ဆိုပြီးတော့ သင် အကြိမ်ဘယ်လောက်များများ ညည်းညူခဲ့ပါလိမ့်။ အဲဒါကို သင်လုပ်ဖို့ မလိုဘူးလို့ရော တွေးမိပါရဲ့လား။ သင်သာ အကျဉ်းထောင်ထဲ ရောက်နေလို့ကတော့ သင် ဘာမှမလုပ်ဘဲနေလို့ ရနေတာပဲ။ အခုတော့ သင် လုပ်မယ့်အရာတွေ သင် ရွေးချယ်လို့ ရနေတာပါပဲ။

"ငါတော့ အဝတ်တွေ လျှော်ဖွပ်ရတော့မှာပဲ၊ ဒါမှမဟုတ် အဝတ်တွေ လျှော်ဖို့ ငါလုပ်မယ်၊ အဲဒီနှစ်မျိုးမှာ ဘယ်လိုပဲဖြစ်ဖြစ် လုပ်ရတာပဲ မဟုတ်လား၊ ဘာများ ခြားနားလို့လဲ" လို့ သင် မေးကောင်းမေးနိုင်ပါတယ်။

အဲဒီနှစ်ခုက သိပ်ကို ခြားနားပါတယ်။ သင့်အတွက် တန်ဖိုးရှိမယ့် အရာတစ်ခုကို လုပ်လိုက်တာနဲ့ သင်မလုပ်မနေရ လုပ်လိုက်ရတာတို့ဟာ မတူပါဘူး။ အဝတ်တွေ သင် လျှော်ဖွပ်လိုက်တာဟာ သင် သန့်သန့်ရှင်းရှင်းနဲ့ ကြည့်ပျော်ရှုပျော်နေရအောင် ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သင့်မိသားစုကို သင်ချစ်လို့ လုပ်ပေးတာ ဖြစ်ချင်ဖြစ်မှာပါ။

ကျွန်တော်တို့ အဝတ်အစားတွေ လျှော်ဖွပ် သန့်စင်ကြတယ်ဆိုတာဟာ ကိုယ် လုပ်ချင်လို့ လုပ်နေကြတာချည်းပါပဲ။ တစ်ယောက်ယောက်ကများ





မလုပ်မနေရ ခိုင်းလို့များလား။ ဘယ် ဟုတ်ပါလိမ့်မလဲ။ ကိုယ့်မှာ ရွေးချယ်ခွင့်တွေ ရှိနေပြီလို့ ကိုယ် မြင်ပြီဆိုရင် ကိုယ် ရွေးချယ်လိုက်တာတွေအပေါ် သင် တန်ဖိုးထားလို့ ရလာပါပြီ။

☺ ☺ ☺

ဘဝအပေါ် ကျေနပ်မှု အတိုင်းအတာ ဘယ်လောက်အထိ ရှိကြသလဲ ဆိုတာနဲ့ ပတ်သက်လို့ အင်တာဗျူးတွေ လုပ်ကြည့်တဲ့ အခါမှာ ကိုယ်ပိုင် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခွင့် ရှိတဲ့အတွက် ကိုယ့်ကိုယ်ကို ပိုင်တယ်လို့ ခံယူလိုက်တဲ့ သူတွေဟာ အဲသည်လို မခံယူတဲ့သူတွေထက် စိတ်ကျေနပ်မှု သုံးဆ ပိုမိုရရှိကြောင်း တွေ့ကြရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၃
## လက်ခံနိုင်တတ်ပါစေ

လူတွေနဲ့ ဆက်ဆံတဲ့အခါ ညှိနှိုင်းရ လွယ်ကူတဲ့သူ ဖြစ်ပါစေ။ အပေါ်စီးက ရတာပဲဆိုပြီး စိတ်ဆိုးပစ်တာမျိုး၊ ကပျက်ကယက် လုပ်တာမျိုး မဖြစ်ပါစေနဲ့။

☺ ☺ ☺



စနေနေ့မနက်မှာ ဖရန့်ဟာ သူ့သူငယ်ချင်း မတ်နဲ့ ဂေါက်သီး သွားရိုက်ပါတယ်။ သူက သူ့ဇနီး မီရှယ်လ်ကို နေ့လယ် ၂ ချက် ထိုးလောက်ဆိုရင် ပြန်ရောက်လိမ့်မယ်လို့ ပြောသွားတယ်။ ဂေါက်ရိုက်ပြီးသွားတဲ့အခါ မတ်က ဖရန့်ကို သူ့အိမ်လိုက်ပြီး ပရိဘောဂလေးတွေ ကူရွှေ့ပေးပါဦးလို့ အကူအညီ တောင်းတယ်။ ပရိဘောဂတွေ ရွှေ့ပြီးတဲ့အခါကျတော့ မတ်က ဖရန့်ကို အကျွေးအမွေးနဲ့ ဧည့်ခံလိုက်ရင်းက အချိန်တွေ တရွေ့ရွေ့ ကုန်သွားပါလေရော။ ဖရန့်ဟာ အိမ်ကို ကားမောင်းပြန်လာတော့မှပဲ နာရီကို ကြည့်ဖြစ်တော့ ညနေ ၅ နာရီထိုးနေတာ





တွေ့ရလို့ အထိတ်တလန့် ဖြစ်သွားမိလေရဲ့။ သူက နောက်ကျမယ်ဆိုတာ မီရှယ့်လ်ဆီ ဖုန်းဆက် မပြောဖြစ်ခဲ့ဘူးလေ။ မီရှယ်လ်တော့ စိတ်ဆိုးနေတော့မှာပဲ။ နှစ်ယောက်သား ငြင်းကြခုံကြရင်းဖြင့် တစ်ညလုံး ပွဲဆက်တော့မှာပဲလို့ သူ စိတ်ပူနေရပါပြီ။

ဖရန့်ဟာ အိမ်ထဲဝင်လာရင်း ဘယ်လို ဆင်ခြေတွေ ပေးရပါ့မလဲလို့ စဉ်းစားတယ်။ ဒါပေမဲ့ သူက တောင်းပန်ပြီး ဒီကနေ့ ညနေစာ သူ ချက်ကျွေးပါ့မယ်လို့ ပြောလိုက်တယ်။ မီရှယ်လ်ကလည်း သူပြောတာကို ပြုံးနားထောင်ပြီးတဲ့နောက် သူ ဒီနေ့ ဂေါက်ရိုက်ခဲ့ရတာ ဘယ်လို နေသလဲလို့ ပြန်မေးတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက်ရဲ့ ညနေခင်းဟာ ပျော်ပျော်ပါးပါးနဲ့ လှလှပပလေး ဖြစ်သွားပါတယ်။ မီရှယ်လ်ဟာ ဖရန့်တစ်ယောက် ကတိပျက်ကွက်တာကို မှတ်ညီပြီး စိတ်ဆိုးဒေါသထွက်ဖို့ ကောင်းပါတယ်။ ဒါပေမဲ့ တောင်းပန်တဲ့သူက တောင်းပန်၊ ခွင့်လွှတ်တဲ့သူက လက်ခံနိုင်စွမ်းရှိရှိနဲ့ ခွင့်လွှတ်တော့ အေးအေး ချမ်းချမ်းလေး ဖြစ်သွားရာက နှစ်ယောက်လုံးအတွက် စိတ်ကြည်နူးစရာ ဖြစ်သွားရပါတယ်။

☺ ☺ ☺

**ကိုယ့် အနီးပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ သူတွေအပေါ် အပြုသဘောနဲ့ ဆက်ဆံတာဟာ ဘဝရဲ့ စိတ်ကျေနပ် နှစ်သက်မှုအတွက် အရေးပါတဲ့ သွင်ပြင် လက္ခဏာတွေ ဖြစ်တယ်လို့ သုတေသန ပညာရှင်များ တွေ့ရှိကြပါတယ်။ ဒီလိုသဘောထားမျိုးသာ မရှိဘူးဆိုရင် ကျွန်တော်တို့ ရရှိနေတဲ့ ပျော်ရွှင်မှုတွေ တစ်ဝက်လောက် ဆုံးရှုံးသွားနိုင်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၄
## သင့်ဘဝရဲ့ အစိတ်အပိုင်း တစ်ရပ်ကို လျစ်လျူရှုမပစ်လိုက်ပါနဲ့

ကျွန်တော်တို့တွေရဲ့ ဘဝမှာ အစိတ်အပိုင်းတစ်ရပ်ဟာ အပြစ်ဆိုဖွယ် မရှိလောက်အောင် ပြည့်စုံကောင်းမွန်ပြီး ကျန်တဲ့ အစိတ်အပိုင်းတွေကတော့ ပျက်စီးဆုံးရှုံးနေရတာထက် စာရင် ကိုယ့်ဘဝနဲ့ ပတ်သက်တဲ့ အစိတ်အပိုင်းတွေအားလုံး သူနေရာနဲ့သူ အားလုံး ခြုံပြီး ကောင်းနေတာက ပိုပြီး ပျော်ရွှင်မှု ရရှိစေနိုင်ပါတယ်။

☺ ☺ ☺

အချို့ အဖွဲ့အစည်းတွေမှာ ဆုံးဖြတ်ချက်တွေ ဘယ်လို ချသလဲဆိုတာ သတိပြု ကြည့်ကြည့်လိုက်ပါ။ အဖွဲ့အစည်းကြီး တစ်ခုလုံးကို ထည့်သွင်း စဉ်းစားမယ့်အစား သက်ဆိုင်ရာ အဖွဲ့ခွဲတွေအလိုက် ဆုံးဖြတ်ချက်တွေ သီးခြားချမှတ်ကြတာ တွေ့ရပါတယ်။

တက္ကသိုလ်တစ်ခုမှာ ကျောင်းသားတွေကို ပထမထပ်က စာသင်ခန်းတစ်ခန်းမှာ အတန်းတင် စာမေးပွဲဖြေဖို့ မနက်ပိုင်းကို ရွေးချယ်ပေးလိုက်တယ်။ တစ်ချိန်တည်းမှာပဲ ကျောင်းသားတွေ ဖြေရမယ့် အခန်းပြတင်းပေါက် အောက်ဘက်မှာ မြက်ရိတ်ဖို့ အလုပ်သမားတွေကို သန့်ရှင်းရေးဌာနက တာဝန်ချထားပြန်တယ်။ ကျောင်းသားတွေ စာမေးပွဲဖြေဖို့ အချိန်နဲ့နေရာကို ရွေးပေးလိုက်တာက ပါမောက္ခချုပ်ပါ။ သန့်ရှင်းရေး အလုပ်သမားတွေကို အပြင်ဘက်မှာ စောစောစီးစီး မြက်ရိတ်နိုင်းရင် အဆင်ပြေတယ်လို့ ဆုံးဖြတ်ချက်ချပြီး စီစဉ်ပေးလိုက်တာက သန့်ရှင်းရေးဌာနက မန်နေဂျာပါ။

အကျိုးဆက်က ဘာဖြစ်လာပါသလဲ။ အဖွဲ့နှစ်ဖွဲ့ လုပ်ရမယ့် အလုပ်က သဟဇာတ မဖြစ်တော့ ဘယ်အဖွဲ့အတွက်မှ အဆင်မပြေတော့ဘူး။ စာမေးပွဲဖြေတဲ့ ကျောင်းသားတွေခမျာ မြက်ရိတ်သံကြောင့် အနှောင့်အယှက် ဖြစ်ရတယ်။ ဒါနဲ့ပဲ မြက်ရိတ်တာမပြီးခင် ကျောင်းသားတွေအကျိုး ရှေးရှုပြီး ရပ်နိုင်းလိုက်ရတော့တယ်။





ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့နေရာမှာ အဖွဲ့အစည်းတွေထက်စာရင် ကိုယ်က ပိုသာတာ တစ်ချက်ရှိပါတယ်။ ကိုယ်က ကိုယ် ဘာတွေ လိုချင်သလဲ၊ ဘာတွေကို ဦးစားပေးရမယ်ဆိုတာ ကိုယ့်ဘာသာ ပိုသိနေလို့ပါ။ ဒီတော့လည်း ကိုယ့်ရည်မှန်းချက်တွေ ပြည့်မြောက်အောင် ကြိုးစားတဲ့နေရာမှာ ကိုယ့် အလုပ်နဲ့ ဆိုင်တဲ့ အချက်အလက်တွေ အားလုံးကို ထည့်သွင်း စဉ်းစားဖို့ပါပဲ။

☺ ☺ ☺

**ကောလိပ်ကျောင်းသားအုပ်စုကြီးတစ်ခုကို သုတေသန ပြုလုပ်ကြည့်တဲ့အခါ ကိုယ် အာရုံဝင်စားရမယ့် အလုပ်တွေ အားလုံးထဲက ရည်ရွယ်ချက်တစ်ခု ပြီးမြောက်ဖို့သက်သက်ပဲ မလုပ်ကြတဲ့သူတွေဟာ စိတ်ကျေနပ်မှု ၁၉ ရာခိုင်နှုန်း ပိုမို ရရှိတာကို တွေ့ရပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၅
## ဂီတကို နားဆင်ပါ

ဂီတဟာ ကျွန်တော်တို့ တစ်တွေကို မတူခြားနားတဲ့ အဆင့်တွေ အမြောက်အမြားဆီကို ပို့ဆောင် ဆက်သွယ်ပေးနိုင်တာပါ။ ကျွန်တော်တို့ အနှစ်သက်ဆုံး ဂီတဟာ ကျွန်တော်တို့ရဲ့စိတ်ကို အနှစ်သက်ဆုံး နေရာထိ ရောက်အောင် ပို့ပေးနိုင်ပါတယ်။

☺ ☺ ☺



ပါမောက္ခတွေဟာ သူတို့အတန်းထဲက ကျောင်းသားတွေကို စမ်းသပ်မှု အဆင့်ဆင့်တွေ ပြုလုပ်ကြတဲ့ နေရာမှာ ဂန္ထဝင်ဂီတ ပညာရှင်ကြီး မိုးဇက်ရဲ့ ဂီတတွေကို ဖွင့်လှစ်ပေး လိုက်တဲ့အခါ ဘာတွေများ ဖြစ်သွားပါသလဲ။ ကျောင်းသားတွေဟာ သူတို့အလုပ်ကို ပိုကောင်းအောင် လုပ်နိုင်ကြပါတယ်။ ဘာကြောင့်များပါလိမ့်။ သိပ္ပံပညာရှင်တွေက ဂီတဟာ ကျွန်တော်တို့ရဲ့ ဦးနှောက်ကို လှုံ့ဆော်ပေးတယ် ဆိုတာ တွေ့ရှိခဲ့ကြလို့ပါပဲ။





အချို့ သုတေသန ပြုချက်တွေအရ ဒီလို ဂီတရဲ့အစွမ်းဟာ ကလေးငယ်လေးတွေ အပေါ်မှာပဲ အကျိုးသက်ရောက်မှု ရှိတယ်ဆိုကာတင် မကတော့ဘဲ တကယ့်လက်တွေ့ ဆန်းစစ်ချက်တွေအရ ဂီတဟာ အသက်အရွယ်မရွေး လူသားတွေ အားလုံးအပေါ် အကျိုးသက်ရောက်မှု ရှိနေတယ်လို့ သိရပါတယ်။

☺ ☺ ☺

၉၂ ရာခိုင်နှုန်းသော လူတွေဟာ သူတို့နှစ်သက်တဲ့ ဂီတကို နားဆင်လိုက်ပြီဆိုရင် သူတို့ရဲ့ စိတ်အာရုံ ခံစားမှုဟာ အပြုသဘောဘက်ကို အကျိုးသက်ရောက်မှု ရှိကြပါတယ်။ စိတ်အာရုံ တက်ကြွမှုနဲ့ ပျော်ရွှင်မှုတွေဟာ ဂီတကို နားဆင်လိုက်ရင် ဖြစ်ပေါ်လာတဲ့ သဘာဝအလျောက် တုံ့ပြန်မှုတွေပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၆
## သင့်ရည်မှန်းချက်များက သင့်ကို လမ်းညွှန်နိုင်ပါစေ

သင်ဟာ ကြောင်းကျိုးလည်းဆီလျော်၊ အဓိပ္ပါယ်လည်းရှိပြီး တစ်ခုနဲ့တစ်ခု လည်းဆက်စပ်နေတဲ့ ရည်မှန်းချက်တွေကို ရွေးချယ်လိုက်ပြီဆိုရင် အဲဒီ ရည်မှန်းချက်တွေ အောင်မြင်ရအောင် စိတ်ရောကိုယ်ရော နှစ်ပြီး အကောင်အထည် ဖော်လိုက်ပါတော့။

☺ ☺ ☺

သင့်ကိုယ်သင် မီးဖိုချောင်ထဲ ရောက်နေပြီး စားကောင်းသောက်ဖွယ် တစ်ခုကို စီစဉ်တော့မယ်လို့ စိတ်ကူးကြည့်လိုက်ပါ။ အဲဒီအခါကျရင် ကြောင်အိမ်ထဲမှာ ရှိရှိသမျှ ပစ္စည်းအားလုံးကိုထုတ်၊ ရေခဲသေတ္တာထဲက စားစရာတွေ အားလုံးကိုလည်း မချလား၊ အဲဒါတွေအားလုံးကို ဇလုံကြီးတစ်ခုထဲ သွန်ထည့်၊ ပြီးလည်းပြီးရော မီးနဲ့အပူပေးပြီးတဲ့အခါ စားပွဲပေါ် တင်လိုက်တော့မှာလား။ အဲသည်လိုများ လုပ်လို့ကတော့ အချိန်တွေလည်း အများကြီးကုန်၊ ခွန်တွေအားတွေလည်း စိုက်ထုတ်ပြီးခါမှ အမှိုက်ပုံကြီးတစ်ခုကိုပဲ သင်ရပါလိမ့်မယ်။

အဲသည်လို မဟုတ်ဘဲ ကိုယ် ဘာကို ချက်မလဲဆိုတဲ့ အညွှန်းတစ်ခုကို ပြင်ဆင်ပြီးတော့မှ လိုတာတွေ ဈေးထဲသွားဝယ်၊ လိုအပ်သလောက် အချိန်အဆနဲ့ ထည့်သွင်း ရောနှောပြီး အညွှန်းထဲမှာ ပါသလိုပဲ ပြင်ဆင်ချက်ပြုတ်ကြည့်လိုက်ပါ။ အဲဒီအခါကျရင် စားချင်တာကို ဧကန်မလွဲ ရလာပါလိမ့်မယ်။

ဘဝဆိုတာကလည်း ဒီနည်းအတိုင်းပါပဲ။ ကိုယ့်မှာရှိတာ၊ ကိုယ် လက်လှမ်းမီသမျှတွေ အားလုံးကိုယူပြီး ကိုယ်ဖြစ်ချင်တာတွေကို လုပ်လို့ ရနိုင်တာမှ မဟုတ်တာ။ ပထမ စီမံချက်တစ်ခုကို ချရပါမယ်။ ပြီးတော့မှ ခွဲရှိရှိနဲ့ လိုအပ်သလို အဆင့်ဆင့် အကောင်အထည် ဖော်ရတာပဲ မဟုတ်လား။

☺ ☺ ☺





ရှေ့နေအုပ်စုတစ်စုနဲ့ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ရာမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းထက် မိသားစုက ပိုအရေးကြီးတယ်ဆိုတဲ့ သိသိသာသာ ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ အဲသည်လို ပြောင်းလဲမှု ဖြစ်ပေါ်လာတာကို အသိအမှတ် ပြုပြီးတော့မှ ကိုယ် ဦးစားပေးရမယ့် အစီအစဉ်တွေကို ပြန်လည် စုစည်းပြင်ဆင်တဲ့ သူတွေဟာ အဲသည်လို မလုပ်တဲ့ သူတွေထက် ဘဝမှာ စိတ်ကျေနပ်မှု ၂၉ ရာခိုင်နှုန်း ပိုမို ရရှိတာကို တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၇
## သင့်အလုပ်ကို အကျိုးရှိရှိ အသုံးချနိုင်ပါစေ

အလုပ်တစ်ခုကို လုပ်ပြီဆိုတဲ့အခါ အကောင်းဆုံး ရလဒ်ကတော့ ကိုယ့်ဘဝမှာ ရည်ရွယ်ချက် တစ်ခုတော့ ရှိလာပြီဆိုတဲ့ စိတ်ဓါတ်ပါ။ ဒီနည်းနဲ့ အလုပ်ခွင် ပြင်ပမှာရှိတဲ့ ကိုယ့်ဘဝကိုပါ တန်ဖိုးထားတတ်တဲ့စိတ် ဖြစ်ပေါ်လာစေပါတယ်။ အလုပ် လုပ်ခြင်းဟာ ကိုယ်တကယ်အရေးပါတဲ့ ကိစ္စတွေအပေါ် အလေးထား လာနိုင်အောင် အထောက်အကူ ဖြစ်စေပါတယ်။

☺ ☺ ☺



ဝီစကွန်ဆင်ပြည်နယ်မှာ အလုပ်လက်မဲ့ ဖြစ်နေသူတွေကို အလုပ်ရလာအောင် ပြည်နယ်အစိုးရက စီမံချက်တစ်ရပ်နဲ့ အကောင်အထည် ဖော်ပေးပါတယ်။ အလုပ်ရလာတဲ့ သူတွေဟာ သူတို့ အလုပ်ရပြီးနောက် ဘာကို





တန်ဖိုးအထားဆုံး ဖြစ်မယ်လို့ ထင်ပါသလဲ။ သူတို့ တန်ဖိုးထားတာက ငွေကြေးမဟုတ်ပါဘူး။ သူတို့ကိုယ်သူတို့ ဂုဏ်ယူတဲ့ စိတ်ဓာတ်ပါ။ သူတို့က သူတို့ဟာ တာဝန်ယူနိုင်တယ်၊ သူတို့မှာ အရည်အချင်း ရှိတယ်၊ သူတို့ဟာ အားကိုးလို့ ရနိုင်တယ် ဆိုတာကို ပြသဖို့ သူတို့အလုပ်ဟာ အခွင့်အရေး တစ်ရပ်ပဲလို့ ခံယူကြပါတယ်။ အလုပ်လုပ်ခြင်းအားဖြင့် သူတို့မှာ အဲသည်လို အရည်အချင်းတွေ ရှိတယ်ဆိုတာ အခြားသူတွေကိုသာမက သူတို့ကိုယ်သူတို့ အတွက်ပါ ပေါ်လွင်လာစေပါတယ်။ ဒီတော့ ကိုယ့်အလုပ်ကို လုပ်တဲ့အခါ ဒီအလုပ်ဟာ ငါ့ကိုပြဿနာပေးနေတာပဲလို့ မခံယူဘဲ ကိုယ် ဘာလုပ်နိုင်သလဲ ဆိုတာကို ပြသနိုင်ဖို့ အခွင့်အလမ်း ဖြစ်တယ်လို့ ခံယူပြီး လုပ်ကြည့်လိုက်ပါ။

☺ ☺ ☺

**သားသည် အမေ ၁၅၀၀ ကို သုတေသန ပြုကြည့်တဲ့အခါ အိမ်ပြင်ပကိုထွက်ပြီး အလုပ်လုပ်တာဟာ ဘဝမှာ စိတ်ကျေနပ်မှု ၅ ရာခိုင်နှုန်းတိုးစေပြီး မိသားစုထဲမှာလည်း တန်းတူညီမျှမှု ရနေတယ်လို့ ခံစားရကြောင်း တွေ့ရှိရပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၈
## ရယ်မောပျော်ရွှင်ရန် မမေ့ပါနဲ့

နေ့စဉ်လိုလို ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နဲ့ ရယ်မောဖို့ အချိန်ပေးပါ။

☺ ☺ ☺

ကစားကွင်းထဲမှာ ပြေးလွှား ဆော့ကစားနေကြတဲ့ ကလေးတွေကို ကြည့်ကြည့်လိုက်ပါ။ သင့်စိတ်ထဲမှာ သူတို့လေးတွေ ဘာကြောင့်များ သည်လောက် ပျော်နေရပါလိမ့်လို့ တွေးမိပါလိမ့်မယ်။ ဒီအခါမှာ ကိုယ့်ကိုယ်ကို ပြန်မေးဖို့ အကောင်းဆုံးက ကိုယ်လည်း ဘာကြောင့်များ မပျော်နိုင်ရတာလဲ ဆိုတာပါပဲ။ ကလေးတွေ ပြေးလွှား ဆော့ကစားနေကြတယ်ဆိုတာက သူတို့တွေရဲ့ ဘာသာဘာဝပါ။ သူတို့လေးတွေက သူတို့ကိုယ်သူတို့ ဘာကြောင့် ပျော်ရမှာလဲဆိုတာကို ပြန်ပြီး မေးခွန်းထုတ်မနေကြပါဘူး။ အပြင်ကိုထွက်ပြီး ပျော်ပျော်ပါးပါးနဲ့ ဆော့ကစားလို့သာ နေလိုက်ကြတာပါပဲ။ သင်က သင့်မိတ်ဆွေ တစ်ယောက်ဆီသွားပြီး သင်နဲ့အတူ ပျော်ပျော်ပါးပါး တစ်ခုခုလုပ်ကြရအောင်လို့ ပြောကြည့်ရင် "ငါ့မှာတော့ အချိန်မရှိပါဘူးကွာ" ဆိုတဲ့ အဖြေမျိုး ပြန်ရကောင်း ရပါလိမ့်မယ်။ တစ်ခါတလေကျရင်တော့ ကလေးတွေက ကျွန်တော်တို့ သိတာထက် ပို သိနေတတ်ကြပါတယ်။ နည်းနည်းပါးပါး ပျော်ကြရအောင်၊ အချိန်လေးပေးပြီး ပေါ့ပေါ့ပါးပါးနဲ့ ပျော်ပျော်ရွှင်ရွှင် နေလိုက်တယ်ဆိုတာ နေ့စဉ်နေ့တိုင်း မဖြစ်မနေ လုပ်သင့်တဲ့ ကိစ္စပါပဲ။

☺ ☺ ☺

ပျော်ရွှင်ကျေနပ်တဲ့ ဘဝတစ်ခုဖြစ်ဖို့ မဖြစ်မနေ လိုအပ်တဲ့ အချက် ငါးချက်ထဲမှာ ပုံမှန် ရယ်မောပျော်ရွှင်တတ်ဖို့ဆိုတဲ့ အချက်တစ်ချက် ပါဝင်ပါတယ်။ ရယ်မော ပျော်ရွှင်ဖို့အတွက် အချိန်သီးသန့်ပေးသူတွေဟာ တစ်နေ့တာမှာ ပျော်ရွှင်မှု ၂၀ ရာခိုင်နှုန်း ပိုမို ခံစားရရှိပြီးတော့ သူတို့ရဲ့ အသက်အရွယ်နဲ့ ဘဝ အခြေအနေ အလိုက် ၃၆ ရာခိုင်နှုန်းလောက် ပိုမို အဆင်ပြေတယ်လို့ ခံစားကြရပါတယ်။



## နည်း ၇၉
## တရားကို နတ်စောင့်တယ်လို့ ယုံကြည်ပါ

ဒီကမ္ဘာပေါ်မှာရှိတဲ့ ပြဿနာပေါင်း များစွာဟာ ဘယ်သူမဆို ကြုံရမှာပဲ ဆိုတာက မလွဲဧကန်ပါ။ သို့ပေမဲ့ အဆုံးသတ်ကျရင်တော့ အကောင်းနဲ့ အဆိုးမှာ အကောင်းကပဲ အောင်ပွဲခံတယ်လို့ တွေးပြီး ဖြေသိမ့်လိုက်ပါ။ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်အရပဲကြည့်ကြည့်၊ ဘာသာရေး ယုံကြည်မှုအရပဲ ကြည့်ကြည့် ဒီကမ္ဘာပေါ်မှာ အမှားလုပ်တဲ့သူတွေဟာ ကိုယ့်အမှားအတွက် ပြန်ပေးဆပ် ရတာပဲဆိုတာ သိလာပါလိမ့်မယ်။

☺ ☺ ☺



ဖွှန်လစ်(စ်)ဆိုတဲ့သူဟာ အမှုအရာကလည်း နူးနူးညံ့ညံ့နဲ့ ဘာမှလည်း ထူးထူးခြားခြား မရှိလှဘူးလို့ကို ထင်ရတဲ့ အဘိုးကြီးတစ်ဦးပါ။ သူ့ကို လမ်းပေါ် မှာသာ တွေ့ရလို့ကတော့ နောက်တစ်ခေါက်တောင် ပြန်မကြည့်ဖြစ်လောက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတစ်ဦးပါပဲ။ တစ်နေ့ကျတော့ ရုပ်မြင်သံကြားမှာ သူ့အကြောင်း သတင်းတစ်ပုဒ်ကို ထုတ်လွှင့်လိုက်တယ်။ ခုနေကြည့်ရင် ဘာမှသိပ်မထူးခြားသလို ထင်ရတဲ့ ဒီလူကြီးဟာ ဟိုးလွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်း များစွာတုန်းက သူ့မိသားစုကို ရက်ရက်စက်စက် သတ်ပစ်ခဲ့ဖူးပါသတဲ့။ သူဟာ ဒီအမှုကို ကျူးလွန်ပြီးတဲ့နောက် ခြေရာဖျောက်ပြီး နာမည်တစ်မျိုးနဲ့နေရင်း ရာဇဝတ်ဘေးကလွတ်အောင် ပြေးနေခဲ့တာပါ။

နှစ်ပေါင်း ဒီလောက်ကြာအောင် တကယ်ပဲ သူ ပြေးလို့ လွတ်ခဲ့ပါရဲ့လား။ တကယ်ကတော့ ဒီနှစ်တွေအတွင်း သူ ထောင်ထဲမှာ နေခဲ့ရတာမှ မဟုတ်တာ။ သို့ပေမဲ့ နောက်ပိုင်းမှာ သူ ပြန်ပြောပြတာက သူ့ခမျာ သူပုန်းကွယ်ထားတဲ့ ဘဝ ဘယ်တော့များ ပေါ်သွားလေမလဲ၊ သူ့ဘဝသစ် ဘယ်အချိန်မှာ ပျက်စီးသွားလေမလဲဆိုပြီး တထိတ်ထိတ် စောင့်စားနေရတာက ငရဲကျနေတဲ့အတိုင်းပါပဲလို့ ဆိုပါတယ်။

☺ ☺ ☺

**ပြစ်မှုကျူးလွန်တာကို ခံလိုက်ရတဲ့သူတွေ ဒါမှမဟုတ် အဲသည်လို ခံလိုက်ရတဲ့သူတွေနဲ့ နီးနီးကပ်ကပ် သိကျွမ်းသူတွေဟာ သူတို့ တွေ့ကြုံခဲ့ရတာတွေ ဘယ်လိုပဲ ကွဲပြားခြားနားကြပေမယ့် ကမ္ဘာပေါ်မှာ တစ်နေ့ကျရင် တရားမျှတမှု ရှိလာမှာပဲလို့ ခံယူကြတယ်ဆိုရင် ဘဝအပေါ် ကျေနပ်မှု ၁၃ ရာခိုင်နှုန်းအထိ ပိုမို ခံစား ရရှိကြပါတယ်။**



## နည်း ၇၀
## တသသ ပြန်အောက်မေ့ကြည့်ပါ

သင်ရယ် သင့် မိသားစုရယ် သင့် မိတ်ဆွေ အပေါင်းအသင်းတွေရယ် အတူတူ ပျော်ရွှင်ခဲ့ဖူးတာတွေကို ပြန်တွေးကြည့်လိုက်ပါ။ အတိတ်က ပျော်ခဲ့ရတာတွေကို ပြန်အောက်မေ့လိုက်ခြင်းဟာ ပစ္စုပ္ပန်မှာ ပျော်ရွှင်စေနိုင်တဲ့ အကြီးဆုံးသော ခွန်အားဖြစ်စေပါတယ်။

☺ ☺ ☺

နီးလ်ဟာ ၁၄ နှစ်သား အရွယ်တုန်းက မော်တော်ဘုတ်လေးတစ်စီးနဲ့ အမေရိကန်ပြည်ထောင်စုကို ရောက်ရှိလာခဲ့သူပါ။ သူဟာ အသိမိတ်ဆွေ တစ်ဦးမှ မရှိတဲ့နိုင်ငံကို တစ်ယောက်တည်း ရောက်လာခဲ့ခြင်းပါပဲ။ အရှေ့ဘက် ကမ်းခြေမြို့လေးတစ်မြို့က မြို့တော်ဝန်ဆီမှာ တောက်တိုမယ်ရ လုပ်ပေးရတဲ့ အလုပ်လေးတစ်ခု သူရခဲ့ပါတယ်။ အဲဒီခေတ်က နိုင်ငံရေး အခြေအနေအရ မြို့တော်ဝန်ဟာ မြို့လေးရဲ့ အရေးအရာကိစ္စတွေ အားလုံးကို ကိုယ်တိုင်ပဲ ဆောင်ရွက်ရလေ့ ရှိပါတယ်။ အခုတော့ ဘိုးဘိုးနီးလ်ဟာ သူ့ရဲ့ မြေးလေးတွေကို သူ အမေရိကန်ပြည်ကို လာခဲ့ရတဲ့ ခရီးနဲ့ သူရောက်လာတဲ့ ခပ်စောစောပိုင်းတုန်းက မြို့တော်ဝန်အတွက် အလုပ် လုပ်ပေးခဲ့ရတာနဲ့ ပက်သက်လို့ ဇာတ်လမ်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ပြောပြတတ်လေ့ ရှိပါတယ်။

သူ နှစ်သက်လွန်းအားကြီးလို့ ပြန်ပြောပြတဲ့ ဇာတ်လမ်းတစ်ပုဒ်က သည်လိုပါ။ နီးလ်ဟာ တစ်နေ့မှာ မြို့ထဲကို ဖြတ်သွားတယ်။ သူဝတ်ထားတဲ့ ဝတ်စုံက အဟောင်းဆိုင်က ဝယ်လာတဲ့ဝတ်စုံပါ။ ဝတ်စုံကသေးလို့ ကျပ်နေရတဲ့အထဲ အစတွေက ဖွာတောင်ထွက်နေပါပြီ။ ဖြတ်လျှောက်သွားတဲ့ နီးလ်ကို မြို့တော်ဝန်မြင်တော့ “မင်း ဘယ်သွားမလို့တုံး” လို့မေးတယ်။ နီးလ်က သူ ဘုရားကျောင်းကို သွားမလို့၊ သူဒီနေ့ လက်ထပ်တော့မယ်လို့ ပြန်ဖြေတယ်။ မြို့တော်ဝန်က သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး “မင်းကွာ လက်ထပ်တော့မယ် ဆိုရင်လည်း ကောင်းကောင်းမွန်မွန်လေးတော့ ဝတ်သင့်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်သတဲ့။ နီးလ်ခမျာ ရုက်သွားပြီး သူ့မှာ အဝတ်စားအသစ်ဝယ်ရလောက်အောင် ငွေကြေးမပြည့်စုံပါဘူးလို့ ပြန်ဖြေလိုက်ပါတယ်။

ဒီမှာတင် မြို့တော်ဝန်က နီးလ်ကို ''ငါတို့မြို့မှာ မင်းဟာ ဝတ်စုံအကောင်းဆုံးဝတ်တဲ့သူ ဖြစ်စေရမယ်'' ဆိုပြီး စက်ချုပ်သမားဆီကို ချက်ခြင်းပဲ ခေါ်သွားတယ်။ အဲဒီတော့လည်း စက်ချုပ်ဆိုင်က ပိတ်နေပြန်ရော။ မြို့တော်ဝန်က ရဲကိုခေါ်ပြီး စက်ချုပ်သမားကို သွားရှာခိုင်းတယ်။ မြို့တော်ဝန်ကိုယ်တိုင် ခေါ်တယ်ဆိုတော့လည်း စက်ချုပ်သမားက ရောက်အောင်လာရတော့တယ်။ စက်ချုပ်သမားက နီးလ်အတွက် အကောင်းဆုံးဝတ်စုံတစ်စုံကို အခမဲ့ ချုပ်ပေးလိုက်ပါတယ်။

နီးလ်အပေါ် မြို့တော်ဝန်က ကြင်ကြင်နာနာနဲ့ ဂရုတစိုက် စီစဉ်ပေးလိုက်တဲ့အတွက် နီးလ်ဟာ သတို့သမီးနဲ့တွေ့လိုက်တဲ့အခါ စိတ်ပျက်လက်ပျက် မဖြစ်ရတော့ပါဘူး။ အဲဒီနေ့တုန်းက သူ စိတ်လှုပ်ရှားခဲ့ရတာ၊ ဝမ်းသာဂုဏ်ယူခဲ့ရတာတွေကို ဘယ်နှကြိမ်ပဲ ပြန်ပြောပြန်ပြော ဘိုးဘိုးနီးလ်မှာတော့ ငြီးငွေ့တယ်လို့ မရှိပါဘူး။ သူ့မှာ ဒီအကြောင်းကို အကြိမ်ဘယ်လောက်များများ ပြန်ပြောပေမယ့် ရိုးတယ်လို့ မရှိဘဲ ဒီအကြောင်း ပြန်ပြောလိုက်တိုင်း သူ့ရင်ထဲမှာ နွေးထွေးတဲ့ ခံစားမှုလေး ဖြစ်ရပါတယ်။

☺ ☺ ☺

**လူတွေဟာ သူတို့အတိတ်က အကြောင်းတွေကို သတိထားရွေးချယ်ပြီး စဉ်းစားကြပြီဆိုရင် ၈၀ ရာခိုင်နှုန်းလောက်က အကောင်းဘက်ကို ရှေးရှုတဲ့ အမှတ်ရစရာလေးတွေ အပေါ် ဝိုပြီး အာရုံညွှတ်လေ့ ရှိကြပါတယ်။**



## နည်း ၈၁
## သတိထား၍ မှန်မှန်ကန်ကန် လုပ်တတ်ပါစေ

စမိတဲ့ အလုပ်ကို ဆုံးခန်းတိုင်အောင် လုပ်တတ်ပါစေ။ ကိုယ်ဘာအလုပ်ကို လုပ်နေသလဲ။ အဲဒီလုပ်နေတဲ့ အလုပ်ကို သတိထားပြီး မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်လိုက်ပါ။ မှန်အောင် သတိထားပြီး လုပ်တယ်ဆိုတာမျိုးက လုပ်နေတဲ့ အလုပ်ကို အီလေးဆွဲ လုပ်တာမျိုး မဟုတ်ပါဘူး။ သတိထားပြီး လုပ်ရတယ်ဆိုတာ ပေါ့ပါးလွယ်ကူတာတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်က ကောင်းတဲ့အလုပ်ကို လုပ်တယ်ဆိုရင် ကိုယ့်စိတ်ထဲမှာလည်း နှစ်သက်ကျေနပ်မှု ပိုပြီး ရရှိတတ်ပါတယ်။

☺ ☺ ☺



ဖလော်ရီဒါပြည်နယ် အနောက်တောင်ပိုင်းက လူတွေဟာ သူတို့ဒေသမှာ တည်ဆောက်နေရင်းတန်းလန်း အဆုံးသတ်လို့ မပြီးနိုင်တဲ့ တံတားကြီး တစ်စင်းအကြောင်းများ ပြောရရင် တယ် ခံတွင်းတွေ့ကြတာပဲ။ အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ပြည်နယ်ရဲ့ အကြီးဆုံး တံတားကြီးတစ်စင်း တည်ဆောက်နိုင်ဖို့ ဒီဇိုင်းဆွဲကြပါတယ်။ မြစ်ကူးတံတားကြီးက ကြီးလွန်းလှတဲ့အတွက် မြစ်ကမ်းတစ်ဖက်တစ်ချက်ဆီကနေ တဖြည်းဖြည်း အဆင့်လိုက် ဆောက်လာပြီးတော့မှ အလယ်ဗဟိုကျရင် ဆုံဖို့ပါ။ အဲဒီလို သူ့ဟာနဲ့သူ ဆောက်လာတဲ့ တံတားနှစ်ဖက်ဟာ အလယ်ကျတော့ သွားပြီးမဆုံတာဟာ ပြဿနာ တက်တော့တာပါပဲ။ တစ်စင်းနဲ့တစ်စင်း နှစ်ပေတောင် ကွာနေပါသေးရဲ့။ ဒေါ်လာငွေတွေလည်း သန်းနဲ့ချီပြီး ကုန်ကျခဲ့ရသလို အလုပ်ချိန် နာရီထောင်ပေါင်းများစွာလည်း ပေးလိုက်ရပေမယ့် အဆုံးသတ်ကျတော့ ဘာမှဖြစ်မလာပါဘူး။ အဲဒီတော့ သူတို့တွေ ဘာများ ထပ်လုပ်ကြပါသလဲ။ ဒုတိယအကြိမ် တံတားအသစ် တစ်စင်း ဆောက်ရပြန်ပေတော့တာပေါ့။

ရှေးကတည်းက ပြောလာတဲ့ စကားတစ်ခွန်းက အခုထိ အသုံးဝင်နေဆဲပါ။ အလုပ်တစ်ခု လုပ်တဲ့အခါ နည်းလမ်း နှစ်မျိုး ရှိပါတယ်။ တစ်နည်းကတော့ အချိန်ယူပြီး မှန်မှန်ကန်ကန် ဖြစ်မြောက်အောင် လုပ်တဲ့နည်းပါ။ နောက်တစ်နည်းကတော့ ဒရောသောပါးနဲ့လုပ်ပြီး ဘယ်တော့မှ မပြီးစီးတဲ့နည်းပါတဲ့။

☺ ☺ ☺

**အရွယ်ရောက်ပြီးသူတွေကို သုတေသန ပြုလုပ်ကြည့်တဲ့အခါ စည်းကမ်းရှိရှိ နေထိုင်တတ်ခြင်း၊ နိုင်းနိုင်းချိန်ချိန် စဉ်းစားတတ်ခြင်းနဲ့ တာဝန်ကျေကျေ လုပ်ကိုင်တတ်ခြင်းတို့ဟာ ပျော်ရွှင်မှု ရရှိရေးမှာ ၁၈ ရာခိုင်နှုန်းလောက် ကောင်းကျိုး ရရှိစေတယ်လို့ တွေ့ရပါတယ်။**



## နည်း ၇၂
## မနိုင်နိုင်လောက်တဲ့ တိုက်ပွဲတွေကြားမှာ နစ်မျောမနေပါနဲ့

ရှေ့ဆက်ပြီး လုပ်စရာရှိတာကို လုပ်ပါ။ ကိုယ့်အချိန်နဲ့ ကိုယ့်ခွန်အားတွေသုံးပြီး ဖြေရှင်းတဲ့ ပြဿနာတွေဟာ သိပ်အရေးကြီးဖို့ လိုသလို တိုးတက်မှုလည်း ရှိမှ ဖြစ်မှာပါ။ သည်လိုမှ မဟုတ်ဘူးဆိုရင် ကိုယ်က ပြုပြင်ပြောင်းလဲနိုင်တဲ့ အလုပ်တွေဆီကိုသာ ဦးတည်သွားလိုက်ပါတော့။

☺ ☺ ☺

ဒဏ္ဍာရီထဲမှာ တောင်ကုန်းပေါ်ကို ကျောက်တုံးကြီး တွန်းတင်နေတဲ့ ဆစ်ဆီးဖတ် **(Sisyphus)** ရဲ့ အကြောင်း ကြားဖူးတယ် မဟုတ်လား။ သူ့မှာ အင်နဲ့အားနဲ့ မမှုနိုင်လောက်အောင် လေးလံလှတဲ့ ကျောက်တုံးကြီးကို ခွန်ရှိက်အားစိုက် တွန်းတင်ပါတယ်။ သို့ပေမဲ့ တောင်ထိပ် မရောက်ခင်မှာပဲ လက်ထဲက ကျောက်တုံးကြီး လွတ်ထွက်သွားပြီး တောင်ခြေကို ပြန်ရောက်သွားပါတယ်။ ဆစ်ဆီးဖတ်ဟာ နောက်တစ်ကြိမ် ကျောက်တုံးကြီး တောင်ထိပ်ရောက်အောင် တွန်းတင် ပြန်တယ်။ တွန်းတင်တိုင်းလည်း တောင်ထိပ်ကို ကျောက်တုံးကြီး မရောက်ဘဲ ပြန်ကျသွားတာချည်းပါပဲ။ ဒါဟာ သူ့အတွက်ဘယ်လိုမှ အကျိုးမရှိတဲ့ အလုပ် ဖြစ်ပြီး သူ့ခမျာ သေဒဏ်ချခံထားရသလိုကို ဖြစ်နေတော့တာပါ။

အချို့သူတွေဟာ သူတို့ သဘောမတူနိုင်တာတွေ၊ စိတ်ပျက်လက်ပျက် ဖြစ်ရတာတွေကို ဖြေရှင်းကြတဲ့အခါ သူတို့ခမျာ ဆစ်ဆီးဖတ် ကျောက်တုံး တွန်းတင်သလို ဖြစ်နေတတ်ကြပါတယ်။ တွန်းရင်းတွန်းရင်းနဲ့ တွန်းပဲနေလိုက်ကြတာ၊ ဒါဟာ အကျိုးမရှိပါလားလို့ တစ်ခါမှကို မစဉ်းစားဖြစ်ကြတော့ပါဘူး။ တကယ့် လက်တွေ့ဘဝမှာ အသေအချာ စဉ်းစားကြည့်လိုက်ရင် ပေါ်လာတဲ့ အမှန်တရားတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တွန်းနေကြတဲ့ ကျောက်တုံးတွေဟာ ကိုယ်က ဖန်တီးထားလို့ ပေါ်လာတဲ့ ကျောက်တုံးတွေပါပဲ။ ကျွန်တော်တို့ကသာ မတွန်းဘဲ ရပ်ပစ်လိုက်မယ်ဆိုရင် အဲဒီကျောက်တုံးတွေလည်း ပျောက်သွားတော့မှာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



☺ ☺ ☺


လူအတော်များများဟာ သူတို့ရဲ့ အလုပ်ခွင်နဲ့ သူတို့ရဲ့ အိမ်အတွက် အချိန် ဘယ်လို ခွဲဝေပေးမလဲလို့ ချိန်ဆတဲ့အခါ ပဋိပက္ခတွေ ကြုံရပါတယ်။ လေ့လာဆန်းစစ်ချက်တွေအရ အဲဒီလို နှစ်နေရာလုံးကို အချိန်ပိုပြီး ပေးချင်တဲ့ သူတွေဟာ အလုပ်ခွင်မှာရော အိမ်မှာပါ မကျေမနပ် ဖြစ်လာကြရကြောင်း တွေ့ရပါတယ်။ တချို့တွေကျတော့ သူတို့မှာရှိတဲ့ အချိန် အကန့်အသတ်တွေကြောင့် အဖြေအဆင့်သင့်မရှိတဲ့ ပဋိပက္ခထဲ ရောက်နေရတယ်ဆိုတာကို သိကြပါတယ်။ အဲဒါကို သိရှိနားလည်ကြသူတွေဟာ မသိနားမလည်ကြတဲ့သူတွေထက် စာရင် လေးပုံ တစ်ပုံလောက် အဆင်ပြေပြေ နေနိုင်ကြပါတယ်။



## နည်း ၇၃
## နေ့စဉ် လုပ်နေကျ အလုပ်တွေမှာ မွေ့လျော်ပါ

တစ်နေ့တစ်နေ့မှာ ကိုယ်လုပ်နေရတဲ့ အလုပ်တွေက ရေတွက်လို့တောင် မရနိုင်လောက်အောင်ပါပဲ။ ဒီအလုပ်တွေကို ဝန်ပိတယ်လို့ ပြောနိုင်သလို နှစ်သက်စရာ ကောင်းတယ်လို့လည်း ဆိုနိုင်ပါတယ်။ ခွေးကလေးကို လမ်းလျှောက်ပေးတာကိုပဲကြည့်ရင် ဒါဟာ ကိုယ် လုပ်ကိုလုပ်ရမယ့် အလုပ် မှန်ပေမယ့် ခွေးနဲ့အတူ လမ်းလျှောက်ရင်းက လေ့ကျင့်ခန်းလည်း လုပ်လို့ရသလို အတွေး တွေ ဖြန့်ကြက်ဖို့လည်း အချိန် ရနိုင်ပြန်ပါတယ်။ လမ်းမှာ အိမ်နီးချင်းတွေကို နှုတ်ဆက်နိုင်သလို ကိုယ့် အနီးပတ်ဝန်းကျင်ကိုလည်း ကြည့်လို့ ရနိုင်ပြန်ပါတယ်။ အဲဒီတော့ ကိုယ်နေ့တိုင်း လုပ်နေရတဲ့ အလုပ်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်ကြည့်လိုက်ပါ။

☺ ☺ ☺





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ နေ့တွေဟာ များသောအားဖြင့် သာမန်နေ့တွေပါပဲ။ ကျွန်တော်တို့ ဘဝမှာ ကျွန်တော်တို့ရင်ထဲ အမှတ်တရ စွဲလန်းနေမယ့် အထူးအမှတ်တရ နေ့တွေလည်း ရှိနိုင်ပါတယ်။ မိသားစု ပျော်ပျော်ပါးပါး ဆင်နွှဲရတဲ့နေ့တွေ၊ ကိုယ့်အတွက် အောင်ပွဲခံရတဲ့ နေ့တွေလို ထူးထူးခြားခြား နေ့တွေလည်း ရှိနိုင်ပါတယ်။ များသောအားဖြင့် ကျွန်တော်တို့ ကြုံရတဲ့ နေ့တွေကတော့ ဘာမှထူးခြားမှု မရှိတဲ့ သာမန်နေ့တွေပါပဲ။

သို့ပေမဲ့ အဲဒီလို သာမန်နေ့တွေမှာပဲ ပျော်စရာ အခွင့်အလမ်းတွေ ပေါ်တဲ့ နေ့တွေ ရှိနေပြန်ပါတယ်။ အဲဒီလို နေ့တွေကိုပဲ ကျွန်တော်တို့က ပြန် မတွေးကြည့်မိကြသလို တန်ဖိုးလည်း မထားဖြစ်ခဲ့မိကြပါဘူး။ နေ့စဉ်နေ့တိုင်းမှာ ကိုယ့်ရဲ့ တစ်နေ့တာ ဘဝထဲက ရိုးရိုးရှင်းရှင်းနဲ့ နှစ်သက်စရာ ကောင်းလှတာ တွေကို အချိန် ခဏတစ်ဖြုတ်ယူပြီး ပြန်တွေးကြည့်လိုက်ပါ။

မကြာသေးခင်တုန်းကမှ အသက် ၁၀၃ နှစ်ပြည့် မွေးနေ့ကို ဖြတ် ကျော်ခဲ့သူ ဘိုးဘိုးလွှန်နီကို ကြည့်ကြည့်ပါ။ သူ့အိမ်ရှေ့က ဝရန်တာမှာ လှုပ် ကုလားထိုင်လေးပေါ် ထိုင်နေတဲ့ ဘိုးဘိုးလွှန်နီကို သတင်းထောက်တွေက ဒီနေ့လို ထူးခြားတဲ့နေ့မှာ သူဘယ်လို ခံစားရသလဲလို့ မေးကြပါတယ်။ ဘိုးဘိုးလွှန်နီက နေ့စဉ်နေ့တိုင်းဟာ သူ့အတွက် ထူးမြတ်တယ်လို့ ခံစားရလို့ သူ ပျော်ရွှင်နေပါ တယ်လို့ ဖြေပါတယ်။

☺ ☺ ☺

**လူပေါင်း တစ်သောင်းသုံးထောင်ကျော်ကို စူးစမ်းကြည့်တဲ့အခါ အဲဒီ အထဲက ၉၆ ရာခိုင်နှုန်းက တော်ရုံသင့်ရုံ အကောင်းဘက်ကိုဆောင်တဲ့ အခြေ အနေတွေလောက်နဲ့ပဲ သူတို့ဘဝအပေါ် ကျေနပ် လက်ခံထားကြတာ တွေ့ရပါ တယ်။ နှစ်သက် ကျေနပ်စရာကောင်းတဲ့ ဘဝဆိုတာ ထူးထူးကဲကဲ ရရှိခံစားမှုတွေ အပေါ် မတည်ဘဲ ပုံမှန်လောက်နဲ့ ယေဘုယျအားဖြင့် အကောင်းဘက် ရှေးရှုတဲ့ ခံစားမှုတွေအပေါ်ပဲ တည်နေပါတယ်။**



## နည်း ၇၄
## ကမ္ဘာပေါ်က ကြေကွဲစရာ'အဖြစ်အပျက်တွေကို အာရုံစိုက်မနေပါနဲ့ အနာဂတ်အတွက် မျှော်လင့်ချက်နဲ့ရှင်သန်ပါ

ကျွန်တော်တို့ ကမ္ဘာပေါ်မှာ ဝမ်းနည်းစရာ ကိစ္စတွေ အများကြီး ဖြစ်ပေါ်နေကြပါ တယ်။ သို့ပေမဲ့ အဲဒါတွေအပေါ် အာရုံစိုက်မနေဘဲ အနာဂတ်အတွက် မျှော်လင့်ချက်တွေ ထားကြည့်လိုက်ပါ။ ကမ္ဘာပေါ်မှာ ကောင်းမြတ်တာတွေ ဖြစ် လာနိုင်တာ အများကြီးပါ။ အနာဂတ်မှာ ရောဂါဆိုးတွေ ကုသဖို့ နည်းလမ်းတွေ ပေါ်လာနိုင်ပါတယ်။ အကြမ်းဖက်မှုတွေလည်း ချုပ်ငြိမ်းသွားနိုင်သလို ဆင်းရဲ မွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုလည်း ပပျောက်သွားနိုင်ပါတယ်။

☺ ☺ ☺



ဆန်ဂျာစင်တို မိန်းကလေး စကောက်အသင်းဟာ စည်းစည်းလုံးလုံး ပျော်ပျော်ပါးပါးနဲ့ စိတ်လှုပ်ရှားစရာကောင်းမယ့် လုပ်ငန်းတစ်ခု လုပ်ချင်ကြပါ တယ်။ ဒါကြောင့်လည်း လူတွေ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စက်ပိုင်းပုံသဏ္ဍာန် အဝန်းအဝိုင်းကြီးလုပ်ပြီး သဟာယပေါင်းစည်းမှု စက်ဝန်းဆိုတာကို ဖန်တီးဖို့ စီစဉ်ကြပါတယ်။

အသင်းဝင်တွေဟာ စနေနေ့ တစ်မနက်မှာ မြို့ခံတွေကို သူတို့နဲ့ အတူလာရောက် ပူးပေါင်းကြပါလို့ ဖိတ်ခေါ်ပြီး မြို့လယ် ပန်းခြံကနေစပြီး လက်ချင်းချိတ်ကြပါတယ်။ ဒီအခမ်းအနားမှာ ဟူစတန်မြို့တော်ဝန် အပါအဝင် လူပေါင်း ၆၂၄၃ ဦး ပါဝင်ကြပါတယ်။ စက်ဝိုင်းကြီးက တစ်မိုင်လောက် ရှိပါတယ်။ သူတို့အဖွဲ့ကနေ 'ချစ်ကြည်ရင်းနှီးမှုဖြင့် အမုန်းတရားကို ကျော်လွှားအံ့' ဆိုပြီး ကြွေးကြော်ကြပါတယ်။ မိန်းကလေး စကောက်အသင်းခေါင်းဆောင် တစ်ယောက်က ဒီကနေ့ အခမ်းအနားဟာ "မိန်းကလေးတွေ အတွက်ရော လူကြီးတွေအတွက်ပါ လူတိုင်းလူတိုင်းဟာ အရေးပါတယ်၊ အချင်းချင်းတွေအကြား မတူခြားနားတာတွေကို တန်ဖိုးထားတတ်ဖို့ လိုတယ်ဆိုတာကို ညွှန်ပြပေးလိုက်တာပါ" လို့ ဆိုပါတယ်။

ကိုးနှစ်သမီး စကောက်အဖွဲ့ဝင် တစ်ဦးကလည်း "လူတိုင်းနဲ့ မိတ်ဆွေဖြစ်ဖို့ဆိုတာ သိပ်အရေးကြီးလှပါတယ်၊ အဲသည်လိုမှ မဟုတ်ရင် တစ်ယောက်ကြောင့် တစ်ယောက် စိတ်ထိခိုက်စရာ ဖြစ်သွားနိုင်ပါတယ်" လို့ ပြောလိုက်ပါတယ်။

☺ ☺ ☺

အမေရိကန်လူမျိုး ၁၀ ယောက်မှာ ၉ ယောက်ဟာ ဒီကနေ့ ကမ္ဘာအပေါ်နဲ့ လူ့အဖွဲ့အစည်း အပေါ်မှာ သူတို့ရှုမြင်ပုံ ရှုမြင်နည်းကြောင့် စိုးရိမ်သောကတွေ ဖြစ်နေကြရပါတယ်။ အဲသည်လို ရှုမြင်ကြတာတွေကြောင့်ပဲ သူတို့မှာ ပျော်တယ်၊ မပျော်ဘူးလို့ ဖြစ်လာကြရပါတယ်။ ပျော်ရွှင်မှု သိပ်မရှိနိုင်တဲ့ သူတွေဟာ သူတို့ ပြဿနာလို့ မြင်ထားကြတဲ့ အရာတွေထဲမှာ နစ်မြုပ်နေတတ်ပါတယ်။ ပျော်ရွှင်မှု ပိုရကြတဲ့ သူတွေကတော့ အနာဂတ်မှာ တိုးတက်ဖြစ်ထွန်း လာနိုင်မယ့် အရာတွေအပေါ် မျှော်လင့်ချက်အပြည့် ထားကြပါတယ်။



## နည်း ၇၅
## ဝါသနာတစ်ခု မွေးမြူပါ

ဝါသနာဆိုတာ စိတ်အာရုံ ဝင်စားမှုကို တည်ငြိမ်စေတဲ့ ရင်းမြစ်တစ်ခုပါ။ ဝါသနာပါတဲ့အလုပ်ကို လုပ်ရရင် အလုပ်ထဲမှာ နစ်ဝင်သွားရာက အလုပ်ကို စဉ်ဆက်မပြတ် လုပ်ချင်စိတ်လည်း ပေါ်ပါတယ်။ နှစ်သက်ပျော်ရွှင်မှုကိုလည်း ပွားများစေပါတယ်။ အလုပ်ထဲမှာ နှစ်ခြိုက်ပျော်ရွှင်ဖို့ ဆိုတာကလည်း ဘဝမှာမရှိမဖြစ်လိုအပ်တဲ့ အချက်ပဲ မဟုတ်လား။

☺ ☺ ☺

အယ်လ်ဆာဟာ စာအုပ် အဟောင်းတွေ စုတတ်သူပါ။ သူ့အိမ်က စာအုပ်စင်ပေါ်မှာ စာအုပ်အမျိုးမျိုးကို စီတန်းထားလေ့ရှိပါတယ်။ အဲဒီထဲမှာ ဂန္ထဝင် စာအုပ်တွေ ပါဝင်သလို ပထမအကြိမ် ပုံနှိပ်တဲ့ ရှားပါး စာအုပ်တွေလည်း ပါပါတယ်။ တချို့ စာအုပ်တွေကတော့ လှန်လှော ဖတ်ရှုဖို့ သက်သက်ပါ။ အယ်လ်ဆာအတွက်တော့ စာအုပ်စုတာဟာ စိတ်အပန်းဖြေမှုတစ်ခု ဖြစ်နေသလို အဲဒီလို စာအုပ်စုတဲ့ အတွက်ကြောင့်ပဲ သူဟာ လူအမျိုးမျိုးနဲ့ တွေ့ဆုံ ဆက်သွယ်ဖြစ်လာပါတယ်။ သူ ဘယ်မြို့ကိုပဲ အလည်သွားသွား၊ ရောက်တဲ့အရပ်မှာ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်နဲ့ စာအုပ်ဟောင်း ဆိုင်တွေဆီကိုသွားပြီး သူလိုချင်တာတွေ စုဆောင်း ရှာဖွေရတာဟာ စွန့်စားခန်းတစ်ခု လုပ်ရသလိုပါ။ အယ်လ်ဆာ စာအုပ်တွေ စုရတဲ့ အကြောင်းရင်းကတော့ "ဒီလို စာအုပ်တွေ စုတာ သမိုင်းနဲ့လည်း ထိတွေ့ဖြစ်သွားတယ်။ ဒီ့ပြင် လူတွေနဲ့လည်း အဆက်အသွယ်ရ၊ စာအုပ်တွေလည်း အလဲအလှယ် လုပ်နိုင်ပါတယ်။ အရေးကြီးဆုံးကတော့ စာအုပ်တွေကြားထဲ နေရတာကို ကျွန်မက ပျော်နေတာလေ" လို့ ပြောပါတယ်။

☺ ☺ ☺

အရွယ်ရောက်ပြီးသူ ထောင်ပေါင်းများစွာကို သုတေသန ပြုကြည့်ရာမှာ ဝါသနာတစ်ခု ထားရှိတဲ့ သူတွေက သူတို့ရဲ့ ဘဝဟာ ၆ ရာခိုင်နှုန်းလောက် အကောင်းဘက်ကို ပိုပြီး ရောက်တယ်လို့ ခံယူကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၈၆
## အခြားသူတွေ ချစ်ခင်ရင်းနှီးမှုကို မရှုဆိတ်ဖြစ်နေရင် အကျိုးမရှိဘူး

မိတ်ဆွေသူငယ်ချင်း များများစားစား ရှိတဲ့သူတွေဟာ မိသားစုနဲ့ ရင်းရင်းနှီးနှီး နေရရင် ကောင်းမှာပဲလို့ တစ်ခါတရံမှာ တောင့်တမိကြပါတယ်။ မိသားစုနဲ့ နီးနီးကပ်ကပ် နေကြရတဲ့ သူတွေကျပြန်တော့လည်း ငါ့မှာ ဒီထက်ပိုပြီး သူငယ်ချင်းတွေများရင် ကောင်းမှာဆိုတဲ့စိတ် ပေါ်ကြပြန်တယ်။ ကိုယ့်ဘဝနဲ့ ကိုယ် စိတ်ကျေနပ်မှုကို စဉ်ဆက်မပြတ် လိုချင်တယ်ဆိုရင် အဓိကအချက်ကတော့ သူများတွေ ဖြစ်တဲ့အတိုင်း ငါ့မှာဖြစ်ရင် ကောင်းမှာပဲဆိုတဲ့စိတ် မမွေးသင့်ပါဘူး။ မိသားစုဝင်တွေနဲ့ပဲဖြစ်ဖြစ် မိတ်ဆွေသူငယ်ချင်း တွေနဲ့ပဲဖြစ်ဖြစ် ကိုယ့်ကို ပံ့ပိုး အားပေးကြမယ့် အုပ်စုလေးတစ်ခု ဖြစ်လာအောင် ဖန်တီးတည်ဆောက်ထားဖို့ လိုအပ်ပါတယ်။

☺ ☺ ☺







လွန်ခဲ့တဲ့ ရာစုနှစ် နှစ်ခုလောက်က မိသားစု အကျိုးသက်ရောက်မှုတွေကို လေ့လာရအောင် ဒဿနပညာရှင်တွေနဲ့ သမိုင်းပညာရှင်တွေ ပါဝင်တဲ့ အုပ်စု လေးတစ်ခုကို သိပ်မကြာသေးခင် နှစ်တွေတုန်းက ဖွဲ့စည်းခဲ့ပါတယ်။ ဒီပညာရှင် တွေဟာ ဒီကနေ့ခေတ် မိသားစုတွေ မတည်မငြိမ် ဖြစ်နေတာကိုရော မျက်မှောက် လူ့အဖွဲ့အစည်းမှာ ယခင် အစဉ်အဆက်က ကျင့်သုံးလာခဲ့တဲ့ မိသားစု ဆက်ဆံပုံမျိုး တွေကို တန်ဖိုးထားမှု လျော့နည်းလာတဲ့အတွက် စိုးရိမ်မှုတွေ ကြီးမား လာကြတာကိုရောပါ ထည့်သွင်းစဉ်းစားကြတာပါ။ ရှေးခေတ်တုန်းက စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ခဲ့တဲ့ မိသားစုစနစ်မှာ မိဘတွေရဲ့ အိမ်ထောင်ရေးက တည်ငြိမ်သလို သားသမီးတွေ အများကြီးမွေးဖွားခဲ့ကြပါတယ်။ အဲဒီမိသားစု ပုံစံမျိုးဟာ လူသားတွေအတွက် စံပြ ဖြစ်သင့်သလား၊ အဲဒီဘက် ခေတ်တုန်းက ပုံစံမျိုးကို ဒီဘက်ခေတ်မှာ ကျင့်သုံးလို့ရော ရမလားဆိုတာ ပညာရှင်တွေ စဉ်းစားခဲ့ကြပါတယ်။

သူတို့ လေ့လာတွေ့ရှိကြတာကတော့ ဒီလိုပါ။ ဒီကနေ့ခေတ်မှာ ကျွန်တော်တို့ဟာ ဟိုခေတ်က မိသားစုတွေ အစဉ်အဆက် ကျင့်သုံးလာခဲ့ကြတဲ့ စုစည်းနေထိုင်ကြပုံနဲ့ တည်ငြိမ်ပုံအတိုင်း နေကြရင် ကောင်းမှာပဲလို့ ထင်နေကြ တာပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော်လောက်တုန်းက ရိုးရာအစဉ်အလာ မိသားစုကြီးထဲက သူတွေကတော့ သူတို့ရဲ့ တစ်ကိုယ်ရေ လွတ်လွတ်လပ်လပ် နေလိုစိတ်ကို မိသားစု ပုံစံဆိုတာက လွှမ်းမိုးထားလို့ သူတို့ဟာ ကိုယ့်ဘာသာ လူတစ်ယောက်အဖြစ် ရပ်တည်ခွင့် မရှိဘူး၊ မိသားစုဆိုတဲ့ ယန္တယားကြီးထဲက အစိတ်အပိုင်း တစ်ရပ်လို့ပဲ ခံစားရတယ်လို့ တွေ့ရှိရပါတယ်။

ဒီလို ခေတ်နှစ်ခေတ်မှာ လိုတာမရ ရတာမလို ဖြစ်နေတာကို သုတေ သနပညာရှင်တွေက သတိပြုမိကြပါတယ်။ ဒီကနေ့ခေတ်မှာ ကျွန်တော်တို့ အများစုဟာ မိသားစုနဲ့ ရင်းရင်းနှီးနှီး ဆက်သွယ် နေထိုင်ရရင် ကောင်းမှာပဲလို့ တောင့်တကြသလို လွန်ခဲ့တဲ့ နှစ် နှစ်ရာလောက်တုန်းက လူတွေကျပြန်တော့ လည်း သူတို့ မိသားစုတွေအတွင်း နီးနီးစပ်စပ် နေရလွန်းတာကြောင့် တစ် ယောက်နဲ့ တစ်ယောက် အစေးမကပ်ချင် ဖြစ်ခဲ့ရပြန်ပါတယ်။ အကောင်းဆုံး ထားသင့်တဲ့ မျှော်လင့်ချက်ကတော့ ကိုယ်ရနေတဲ့ ခင်မင်ရင်းနှီးမှု အတိုင်းအတာနဲ့ ပတ်ဝန်းကျင်မှာပဲ ပျော်အောင်နေဖို့ပါ။ မရနိုင်လောက်တဲ့ အခြေအနေတွေကို လှမ်းမျှော်မနေဖို့နဲ့ အခြားသူတစ်ယောက်က သူ့ဘဝနဲ့ သူ၊ သူ ချစ်ခင်မြတ်နိုးတဲ့ သူတွေနဲ့နေနေတာကို ကိုယ်နဲ့သွားပြီး မနှိုင်းယှဉ်ဖို့ပါပဲ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်ပြီးသူ လူ ၈၀၀၀ ကို သုတေသန ပြုကြည့်ရာမှာ သုတေသန ပညာရှင်တွေဟာ ပျော်ရွှင်မှုကို ဖြစ်ပေါ်စေတဲ့ အချက် ၁၀၀ ကျော်ကို တွေ့ရှိကြပါတယ်။ အဲဒီအချက်တွေနဲ့ ဆန့်ကျင်ပြီး အပျက်သဘော သက်ရောက်စေရာမှာ အဓိကကျတဲ့ အချက်တစ်ချက်ကတော့ ကိုယ့်ရဲ့ ပုဂ္ဂလိကဘဝမှာ မအောင်မြင်ဘဲ ဆက်ဆံရေးတွေကို အခြားသူတွေနဲ့ နှိုင်းယှဉ်ပြီး ရှိန်ထိုးစဉ်းစားတတ်တာပဲ ဖြစ်ပါတယ်။ သည်လို နှိုင်းယှဉ်စဉ်းစားတဲ့ အတွက် ပျော်ရွှင်မှုဟာ ၂၆ ရာခိုင်နှုန်း အထိ လျော့ကျသွားစေပါတယ်။



# နည်း ၇၇

## အပြောင်းအလဲမှာ အသားကျဖို့ အချိန်ယူပါ

အပြောင်းအရွှေ့ လုပ်ရတဲ့အခါ ဒါမှမဟုတ် အခြေအနေ အသစ်တစ်ခုနဲ့ ကြုံကြိုက်ရတဲ့အခါ ချက်ချင်း အဆင်ပြေသွားလိမ့်မယ်လို့ မျှော်လင့် မနေပါနဲ့။ နေသားတကျဖြစ်ဖို့ အချိန်ယူလိုက်ပါ။ အခြေအနေသစ်မှာ သင့်ကိုယ်သင် ဘယ်လို သက်သောင့်သက်သာ ပျော်ဝင်နေထိုင်ရမလဲဆိုတာ သိသွားပြီဆိုရင် အနာဂတ်ကာလမှာ သင်ကြုံရမယ့် အပြောင်းအလဲတွေဟာ သင့်အတွက် ပိုမိုလွယ်ကူသွားပါလိမ့်မယ်။

☺ ☺ ☺

ဂျိလ်ဟာ ရှစ်တန်း ကျောင်းသားလေးတွေကို နှစ်နှစ်ဆယ်ကျော် စာသင်လာရတဲ့ လူအများ လေးစားခံရသူ ဝါရင့် ကျောင်းဆရာမတစ်ဦးပါ။ ကျောင်းဆရာအလုပ် ဆိုတာက တစ်နှစ်ကိုတစ်ခါ ပြန်စရတဲ့ အလုပ်မျိုး၊ ကျောင်းသားသစ်တွေနဲ့ နှစ်စဉ် နှစ်စဉ် ဆုံရတဲ့ အလုပ်မျိုးပါ။ ဂျိလ်ဟာ ဝါရင့် ကျောင်းဆရာမတစ်ဦးဖြစ်သလို စာသင်ရတာကိုလည်း နှစ်သက်ပျော်မွေ့သူပါ။ သို့ပေမဲ့ ကျောင်း စတက်ရမယ့်နေ့ မတိုင်ခင် တစ်ရက်ရောက်ပြီဆို စိတ်တွေ လှုပ်ရှားပြီး ပူပန်နေရတာနဲ့ အိပ်လို့တောင် ကောင်းကောင်း မပျော်ပါဘူး။

အပြောင်းအလဲနဲ့ ကြုံရတဲ့အခါ လူ့သဘာဝအရ သက်သောင့်သက်သာ သိပ်မဖြစ်တတ်တာကို ဂျိလ်ကသိလို့ ကျောင်းစတတ်တဲ့နေ့မှာ ကျောင်းသားကျောင်းသူအသစ် ၂၅ ယောက်နဲ့ တွေ့ရမှာကို စိတ်လှုပ်ရှားနေတာပါ။ မကြာခင်မှာတော့ ဂျိလ်ဟာ ဒါမျိုးတွေ ဖြစ်တတ်တာပဲဆိုတဲ့ သဘောကို နားလည်သွားပြီးတဲ့နောက် အခုကြုံရမှာက အရင်ကြုံခဲ့တာတွေနဲ့မတူ၊ စွန့်စားခန်းအသစ်လို့ ခံယူပြီး အဲဒါကိုရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကို အားမွေးလိုက်ပါတော့တယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

## ကြည့်ရှုန်း

လက်ထပ်ပြီးကာစ ဇနီးမောင်နှံတွေကို လေ့လာ ဆန်းစစ်ကြည့်တဲ့အခါ သူတို့ရဲ့ အခြေအနေသစ်မှာ အခက်အခဲတွေ ရှိတယ်လို့ အသိအမှတ် ပြုကြတဲ့ စုံတွဲတွေဟာ ဒီလို အခက်အခဲတွေကို ဖုံးကွယ်ထားတတ်တဲ့ စုံတွဲတွေ ထက်စာရင် သူတို့အချင်းချင်း ဆက်ဆံရေးမှာရော အိမ်ထောင်သာယာရေးမှာပါ တစ်ဆခွဲလောက် ပိုအဆင်ပြေတတ်ကြပါတယ်။



## နည်း ဂဂ
## သင့်အတွက် အရေးပါမယ့် အရာအပေါ်မှာသာ အာရုံစိုက်ပါ

ကိုယ်နိုင်ဖို့ စိတ်မဝင်စားတဲ့ ပြိုင်ပွဲတစ်ခုထဲမှာ ဝင်ပြိုင်စရာအကြောင်း ဘာမှ မရှိနိုင်ပါဘူး။ ကိုယ့်တာဝန် ကိုယ့်ရည်မှန်းချက်တွေဟာ ကိုယ့် ကိုယ်ရည်ကိုယ်သွေး ကို ထင်ဟပ်စေမယ့် အရေးကြီးတဲ့ အရာတွေ အဖြစ်ကလွဲလို့ အခြားဘာမှ မဖြစ်စေသင့်ပါဘူး။

☺ ☺ ☺




၁၉၉၉ ခုနှစ်တုန်းက နေသန်ရဲ့ ဟော့ဒေါ့ (ဝက်အူချောင်း အစာသွပ်မုန့်) အစားပြိုင်ပွဲမှာ အနိုင်ရလိုက်သူကို ဒီပွဲမှာ မမှန်ကန်တဲ့နည်းနဲ့ ဝင်ပြိုင်တယ်လို့ စွပ်စွဲကြတယ်။ သူဟာ ဒီပွဲမှာ စားဖို့သတ်မှတ်ထားတဲ့ အချိန် ၁၂ မိနစ် မစခင် ဟော့ဒေါ့တစ်ခုကို စ စားခဲ့တယ်လို့ စွပ်စွဲခံရပါတယ်။ ပြိုင်ပွဲအချိန်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ အချိန်မှာ သူဟာ ဟော့ဒေါ့ အခု ၂၀ နဲ့ တစ်စိတ်စားလို့ကုန်ခဲ့တယ်။ ဒုတိယရသွားတဲ့သူက အခု ၂၀ စားပြီးခဲ့ပါတယ်။ သူတို့ နှစ်ယောက်အတွက်တော့ ဒီပြိုင်ပွဲရလဒ်က သိပ်အရေးကြီးပါတယ်။ သူတို့တွေက ဟော့ဒေါ့အစားပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်ချင်နေကြသူတွေကိုး။

သင်ကရော အဲသည်လို ဟော့ဒေါ့ အစားပြိုင်ပွဲမှာ ဝင်ပြိုင်ဦးမှာလား။ ပြိုင်ပွဲဝင်နိုင်ဖို့ဆိုရင် အချိန်တိုလေးအတွင်းမှာ ကျန်းမာရေးနဲ့မညီညွှတ်တဲ့ အစားအသောက်ကို တက်သုတ်ရိုက် စားနိုင်ဖို့ ပြင်ဆင်ရပါလိမ့်မယ်။ သင် ပြိုင်ပွဲဘယ်ဝင်ပါလိမ့်မလဲ။ သင်က ဒီလိုအစားအသောက်ကို အမြန်စားနိုင်တယ်လို့ ဂုဏ်ယူချင်သူမှ မဟုတ်ပေတာပဲ။ ဒီကိစ္စက သင့်အတွက်လည်း အရေးမကြီးလှပါဘူး။

သို့ပေမဲ့ ကျွန်တော်တို့ အတော်များများဟာ ကိုယ်တကယ် တန်ဖိုးမထားတဲ့ ရလဒ်တွေအတွက် ပြိုင်ပွဲတွေထဲမှာ အဆက်မပြတ် ဝင်နွှဲနေတတ်ကြပါတယ်။ ကျွန်တော်တို့တွေသာ သတိထား ကြည့်မယ်ဆိုရင် ကိုယ့်မိတ်ဆွေကိုပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်နီးချင်းကိုပဲဖြစ်ဖြစ် ယုတ်စွအဆုံး ကိုယ်ချစ်ရတဲ့ သူတစ်ဦးဦးကိုပဲဖြစ်ဖြစ် စီးပွားရေးမှာ သာရအောင်ဆိုပြီး တိတ်တိတ်လေး ပြိုင်နေတဲ့သူတွေကို တွေ့ပါလိမ့်မယ်။ ကျွန်တော်တို့ဟာ အခြားသူတွေပိုင်တဲ့ အိမ်တို့၊ ကားတို့၊ သူတို့ ဘယ်လောက်ကောင်းကောင်း နေသလဲလို့ စတာတွေကိုကြည့်ပြီး အကဲဖြတ်ချင် တတ်ကြပါတယ်။ ကိုင်း အဲဒီမှာ သူတို့ပိုင်ဆိုင်တဲ့ အရာတစ်ခုခု ဆုံးရှုံးသွားပြီ ဆိုပါစို့။ ကိုယ့်အတွက် ဘာများ ပိုကောင်းလာမလဲလို့ စဉ်းစား ကြည့်စေချင်ပါတယ်။ တစ်ချို့တွေ ကျပြန်တော့လည်း ကိုယ့်အလုပ်ထဲမှာ ပြိုင်ဘက် တစ်ယောက်ကို ရှာကြည့်တတ်ပါတယ်။ ကိုယ့်ကိုယ်ကို ဘယ်လောက်တိုးတက်သလဲ ဆိုတာကို အဲဒီသူနဲ့ သွားပြီး တိုင်းတာတတ်ပါတယ်။

တကယ်တော့ အဲသည်လို တိုင်းတာလိုက်တာဟာ ကိုယ့်ရဲ့ ရည်မှန်းချက်လား ဆိုတာကို ပြန်ဆန်းစစ်ကြည့်သင့်ပါတယ်။ ဒီကမ္ဘာပေါ်မှာ ကိုယ်လူဖြစ်လာတာဟာ ကိုယ့်လုပ်ဖော်ကိုင်ဘက်တွေထက် ရာထူးအရင်တိုးဖို့လား။ ကိုယ့်ကို ဒီကမ္ဘာပေါ်မှာ မွေးဖွားပေးလိုက်တာဟာ ကိုယ့်အိမ်နီးချင်းတွေထက်စာရင် ကားကောင်းကောင်း စီးနိုင်ဖို့များလား။ စဉ်းစားကြည့်ဖို့ပါ။ ကိုယ်အနိုင်ရလို့လည်း ဘာမှအကျိုးမရှိတဲ့ အဓိပ္ပာယ်မဲ့ ပြိုင်ပွဲတွေဆီ စိတ်ရောက်မနေပါနဲ့။ ကိုယ့်ရည်မှန်းချက် အစစ်တွေ အကောင်အထည်ပေါ်လာဖို့နဲ့ ကိုယ်သွားရမယ့် ခရီးကို ရောက်ဖို့ကသာ အဓိကပါ။





☺ ☺ ☺

ရည်မှန်းချက်တွေဆိုတာ ဒီကမ္ဘာပေါ်မှာ ကိုယ် ရည်ရွယ်ရာကို ရောက်အောင် အကောင်အထည်ဖော်ဖို့နဲ့ ဘဝကျေနပ်မှု ရရှိဖို့အတွက် အရေးပါလှပါတယ်။ လူတစ်ယောက်ရဲ့ ရည်မှန်းချက်ဟာ သူ့ရဲ့ ခံယူချက်နဲ့ ကိုက်ညီရင် အဲဒီသူရဲ့ ရည်မှန်းချက်ဟာ သူ့ဘဝ ကျေနပ်မှုကို အပြည့်အဝနဲ့ ရရှိအောင် ၄၃ ရာခိုင်နှုန်း အထိ အထောက်အကူ ဖြစ်စေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၇၉
## ပြီးပြည့်စုံတဲ့ စိတ်ကျေနပ်မှုဆိုတာ မရှိနိုင်ဘူးလို့ သိဖို့ လိုပါတယ်

စိတ်ကျေနပ်မှုနဲ့ ပျော်ရွှင်မှုကို အားလုံး ခြုံပြီး ရဖို့ကိုပဲ မျှော်လင့်ပါ။ ကိုယ့်ဘဝမှာ အရာရာ ပြည့်စုံနေရမယ်လို့ မမျှော်လင့်ပါနဲ့။ ပြီးပြည့်စုံတဲ့ စိတ်ကျေနပ်မှုဆိုတာ ဘယ်တော့မှ မရှိနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ အရာရာဟာ ပိုကောင်းဖို့ လိုသေးလို့ပါ။ ဒီသဘောတရားကို လက်ခံတဲ့သူဟာ ကိုယ့်မှာရှိတာကို တန်ဖိုးထားတတ်ပါလိမ့်မယ်။ ဒါကိုမှ လက်မခံဘူးဆိုရင် အခြေအနေတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက် ကိုယ်ရနေတာကို တန်ဖိုးထားတတ်မှာ မဟုတ်ပါဘူး။ တိုးတက်အောင် ကြိုးစားပါ။ ပြီးပြည့်စုံစေရမယ်ဆိုပြီး ကြိုးစားတာမျိုး မလုပ်ပါနဲ့။

☺ ☺ ☺

ဂေါက်သီးကစားတဲ့အခါ ဂေါက်တံနဲ့ ဂေါက်သီးလေးကို ရိုက်လိုက်ရင် ဂေါက်သီးလေး လွင့်ထွက်သွားပါတယ်။ ကိုယ်က ဂေါက်သီးနောက် လမ်းလျှောက်လိုက်သွားပြီး ကျင်းထဲ မဝင်မချင်း ရိုက်ရပါတယ်။ ဂေါက်သီး ရိုက်တဲ့အခါ ခန္ဓာကိုယ် လှုပ်ရှားမှု၊ ဂေါက်တံနဲ့ ရိုက်ပုံရိုက်နည်း၊ ဂေါက်သီးကို ဘယ်လိုချိန်ပြီး ရိုက်သလဲ ဆိုတာအပေါ် မူတည်ပါတယ်။ သိပ်ကောင်းတဲ့ ရိုက်ချက်ဖြစ်လာဖို့ ဆိုတာ အတော် မလွယ်တဲ့ ကိစ္စပါ။

ဂေါက်ရိုက်နေကြတဲ့သူများ ကစားနေကြတဲ့အခါ " ကိုယ်တော့ သတ်မှတ် ရိုက်ချက်ထက် တစ်ချက်လျော့ ရိုက်လို့ရတယ်ဆိုရင်ပဲ ပျော်ပြီကွာ" လို့ ပြောသံ ကြားဖူးပါလိမ့်မယ်။ ဒီလို ရိုက်နိုင်ဖို့ ဆိုတာကလည်း ပရော်ဖက်ရှင်နယ် ဖြစ်မှ ရိုက်နိုင်တာပါ။ အဲဒီလို တစ်ချက်လောက်လျော့ပြီး ရိုက်နိုင်တဲ့ သူမျိုးကျတော့လည်း နောက်ထပ် ဒီထက်ကောင်းအောင် ရိုက်နိုင်ဖို့ပဲ မျှော်လင့်ကြတာပါပဲ။





ဒါပေမဲ့ တကယ်တမ်း ရိုက်ကြပြန်တော့လည်း စိတ် ကျေနပ်တယ်ဆိုတာ ဘယ်တော့မှ မရှိကြပါဘူး။ တကယ့် ပရော်ဖက်ရှင်နယ် ဂေါက်သီးသမားတွေတောင်မှ သူတို့ကစားတဲ့ သက်တမ်းတစ်လျှောက်မှာ သူတို့ စိတ်ကျေနပ်သလောက် ရိုက်နိုင်ကြဖို့ ခဲယဉ်းကြပါတယ်။

☺ ☺ ☺

မှန်းထားတဲ့ ရည်မှန်းချက်တွေ မရတော့ဘူးလို့ ထင်ထားကြတဲ့သူတွေဟာ မပျော်ရွှင်ကြပါဘူး။ ထို့အတူပဲ သူတို့ မှန်းထားတာကို ရလိမ့်မယ်ဆိုတဲ့သူတွေလည်း ပျော်ကြတာ မဟုတ်ပါဘူး။ မှန်းထားတဲ့ ရည်မှန်းချက်တချို့ ရလိမ့်မယ်လို့ မျှော်လင့်ထားကြပြီး သူတို့ဘဝရဲ့ ရှုထောင့် အမျိုးမျိုးကနေ စိတ်ချမ်းသာမှု ရမယ်လို့ မျှော်လင့် ယုံကြည်နေကြသူတွေကတော့ အပျော်ဆုံးသူတွေပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၀
## သင့်ဝန်းကျင်တွင် အနံ့အသက်များ ကောင်းမွန်ပါစေ

သင် နေလို့ထိုင်လို့ ကောင်းလာစေမယ့် ရိုးရှင်းလွယ်ကူတဲ့ နည်းတစ်ခု ရှိပါတယ်။ သင့်အိမ်ကို လေကောင်းလေသန့် ရရှိအောင်ထားပြီး အိမ်ထဲမှာ ရနံ့မွှေးတဲ့ ပန်းတွေ ထားရှိပေးပါ။ သင့်အိမ်ဟာ အနံ့အသက် ကောင်းလာတာနဲ့အမျှ သင်လည်း အကျိုးထူး ခံစားရပါလိမ့်မယ်။

☺ ☺ ☺



လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာလောက်တုန်းက ဥရောပတိုက်မှာ ဒဏ်ရာရတဲ့ စစ်သားတွေကို သူတို့ နာနာကျင်ကျင် ခံစားနေရတာ သက်သာစေဖို့ မွှေးရနံ့တွေကို အသုံးပြုခဲ့ကြပါတယ်။ ဒီကနေ့မှာတော့ ဆေးရုံတွေမှာ ခွဲစိတ်ကုသမှု ခံယူပြီး သူတွေ နာလန်ပြန်ထစေဖို့ ဆရာဝန်တွေဟာ ရနံ့ကုထုံးနဲ့ စမ်းသပ်နေကြပါပြီ။





အနံ့ဆိုးတွေမှာ လှည့်ဖျားတတ်တဲ့ သဘာဝရှိပါတယ်။ ကိုယ်နေရတဲ့ ဘဝမှာ အနံ့ဆိုးတွေရှိနေရင် ပြန်ထွက်သွားဖို့ ခဲယဉ်းပါတယ်။ ကိုယ်က အနံ့ဆိုးတွေနဲ့ ယဉ်ပါးတာ ကြာလာရင် ရှိမှန်းကို သတိ မပြုမိတတ်တော့ပါဘူး။ အနံ့ဆိုးတွေဆိုတာ အာရုံတွေကို ထိခိုက် ပျက်ပြားစေတတ်ပါတယ်။ ကိုယ်က ဒီအနံ့ဆိုးတွေကို သတိ မပြုမိတာက အဲဒီ အနံ့ဆိုးတွေ မရှိလို့ မဟုတ်ပါဘူး။ ကိုယ့်ဦးနှောက်ထဲမှာ အနံ့ခံကောင်းတဲ့ အာရုံတွေ ရှိနေပေမယ့် ဒါကို အသုံးချဖို့ ပျက်ကွက်နေလို့ပါ။

အနံ့အသက်ကောင်းရဲ့ တန်ဖိုးကို ၁၅ ရာစု ကတည်းက စစ်သားတွေ သိခဲ့ကြတာပါ။ ဒီကနေ့ ခေတ်မှာလည်း ဆရာဝန်တွေက ဒီတန်ဖိုးကို ပြန်လည်ကြိုးစား ဖော်ထုတ်နေပါပြီ။ အနံ့အသက်ကောင်းတွေဟာ လူတွေရဲ့ အာရုံနဲ့ ဦးနှောက်ကို နိုးကြားစေသလို ကျွန်တော်တို့တွေရဲ့ မသိစိတ်ထဲမှာ ခိုအောင်းပြီး အကောင်းဘက် ဦးတည်ပေးနေကြတာပါ။

☺ ☺ ☺

**ကျွန်တော်တို့ရဲ့ အာရုံတွေဟာ တစ်ချိန်လုံး နိုးကြားနေကြပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အရေးပါတာတွေကို ညွှန်ပြပေးနေပါတယ်။ အနံ့အသက်ကောင်းတွေဟာ လူဆယ်ယောက်မှာ ရှစ်ယောက်ကို အံ့ဩဝမ်းသာလာအောင်နဲ့ ပျော်ရွှင်စေအောင် နှိုးဆွပေးပြီး အနံ့အသက်ဆိုးတွေကတော့ မနှစ်မြို့စရာနဲ့ စိတ်မချမ်းမသာစရာတွေ ဖြစ်လာရအောင် လှုံ့ဆော်ပေးတတ်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၁
## သင့်ရည်မှန်းချက် ချမှတ်ရာမှာ အခြားသူတွေ ဝင်အပါမခံပါနဲ့

လူအတော်များများဟာ ကိုယ့် ရည်မှန်းချက်တွေကို ရွေးချယ်တဲ့နေရာမှာ အခြားသူတွေ ဘာထင်မလဲ ဆိုတာအပေါ် အခြေပြုကြပါတယ်။ အဲသည်လို လုပ်မယ့်အစား ကိုယ်ဘာကို အရေးထားသလဲဆိုတာ အသေအချာ စဉ်းစားပါ။ ကိုယ့်အတွက် အရေးပါတာတွေကို ဖြစ်မြောက်စေမယ့် အဓိပ္ပာယ်ရှိမယ့် ရည်မှန်းချက်တွေကို ချမှတ်ပါ။

☺ ☺ ☺

ဂယ်ရီဟာ စစ်တပ်မှာ ပိုင်းလော့တစ်ဦးအနေနဲ့ အနှစ် နှစ်ဆယ်အမှုထမ်းပြီးတဲ့အခါ အလုပ်က အနားယူလိုက်ပါတယ်။ စစ်တပ်က သူ့မိတ်ဆွေတွေက သူ့မှာ ရာထူးတိုးဖို့ အခွင့်အလမ်းရှိပါလျက် ဂယ်ရီ ဘာကြောင့်ထွက်သွားရသလဲ ဆိုပြီး တအံ့တသြ ဖြစ်ကြတယ်။ ဂယ်ရီ့ သူငယ်ချင်းတွေဟာ သူ့ကိုသာ ထုတ်မမေးတာ၊ သူတို့ စိတ်ထဲမှာတော့ ဂယ်ရီ ဘာကြောင့် ထွက်သွားပါလိမ့်ဆိုပြီး ဇဝေဇဝါ ဖြစ်နေကြပါတယ်။

ဂယ်ရီ့မှာတော့ အဖြေက ရှိပြီးသားပါ။ “ ရာထူးအမြင့်ဆုံး ရဖို့ဆိုတာကိုယ် ဘယ်တုန်းကမှ မရည်မှန်းခဲ့ဖူးဘူး၊ မင်းတို့က အဲသည်လိုရည်မှန်းရင်ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ်က အဲသည်လို မှန်းခဲ့တာမှ မဟုတ်ဘဲ ” ဆိုတာ သူ့ခံယူချက်ပါ။

ဂယ်ရီရဲ့ စိတ်ကူးအိပ်မက်က ကလေးငယ်တွေကို အလုပ်အကျွေး ပြုရင်းတိုင်းပြည်တာဝန် ထမ်းဆောင်ချင်တာပါ။ သူက သူတို့ခရိုင်အတွင်းက ကျောင်းတစ်ကျောင်းမှာ လုပ်အားဝင်ပေးပါရစေလို့ ကမ်းလှမ်းပါတယ်။ နှစ်အနည်းငယ်ကြာတော့ အလုပ်တွေ မနားတမ်း လုပ်ပေးရမယ့် ဖွင့်ကာစ အထက်တန်းကျောင်း တစ်ကျောင်းရဲ့ ပညာသင်ကြားရေး အစီအစဉ် တစ်ရပ်မှာ ပါဝင်လုပ်ဆောင်ဖေးဖို့ သူ့ကို ခေါ်လိုက်ပါတယ်။ ဂယ်ရီက ပညာသင်ယူတာကို လေယာဉ်





ပျံသန်းတာနဲ့ တူတယ်လို့ ဆိုပါတယ်။ “ ကိုယ့် စိတ်တိုင်းကျ ကိုယ် ထိန်းချုပ်လုပ်ကိုင်လို့ ရတယ်လေ၊ ထူးချွန်အောင်လုပ်ဖို့ စွမ်းအားတွေလည်း ရှိတယ်၊ ဒါတွေအကုန်လုံး ကိုယ့်လက်ထဲမှာချည်းပဲလေ ” လို့ သူက ဆိုပါတယ်။ ပညာသင်ကြားပေးဖို့ဆိုတာ ဂယ်ရီ့အတွက် တကယ်ဖြစ်လာတဲ့ အိပ်မက်တစ်ခုပါ။ တကယ်လို့ ဂယ်ရီဟာ သူ လုပ်မယ့် အလုပ်နဲ့ပတ်သက်ပြီး သူများတွေ သူ့အပေါ်အထင်သေးမှာကို စိုးရိမ်ကြောင့်ကြ နေမယ်သာဆိုရင် သူ့အိပ်မက် အကောင်အထည်ပေါ်လာမှာ မဟုတ်တော့ပါဘူး။

☺ ☺ ☺

**လူတွေ ပျော်ရွှင်ဖို့ဆိုရင် သူတို့လုပ်သမျှအားလုံး အောင်မြင်ဖို့ မလိုပါဘူး။ ဒါပေမဲ့ သူတို့ဟာ ကိုယ့် ဘဝကို ကိုယ် ထိန်းချုပ်ခွင့် ရှိတယ်လို့ ယုံကြည်ဖို့လိုပါတယ်။ အမှန်မှာတော့ ကိုယ့်ရဲ့ လက်ရှိအနေအထားနဲ့ ဆုံးဖြတ်ချက်တွေအတွက် ကိုယ်ဟာ တာဝန်ရှိတယ်လို့ ခံယူထားသူတွေဟာ အဲသည်လို မခံယူသူတွေထက် ဘဝမှာ စိတ်ကျေနပ်မှု သုံးပုံတစ်ပုံ ပိုမို ရရှိတယ်လို့ တွေ့ရှိရပါတယ်။**




www.burmeseclassic.com

www.burmeseclassic.com

# နည်း ၉၂
## သင်ဟာ ပုံစံခွက်ထဲကမဟုတ် လူပုဂ္ဂိုလ်တစ်ဦးသာဖြစ်တယ်

လူတွေဟာ ခေတ်စားနေတဲ့ ပုံစံအတိုင်း လိုက်လုပ်နေရတာထက်စာရင် သူတို့တစ်ဦးချင်းရဲ့ ကိုယ်ရည်ကိုယ်သွေးတွေအလိုက် လုပ်ဆောင်ခွင့် ရတဲ့အခါမှာ အပျော်ဆုံး ဖြစ်နေတတ်ကြပါတယ်။ ယောက်ျားဆိုတာ ကြမ်းကြမ်းရမ်းရမ်း နေရမယ်၊ မိန်းမဆိုရင် နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း နေရမယ်ဆိုတာက လူတွေအစဉ်အလာ ယုံကြည် စွဲမြဲခဲ့ကြတဲ့ လေ့နံ့ခါးထစ် အယူအဆတွေပါ။ ဒီအယူအဆတွေဟာ သူတို့ အတွင်းခေတ်မှာ အစစ်အမှန် ရှိနေတာတွေနဲ့ ဘာမှ မဆိုင်ပါဘူး။

☺ ☺ ☺







ဈာပန အခမ်းအနားတစ်ခုကို ကြည့်လိုက်မယ်ဆိုရင် မိန်းမတွေက ငိုကြွေးပြီး ယောက်ျားတွေရဲ့ မျက်နှာက တင်းတင်းကြီး ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ ယောက်ျားတွေဟာ သူတို့ ခံစားချက်တွေကို မထုတ်ဖော်ရဘူးလို့ သင်ကြားတာ ခံထားရသူတွေပါ။ မိန်းမတွေကတော့ သူတို့ခံစားချက်ကို ပိုပြီး ပွင့်ပွင့်လင်းလင်း ဖော်ထုတ်နိုင်တယ်လို့ သင်ကြားခံထားရသူတွေပါ။ နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးအဖွဲ့ကြီးရဲ့ မှတ်တမ်းတင်ထားရှိချက်အရကတော့ ယောက်ျားတွေဟာ မိန်းမတွေလောက် သူတို့ရဲ့ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားရမှုတွေကို ဖော်ထုတ် မပြချင်ကြဘူးလို့ ဆိုပါတယ်။

ဒီနေရာမှာ မှတ်သားထားဖို့က ကျွန်တော်တို့ အားလုံးဟာ အများထင်ထားတဲ့ စံနဲ့ ကိုက်ညီနေဖို့ မလိုအပ်ဘူးလို့ ဆိုတာပါပဲ။

ယောက်ျားတစ်ယောက်ဟာ နာရေးတစ်ခုနဲ့ ကြုံလိုက်တဲ့အခါ ငိုချင်နေတယ်။ ဒါပေမဲ့ အဲဒီလို ငိုလိုက်ရင် ယောက်ျားမဆန်ဘူးလို့ သူသိထားလေတော့ မငိုရဲဘူး။ မိန်းမတစ်ယောက်ဟာ ရင်ဖွင့်ပြတတ်ရမယ်လို့ အများက ခံယူနေကြချိန်မှာ ရင်မဖွင့်ဘဲ သူ့သဘာဝအတိုင်း သိုသိုသိပ်သိပ် နေတဲ့သူကိုလည်း မကောင်းဘူးလို့ မဆိုနိုင်ပါဘူး။ အဲဒီ အမျိုးသမီးဟာ သူ့သဘာဝနဲ့ ဆန့်ကျင်ပြီး အများက ထင်ထားတဲ့အတိုင်း နေပြရရင်လည်း သူ့မှာ စိတ်သက်သာမှာ မဟုတ်ပါဘူး။

သင်ဟာ သင်မှန်တယ်လို့ ယူဆတဲ့အတိုင်း ကျင့်ကြံ နေထိုင်ဖို့ပါပဲ။ သာမန်ယောက်ျား၊ သာမန်မိန်းမတွေ ကျင့်ကြံ နေထိုင်တဲ့အတိုင်း နေထိုင်ဖို့ မလိုပါဘူး။ ကျွန်တော်တို့တွေက ယောက်ျား၊ မိန်းမတွေကိုခွဲပြီး ထင်မြင်ယူဆထားချက်တွေဟာ မှားယွင်းနေသလို ထိခိုက်နစ်နာမှုတွေလည်း ဖြစ်စေနိုင်ပါတယ်။

☺ ☺ ☺

**လူ့ဘဝရဲ့ စိတ်ကျေနပ်မှု ဆိုတာဟာ လူတွေ သူတို့ရဲ့ လိင်သဘာဝအရ ယောက်ျား ပီပီသသ ဒါမှမဟုတ် မိန်းမပီပီသသ ဘယ်လောက်နေထိုင်သလဲ ဆိုတာအပေါ် မူတည်တယ်လို့ လေ့လာတွေ့ရှိတာမျိုး မရှိပါဘူး။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၃
## ကိုယ့်ကို ဘာက ပျော်ရွှင်စေတယ်
## ဘာက ဝမ်းနည်းစေတယ်ဆိုတာ သိပါစေ

လူတွေဟာ မပျော်မရွှင် ဖြစ်ကြရင် စိတ်ထဲမှာ ထိထိခိုက်ခိုက် ခံစားကြရပေမယ့် ဘာ့ကြောင့် ဒီလို ဖြစ်ရသလဲ ဆိုတာကိုတော့ မသိကြပါဘူး။ ကိုယ့် စိတ်အာရုံ ခံစားမှုနဲ့ စိတ်လှုပ်ရှားမှုတွေကို စဉ်းစားကြည့်လိုက်ပါ။ ဒီလို စဉ်းစားကြည့်လိုက်တဲ့အခါ ကိုယ့်မှာ မကြည်မသာ ဖြစ်နေရင်တောင်မှ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကို သိလာသလို ဒါကို ဘယ်လို ပြောင်းလို့ရမလဲ ဆိုတာကိုပါ သိလာတဲ့အတွက် ကိုယ့်စိတ်ကို ကိုယ် ဖြေသိမ့်လို့ရပါတယ်။

☺ ☺ ☺

ပါမောက္ခ ဂျွန်ဟမ်းလားဟာ သိပ္ပံနည်းကျ တွေးဆနည်းကို သင်ကြားပို့ချပေးပါတယ်။ အတန်းထဲမှာ သူ့ပထမဆုံး သင်တဲ့နေ့မှာပဲ သိပ္ပံပညာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိသွားရအောင် ဖော်ထုတ် ပြောဆိုလိုက်ပါတယ်။ သူပြောတဲ့ စကားကတော့ “ သိပ္ပံပညာရပ်တွေ အားလုံးကတော့ ပုံစံဆိုတဲ့ **Pattern** တွေကို သတိပြုမိဖို့ပါပဲ ” တဲ့။

သူက သူ့ကျောင်းသားတွေကို သိပ္ပံပညာရှင်တွေဟာ ကမ္ဘာကြီးမှာ စီကာစဉ်ကာနဲ့ စနစ်တကျ ဖြစ်ပျက်နေတယ်လို့ မြင်ကြတဲ့အကြောင်း ရှင်းပြပါတယ်။ သူတို့တွေက တစ်ခုနဲ့တစ်ခု ဆက်စပ်ဖြစ်ပေါ်နေတာကို ရှာခဲ့ကြတာပါ။ အဖြစ်အပျက်တွေ အခြေအနေတွေဟာ ကြုံရာကျပန်း ဖြစ်နေပျက်နေတာ မဟုတ်၊ သူတို့မှာ အကြောင်းနဲ့အကျိုး ရှိကြပါတယ်။ “ ပုံစံတွေ ကြီးကြီးငယ်ငယ် သိပ္ပံပညာရှင်တွေက စောင့်ကြည့်နေကြတာပါ၊ ကျောက်ခဲတစ်လုံးကို လေထဲ လွှင့်ပစ်လိုက်ရင် ဘာဖြစ်လာသလဲ၊ လွှင့်ပစ်လိုက်တိုင်း အောက်ကို ပြန်ကျလာတာပဲ မဟုတ်လား၊ ဒါဟာ ပုံစံတစ်ခုပဲလေ၊ ဒါဟာ သိပ္ပံပညာရဲ့ အနှစ်သာရပဲ မဟုတ်လား” လို့ ပါမောက္ခ ဟမ်းလားက ရှင်းပြပါတယ်။





ပါမောက္ခ ဟမ်းလားက “လူအများစုနဲ့ သိပ္ပံပညာရှင်တွေ ခြားနားကြတာက လူတွေဟာ ကမ္ဘာကြီးမှာ သူတို့အနေနဲ့ ကြုံရာကျပန်း ဖြစ်ချင်တာဖြစ်ဆိုပြီး နေလိုက်ကြတယ်၊ အဖြစ်အပျက်တွေ ဖြစ်လာရင် လူတွေဟာ အခြား အဖြစ်အပျက်တွေနဲ့ ဆက်စပ်ပြီး မကြည့်ဖြစ်ကြဘူး၊ ဖြစ်လာတာက ဖြစ်လာတာပဲ၊ အခြားဘာမှ မဟုတ်ဘူးလို့ နေလိုက်ကြတယ်၊ သိပ္ပံပညာရှင်တွေကတော့ ဘယ်နေရာမှာပဲ ရှိနေနေ ဆက်စပ်မှုတွေကို တစ်ချိန်လုံးလိုလို ရှာနေကြတာဆိုတော့ အဲဒီ ဆက်စပ်မှုတွေကို မြင်တတ်ကြတယ်” လို့ ရှင်းပြပါတယ်။

ကျွန်တော်တို့မှာ ဖြစ်နေတဲ့ စိတ်လှုပ်ရှား ခံစားမှုတွေနဲ့ ဘဝကျေနပ်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် ကျွန်တော်တို့အနေနဲ့ သိပ္ပံပညာရှင်တွေ မြင်တတ်ကြသလို မြင်ဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ပုံစံဆိုတဲ့ **Pattern** ကို သတိပြု စောင့်ကြည့်ဖို့ လိုပါတယ်။ အဖြစ်အပျက်တွေဟာ ဖြစ်ချင်သလို ဖြစ်နေတာပဲလို့ ဘာသိဘာသာ နေလိုက်ကြသူတွေဟာ ကိုယ့်မှာ ဘာဖြစ်လာတာလဲ ဆိုတာကို နားမလည်သလို ကိုယ့်ပတ်ဝန်းကျင် ကိုယ့်ကမ္ဘာကို ပြုပြင်ပြောင်းလဲဖို့လည်း လုပ်နိုင်စွမ်း မရှိကြပါဘူး။

☺ ☺ ☺

**ဘဝမှာ ယာယီကြုံတွေ့ရတဲ့ မကျေမနပ်ဖြစ်မှုကို ခပ်မြန်မြန်နဲ့ ကျော်လွှားနိုင်စွမ်းနည်းတဲ့သူတွေဟာ သူတို့ရဲ့ စိတ်ခံစားမှု ဘယ်လို ပေါက်ဖွားလာသလဲလို့ ပိုင်းခြား ဝေဖန်နိုင်စွမ်း မရှိကြပါဘူး။**




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၄
## အဆက်မပြတ် စာဖတ်ပါ

စာဖတ်တဲ့ သူတွေဟာ သူတို့ဖတ်နေတဲ့ စာအုပ်တွေကနေ ပညာလည်း ရသလို စိတ်ပြေပျောက်မှုလည်းလည်း ရစေနိုင်ပါတယ်။ ဒါ့အပြင် စာဖတ်တဲ့အတွက် ဦးနှောက်ကို အလုပ်ပေးသလို ဖြစ်စေပါတယ်။ ဒီလိုနည်းနဲ့ပဲ ကိုယ့်အချိန်ကို အကျိုးရှိရှိ သုံးစွဲတဲ့အတွက် စိတ်ကျေနပ်မှုကိုလည်း ခံစားရပါတယ်။

☺ ☺ ☺







ကိုယ်ဟာ စိတ်အာရုံ စူးစိုက်မှု တဖြည်းဖြည်း ကျဉ်းမြောင်းသွားတဲ့သူ ဖြစ်ချင်သလား။ အာရုံ စူးစိုက်မှုတွေ တိုးပွားလာတဲ့သူပဲ ဖြစ်ချင်လား။ နှစ်ပေါင်း နှစ်ဆယ်လောက် ခေတ်နောက်ကျနေတဲ့ ဒုတိယတန်းစား သို့မဟုတ် တတိယ တန်းစား အရာတွေနဲ့ပဲ မွေ့ပျော်နေတဲ့သူ ဖြစ်ချင်သလား။ ဒါမှ မဟုတ်ရင်လည်း ကျွန်တော်တို့ သိသမျှ အကြီးမြတ်ဆုံးဆိုတဲ့ ဉာဏ်စွမ်းအားနဲ့ ဖန်တီးထားတဲ့ အရာတွေကို လက်လှမ်းမီတဲ့သူ ဖြစ်ချင်သလား။ မဲပြာပုဆိုး ဓာတ်လမ်းထဲက ဖန်တရာဝေနေတဲ့ ထူးမခြားနား ဓာတ်ကောင်တွေကြားမှာ တဝဲလည်လည် နေတဲ့သူ ဖြစ်ချင်သလား။ ဒါမှမဟုတ် ဆုံးစမမြင်အောင် ကျယ်ပြန့်လှတဲ့ စိတ်ကူးဉာဏ် ကွန့်မြူးမှုတွေ ကြားထဲမှာ ရွေးချယ်စရာ အမျိုးမျိုးတွေကို လက်လှမ်းမီတဲ့သူ ဖြစ်ချင်သလား။ ဓာတ်လမ်းတစ်ခုကိုကြားရင် ဆယ်မိနစ် လောက်ကြာတဲ့အခါ မေ့သွားတတ်တဲ့သူပဲ ဖြစ်ချင်သလား။ ဒါမှမဟုတ် ဓာတ်လမ်းတစ်ပုဒ်ကို ကိုယ့် ဘဝဆုံးသည်အထိ မှတ်မိချင်တဲ့သူ ဖြစ်ချင်သလား။

ကိုင်း - သင် ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ။ အားအားရှိ ရုပ်မြင်သံကြား ရှေ့ထိုင်ပြီး အချိန်ဖြုန်းချင်တဲ့ သူပဲလား၊ အချိန်ရတိုင်း စာဖတ်နေချင်သူပဲလား။

☺ ☺ ☺

**စာဖတ်တယ်ဆိုတာ စိတ်ကို အလုပ်ပေးနည်း တစ်မျိုးပါ။ ဖတ်စရာ ရှိတာ ဖတ်လိုက်ရင် မှတ်ဉာဏ်ကို လေ့ကျင့်ပေးပြီးသား ဖြစ်သွားသလို စိတ်ကူး ဉာဏ်ကိုလည်း ကွန့်မြူး ရှင်သန်စေပါတယ်။ စာဖတ်တာဟာ အပြုသဘော ဆောင်တဲ့ အတွေးတွေကို ရှင်သန်စေရာက ပျော်ရွှင်မှု ရရှိနိုင်ပါတယ်။ ပုံမှန်စာဖတ်သူတွေဟာ စိတ်ကျေနပ် နှစ်သက်မှုကို ၈ ရာခိုင်နှုန်းလောက် နေ့စဉ် ဖွင့်ဟ ဖော်ထုတ်နိုင်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၅
## ကိုယ်ဟာ အသုံးဝင်တဲ့သူလို့ ခံယူပါ

ကိုယ့်ရဲ့ ခင်မင်ရင်းနှီးမှု၊ ကိုယ့်ရဲ့ ဂရုစိုက်မှု၊ ကိုယ့်ရဲ့ လမ်းညွှန်မှု၊ ကိုယ့်ရဲ့ အကူအညီတွေကြောင့် ကိုယ့်အပေါ် အားထားနေတဲ့ သူတွေအကြောင်း စဉ်းစားကြည့်လိုက်ပါ။ ကိုယ့်ဘဝမှာ ကိုယ်ဟာ ဒီလူတွေအတွက် ဘယ်လောက်တောင် အရေးကြီးသလဲဆိုတာ ကိုယ် မသိသေးတာပဲ ဖြစ်နိုင်ပါတယ်။

☺ ☺ ☺

အလုပ်သမားဝန်ကြီးဌာနကနေပြီးတော့ သက်ကြီးရွယ်အို အလုပ်သမားတွေ အလုပ်ကို ဘာကြောင့် လာချင်တဲ့စိတ် ရှိနေသလဲဆိုတာနဲ့ ဘာကြောင့် သူတို့ အငြိမ်းစား ယူသွားကြတာလဲ ဆိုတာတွေကို လေ့လာမှုတစ်ခု လုပ်ကြည့်ပါတယ်။ သူတို့ အလုပ် ဆက်မလုပ်ချင်တော့တဲ့ အကြောင်းထဲက တစ်ချက်ကတော့ ပင်ပန်းလို့လည်း မဟုတ်သလို ကိုယ့်ခြံထဲမှာ အချိန်ဖြုန်းနေချင်လို့လည်း မဟုတ်ပါဘူး။ သက်ကြီးရွယ်အို အလုပ်သမားတွေ အငြိမ်းစား ယူသွားကြတဲ့ အဓိကအကြောင်းရင်း တစ်ရပ်ကတော့ အလုပ်ထဲမှာ သူတို့ကို မလိုချင်တော့ဘူးလို့ ခံစားရတာကြောင့် ဖြစ်ကြပါတယ်။ အလုပ်သမားတွေ အငြိမ်းစား ယူသွားကြတာဟာ သူတို့လုပ်နေရတဲ့ ရည်ရွယ်ချက်အပေါ် သံသယ ဖြစ်ကြလို့ပါပဲ။ အခြားသူတွေက ငါတို့လုပ်တာထက် ပိုလုပ်နိုင်ကြတယ်။ ငါတို့ကတော့ လူပိုသက်သက်ပဲ၊ ဒီနေရာမှာ ငါတို့ကို မလိုချင်တော့ဘူးလို့ ခံစားရပြီး အလုပ်က ထွက်သွားကြတာပါ။

ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဘဝတွေမှာ အဲသည်လိုမျိုးသာ ဖြစ်ခဲ့ရင် ဘာအဓိပ္ပာယ် ရှိမလဲလို့ စဉ်းစားကြည့်ဖို့ပါ။ လူဆိုတာ အမြဲအနားယူလို့ ရတာမှ မဟုတ်တာ။ ဒီတော့ ကိုယ်ဟာ အသုံးဝင်တဲ့သူလို့ ခံယူထားဖို့ လိုပါတယ်။ ကိုယ့်အတွက် အခြားသူတွေ ဘယ်လောက် အရေးပါသလဲဆိုတာ သိဖို့လိုသလို ကိုယ်ဟာလည်း သူတို့အတွက် အရေးပါနေတယ်ဆိုတာ သိဖို့လိုပါတယ်။





☺ ☺ ☺

သုတေသန စမ်းသပ်မှုတစ်ခုမှာ ပျော်ရွှင်မှုနဲ့ ကူညီချင်တဲ့ အလေ့အထတို့ဟာ ဆက်စပ်မှု ရှိနေကြောင်း တွေ့ရှိရပါတယ်။ ဒီပြင်သူတွေကို ကူညီလိုက်တာဟာ လူတွေအပေါ်မှာ မွန်မြတ်တဲ့ သံယောဇဉ်ကို ဖန်တီးလိုက်တာပါပဲ။ ဒီအတွက် ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှု တိုးပွားစေပါတယ်။ အကူအညီပေးနိုင်တဲ့ အခွင့်အလမ်းတွေ ပိုရှိတဲ့ သူတွေဟာ ကိုယ့်ကိုယ်ကို ကျေနပ်စိတ် ၁၁ ရာနိုင်နှုန်း ပိုတိုးမြင့်စေပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၆
## အဲဒီတော့ ဘာဖြစ်သလဲလို့ ပြောကြည့်ပါ

အထက်တန်း ကျောင်းသားဟောင်းတွေ ပြန်လည် တွေ့ဆုံကြတဲ့ပွဲမှာ ကျောင်းနေဖက်တစ်ယောက်က လူတိုင်းထက်စာရင် ပိုပြီးချမ်းသာ၊ ပိုပြီးချောမောလှပနေသလို သိပ်ပြီးထက်မြက်သူတစ်ဦး ဖြစ်နေပါတယ်။ အဲဒါ ကိုယ့်အတွက် အရေးပါသလား။ တစ်ခါတလေမှ ရှားရှားပါးပါး ကြုံတွေ့ဆက်ဆံနေရသူတွေထက် သင်နေ့စဉ် တွေ့ကြုံ ဆက်ဆံနေရသူတွေကသာ သင့်ဘဝအတွက် အရေးပါနေကြတာပါ။

☺ ☺ ☺



ကင်နဲ့ အလန်တို့ဟာ အထက်တန်း ကျောင်းတုန်းက သူငယ်ချင်းနှစ်ယောက်ပဲပေါ့။ သူတို့နှစ်ယောက်ဟာ ကောလိပ်ကို ရောက်သွားပြီးတဲ့နောက် ကိုယ့်အလုပ်နဲ့ကိုယ် သီးခြားစီ ဖြစ်သွားကြတယ်။ အလန်က လူမှုကူညီရေးလုပ်သားတစ်ဦး ဖြစ်သွားပြီး ဒုက္ခရောက်နေတဲ့ မိသားစုတွေကို ကူညီရတယ်။ ကင်ကတော့ ကွန်ပျူတာ အတိုင်ပင်ခံတစ်ဦး ဖြစ်သွားပြီး အဲဒီကနေ ကိုယ်ပိုင်





ကုမ္ပဏီ ထောင်ပြီးနောက်ပိုင်း အလွန့်အလွန်ကို ချမ်းသာသွားပါတယ်။

အလန်ကတော့ သူ့အလုပ်ကို တန်ဖိုးထားပါတယ်။ အလုပ်ထဲမှာ ကြုံတွေ့လာရတဲ့ မိသားစုတွေကို ကူညီပေးရတဲ့အတွက်လည်း အတော်ကြီးကို စိတ်ချမ်းသာမိပါတယ်။ ကင်ကတော့ သတင်းတွေထဲ အမြဲပါနေတဲ့သူ ဖြစ်ပြီး သတင်းစာတွေဟာ သူ့အောင်မြင်မှုကို အလေးထား ဖော်ပြနေကြတယ်။ သူ့ထက်စာရင် ကင့်မှာတော့ ကျော်ကြားရုံမက ချမ်းသာပြီးရင်း ချမ်းသာနေလိုက်တာ။ အလန်ဟာ ကိုယ် ရွေးချယ်မိတဲ့ အသက်မွေးဝမ်းကျောင်း မှန်မှမှန်ရဲ့လားလို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိတယ်။

သူသိကျွမ်းဖူးခဲ့တဲ့ ကင်ဟာ သိပ်ကို ချမ်းသာနေချိန်မှာ သူ့မှာတော့ ဘာလို့များ သာမန်လူဘဝမှာပဲ နေနေရပါလိမ့်။ သူ့မှာ ကင့်လို အောင်မြင်မှုတွေ ဘာ့ကြောင့်များ မရရပါလိမ့်။

အမှန်ကတော့ အလန်ဟာ ကင့်လို အောင်မြင်မှုတွေကို မလိုချင်ခဲ့လို့ပါ။ သူ့ဘဝကို ကော်ပိုရေးရှင်းကြီး တစ်ခုထဲမှာ မြှုပ်နှံဖို့ဆိုတာကို သူ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး။ သူက ချမ်းသာဖို့ အစဉ်အမြဲ မျှော်လင့်နေသူမှ မဟုတ်တာပဲ။ သူက လူတွေကို ကူညီချင်တယ်။ ကူလည်း ကူညီနေရတာပဲလေ။ အလန်ဟာ သူ နေ့စဉ်နေ့တိုင်း ကူညီနေခဲ့တဲ့ ကလေးလေးတွေ ပြုံးပျော်နေတဲ့ မျက်နှာတွေကို မြင်မိတာနဲ့အမျှ ကင့်ရဲ့ဘဝအပေါ် မနာလိုချင်စိတ် ဖြစ်လာမိတာတွေ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားပါပြီ။

တစ်ခါတလေကျရင် ကျွန်တော်တို့တွေဟာ အခြားသူတွေမှာ ပြည့်စုံနေတာကိုကြည့်ပြီး ကိုယ် ဘာကို တကယ် စိတ်ဝင်စားတာလဲ၊ ကိုယ် တကယ် လိုချင်တာက ဘာလဲ ဆိုတာတွေ မစဉ်းစားဖြစ်တော့ဘဲ သူများဆီမှာ ရှိနေတာ ငါလိုချင်လိုက်တာဆိုတဲ့စိတ်ပဲ ပေါ်လာတတ်ပါတယ်။ ဒါ့ကြောင့် သူများတွေ ပြည့်စုံနေတာနဲ့ မိမိကိုယ်ကို ပြန်ချိန်ထိုးတိုင်းတာပြီး ငါလုပ်နေတာတော့ မှားပြီလို့ နောင်တရမနေပါနဲ့။

☺ ☺ ☺

**ဘဝမှာ စိတ်ကျေနပ်မှုဆိုတာ ကိုယ့်ဘဝမှာ အမြဲတမ်းပါဝင်နေတဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေတွေနဲ့ ဆက်ဆံရာက ပေါ်ပေါက်လာတဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပါတယ်။ ခဏပဲဖြစ်ဖြစ်၊ တစ်ခါတလေမှပဲဖြစ်ဖြစ် တွေ့ကြုံလိုက်ရတဲ့သူတွေနဲ့ ဆက်ဆံမှုအပေါ် အခြေမခံပါဘူး။**



www.burmeseclassic.com

www.burmeseclassic.com

# နည်း ၉၇
# ရည်ရွယ်ချက် တစ်ခုရှိပါစေ

ရည်ရွယ်ချက်သာ မရှိရင် ဘယ်အရာမှ ရေရေရာရာ ဖြစ်လာမှာ မဟုတ်ပါဘူး။ သင် တစ်ပတ်ကို နာရီလေးဆယ် အလုပ် လုပ်နိုင်ပါတယ်။ အိမ်ပြန်လာတဲ့ အခါ ချက်ပြုတ်တာ သန့်ရှင်းရေး လုပ်တာအပြင် အခြား အလေ့အထ ကောင်း ကောင်း ၇၂ မျိုးလောက်လည်း လုပ်နိုင်ပါသေးရဲ့။ ဒါပေမဲ့ သင် လုပ်နေတာ တွေမှာ အကြောင်းရင်း တစ်ခုမှ မယ်မယ်ရရ မရှိဘူးဆိုရင် ဒီအလုပ်တွေလည်း သင့်အတွက် အဓိပ္ပာယ်တစ်ခုမှ ရှိတော့မှာ မဟုတ်ပါဘူး။

☺ ☺ ☺

သင်ဟာ ကျောင်းသားတစ်ယောက် ဆိုပါစို့။ စာမေးပွဲဖြေဖို့ သင် ဘာကြောင့် စာကြိုးစားနေရပါလိမ့်။ စာကိုကောင်းကောင်း လိုက်နိုင်အောင်လို့ပေါ့။ စာကိုကောင်းကောင်း လိုက်နိုင်အောင် သင်ဘာကြောင့် အလေးထား လုပ်နေ ရတာပါလိမ့်။ ဒီလိုကြိုးစားမှ ဘွဲ့တစ်ခု ရမှာမို့လို့ပေါ့။ ဘွဲ့တစ်ခုရအောင်ကိုရော သင် ဘာကြောင့် ကြိုးစားနေရတာပါလိမ့်။ ဒီလိုကြိုးစားမှ အလုပ်ကောင်းကောင်း ရမှာမို့လို့ပေါ့။ အခုဆိုရင် အလုပ်ရဖို့ဆိုတာက နှစ်တွေ အများကြီး လိုသေးတာပါ။ ဒါပေမဲ့ ကိုယ် ကြိုးစားနေရတာတွေ အားလုံးက အဲဒီအတွက် အခြေခံအုတ်မြစ်ချနေ ရတာပါ။ ကိုယ်ရလာမယ့် ရလဒ်ကိုသာ ဖယ်ထားကြည့်လိုက်ပါ။ ကိုယ် အဆင့် ဆင့် ကြိုးစားလာခဲ့တာတွေ အားလုံးက အချိန်ဖြုန်းတာ သက်သက် ဖြစ်မနေ ဘူးလား။ ကိုယ်တန်ဖိုးထားရမယ့် အရာတစ်ခုသာ ဖြစ်မလာတော့ဘူးဆိုရင် အဲဒီအလုပ်တွေကို ဘာကြောင့်များ အချိန်ကုန်ခံ၊ လူပင်ပန်းခံ လုပ်နေဦးမှာလဲ။ စာမေးပွဲအတွက် စာကြိုးစားနေမယ့်အစား နေချင်သလို လျှောက်နေလိုက်တာကမှ ပျော်စရာကောင်းဦးမှာပေါ့။ ဘာအကျိုးအမြတ်မှ မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ တစ်တွေ နေချင်သလို နေကြရုံပါပဲ။

တကယ်လို့ ကိုယ်လိုချင်တာကို ကိုယ် ပြတ်ပြတ်သားသား သိပြီဆိုရင်





ကိုယ့်မိသားစု အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်အောင်မြင်မှု အတွက်ပဲဖြစ်ဖြစ်၊ အကောင် အထည်ဖော်နေရတဲ့ အလုပ်တွေဟာ ပိုလို့လွယ်ကူ သွားပါလိမ့်မယ်။

☺ ☺ ☺

**ကောလိပ်ကျောင်းသားတွေကို သုတေသန ပြုလုပ်ကြည့်တဲ့နေရာမှာ သူတို့ဘဝနဲ့ သူတို့ စာကြိုးစားနေရတာကို နှစ်ခြိုက်ပျော်မွေ့နေတဲ့ ကျောင်းသား အုပ်စုတစ်စုနဲ့ ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်နဲ့ သိပ်အဆင်မပြေ ဖြစ်နေကြတဲ့ ကျောင်းသားအုပ်စုတစ်စုတို့ကို နှိုင်းယှဉ်လေ့လာ ကြည့်ဖြစ်ပါတယ်။ အဲဒီအုပ်စု နှစ်စုမှာ အဓိက ခြားနားနေတာကတော့ ဘဝမှာရည်ရွယ်ချက် တိတိပပ ချမှတ်ထား ခြင်း ရှိမရှိ ဆိုတာပဲဖြစ်ပြီး ဒီလိုအခါမျိုးမှာ ပထမအုပ်စုက ဒုတိယအုပ်စုထက် နှစ်ဆနီးနီး သာနေတတ်ပါတယ်။**



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၈
## သင့်ဘဝရဲ့ အကောင်းဆုံးအချိန်ဟာ မကုန်ဆုံးသေးပါဘူး

လူတွေဟာ ငယ်တုန်းမှာ နေလို့အကောင်းဆုံးပဲလို့ ပြောကြတာမျိုး ကျွန်တော်တို့ ကြားဖူးကြပါတယ်။ ဒီလိုပြောကြတဲ့သူတွေဟာ လူငယ်တွေသာ ဘဝမှာ ပြည့်ပြည့်ဝဝ ပျော်ရတယ်ဆိုတဲ့ အစဉ်အလာ ယုံကြည်မှုကို ခံယူထားကြသူတွေပါ။ အမှန်မှာတော့ သက်ကြီးရွယ်အိုတွေဟာ သူတို့ ငယ်ငယ်တုန်းက နေခဲ့ရတဲ့ နေ့ရက်တွေကို အကောင်းဆုံး နေ့ရက်တွေလို့ မယူဆကြပါဘူး။ သူတို့က အခုအချိန်မှာ နေရတာကို ကုန်ဆုံးသွားတဲ့အချိန်မှာ နေခဲ့ရတာထက် ပိုပျော်တယ်လို့ ခံယူကြပါတယ်။

☺ ☺ ☺







ဝါရင်းဟာ သက်လတ်ပိုင်းအရွယ် ပါမောက္ခတစ်ဦးပါ။ သူ့ဘဝမှာ အဖက်ဖက်က အဆင်ပြေနေတဲ့ အတွက်ကြောင့် နောင်နှစ်ပေါင်း အတော်ကြာအောင် စာသင်နေရလိမ့်ဦးမယ်လို့ သူက မျှော်လင့်တာပါ။ သူ စာသင်တဲ့ ကောလိပ်မှာ ရန်ပုံငွေ ဖြတ်တောက်ခံရတဲ့အတွက် အချို့ ဘာသာရပ်ဆိုင်ရာ ဌာနတွေကို မမျှော်လင့်ဘဲ ပိတ်ပစ်လိုက်ရတဲ့အထဲ ဝါရင်းရဲ့ဌာနလည်း ပါသွားပါတယ်။

ဝါရင်းအတွက်တော့ အရာရာဟာ ပျက်သုဉ်းသွားပါပြီ။ အခုအချိန်ကျမှ အသစ်ကနေ ပြန်စရမယ် ဆိုတဲ့အခါ ဝါရင်းဟာ သူ့ကိုယ်သူ အသက်သိပ်ကြီးနေပြီလို့ မှတ်ပါတော့တယ်။ အခြားကောလိပ်တစ်ခုမှာ အလုပ်သွားရှာမယ်ဆိုရင်လည်း သူ့အသက်က သိပ်ကြီးလွန်းနေပါပြီ။ ဘဝကိုပြန်စရအောင် ဆိုပြန်ရင်လည်း သူ့အသက်က မငယ်တော့ပါဘူး။

ဝါရင်းဟာ လက်လျှော့လိုက်မယ့်အစား လောကကြီးမှာ သူ့ဘာများလုပ်လို့ ရဦးမလဲလို့ ရှာကြည့်ပါတယ်။ သူဟာ ဆုံးရှုံးမှုနဲ့ ကြုံရလေခြင်းလို့ ဝမ်းနည်းမနေဘဲ သူ့ရှေ့မှာရှိနေတဲ့ အခွင့်အရေးတွေအပေါ်မှာ အာရုံစိုက်ဖို့ကိုပဲ ကြိုးစားလိုက်ပါတယ်။ သူဟာ အခုဆိုရင် အသစ်ပြန်စလို့လည်း ရလာသလို ကိုယ်လုပ်ချင်တာကို လုပ်ဖို့ ဆုံးဖြတ်ပိုင်ခွင့်လည်း ရှိလာပြီလို့ ခံယူလိုက်ပါတယ်။ တွေးကြည့်မယ်ဆိုရင် ဒီလို အခွင့်အရေးမျိုးတွေ သူ့အရင်တုန်းက ရမှ မရဖူးခဲ့တာပဲ။

သူဟာ တောမြို့လေးတစ်မြို့မှာ တစ်နှစ်လောက်ကြာအောင် သွားနေလိုက်ပါတယ်။ နှစ်ကုန်တဲ့အခါ သူဘယ်လို ခံစားရပါလိမ့်။ "ဒီလိုတစ်ခါမှ ကောင်းကောင်း မနေခဲ့ရဖူးပါဘူး " တဲ့။

☺ ☺ ☺

သုတေသန ပညာရှင်တွေဟာ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းမှာ နေထိုင်သူတွေကို ရေရှည်ကာလ သတ်မှတ်ပြီး လေ့လာဆန်းစစ်ကြည့်ပါတယ်။ အဲဒီမှာ သူတို့ လေ့လာ သုတေသနပြုထားတဲ့ သူတွေကို နှစ်ပေါင်းသုံးဆယ်လောက်ကြာအောင် မေးခွန်းတွေ အထပ်ထပ်မေးပြီး စူးစမ်းလေ့လာကြည့်ပါတယ်။ သူတို့ဘဝမှာ အပျော်ဆုံးအချိန်ဟာ ဘယ်အချိန်လဲလို့ မေးကြည့်တဲ့အခါ ဆယ်ယောက်မှာ ရှစ်ယောက်က "ခုအချိန်ဟာ အပျော်ဆုံးပါပဲ" လို့ ဖြေဆိုကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## နည်း ၉၉
## ပျော်ရွှင်မှုကို ငွေနဲ့ ဝယ်လို့မရဘူး

ကျွန်တော်တို့ဟာ ငွေနောက်ကို လိုက်နေကြရပါတယ်။ ငွေအတွက်ကြောင့်ပဲ စိတ်တွေပူနေကြရပါတယ်။ ငွေကိုလည်း ရေတွက်နေကြရပါသေးရဲ့။ ဒီမှာတင် ငွေအတွက်နဲ့ အချိန်တွေ အတော်ကုန်နေကြရပါပြီ။

လူချမ်းသာတွေဟာ ဘဝမှာ စိတ်ကျေနပ်မှု ပိုရနေတဲ့သူတွေ မဟုတ်ဘူး လို့ဆိုရင် သင် အံ့သြသွားမလားပဲ။

☺ ☺ ☺

ခဏလောက် စဉ်းစားကြည့်ရအောင်ပါ။ ဒီနိုင်ငံမှာ မဲထည့်သူတွေ ထက်စာရင် ထီလက်မှတ်ဝယ်သူတွေက ပိုများနေပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ချမ်းသာချင်ကြတာချည်းပါပဲ။ အနည်းဆုံးတော့ ချမ်းသာရင်ကောင်းမှာပဲ ဆိုတဲ့ စိတ်တော့ ပေါ်ကြတတ်ပါတယ်။ ဒါပေမဲ့ ထီပေါက်တဲ့သူတွေ **အတော်များ**များကို ကြည့်လိုက်ရင် သူတို့တစ်သက်တာ ပျော်ပျော်ရွှင်ရွှင် နေသွားကြရမယ့် အစား သူတို့မှာ ဥစ္စာနေ ပြည့်စုံလာကြတာကြောင့် မိသားစုအတွင်း ရန်တွေ ပွားလာကြရသလို မိတ်ဆွေတွေနဲ့လည်း သဘောကွဲလွဲ လာကြပါတော့တယ်။ အဲဒီလို ဖြစ်လာကြတဲ့အခါ ထီပေါက်ကာစ ပျော်ခဲ့ရတာတောင်မှ ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး။ အီလီနွိုင်းပြည်နယ်က ဒေါ်လာဆယ့်သုံးသန်းဖိုး ထီပေါက်တဲ့ သူ့ရဲ့အဖြစ်ကို ကြည့်လိုက်ပါ။ ထီပေါက်ပြီး ရက်သတ္တပတ် အနည်းငယ်လည်းကြာရော သူ့မိန်းမဆီက ကွာရှင်းခွင့် တောင်းခံလွှာနဲ့အတူ ထီဆုငွေ တစ်ဝက်ခွဲပေးဖို့ တောင်းဆိုတာပါ ကြုံရပါတော့တယ်။

အမေရိကန်ပြည်ထောင်စုမှာ အခြိုးခြံဆုံးနေသူများရဲ့ လူပ်ရှားမှု အသစ်တစ်ခု ပေါ်လာပါတယ်။ ဒီလူတွေက ငွေကြေးကို တတ်နိုင်သမျှ အနည်းဆုံးပဲ သုံးမယ်လို့ ပိုင်းဖြတ်ထားကြသူတွေပါ။ ဝယ်စရာရှိလည်း နည်းနည်းပဲ ဝယ်မယ်၊ သုံးစရာရှိရင်လည်း နည်းနည်းပဲသုံးမယ်၊ ရှာစရာရှိရင်လည်း နည်းနည်းပဲ





ရှာမယ်၊ ပစ္စည်းပစ္စယတွေလည်း နည်းနည်းပဲထားမယ်ဆိုတဲ့ သူတွေပါ။ သူတို့ဟာ အလုပ်ခွင်မှာ အချိန်နည်းနည်းပဲနေပြီး မိသားစုနဲ့ မိတ်ဆွေတွေကို အချိန်ပိုပြီး ပေးကြတဲ့သူတွေပါ။ အခြိုးခြံဆုံး နေသူတွေဟာ ခံယူချက်တစ်ခုကို စဉ်းစဉ်းစားစား နဲ့ ချမှတ်ထားပါတယ်။ 'ငွေကြေးဟာ သူတို့အလိုချင်ဆုံး အရာတွေကို ဝယ်မပေး နိုင်ပါဘူး' တဲ့။ လူအတော်များများက ငွေနောက်ကို လိုက်နေကြတဲ့ အချိန်မှာ သူတို့ကတော့ ငွေနောက်ကို မလိုက်ကြပါဘူး။

သတိပြုဖို့တစ်ချက်က ပျော်ရွှင်မှုကို ငွေနဲ့သာ တကယ်တမ်း ဝယ်လို့ရ မယ်ဆိုရင် ပျော်ရွှင်မှုကို ဈေးကြီးကြီးနဲ့ ရောင်းတဲ့ဆိုင်တွေ နေရာတကာမှာ ရှိနေပါလိမ့်မယ်။

☺ ☺ ☺

**ဘဝမှာ စိတ်ကျေနပ်မှုနဲ့ ပတ်သက်လို့ မတူခြားနားတဲ့ အကြောင်းအချက် နှစ်ဆယ်ဟာ ပျော်ရွှင်မှုကို တကယ်တမ်း ပေးစွမ်းနိုင်ခြင်း ရှိမရှိ ဆန်းစစ် လေ့လာမှုတစ်ခု ပြုလုပ်ပါတယ်။ အဲဒီထဲမှာ ဆယ့်ကိုးချက်က အရေးပါတာ တွေ့ရပြီး ကျန်တစ်ချက်က အရေးမပါဘူးလို့ တွေ့ရပါတယ်။ အရေးမပါတဲ့ အဲဒီ အချက်ကတော့ ငွေကြေးချမ်းသာမှု အခြေအနေပါပဲ။**



BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

## နည်း ၁၀၀
## ဘာတွေက အဓိပ္ပါယ်ရှိသလဲ၊ သင်ဆုံးဖြတ်ပါ

သင့်အနာဂတ် အပေါ်မှာ သင်ဘယ်လို သဘောထားသလဲ။ သင့်ကိုယ်သင် အပါအဝင် အရာရာဟာ သင်ချမှတ်တဲ့ ဆုံးဖြတ်ချက်တွေ၊ သင် ဦးစားပေးတဲ့ အရာတွေနဲ့ သင် ထဲထဲဝင်ဝင် ရှုမြင်သုံးသပ်ထားတာတွေကနေ ပေါ်ပေါက်လာတာပါ။

☺ ☺ ☺




ရာစုနှစ်ပေါင်းများစွာကြာအောင် အဖြေမထွက်တဲ့ မေးခွန်းကြီးတွေဟာ ကျွန်တော်တို့အပေါ်မှာ ဖိစီးနေတတ်ကြပါတယ်။ ကျွန်တော်တို့ ဘာလို့ ဒီမှာ ရောက်နေကြတာပါလိမ့်၊ ကျွန်တော်တို့ လုပ်စရာ ဘာတွေများ ရှိနေပါလိမ့်၊ ဘာတွေကရော အရေးကြီးပါလိမ့်။ ဒီမေးခွန်းတွေဟာ အဖြေရဖို့ အတော်ခဲယဉ်း





ပါတယ်။ ဆိုရရင် အဖြေမှန်တွေဟာ အခြားသူတွေဆီမှာ ရှိနေတာ မဟုတ်ဘဲ ကိုယ့်ဆီမှာပဲ ရှိနေလို့ပါ။ သင့်ကို ရှင်သန်ခွင့် ပေးထားပြီးပြီပဲ။ ကိုယ့်အသက်ရှင်သန်နေတုန်းမှာ ဒါကို အဓိပ္ပာယ် ပီပြင်လာအောင်လုပ်ဖို့ ကိုယ့်ကို အခွင့်အရေးလည်း ပေးထားပြီးပြီပဲ။ သင့်ဘဝလမ်းကြောင်းနဲ့ သင့်ရည်ရွယ်ချက်တွေကို သင်ကိုယ်တိုင် ဖန်တီးထားတဲ့ မြေပုံပေါ်မှာ ရေးဆွဲကြည့်ဖို့ပါ။

☺ ☺ ☺

**အရွယ်ရောက်ပြီးသူ လူအယောက် တစ်ရာကျော်ကို နှစ်နှစ်ကာလအတွင်း လေ့လာဆန်းစစ်မှုတစ်ခု စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါတယ်။ အဖြစ်အပျက်တွေဟာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် အဲဒီအဖြစ်အပျက်တွေရဲ့ ရိုက်ခတ်မှုတွေဟာ ခဏချင်းမှာပဲ ပျောက်ပြယ်သွားတတ်တယ်လို့ တွေ့ရပါတယ်။ အစမ်းသပ်ခံပုဂ္ဂိုလ်တွေ ပျော်ရွှင်မှု ရှိတယ် မရှိဘူးဆိုတာဟာ အဖြစ်အပျက်တွေ ဘယ်လောက်များများနဲ့ သူတို့ တွေ့ကြုံခဲ့သလဲ ဆိုတာအပေါ် မမူတည်ပါဘူး။ အဲဒီအဖြစ်အပျက်တွေ ပေါ်ပေါက်လာရအောင် သူတို့ ဘာတွေလုပ်ခဲ့သလဲ ဆိုတာအပေါ်ပဲ မူတည်ပါတယ်။**

ကြည်ရွှန်း
၂၀၀၆ ခုနှစ်၊ ဧပြီလ ၂ ရက်
၁၆ ： ၁၆ နာရီ



BURMESE CLASSIC .com
www.burmeseclassic.com